
www.burmeseclassic.com

# မင်းလူ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း (၂၀၀၄၊ ဒီဇင်ဘာလ) အုပ်ရေ (၅၀၀)
စာမူခွင့်ပြုချက်အမှတ် [ ၁၄၂၂/၂၀၀၄ (၁၂) ] နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၁၃၄၂ / ၂၀၀၄ (၁၂) ] တို့အရ
ဦးကျော်ဝဏ္ဏ (ယာယီ ၆၅၇) နတ်သမီးစာပေ၊
အမှတ် (၁၆၄)၊ အခန်း (၂၆)၊ ဆူးလေဘုရားလမ်း ရန်ကုန်မှ ထုတ်ဝေပြီး
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ဦးဇော်မြင့်ဝင်း (၀၆ဂ၂၁)
ကာလာဝံ့ပုံနှိပ်တိုက် (၁၀၄/ဘီ)၊ ၃၁-လမ်း ရန်ကုန်တွင် ပုံနှိပ်သည်။

တန်ဖိုး (၉၅၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# အချစ်ရူးကြီး ရူးတော့သည်

မင်းလူ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးတစ်ယောက်အနေဖြင့် ယောကျ်ားလေး တစ်ယောက်၏ လိုက်စကားပြောခြင်းခံရလျှင် ဖြစ်စေ၊ စာလိုက်ပေး ခံရလျှင်ဖြစ်စေ မည်သို့ တုံ့ပြန်အရေးယူဆောင်ရွက်သင့်ကြောင်း မေမေမြကမကြာခဏ လမ်းညွှန်သင်ကြားခဲ့သည်။ ရယ်ရောတော့ ကောင်းသားဟုလည်း သူတွေး၏။ မေမေမြသည် အပျိုကြီးဖြစ်၏။ မေတ္တာအရေးကိစ္စနှင့် ပတ်သက်၍ ရည်းစားထားဖို့ မဆိုထားနှင့် ယောကျ်ားလေးတစ်ယောက်ယောက်အပေါ် စိတ်ကစားမိတာတောင် မရှိခဲ့ဟု ဂုဏ်ယူတတ်သည်။ သည်သို့ မိန်းမကြီးမျိုးက ကောင်လေးတစ်ယောက် လိုက်စကားပြောလျှင် သည်လိုလုပ်၊ ဆိုလိုရှောင်ဟူ၍ ဩဝါဒပေးခဲ့ခြင်းသည် ကြောင်တောင်တောင်နိုင်တာ အမှန်ပဲ။ တစ်ခုတော့ရှိ၏။ မေမေမြသည် ရည်းစားမထားခဲ့ဖူးသည့်တိုင် စာပေးတာတော့ ခံရဖူးနိုင်သည်။ မေရွှေမြ ငယ်ငယ်က တော်တော်လှကြောင်း ဓာတ်ပုံတွေထဲမှာ တွေ့ဖူး၏။ ဘာပဲဖြစ်ဖြစ် မေမေမြ တတွတ်တွတ်ပြောခဲ့သော စကားများကိုတော့ ကြားယောင်နေ၏။

"သမီးနောက်ကို ကောင်လေးတစ်ယောက် လိုက်လာမယ်ဆိုရင် ပထမဆုံးလုပ်ဒါကတော့ ခြေလှမ်းကို ခပ်သွက်သွက်လျှောက်ဖို့ပဲ၊ သတ္တိနည်းတဲ့ ကောင်ရိုးဘန်းန်သူဆိုရင် လိုက်လို့မမီဘဲ ပြတ်ကျန်ခဲ့လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ခုဖြစ်နေတာက မေမေမြပြော်တာနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ကောင်လေးတစ်ယောက်သည် နောက်ကလိုက်လာခြင်း မဟုတ်၊ ရှေ့တည့်တည့်မှ လာနေခြင်းဖြစ်သည်။ ခြေလှမ်းကို သွက်လိုက်လျှင် မြန်မြန်နီးလာဖို့ပဲ ရှိသည်။

ထိုသူသည် အုတ်ခုံတစ်ခုမှာ ထိုင်စောင့်နေခြင်းဖြစ်၏။ မိမိကိုမြင်မှ ထပြီး လျှောက်လာသည်။ ထိုအချိန်တွင် ခါတ်တိုင်တစ်ဝက်ခရီးစာလောက်သာ ကွာတော့၏။ နောက်ကြောင်းပြန်လှည့်မလား၊ ဒါဆိုရင် ထိုသူနောက်က လိုက်လာသည့် အနေအထားဖြစ်သွားမည်။ ဘာဆိုင်လို့လဲ၊ ညွှန်ကြားချက်ထဲကအတိုင်း ဖြစ်အောင် လုပ်ယူတယ်ဆိုတာ ဘယ်လောက်ကြောင်သလဲ။ သေနတ်ပြောင်း ချိန်ရာသို့ ပစ်ကွင်းက လိုက်ရွှေ့ပေးရသည့်သဘောဖြစ်သွားမည်။

ကိုင်း မေမေမြ၏ ဒုတိယညွှန်ကြားချက်ကို စဉ်းစားကြည့်ဦးစို့။

"တကယ်လို့ နောက်ကလိုက်လာတဲ့လူက မီလာတော့မယ်ဆိုရင် အနီးအနားမှာရှိတဲ့ ဆိုင်တစ်ဆိုင်ထဲ မြန်မြန်ဝင်ပြီး ထိုင်နေလိုက်၊ ဒါမှမဟုတ် စတိုး ဆိုင်တစ်ခုခုကို ဝင်ပြီး ပစ္စည်းတွေ လျှောက်ကြည့်နေပေါ့"

ဘေးဘီဝဲယာကို ကြည့်လိုက်၏။ ဆိုင်တစ်ဆိုင်တွေ့သည်။ သို့ရာတွင် ဝင်သွားလို့မဖြစ်၊ အရက်ဖြူဆိုင်ဖြစ်နေသောကြောင့်ပင်။ သည်တော့ ရင်ဆိုင် တွေ့လိုက်ဖို့သာ ရှိတော့၏၊ သည်အတွက်လည်း မေမေမြက မှာထားတာ ရှိသည်။ တကယ်လို့များ ရှောင်လို့တိမ်းလို့ မလွတ်တော့ဘူးဆိုရင် ဣန္ဒြေရရ ခပ်မှန်မှန် ပုံစံဖြင့် ရင်ဆိုင်ရမည်။ ကြောက်သန့်နေလျှင် ကမ်းတက်လာတတ် သည်။ သိပ်ရိုင်းရိုင်းစိုင်းစိုင်းလည်း မပြောလေနှင့်။ တချို့ယောကျ်ားလေးတွေ က အကြမ်းဖက်ချင် ဖက်တတ်သည်။

ထိုသူသည် သူ့ရှေ့နားရောက်လာ၏။ လေးငါးဆယ်လှမ်းအကွာကပင် ပြုံး၍ နှုတ်ဆက်သည်။ ပြီးတော့

"ပြန်တော့မလို့လား"

"ဟုတ်ကဲ့"

ဟု လွှတ်ခနဲ ဖြေလိုက်မိ၏။ ရှေ့တည့်တည့်တွင် တုံ့ခနဲ ရပ်လိုက်သဖြင့် လမ်းပိတ်ထားသလို ဖြစ်သွားသည်။ ထို့ကြောင့် လိုက်ရပ်လိုက်ရသည်။ မနှေးယှက်ပါနဲ့ လမ်းဖယ်ပေးပါ၊ ကျွန်မ ဒါတွေ စိတ်မဝင်စားသေးဘူး၊ ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မမှာ ချစ်သူရှိပြီးသားပါ၊ မဖြစ်နိုင်ပါဘူး လူကြီးတွေ သဘော တူလားတဲ့လူရှိပါတယ်၊ စသည်ဖြင့် ဘယ်လိုပြန်ပြောရကောင်းမလဲ တွေးနေတုန်း...

www.burmeseclassic.com

www.burmeseclassic.com



"အတော်ပဲဗျာ၊ ကျွန်တော့်ကို တစ်ခုလောက် ကူညီပါ၊ ခင်ဗျားပြန်မယ့် လမ်းပေါ်မှာ စာတိုက်ရှိတယ် မဟုတ်လား၊ အဲဒါဗျာ တဆိတ်လောက် စာလေးတစ်စောင်လောက် ဝင်ထည့်ပေးစမ်းပါ၊ ကျွန်တော် အချိန်မရလို့ပါနော်"

ဆိုပြီး စာတစ်စောင်ထုတ်ပေးသည်။ မထင်မှတ်သော ကိစ္စဖြစ်၍ ဘယ်လိုတုံ့ပြန်ရမှန်းမသိဘဲ စာကိုယောင်၍ ယူထားလိုက်မိသည်။

"ကျေးဇူးပဲဗျာ"

ဟု ပြောပြီး ဆက်ထွက်သွား၏။ လုပ်သွားပုံက အလွန် ပိရိသည်။ အလစ်အငိုက် ကြံစည်သွားခြင်းဖြစ်၍ ဘာမှ မတတ်နိုင်။ စာအိတ်ပေါ်က စာကို ဖတ်ကြည့်သည်။ လိပ်စာမှာ မိမိနာမည်ရေးထား၏။

သို့ နီနီရောင်၊ ရန်ကုန်မြို့။

သည်စာကို ဘာလုပ်ရမလဲ၊ လွှင့်ပစ်ရမလား၊ ဆုတ်ဖြဲပစ်မလား၊ မဖြစ်သေး။ လမ်းသွားလမ်းလာတွေ ရှိသည်။ ကြန္တြေမရဖြစ်မည်။ အိတ်ထဲထည့်လျှင် ကောင်းမလား။ ဟိုကောင်က နောက်တစ်နေရာရာက စောင့်ကြည့်ကောင်း ကြည့်နေမည်။ ဖျတ်ခနဲ လှည့်ကြည့်မိမလို ဖြစ်သွားပြီးမှ ကိုယ်က လှည့်အကြည့်မှာ သူကလည်း ကြည့်နေတာနှင့်ဆုံလျှင် ရှက်စရာကောင်းမယ် ဟု တွေးပြီး စာကို လက်ဘက်ကိုင်လျက်ပင် လျှောက်လာခဲ့၏။ လမ်းချိုးတစ်ကွေ့ရောက်မှ စာကို အိတ်ထဲ ထည့်လိုက်သည်။ သူ့အနေနှင့် ထိုသူ့အပေါ် ဘယ်လိုပဲ သဘောထားထား စာကိုတော့ ဖတ်ကြည့်ချင်သေးသည်။ စာဖတ်တာလောက်နှင့်တော့ သိက္ခာကျသွားစရာ အကြောင်းမရှိ။

"တကယ်လို့ မလွှဲမရှောင်သာပဲ စာကို ယူလိုက်ရပြီဆိုရင် အဲဒီစာကို မေမေ့ကြို မပြဘဲ မနေနဲ့နော်"

ဟူသော မေမေမြ၏ မှာကြားချက်ကိုတော့ လျစ်လျူရှုလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှာ ရပ်ထားသော စူပါကပ်ဆိုင်ကယ်လေးကို မြင်ရသည်။ ကြောင်ဆရာဝန် ရောက်နေကြောင်း သိလိုက်၏။

မေမေမြကြ ကြောင်ခုနစ်ကောင် မွေးထားသည်။ သူ့ကြောင်တွေကို အလွန်ချစ်သည်။ လူတွေအတွက် မိသားစုဆရာဝန်ထားသလို ကြောင်တွေ အတွက်လည်း မိသားစုဆရာဝန်တစ်ယောက် ငှားထားသည်။ ထိုဆရာဝန်က အချိန်မှန်မှန်လာပြီး ကြောင်တွေကို ကျန်းမာရေး စစ်ဆေးပေးသည်။

ယင်း တိ-မွေး-ကု ဆရာဝန်ကို သူက ကြောင်ဆရာဝန်ဟူ၍ပင် လွယ်လွယ်ကူကူ ခေါ်လေ့ရှိ၏။

အိမ်ထဲ ဝင်လိုက်ချိန်တွင် ကြောင်ဆရာဝန်နှင့် မေမေမြတို့ ကြောင်တစ်အုပ်နှင့် အလုပ်ရှုပ်နေတာ တွေ့ရသည်။ ကြောင်ဆရာဝန်က ကြောင်ဝါကြီး တစ်ကောင်ကို ပေါင်ချိန်ခွက်ပေါ်မှ ပြန်ပွေ့ယူလိုက်ပြီး-

"နှစ်ခံအောင်စလောက်ပဲ ဝိတ်ကျသွားတာပါ အန်တီရဲ့၊ စိုးရိမ်စရာ မဟုတ်ပါဘူး။ ရာသီဥတု ပြင်းလာရင် ဒီလိုပဲ ဖြစ်တတ်ပါတယ်"

"ဟုတ်ရဲ့လား ဒေါက်တာရယ်၊ ပေတလူးကို ကြည့်ရတာ အမွေးအရောင်လည်း ခြောက်ကပ်ကပ် ဖြစ်သွားတယ်။ မျက်နှာတွေလည်း ချော်ကျလို့ အဲဒါ ဟိုဟာများ

www.burmeseclassic.com



ဖြစ်နေလို့လား”

ဟု မေမေမြကြ မျက်နှာနီနီရဲရဲ ဖြစ်သွားရင်း ပြောသည်။ ဆရာဝန်က ပြုံးလိုက်ပြီး-

“မဟုတ်တာပဲ အန့်တီရယ်၊ ဒါ သူ့အချိန်ရာသီမှ မဟုတ်တာ၊ ကဲလေ ကျွန်တော် အားဆေးပေးခဲ့မယ်၊ အစာနဲ့ ရောကျွေးဖို့”

နီနီရောင် ဘေးမှ ဖြတ်အသွားတွင် မေမေမြက-

“သမီး ထမင်းစားချင်ရင် ကောင်မလေးသာ ထည့်ခိုင်းတော့၊ မေမေမြ မအားဘူး”

ဟု ပြောသည်။ ဆရာဝန်က တစ်ချက်လှည့်ကြည့်ပြီး ပြုံး၍ နှုတ်ဆက်သည်။ လိုအပ်တာထက် စက္ကန့်ပိုင်းလောက် ပိုကြည့်ကြောင်း သိလိုက်၏။ နီနီရောင်က ခေါင်းတစ်ချက်သာ ဆတ်ပြခဲ့သည်။

တိရစ္ဆာန်ဆေးကု ဆရာဝန်တစ်ယောက်နှင့် ပတ်သက်၍ နီနီရောင် ထင်ထားခဲ့တာက မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ကျိုးတိုးကျဲတဲနှင့် ကြမ်းကြမ်းတမ်းတမ်း၊ ညစ်ညစ်စုတ်စုတ် ပုံစံမျိုး ဖြစ်၏။ တောမှာ အခြေချပြီး နွားတွေ၊ ကျွဲတွေကြား၊ ကြက်ငှက်ဘဲခြံတွေကြား ဆေးလျှောက်ကုနေသူဆိုလျှင်တော့ သူ ထင်သလို ဖြစ်ချင်ဖြစ်မယ်။

ခု အိမ်ကို လာလာကုနေသည့် ဒေါက်တာအောင်ဖေကျော်တော့ သည် လိုမဟုတ်။ အမြဲတမ်း သန့်သန့်ရှင်း၊ သပ်သပ်ရပ်ရပ်၊ သားသားနားနား ရှိ၏။ ဘောင်းဘီနှင့် စပို့ရှပ်ကို အမြဲလိုလို ဝတ်တတ်သည်။ ရုပ်ကလည်း ခပ်သန့်သန့်။ သူက အတွတ် မြင်တတ်သည်။ မေမေမြတို့လို ကြောင်ချစ်တတ်သူ၊ ခွေး ချစ်တတ်သူ လူချမ်း သာအိမ်များနှင့် အဆက်အသွယ်ရအောင် ရှာသည်။ ဒါကလည်း သိပ်မခက်လှ။ တစ်အိမ်အိမ်နှင့် စဆက်မိဖို့ပဲ လိုသည်။ အဆင်ပြေလျှင် ထိုအိမ်က ညွှန်းသဖြင့် တခြားအိမ်တွေကပါ ခေါ်ယူကြသည်။ သည်လို မျိုး ဆယ်အိမ်လောက်ရလျှင် တစ်လ ငါးထောင်လောက် အေးအေးဆေးဆေး ရသည်။ ဒါက ဆေးဖိုး မပါသေး။ တစ်လ တစ်ကြိမ် ပုံမှန်လာပြီး စစ်ဆေး ကြည့်ရှုပေးရုံ ရှိသေးသည်။ ဆေးခန်းကိုလာပြီး ကုသဖြင့် ရသောဝင်ငွေက ရှိသေးသည်။ အထူးကုသမှုအတွက် ငါးရာမျိုး တစ် ထောင်မျိုးရတာ ရှိသေးသည်။

သူ့ဘာသာ ဘယ်လောက်ရရ အရှေ့မကြီး။ အရေးကြီးတာက သူ မိမိတို

www.burmeseclassic.com



စိတ်ဝင်စားပုံရသည်ဆိုသော ကိစ္စ။ ဒေါက်တာအောင်ဖေသည် ဝင်ငွေလည်း ကောင်းသည်။ ရုပ်ရည်လည်း ပြေပြစ်သည်။ ရည်ရည်မွန်မွန်နှင့် သဘောကောင်းပုံလည်း ရသည်။ သို့ရာတွင် နီနီရောင်က စိတ်ဝင်စားခြင်း မရှိ။ ဒေါက်တာ အောင်ဖေဘက်က တော့ စိတ်ဝင်စားမှုရှိတာ သေချာသလောက် ရှိ၏။ အိမ်ကိုလာလျှင် အလုပ်ကိစ္စအတွက် အသုံးပြုသင့်သည့် အချိန်ထက် ပို၍ ကြာကြာနေသည်။ မေမေမြနှင့် စကားစမြည် ပြောလေ့ရှိသည်။ မေမေမြ၏ ကြောင်တွေကို တခြားအိမ်များရှိ ကြောင်တွေ၊ ခွေးတွေ၊ ကြက်တူရွေးတွေ၊ သာလိကာတွေထက် ပိုပြီး ဂရုစိုက်သည်။

အပျိုကြီးများ တော်တော်ခက်သည်။ ငှားစရာ ဆရာဝန် သည်လောက် ရှားသလား။ တူမပျိုလေးအတွက် စိုးရိမ်သောက ရောက်ရကြောင်း၊ သူပဲ မကြာခဏ တဖွဖွပြောသည်။ ငှားတော့လည်း ငယ်ငယ်ချောချော လူပျိုဆရာဝန်ကို ငှားသည်။ မေမေမြကိုယ်တိုင်ကပဲ သဘောတူနေသလား မသိ။ ဖြစ်တော့မဖြစ်နိုင်။ မေမေမြသည် ဒီလူ့အဆင့်လောက်နှင့် ကျေနပ်မည့်သူမျိုး မဟုတ်။ သည့်ထက် အဆများစွာသာမှသာ လက်ခံမည့်သဘောမျိုး ရှိသည်။ သို့ရာတွင် အတတ်တော့ မပြောနိုင်။ အပျိုကြီးတွေ စိတ်ထားက ခန့်မှန်းရခက်သည်။ သူတို့ သဘောကျမိပြီဆိုလျှင် အပြစ်ဟူ၍ မမြင်တတ်တော့။ သူတို့ မကြိုက်ဘူးဆိုလျှင်လည်း ပြီးရော။

တစ်ခုရှိတာက ဒေါက်တာအောင်ဖေသည် ပေါင်းတတ်သင်းတတ်သည်။ မေမေမြနှင့် တည့်အောင် ပေါင်းနိုင်တာကိုက သူ့အရည်အချင်းကို သိသာစေ၏။ မေမေမြသည် သူ့ကိုယ်သူတောင် သင့်အောင် ပေါင်းတတ်သူမျိုး မဟုတ်။ ဒေါက်တာအောင်ဖေသည် မေမေမြ စကားကြောရှည်သမျှ မပျင်းမရိ ထိုင်နားထောင်တတ်၏။ ပြောပြီးသားတွေကို အစမှအဆုံးထိ ထပ်ခါထပ်ခါ ပြောလျှင် လည်း မသိ၊ မကြားရသေးဟန်ဖြင့် စိတ်ဝင်တစား နားထောင်သည်။ မေမေမြ ၏ ကိုးလိုးကန့်လန့်နိုင်သော အယူအဆများကို အလိုက်သင့် ထောက်ခံ ပြောဆိုတတ်သည်။ ဆေးကုသရေးနှင့် ပတ်သက်၍ မေမေမြ ဂဂျီဂဂျောင်ကျသမျှ သည်းခံပြီး ပြေလည်အောင် ဆောင်ရွက်ပေးတတ်သည်။

နီနီရောင်အနေနှင့်တော့ လူတစ်ဘက်သားကို မဆန့်ကျင်ဘဲ အလိုက်အထိုက် နေတတ်သူ၊ ရေလိုက်ငါးလိုက် ရောနှောတတ်သူမျိုးကို သဘောမကျ။ စိတ်ခေါင် ပျော့ညံ့သူ ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် အခွင့်အရေးသမားမျိုးဟု ထင်သည်။ လူဆိုတာက

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် အမြဲတမ်း အယူအဆ တူမနေနိုင်။ မတူလျှင် မဘူးကြောင်း ပြောရဲဆိုရဲရှိဖို့ လိုသည်။ ဒါမှ ယောက်ျား ပီသလိမ့်မည်ဟု ထင်၏။ နောက်တစ်ခုက သူတစ်ပါး အယူအဆကိုသာ လိုက်လျောညီထွေ လက်ခံတတ်သူသည် ကိုယ်ပိုင်အယူအဆ မည်မည်ရရ မရှိသူ ဖြစ်ချင်ဖြစ်မည်။ သို့တည်းမဟုတ် ကိုယ့်အယူအအဆကို ထုတ်ဖော်မကြေညာ ရဲသူ ဖြစ်ချင်ဖြစ်မည်။ ဒါမှမဟုတ် လျှို့ဝှက်သိပ်သည်းစွာ လက်သည်း ဝှက်ထားတတ်သူမျိုးလည်း ဖြစ်နိုင်သည်။ ထိုသူမျိုး၏ ပင်ကိုစိတ်ရင်းကို ခန့်မှန်းရခက်သည်။ ထိုသူမျိုးသည် မကောင်းမှုကိုလည်း လူမသိသူမသိအောင် ကျိတ်လုပ်တတ်သည်။

ထားလိုက်တော့ ဒေါက်တာအောင်ဖေကို သူသိပ်သဘောမတွေ့လှဘူး ဆိုလျှင် ...ကြက်ပြီ။

သူ့အခန်းထဲ ဝင်လိုက်ချိန်တွင် ဒေါက်တာအောင်ဖေအကြောင် ...ထဲက ထုတ်ပစ်လိုက်သည်။ ထိုအခါ ...အိတ်ထဲ ပါလာသော စာကို သွား...သတိရ... လွယ်အိတ်ထဲက စာကို ဆွဲထုတ်ပြ...နောက် အခန်းတံခါး ပိတ် ထားရကောင်းမလားတွေးသည်။ မေမေမြသည် သူ့...င်တွေနှင့် နာရီဝက်လောက် အလုပ်ရှုပ်နေဦးမည်ဖြစ်ကြောင်း တွေးမိသဖြင့် မပိတ်ဘဲ ထားလိုက်သည်။

စာအိတ်က ရိုးရိုး လေယာဉ်စာအိတ်ပင် ဖြစ်၏။ ရည်းစားစာ ထည့်လေ့ ရှိသည့် ရောင်စုံပန်းပွင့်တို့ လိပ်ပြာတို့ပါသော စာအိတ်မဟုတ်။ စာအိတ်ကို ဖောက်ပြီး စာကို ဆွဲထုတ်သည်။ စာက စာအိတ်မှ ကော်နှင့် ထပ်နေသဖြင့် ခွာထုတ်ရသည်။ စာရွက် စုတ်ပြဲမသွားအောင် သတိထား ခွာနေမိကြောင်း ...သာသာ သိသွားသည်။ ရုပ်ရှင်ဇာတ်ကားတစ်ကား ပြခါနီးမှာ ခံစားရသလို စိတ်လှုပ်ရှားမိ၏။ စာကို ဖြန့်လိုက်သည်။ ...အဆုံးစာကြောင်းကို ဖတ်ကြည့် ပြီး "ဟယ်တော့" ဟု ခပ်တိုးတိုး ရေရွတ်မိ၏။ စာထဲမှာ-

ဆရာတော် ဦးမေ့ရက္ခိတ အရှင်ဘုရား...

*တပည့်တော် ရိုသေစွာ စာရေးလျှောက်ထား အပ်ပါသည် ဘုရား။ ယခုနှစ် တပေါင်းလပြည့်နေ့ ရွာဘုရားပွဲသို့ လာရောက်နိုင်မည် မဟုတ်ကြောင်း၊ ဖေဖေက အကြောင်းကြားခိုင်းလိုက်ပါသည်။ ...ပွဲ...က် နှစ်စဉ် လှူမြဲ အလှူငွေကို လူကြုံနှင့် ထည့်ပေးလိုက်ကြောင်းကိုလည်း အသိပေးလျှောက်ထားအပ်ပါသည် ဘုရား။*

www.burmeseclassic.com

www.burmeseclassic.com



နီနီရောင် ရယ်မိမလိုဖြစ်သွား၏။ သို့ရာတွင် စာ၏ အောက်ခြေမှာ ကွင်းခတ်ပြီး ရေးထားသော စာကြောင်းကို တွေ့သဖြင့် မျက်မှောင်ကုတ်သွားရပြန် ၏။

(နီနီရောင် ခင်ဗျား ဆရာတော်ဆီ ရေးသောစာနှင့် နီနီရောင့်ဆီ ရေးသော စာတို့ စာအိတ်ချင်း မှားထည့်လိုက်မိသဖြင့် ခုလို ဖြစ်သွားရတာကို တောင်းပန်ပါသည် ခင်ဗျား)

နီနီရောင် ရယ်ရမလို ဒေါသဖြစ်ရမလို အူကြောင်ကြောင် ဖြစ်သွား၏။ ဘယ့်နှယ်လဲ စာအိတ်ချင်း မှားထည့်မိလျှင် သူ ဘယ်လိုလုပ်သိနိုင်မလဲ။ သိတယ်ဆိုလျှင်လည်း စာအိတ်အမှန် ပြန်ထည့်လိုက်ရုံပေါ့။ ခုတော့ စာအိတ်ချင်း မှားထည့်မိကြောင်းကို တကူးတက ထည့်ရေးလိုက်သေးသည်။ ဘယ်လိုမှ မဖြစ်နိုင်သည့်ကိစ္စ။

ဒါ သက်သက် နောက်တာပဲ ဖြစ်ရမည်။ တစ်ပြိုက်နက်တည်းတွင် နောက်တာ ဟုတ်ချင်မှဟုတ်မှာဟု တွေးနေမိပြန်၏။

✻ ✻ ✻

သူ့နာမည် ညီညီကို ဖြစ်ချင်ဖြစ်မည်။ ညီကိုကိုလည်း ဖြစ်နိုင်၏။ သို့တည်း မဟုတ် အောင်ညီကို၊ ညီကိုဦး၊ ဇော်ညီညီကို စသည်ဖြင့် တစ်ခုခု လည်း ဖြစ်နိုင်သည်။ အကြောင်းမှာ သူ့သူငယ်ချင်းတွေက သူ့ကို "ဟေ့ ညီကို၊ ဟေ့ကောင် ညီကို" ဟု လှမ်းလှမ်းခေါ်တာ နီနီရောင် ကြားဖူးသောကြောင့် ဖြစ်၏။

ယောက်ျားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ သူငယ်ချင်း အချင်းချင်းခေါ် လျှင် နာမည်အပြည့်အစုံ ခေါ်လေ့မရှိ၊ နာမည်ပြောင်ခေါ်ချင်ခေါ်မည်။ နာမည်ရင်းကို ဖြတ်စေ...က်၍ ခေါ်ချင်ခေါ်မည်။ ကျော်နန္ဒာအောင်ဆိုင်လျှင် ကျော်နန္ဒာ၊ နန္ဒာ စသည်ဖြင့် မိမိကိုလည်း သူငယ်ချင်းတွေက နီရောင်ဟု ခေါ်လေ့ရှိသည်။ ထို့ကြောင့် သူ့ကိုလည်း ညီကိုဟုပင် မှတ်ထားလိုက်ရပေမည်။

နီနီရောင်သည် ဘွဲ့ရပြီးနောက် အလုပ်တစ်ခုခု ဝင်လုပ်ချင်သည်။ သို့ရာ တွင် ခမေမေဖြက သဘောမတူ။ နီနီရောင်အနေဖြင့် အလုပ်ထွက်လုပ်ရ လောက်အောင် မိမိတို့ ဆင်းရဲနေသည် မဟုတ်ဟု ဆို၏။ အလုပ်ကလေးရှိတော့ စိတ်မလေဘူးပေါ့၊ ဘာနွေရတာပေါ့ဆိုသော နီနီရောင်၏ ဆင်ခြေကို လက်မခံ။ 'ပိုက်ဆံလက်လုံး ဘာမှ

www.burmeseclassic.com



မလုပ်ဘဲနေလာတာ ဘယ်မှာ ကြွေမရရှိဖူးလို့လဲ' ဟူသော စကားဖြင့် ချေဖျက်ပစ်လိုက်၏။ ထို့အတူ အလုပ်လုပ်ဖို့ထက် အိမ်ထောင် ထိန်းသိမ်းတတ်ဖို့ အချက်အပြုတ်တတ်ဖို့က ပို၍ အရေးကြီးသည် ဟူ၍လည်း သဘောမထား။ ထိုကိစ္စတွေလုပ်ဖို့ အစေအပါးတွေ ရှိသည်။ စီမံ ခန့်ခွဲတတ်လျှင် လုံလောက်ပြီဟု ဆိုသည်။ မိန်းကလေးတစ်ယောက်အဖို့ အရေးအကြီးဆုံးက ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင်နေဖို့သာဖြစ်သည်။ သို့မှသာ လင်ကောင်းသားကောင်းရမည်။ ထို့အပြင် လင်ယောကျ်ားကလည်း မိမိ ကို တစ်သက်လုံး တန်ဖိုးထားလေးစားသွားမည်ဟု မေမေမြ က ဆို၏။ မိန်းကလေးတစ်ယောက်သည် အိမ်မှာထိုင်ပြီး ခရုရွေးနှစ်ချောင်းထိုးထိုးနေရုံဖြင့် တန်ဖိုးတက်လာလိမ့်မည်ဟု မေမေမြ ထင်နေသည်။

နီနီရောင်ကတော့ အိမ်မှာပဲ အမြဲနေပြီး ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလေးလုပ်လိုက်၊ စာလေး ဖတ်လိုက်၊ ပန်းခြံထဲ လမ်းလျှောက်လိုက်၊ သီချင်းလေး နားထောင်လိုက်နှင့်သာ အချိန်မဖြုန်းနိုင်။ နောက်ဆုံးတော့ မေမေမြ သဘောမတူ၍ မဖြစ်သည့်ထွက်ပေါက်တစ်ခုကို စဉ်းစားမိသည်။ အင်္ဂလိပ် စကားပြောသင်တန်း တက်မည်။

"ခုချိန်မှာ နိုင်ငံခြားနဲ့ ကူးလူးဆက်ဆံမှုတွေများလာပြီ မဟုတ်လား၊ ကိုယ်က အင်္ဂလိပ်စကား ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်တော့ သူများနဲ့ ယှဉ်တဲ့အခါ ဝင်မငယ်ဘူးပေါ့"

ဟု ဆိုသောအခါ မေမေမြ သဘောတူရသည်။ သည်တော့ တစ်ပတ်လျှင် သုံးရက်အပြင်ထွက်ခွင့်ရလာသည်။ သူတက်သည့် အင်္ဂလိပ်စကားပြော သင်တန်းက ရန်ကုန်မြို့လယ်ရှိ တိုက်ခန်းတစ်ခုမှာ။ ပထမထပ်ဖြစ်၏။ သူတို့ သင်တန်း၏ အပေါ်ထပ်အခန်းမှာ ကွန်ပျူတာသင်တန်းတစ်ခုရှိသည်။ ညီကိုက ထိုကွန်ပျူတာသင်တန်း တက်နေခြင်း ဖြစ်၏။

ထို့ကြောင့် သူတို့နှစ်ယောက် မျက်မှန်းတန်းမိနေသည်။ မကြာခဏ ဆိုသလို လှေကားအတက်အဆင်းမှာ ဖြစ်စေ၊ လမ်းထဲမှ စားသောက်ဆိုင်မှာ ဖြစ်စေ ဆုံတတ်သည်။ ထိုအခါ ညီကိုက သူ့ကို စိတ်ဝင်စားသည့် မျက်လုံးများဖြင့် ကြည့်တတ်ကြောင်း ရိပ်မိနေ၏။

ညီကိုသည် ခပ်သွယ်သွယ်၊ အရပ်မြင့်မြင့်ဖြစ်၏။ အသားခပ်လတ်လတ်။ ရုပ်က ခပ်ချောချောလှလှကြီး မဟုတ်။ သို့ရာတွင် သာမန် သူလိုငါလို နှာမျိုးကလည်း

www.burmeseclassic.com



မဟုတ်။ ထူးခြားတာက သူ၏ လှုပ်ရှားမှုများ၊ အစဉ်အမြဲ သွက်လက် ဖျတ်လတ်နေသည်။ ပျော်ပျော်ဖါးပါး လွတ်လွတ်လပ်လပ်နေတတ်သည့် ဟန်ပန်က အထင်းသား ပေါ်လွင်နေ၏။

ခုလည်း သည်လိုပဲ။ ဘေးကနေ လှစ်ခနဲ ကျော်တက်သွားပြီးမှ ဆတ်ခနဲ ရပ်လိုက်သည်။ ကားဘရိတ်အုပ်လိုက်သဖြင့် အရှိန်တန့်သွားသလို ကိုယ်က ရှေ့ကို တစ်ချက် ကိုင်းသွားသေးသည်။ နီနီရောင်သည် ရုတ်တရက်ယောင်ပြီး ရပ်လိုက်မိမလိုဖြစ်ပြီးမှ ဆက်လျှောက်သည်။ ညီကိုက ကပ်လိုက်လာ၏။

"တစ်ဒေါ်တ်လောက်ဗျာ၊ ဒီနေ့ စာတိုက်ကိုများ ဝင်ခဲ့သေးလား"

ညီကိုက စကားစသည်။ နီနီရောင်က ဘာမှ ပြန်မပြော။

"ကျွန်တော့်စာများ ရောက်နေတာ တွေ့ခဲ့လားဟင်"

ပြန်မပြောဘူးဟု စိတ်တင်းထားသည့်ကြားက မပြောဘဲ မနေနိုင်။

"တို့က စာပို့လုလင်မှ မဟုတ်ဘဲ"

"စာပို့လုလင်လုပ်ရတာ ကောင်းတယ်ဗျ၊ သကြ်နှ်တွင်းဆို ဗီအိုင်ပီပဲ၊ ရေပက်မခံရဘူးလေ"

"ဒါပေမယ့် မကြာခဏတော့ ခွေးကိုက်ခံရတတ်တယ်"

"ဒါကတော့ဗျာ၊ စာပို့လုလင်တွေက သူတို့အတွက် တစ်ခါမှ စာလေး တစ်စောင်တစ်လေတောင် ယူလာဖော်မရတော့ စိတ်ဆိုးပြီး ကိုက်တာပေါ့၊ လူတွေကတော့ စာလာပို့တဲ့လူကို ကိုက်မလွှတ်တတ်ကြပါဘူး၊ စာလာရင် ပျော်တတ်ကြတာချည်းပါပဲ"

"စာလာတိုင်း ပျော်တာ မဟုတ်ပါဘူး"

"ဟေးပေါ့ဗျာ၊ အဖေဆုံးပြီ ဆိုတဲ့ စာမျိုးဆိုရင်တော့ ဘယ်ပျော်ပါ့မလဲ၊ ဒါပေမယ့် အဖေဆိုတာကလည်း ခဏ ခဏ ဆုံးနေတာမှ မဟုတ်ဘဲ"

ညီကို့ စကားကြောင့် ရယ်မိမလိုတောင် ဖြစ်သွား၏။ ပြီးမှ သင်တန်းရှိရာ လမ်းထဲ ချိုးဝင်ရတော့မည်မှန်း သတိပြုမိပြီး

"ကဲ ကိုယ့်လမ်းကိုယ်ကွဲပေတော့"

ဟု ပြောလိုက်၏။ ညီကိုက...

"ဟင် တစ်လမ်းတည်း သွားရမယ့်ဟာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ရှေ့က မြန်မြန်သွား"

"ဟာ ကျွန်တော့်ကို နောက်က တစ်ယောက်ယောက်က ကြည့်နေရင် မနေတတ်ဘူးဗျ၊ ခြေလှမ်းတွေ မှားကုန်ရော"

"ဒါဆိုလည်း နေခဲ့၊ တို့သွားမယ်"

နီနီရောင် ခြေလှမ်းသွက်လိုက်သည်။

"သူကျတော့ မရှက်တတ်ဘူးနော်"

ဟု ညီကိုက လှမ်းပြောသဖြင့် ခြေလှမ်းကို တုံ့လိုက်ပြီး...

"သူ ရှေ့ကသွားပါ"

"ကောင်းပါပြီ"

ဆိုပြီး ညီကို ခပ်သွက်သွက်လျှောက်သွား၏။ သွားရင်းက ခလုတ်တိုက်မိသည့်ပုံမျိုး တမင်လုပ်ပြသွားသေးသည်။

အင်တန်းခန်းထဲ ရောက်တော့ နည်းနည်းစောနေသေးသည်။ ကုန်တိုက်တစ်တိုက်မှာ ဈေးသွားဝယ်လျှင် ဘယ်လိုပြောရမလဲဆိုတာ ဟိုတစ်နေ့က သင်ခဲ့သည်။ သည်နေ့ ထိုသင်ခန်းစာကို ပြန်ဒြောကြရမည်။ တစ်ယောက်က အရောင်းဈေးသည်လုပ်၊ တစ်ယောက်က ဝယ်သူလုပ်ပြီး အပြန်အလှန် ပြောရင်း လေ့ကျင့်ကြရမည်ဆို၏။ ထို့ကြောင့် အချိန်ရတုန်း ပြန်နွှေးလိုက်ဦးမည် ဟု စိတ်ကူးပြီး စာအုပ်ကို ဆွဲထုတ်သည်။ သူ အံ့ဩသွား၏။ စာအုပ်ကို ဆွဲအထုတ်တွင် စာအိတ်တစ်အိတ်၏ အနားစွန်းစလေးပါ လွယ်အိတ်ထဲမှ အံ့ထွက်လာ၏။ ကြည့်စမ်း၊ လျှင်လိုက်တဲ့ကောင် ဘယ်အချိန်က လွယ်အိတ်ထဲ အလစ် ထည့်လွှတ်လိုက်သလဲ မသိ။

တွေးရင်းတောရင်းကပင် စာကို ဖောက်နေမိပြီ။ သည်တစ်ခါ ဘာတွေ နောက်ထားဦးမလဲ။

နီရောင်

*ဟိုနေ့က စာက နောက်တာ မဟုတ်ပါဘူး။ ဘာရေးရမှန်း မသိလို့ တကယ် တော့ (ကိုလို့သုံးနှုန်းခွင့်ပြုပါ)။ ကိုဟာ ရည်းစားစာတစ်စောင်ကို ဖြောင့်ဖြောင့်တန်းတန်း ရေးတတ်တဲ့ ကောင်မျိုး မဟုတ်ဘူး။ တစ်သလောက်၊ မတ်သယောက် ဝတ္ထုစာအုပ်တွေထဲက ကူးချပြီး ရေးလည်း နီရောင်က ဖတ်ပြီး ဟားမှာ မဟုတ်လား။ ဟားမယ့်တူတူပေါ့ တကယ်ပဲ*

www.burmeseclassic.com

www.burmeseclassic.com



အားရအောင် ရေးတော့မယ်ဆိုပြီး ရေးလိုက်တာပါ။ ဘာပဲဖြစ်ဖြစ် နီရောင့်ကို မြတ်မြတ်နိုးနိုး ချစ်မိတယ်ဆိုတဲ့ အချက်ကိုတော့ အတည် အမြဲ လက်ခံမှတ်ယူစေချင်ပါတယ်။ ကို ဒီ့ထက်ပိုပြီး မရေးတတ် တော့ပါဘူး။

သည်လိုတော့လည်း သနားစရာကောင်းသားဟု နီနီရောင် တွေးမိပြီး အောက် မှာ ရေးထားသည့် စာကြောင်းများကို ဆက်ဖတ်ကြည့်သောအခါ...

(ဤစာကို ဖတ်ပြီးလျှင် ခုနစ်ရွက်တီတီကူးပြီး ဝေငှပါ။ အကျိုး ထူးမည်၊ ကျွန်ုပ်၏ ဘကြီးတစ်ယောက် မဝေငှမိသဖြင့် သမဝါယမ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်လိုက်ရသည်။ နောက်မှ သတိရပြီး ပြန်ဝေငှ သောကြောင့် ဘုရားဂေါပက လူကြီး ဖြစ်သွားသည်။ သတိပြုလေ)

နီနီရောင် ဒေါသဖြစ်သွား၏။ တစ်ပြိုင်နက်တည်းတွင် ခုလို ဒေါသဖြစ် ရတာကိုပင် ပျော်နေမိကြောင်းလည်း သတိပြုမိ၏။ ညီကိုဆိုတဲ့ ကောင်က တော်တော် ထူးခြားသည်။ သူ့ကို ကြည့်လိုက်လျှင် ဘာကြောင့်များသည်လောက် စိတ်ချမ်းသာ နေရတာပါလိမ့်။ သူ့လို စိတ်ချမ်းသာချင်လိုက်တာဟု အားကျသည့်စိတ်မျိုး ပေါ်လာ စေတတ်၏။ နောက်ပြီး သူနှင့် စကားပြောနေရလျှင်ဖြစ်စေ၊ သူ့အကြောင်း စဉ်းစား မိလျှင်ဖြစ်စေ သူ့အပျော်ဓာတ်က ကူးစက်လာစေတတ်သည်။ အခုပဲ ညီကို၏ ဟတ်ကြွရွှင်လန်းနေသော မျက်နှာကို မြင်ယောင်လာပြန်ပြီ။

နီနီရောင်သည် ညီကို့အား စိတ်ဆိုးဖို့ ကြိုးစား၍ မရတော့။

❋ ❋ ❋

www.burmeseclassic.com



သူ့နာမည်မှာ ညီကိုမှာ၍ နှစ်လုံးတည်းသာဖြစ်၏။ သူ့အဖေသည် စိတ်တိုတတ်သူ ဖြစ်၏။ ထို့ကြောင့် သူ့နာမည်ကိုလည်း တိုတိုပြတ်ပြတ် မှည့်ထားခြင်း ဖြစ်ကောင်းဖြစ်နိုင်၏။ ညီကိုကတော့ သူ့နာမည်ကို သူသဘောကျသည်။ နာမည်တိုတော့ ခေါ်ရတာ လွယ်သည်။ လက်မှတ်တွေ၊ ဘာတွေ ထိုးရတာလည်း သက်သာသည်။

နာမည်အရှည်ကြီးတွေမှည့်တာ ခေတ်စားနေခြင်းသည် ရင်ဖလေးဖွယ်ဖြစ်၏။ ဘခြားအတွက်တော့ မဟုတ်။ ဆရာ၊ ဆရာမတွေ ကျောင်းခေါ်ချိန် နာမည်ခေါ်ရတာ တော်တော်မောမည်။ ဒါ့ထက်ဆိုးတာက ဘောလုံးပွဲကို တိုက်ရိုက်ကြေညာ အသံလွှင့်ရသူတွေအတွက် မလွယ်။ ဘောလုံးပွဲဆိုတာက စက္ကန့်နှင့်အမျှ အလျှင်အမြန် လှုပ်ရှားနေသည်။ ဒါကို မျက်ခြည်မပြတ်ကြည့်ပြီး ကစားကွက်ကို အမီလိုက်၍ ကြေညာပေးရသည်။ သည်နေရာမှာ နာမည် အရှည်ကြီးတွေက ပြဿနာတတ်တတ်၏။ ဥပမာ...

"ဂိုးသမား စိန်မျိုးဝင်းမြင့်က ကန်တင်ပေးလိုက်တဲ့ ဘောလုံးဟာ အခုဆို ရင်အလယ်တန်းလူ ကျော်မောင်မောင်သုခဆီ ရောက်သွားပါတယ်။ ကျော်မောင်မောင်သုခကနေ ရှေ့တန်းညာအစွန်လူ ထူးမြတ်ခိုင်ဇော်ဆီ ပြေးပြီခင်ဗျား တစ်ယောက်လိမ် နှစ်ယောက်လိမ် ထူးမြတ်ခိုင်ဇော်ပဲ ခင်ဗျ။ ဆွဲ ပြေးပြီ မြတ်ထူးဇော်ခိုင် အဲလေ ထူးခိုင်မြတ်၊ မဟုတ်ပါဘူး။ ဇော်ထူးခိုင်၊ ဟာ"

ဆိုပြီး နာမည်လေးလုံး ပတ်လည်ရိုက်နေတာနှင့် ဂိုးသာ ဝင်သွားသည်။ နာမည်မှန်အောင် စဉ်လို့မရသေးတာမျိုး ဖြစ်သာနိုင်၏။ ထားပါတော့ ညီကိုကတော့ သူ့နာမည်သူ ကျေနပ်သည်။ သည်နာမည်မဟုတ်ဘဲ ခွေးပုပဲဖြစ်ဖြစ်၊ ရုပ်ဆိုးပဲဖြစ်ဖြစ် သူကတော့ ဂရုစိုက်မည်မဟုတ်။ နာမည်ဆိုတာက လူတစ်ယောက်အတွက် သင်္ကေတ အမှတ်အသားဖြစ်၏။ နာမည်လှလို့လည်း လူကလိုက်လှလာမည်မဟုတ်။ နာမည်မလှတိုင်းလည်း လူက ညံ့သည်ဟု ပြော၍မရ။

ညီကိုအနေဖြင့် နာမည်ကို အလေးအနက်မထားတတ်သော်လည်း နီနီခိုင်ဆို သော အမည်ကိုတော့ သဘောကျမိသည်။ နာမည်လှလို့ရယ်တော့ မဟုတ်၊ လူကလှလို့ နာမည်ကိုပါ ကြိုက်နှစ်သက်မိခြင်းသာဖြစ်၏။

ညီကိုသည် ရုပ်ရည်လည်း ပြေပြစ်သည်။ ပျော်တတ်ပြီး ခင်မင်နှစ်လိုဖွယ်

www.burmeseclassic.com



တောင်းသဖြင့် အပေါင်းအသင်းများသည်။ လူချစ်လူခင်ပေါ်သည်။ ကျောင်းတုန်းက ဆိုလျှင် မိန်းကလေးသူငယ်ချင်းတွေလည်း အများကြီးရှိခဲ့၏။ ကောင်မလေးနှစ်ယောက် သုံးယောက်ဆိုလျှင် သူ့အပေါ် သံယောဇဉ်တွယ်ပြီး တစ်ဖက်သတ်ပုံစံမျိုး တောင် ဖြစ်ခဲ့ဖူးသည်။ သူက စိတ်မဝင်စားခဲ့။

ခု နီနီရောင်နှင့်ကျမှ။

တစ်ရက်မှာ ကွန်ပျူတာသင်တန်းပြီး၍ ဆင်းအလာတွင် အင်္ဂလိပ်စကားပြောသင်တန်း အခန်းတံခါးက ခံစေ့စေ့ပိတ်မနေဘဲ လက်သုံးလုံးစာလောက် ဟနေ၏။ ထို့ကြောင့် ညီကို ချောင်းကြည့်လိုက်သည်။ မြင်ကွင်းက ကျဉ်းသဖြင့် တစ်ခန်းလုံးကို မမြင်ရဘဲ ကျောင်းသူနှစ်ယောက် သုံးယောက်သာ မြင်ရသည်။ နှစ်ယောက်က အသက်ခပ်ကြီးကြီး။ တစ်ယောက်က သူနှင့် မတိမ်းမယိမ်း။ ထိုကောင်မလေး သည် ဆရာမ၏ ညွှန်ကြားချက်အတိုင်း လိုက်လုပ်နေ၏။ ဆရာမက...

"ပါးစပ်ကို နည်းနည်းဟ၊ လျှာကို အာခေါင်မှာ ထောက်ထား"

ကောင်မလေး ပါးစပ်ကလေး ဟထားပုံမှာ ချစ်သူ၏အနမ်းကို ငံ့လင့်နေပုံနှင့် တူသည်ဟု ညီကိုထင်လိုက်မိ၏။ ဘာကြောင့်မှန်းမသိဘဲ ထိုကောင်မလေးကို ခင်မင် သွားမိသည်။ နောက်ပိုင်း လှေကားအတက်အဆင်းမှာ မကြာခဏ ဆုံမိကြသဖြင့် မျက်မှန်းတန်းမိလာသည်။ မြင်ဖန်တွေ့ဖန်များတော့ စိတ်ဝင်စားလာ၏။ ထူးတော့ ထူးဆန်းသည်။ အရင်က မိန်းမချောက်လေးတွေ အများကြီး ဆုံခဲ့ဖူးပါလျက် မတုန် လှုပ်မိခဲ့။ ကျောင်းတုန်းက တစ်ယောက်ဆိုလျှင် တော်တော်ချောသည်။ ချမ်းလည်း ချမ်းသာသည်။ သူ့အပေါ် တစ်ဖတ်သက် သံယောဇဉ် ဖြစ်နေသည်။ စကားတစ်ခွန်း လောက် ဟလိုက်လျှင် ကိစ္စပြီးပြီ။ သို့တိုင်အောင် သူမလှုပ်ခဲ့။

နီနီရောင်ကျမှ သူတော်တော် သဘောကျနေမိ၏။ လူကြီးပြောသည့် ဖူးစာဆို တာ ဒါပဲဖြစ်လိမ့်မည်။ အချစ်ဆိုသည်မှာ ဦးရာလူ စနစ်မျိုး မဟုတ်ရကား အရင်တွေ့ တိုင်း ချစ်ချင်မှ ချစ်မိလိမ့်မည်။ ကြည့်ရတာ သစ်ပင်မျိုးစေ့လို ဟာမျိုး ဖြစ်ပုံရသည်။ သစ်စေ့တစ်စေ့သည် မရင့်မှည့်သေးသောအခါ ဘယ်လောက် မြေဩဇာကောင်း ကောင်း၊ ဘယ်လောက် ရေလောင်းလောင်း အပင်မပေါက်နိုင်၊ အချိန်တန်ပြီဆိုတော့ အိမ်ခေါင်မိုးပေါ် တင်နေတောင် မရရအောင် အပင်က ပေါက်တတ်၏။

နီနီရောင်အပေါ် တကယ် နှစ်နှစ်ကာကာ ချစ်မိခဲ့ခြင်းဖြစ်၏။ သို့ရာတွင် သူ

www.burmeseclassic.com



သီကိုက အရွှန်းအပြက်လုပ်ချင်သည်။ သူက လွမ်းဆွေးနေဝတ်တာလည်း မဟုတ်။ သည်တော့ မျက်ရည်အတောင့်လိုက်ကျသည့် စာမျိုးလည်း မရေးတတ်။ ထို့ကြောင့် စာထဲမှာ အတည်အတံ့ မဟုတ်ဘဲ ပြောင်ချော်ချော် စကားလုံးတွေ ထည့်ရေးမိခြင်း ဖြစ်၏။ ဘာပဲဖြစ်ဖြစ် ဖူးစာဆိုကတည်းက လွဲကို မလွဲတော့သည့် သဘောဆောင် နေ၏။ ဖြစ်ချိန်တန်ပြီဆိုလျှင် ဘယ်လိုတားတား မရပေ။ ချက်ချိန်တန်လျှင်လည်း ဘာနဲ့ကာကာ မရ။ ဖူးစာဆိုသည်မှာလည်း သည်သဘောပဲ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့်ပင် သူ၏ ပြောင်ချော်ချော် အရေးအသားများသည် ရည်းစားစာ ရေးနည်းအသစ်အဆန်း တစ်ခုသဖွယ် အောင်မြင်မှု ရသွားခြင်း ဖြစ်လေ၏။ မိန်းကလေးများ အနေဖြင့် ရည်းစားစာဆိုလျှင် မရလျှင် သေရပါတော့မယ်၊ စာမေးပွဲကျ သွားပဲ ထမင်းလည်း မစားနိုင်ဘူး၊ ညဆိုလည်း အိပ်မပျော်ဘူး မနက်ဆိုလည်း ဆယ် နာရီ လောက်မှနိုးတယ် စသည်ဖြင့်သော စာမျိုးကိုသာ ဖတ်နေရသဖြင့် ငြီးငွေ့နေပြီး သည်လိုကောင်မျိုးတစ်ယောက် မိန်းကလေး၏ အချစ်ကိုရလျှင် သူ့စာကြောင့် မဟုတ် ဘဲ တခြားအကြောင်းကြောင့်သာ ဖြစ်ရမည်။ သည်လိုအချိန် ညီကို၏စာက 'မော်ဒန်' ဖြစ်နေဟန် တူ၏။ ထို့ကြောင့်လည်း နီနီရောင်က သူ့ကို ပက်ပက်စက်စက် မလုပ်ဘဲ အပြုံသဘောတုံ့ပြန်ခြင်း ဖြစ်လေသည်။

*

စိတ်ဆိုးရခက် ဒေါသဖြစ်ရခက် ဆိုတာ သည်လိုကောင်မျိုးပဲဟု နီနီရောင် တွေးသည်။ သူ့ရည်းစားစာကလည်း သူများတွေလို လွမ်းလောက်စရာမရှိ။ ရယ် ချင်စရာ ရယ်ရသေးသည်။ အင်း၊ တချို့လူတွေကလည်း ဘာထူးလို့လဲ။ စာထဲမှာ ဘယ်လောက်ချစ်ပါကြောင်း၊ ပြန်မချစ်ရင် ဘယ်လောက် ခံစားရမည် စသည်ဖြင့် ရေးတာ ယလည်း မဟုတ်ဘဲနဲ့ ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးထားတာ မသနားတဲ့အပြင် ရယ်ဖို့ကောင်း လှောင်းသည်။ ဖတ်ပြီး ဟားမယ့်တူတူတော့ တမင်တကာပဲ ရယ်ရအောင် ရေးလိုက် သည့်ညီကို၏ စာကမှ ရိုးသားသည်ဟု ပြောလို့ရသေးသည်။

ဟောတော့ ဘယ့်နှယ်ကြောင့် သူ့ဘက်က ရှေ့နေလိုက်ချင်ရနိမိရပြန်ပါလိမ့်။

www.burmeseclassic.com



ကိုယ်ပဲ ရှေ့နေ၊ ကိုယ်ပဲ တရားသူကြီးဆိုလျှင် ကြာကြာခံပါဦးတော့ မလား။ တရားခံ ကလည်း စုစုပေါင်းမှ သည်တစ်ယောက်ပဲ ရှိသည်။ ထောင်ဒဏ်ကလည်း တစ်သက် တစ်ကျွန်းအနိမ့်ဆုံး ထားချရမည်။ ထိုအခါကျပြန်တော့လည်း မိမိကိုယ်တိုင်ပဲ ထောင် မှူးလုပ်ရဦးမည်။ ထောက်ကလည်း မိမိကိုယ်ပိုင် အကျဉ်းထောင်။ သူထောင်ကျနေ သရွေ့ မိမိလည်း လွတ်မည်မဟုတ်။ ထိုထောင်ကား အိမ်ထောင်ပင်ဖြစ်၏။

အချစ်ကိစ္စမှာ ပေါ့ပေါ့ပြက်ပြက် အချိုးချိုးနေခြင်းသည် မိန်းကလေးတစ် ယောက်ကို မလေးစားရာရောက်သည်။ အချစ်ကို အလေးအနက် မထားရာရောက် သည်မှာ မှန်သည်။ သို့ရာတွင် ထိုအတွက် ဒေါသဖြစ်ရခက်သည်။ ညီကို၏ မျက်လုံး တွေက အနက်ရှိုင်းဆုံး မြတ်နိုးမှုတွေကို ထင်ထင်ရှားရှား ပြသနေပြန်သည်။ ယမမင်း ထောင်မှ ညီ၊ ၁ိုနှင့်တွေ့လျှင် သူ့လက်ထဲက လှံတံကြီးကို လက်ဆွဲနှုတ်ဆက်မိလိမ့်မည် ထင်၏။

နီနီရောင်သည်လည်း ‘ကောင်စုတ်’ ဟုရေရွတ်ပြီး တစ်ပြုံ်နက်တည်း ပြုံးလိုက် မိသည့်အကြိမ်ပေါင်း မနည်းတော့။

တစ်သက်လုံးမှာ သုံးခါတည်းသာ ပြုံးသည်ဆိုသော သီလဝမင်းသားသည် ညီကိုနှင့် မတွေ့လိုက်ရသောကြောင့်သာ စတုတ္ထအကြိမ် မပြုံးခဲ့ရရှာခြင်း ဖြစ်နိုင်သည်။ သူနှင့် တွေ့ဖူးသူမှန်သမျှ သူ့ကို မခင်မင်ဘဲ မနေနိုင်။ သူနှင့် မတည့်သူဟူ၍ တစ် ယောက်သာ ရှိ၏။ ထိုသူကတော့ သူ့အဖေ ဦးလှကိုပင်ဖြစ်၏။ မတည့်ဘူးဆိုရာမှာ ညီကိုက သူ့အဖေနှင့် မတည့်ခြင်း မဟုတ်၊ သူ့အဖေကသာ ညီကိုနှင့် မတည့်ခြင်း ဖြစ်၏။ ထိုကိစ္စမှာလည်း အမုန်းဓာတ်ခံနှင့် ဖြစ်ပွားရခြင်းတော့မဟုတ်။ ညီကိုက လွတ်လွတ်လပ်လပ်၊ ပျော်ပျော်ပါးပါးနေခြင်းအပေါ် အဖေက အားမလိုအားမရ ဖြစ်ခြင်းက အကြောင်းရင်းခံ ဖြစ်၏။

ညီကိုသည် လေးလေးနက်နက်မရှိ။ ပေါ့လွန်း ရွှပ်လွန်းအားကြီးသည်ဟု အဖေက မြင်သည်။ ထို့ကြောင့် မကြာခဏ ဆိုသလို ဆူတတ် ပူတတ်သည်။ သို့ရာ တွင် သားကိုအလွန်ချစ်ကြောင်းကိုတော့ ညီကို ကောင်းကောင်းသိ၏။ ထို့ကြောင့် အဖေ ဆူပူကြိမ်းမောင်းမှုကို စိတ်မဆိုး။ အဖေ ဆူသည့်အခါ သူက ပေါက်ကရ တွေ ပြန်ပြောခြင်းအားဖြင့် အဖေ့ကို ဆွပေးရတာ ပျော်ဖို့ကောင်း ကောင်းသည်ဟု ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့လည်း သူတို့မှာ သည်သားအဖနှစ်ယောက်ပဲ အပြန်အလှန်တွယ်တာစရာ ရှိသည်။ ထို့ကြောင့် မကြာခဏ ပူညံပူညံဖြစ်ခြင်းဖြင့် သံယောဇဉ်တိုးပို၍ ခိုင်မာအောင် ပြုလုပ်ထားသလို ဖြစ်နေ၏။ တကယ်လို့သာ သားအဖ နှစ်ယောက်အမြဲ ပြေလည်ပြီး ဘာမှ ဆူဆူညံညံမဖြစ်လျှင် သူတို့အိမ်ကလေး တိတ်ဆိတ်ခြောက်ကပ်ပြီး ပျင်းစရာအတိ ရှိနေပေလိမ့်မည်။

အမေဆုံးတော့ ညီကို ကလေးပဲ ရှိသေးသည်။ ခြောက်နှစ် ခုနှစ်နှစ်သား ရှိပြီဖြစ်၍ သေတယ်ဆိုတာ ကောင်းကောင်းသိသည်။ အမေဘယ်တော့မှ ပြန်မလာတော့ကြောင်းလည်းသိသည်။ သို့ရာတွင် ငယ်သေးသဖြင့် အကြီးအကျယ် ဝမ်းနည်းပူဆွေးခြင်းတော့ မဖြစ်ခဲ့။ အပြင်းအထန် ခံစားရလောက်အောင် အသိစိတ် မဖွံ့ဖြိုးသေး။ အဒေါ်တွေငိုတာတွေ့သဖြင့် လိုက်ငိုတာလေးပဲ ရှိသည်။ အမေဆုံးတော့ အဖေငိုကြွေးခြင်း မရှိခဲ့ကြောင်းတော့ မှတ်မိ၏။ သို့ရာတွင် အဖေသည် အမေ့အလောင်းကို တွေတွေကြီး စိုက်ကြည့်ရင်း အံတင်းတင်းကြိတ်ထားကြောင်း ခပ်ရေးရေး သတိရသည်။

အမေဆုံးသည့်အချိန်မှာ အဖေက အရွယ်ကောင်းတုန်း ရှိသေးသော်လည်း နောက်ထပ် အိမ်ထောင်မပြုတော့။ ထိုကိစ္စနှင့် ပတ်သက်၍ ...

"မင်းကို မိထွေးနှိပ်စက်မှာစိုးလို့ မိန်းမထပ်မယူဘဲ တစ်သက်လုံး ကျွန်မွေးပြုစုခဲ့ရတာကွ"

ဟု အဖေက မကြာခဏ ဂုဏ်ယူပြောသည်။ တကယ်လည်း သည်အတိုင်းမှန်သည်။ ညီကိုကတော့ အလိုက်အထိုက် ပြန်မပြောဘဲ

"အဖေကလည်း မစွံရင် မစွံဘူး ပြောစမ်းပါဗျာ"

ဟု မခံချင်အောင် စသည်။ အဖေ ဒေါသထွက်ပြီး...

"တော်တော် ကျေးဇူးကန်းတဲ့အကောင်၊ ဒီလိုမှန်းသိရင် ငါမိန်းမယူလိုက်ပါတယ်၊ ဒါမှ မင်းမှတ်မယ်"

"အခုလည်း ယူချင်ယူလို့ ရပါတယ် အဖေရာ၊ အင်းလေ အဖေ့လို မနတ်တိုင်းချရင် လူကမနိုးခင် ဒေါသကအရင်နိုးတဲ့ အဘိုးကြီးမျိုးကို ဘယ်မိန်းမကကြိုက်မှာ မဟုတ်ပါဘူး"

အဖေက ဆဲသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး ကြည့်နေ၊ မိန်းမတစ်ယောက် ကောက်ယူပြမယ်၊ အဲဒီအခါကျမှ မင်းကို အိမ်ကတ ကန်ချမယ်"

"အိမ်ကတော့ နှင်မချပါနဲ့ အဖေရာ၊ ကျွန်တော်မိန်းမယူရင် ဘယ်အိမ်သွားနေရမလဲ"

"အောင်မာ မင်းလို ငပေါကို ဘယ်ကောင်မလေးကမှ မကြိုက်ဘူးကွ"

အဖေက ပြန်ကလဲ့စားချေသည်။ အင်း ခုတော့သည်ငပေါလည်း ကောင်မလေး တစ်ယောက်ကို ချစ်နေမိပြီ။ အဖေပြောသလို ငပေါပဲဆိုပြီး နီနီရောင်က ပြန်မချစ်ဘဲ နေမလားဟု စိုးရိမ်မိ၏။ ငါ တည်တည်တံ့တံ့နေမှပဲဟု စိတ်ကူးသော်လည်း...

* * *

"နီရောင်"

ဟု ခေါ်လိုက်သံကြားသဖြင့် နီနီရောင် လန့်သလိုတောင် ဖြစ်သွား၏။ ညီကိုဆိုတဲ့ကောင်က လူအစစ်မှ ဟုတ်ရဲ့လား၊ တစ္ဆေတစ်ကောင်လိုများ ကိုယ်ဖျောက်တတ်တဲ့ သတ္တဝါ ဖြစ်နေလေရော့သလား။ သင်တန်းသို့ လာခဲ့စဉ် လမ်းတစ်လျှောက်လုံး ညီကို့ အရိပ်အရောင်တောင် မတွေ့ခဲ့ရ။ သည်နေ့ သူ့စာကိစ္စ သတင်းမေးဖို့ စောင့်နေမှာပဲဟု တွက်ထားတာလွဲပြီဟု ထင်နေတုန်း သင်တန်းရှိရာသို့ လှေကားမှ တက်မည်အပြု လှမ်းခေါ်သံကြားလိုက်ရခြင်း ဖြစ်၏။

နီနီရောင် လှည့်ကြည့်သည်။ ဆက်တက်သွားမည်ဟု လှေကားထစ်ပေါ် ခြေတစ်ဖက်တင်သည်။ ထိုစဉ်မှာ ညီကိုက မေးသည်။

"ကျွန်တော့်စာ ဖတ်ပြီးပြီလား"

နီနီရောင်က မဖြေဘဲ ပြန်မေးသည်။

"သူက ခါးပိုက်နှိုက်လား"

"ဘာဖြစ်လို့လဲ"

"သူများ လွယ်အိတ်ထဲကို သူများ မသိဘဲ ဘာဖြစ်လို့ အလစ် ထိုးထည့်ပေးလိုက်ရတာလဲ၊ ကချင်စကားပုံတစ်ခုရှိတယ် ကြားဖူးလား၊ လူကိုခင်ရင် လွယ်အိတ်ကို မနှိုက်ပါနဲ့တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာလည်း စဉ်းစားပါဦး နီရောင်ရယ်၊ ခါးပိုက်နှိုက်ဆိုတာ သူများအိတ်ထဲက ပစ္စည်းကို နှိုက်တာပါ၊ ကျွန်တော်က ပစ္စည်းတစ်ခု ထည့်ပေးလိုက်တာပဲ။ ဒါကြောင့် ကျွန်တော့်ကို ခါးပိုက်နှိုက်လို့ ခေါ်လို့ ဘယ်ရမလဲ၊ ခါးပိုက်ထည့်လို့ပဲ ခေါ်ရမှာပေါ့"

"ဘာပဲဖြစ်ဖြစ် ခိုးကြောင်ခိုးဝှက် လုပ်တာတော့ အမှန်ပဲ"

"တချို့ကိစ္စတွေမှာ ခိုးကြောင်ခိုးဝှက်လုပ်မှ တန်ဖိုးရှိတတ်ပါတယ်၊ ထားပါတော့လေ၊ ကျွန်တော့်စာကို ခုနစ်စောင်ကူးပြီး ဝေလိုက်ရဲ့လား"

"ဒါမျိုး ဘယ်တော့မှ လက်ညှောင်းမခံဘူး သိလား"

"အိမ်နားမှာ မိတ္တူကူးတဲ့ဆိုင် မရှိဘူးလား"

"ရှိသားပဲ၊ ဒါပေမယ့် ဥပဒေနဲ့ မလွတ်ကင်းသော စာရွက်စာတမ်းများ ကူးမပေးပါလို့ ဆိုင်းဘုတ်ချိတ်ထားတယ်"

"ဩော် ဟုတ်သားပဲ၊ ကျွန်တော့်စာက နှလုံးသားနှင့် ပတ်သတ်သော လျှို့ဝှက်ချက်များဆိုင်ရာ ဥပဒေနဲ့ ငြိစွန်းနေတာကို"

"တော်ပြီ၊ သွားတော့မယ်"

နီနီရောင်က ပြောသည်။ တကယ်တော့ ညီကိုသည် သူ့ရှေ့က ကာဆီးထားခြင်းမဟုတ်။ သို့တိုင်အောင် နီနီရောင်အနေဖြင့် ညီကို၏ ဆွဲငင်အားကို ခွင့်မတောင်းဘဲ မနေနိုင်သလို ဖြစ်နေ၏။ ညီကိုက...

"ခဏလေးနေပါဦး၊ နီရောင့်ကို သတိပေးစရာ တစ်ခုရှိလို့"

"ဘာလဲ"

"နီရောင် ညနေပြန်တဲ့အခါ ပန်းခြံထောင့်နားရောက်ရင် လူရမ်းကား သုံးယောက်က နှောင့်ယှက်လိမ့်မယ်၊ အဲဒီအခါကျရင် ကျွန်တော်က ဝင်ကယ်မယ်သိလား"

ညီကိုသည် သူ့ ထုံးစံအတိုင်း အူကြောင်ကြောင်တွေ ပြောသွားပြန်ပြီ။ ညနေကျရင် လူသုံးယောက်က နှောင့်ယှက်လိမ့်မယ်ဆိုတာ သူက ဘယ်လိုလုပ်ပြီး ကြိုသိသလဲ။ ပြီးတော့ သူက ဝင်ကယ်ဦးမတဲ့။

တကယ်လည်း သည်အတိုင်း ဖြစ်လာသည်။ ညနေအပြန် ပန်းခြံထောင့်ရောက်တော့ ညီကိုတို့အရွယ် လူငယ်သုံးယောက်က သူ့ရှေ့ကပိတ်ရပ်ပြီး ကာထားသည်။

"ဘယ်သွားမလို့လဲ ငှဲငှဲ"

သူတို့ပုံစံများမှာ လူရမ်းကားများနှင့် လုံးဝမတူ။ ရုပ်ရည်တွေက သန့်သန့်ပြန့်ပြန့်

www.burmeseclassic.com



တွေ လူမိုက်နှင့် တူအောင် ပါးစပ်ကြီးတွေကို တမင်ရွဲ့ထားကြတာ ကြောက်စရာမကောင်းဘဲ ရယ်စရာဖြစ်နေ၏။ ရုပ်ရှင်မင်းသား ရန်အောင်က သူ့ရုပ်ချောချောလေးကို နှုတ်ခမ်းမွေးကြီးတပ်ပြီး လူဆိုးဗိုလ်အဖြစ် သရုပ်ဆောင်သလို ဖြစ်နေသည်။

ထို့ကြောင့် နီနီရောင်က မကြောက်ဘဲ ပြုံးစိစိလုပ်နေသောအခါ သူတို့ဘာလုပ်ရမှန်းမသိ ဖြစ်သွားရ၏။ ထိုစဉ်မှာ ညီကိုရောက်လာသည်။ သူက ဟိုကောင်တွေနှင့် မှုတဲ့နှာချင်းဆိုင်မှာ ဝင်ရပ်လိုက်ပြီး...

"တယ်လည်း သတ္တိကောင်းကြပါလားကွဟ၊ မိန်းကလေးတစ်ယောက်ကို ယောကျ်ားသုံးယောက်က ဝိုင်းနှောင့်ယှက်နေကြတာ"

တစ်ယောက်က...

"ငါတို့ ဘာမှ မနှောင့်ယှက်ရသေးဘူးကွ"

ဟုပြောသည်။ ညီကိုက 'မနှောင့်ယှက်ရသေးရင်လည်း ချကွာ' ဆိုပြီး ကိုယ်ကိုတစ်ပတ်လှည့်ပြီး ခြေထောက်နှင့် လှမ်းကန်လိုက်သည်။ တစ်ဖက်မှကောင်က ညီကို့ခြေထောက်ကို ဖမ်းဆွဲလိုက်ရာ ညီကို အရှိန်လွန်ပြီး ထောက်ထားသည့် ခြေထောက်ပါ လွတ်၍ဘိုင်းခနဲမှောက်လျက်လဲသွားသည်။ သူသည် အလျင်အမြန် ထူးလဲထလိုက်ပြီး...

"မင်းတို့ ဘယ်လိုကောင်တွေလဲ၊ တကယ်မလုပ်ကြေးလို့ ပြောထားတယ်မဟုတ်လား"

"မင်းကကော ဘာလို့ ချက်ချင်းရောက်လာတာလဲ၊ ငါတို့က လက်ကိုဆွဲတော့မှ မင်းဝင်လာရမှာ မဟုတ်လား"

"ဟာ မင်းတို့က တကယ်အသားယူမှာ၊ တော်ပြီကွာ၊ မင်းတို့ကို ဆီချက်ခေါက်ဆွဲ မကျွေးတော့ဘူး"

"ဘယ်ရမလဲ၊ မင်းပဲကတိပေးထားတာ၊ လူဆိုးယောင်ဆောင်ရတာ လွယ်တာမဟုတ်ဘူး၊ ပါးတွေလည်း ညောင်းနေပြီ"

နီနီရောင် မရယ်ဘဲနေနိုင်တော့သဖြင့် ခပ်သုတ်သုတ်ထွက်လာပြီး ခပ်လှမ်းလှမ်းရောက်မှ တခစ်ခစ်ရယ်မိသည်။ နောက်တော့ ရှေ့မှလာနေသော ဗယ်ကြော်သည်ကုလားကြီး ကြည့်နေသဖြင့် မျက်နှာပိုး သတ်လိုက်ရ၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မနစ်မြုပ်နိုင်ဘူးဆိုတဲ့
တိုင်တန်းနစ်သင်္ဘောကြီး
နစ်မြုပ်ခဲ့ဖူးပြီ။

ဘယ်တော့မှ မပြိုနိုင်ဘူးဆိုတဲ့
ဘာလင်တံတိုင်းကြီး
ပြိုကျခဲ့ရပြီ။

ဘယ်တော့မှ မရှုံးနိုင်ဘူးဆိုတဲ့
မိုက်တိုင်စန်တစ်ယောက်
အလဲထိုးခံလိုက်ရပြီ။

လက်တစ်ဆုပ်စာလောက်သာရှိပြီး
အလွန်နူးညံ့ပျော့ပျောင်းတဲ့
နီရောင်ရဲ့ နှလုံးသားကတော့
ခုထိတင်းမာဆဲပါလားကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ညီကိုး၏ နောက်ဆုံးစာပင်ဖြစ်၏။ သူရေးသမျှ စာတွေထဲမှာ သည်စာကိုတော့ အတည်တံ့ဆုံးပဲဟု သတ်မှတ်ရမည်ဖြစ်၏။ သူ့ ကဗျာလေးက မဆိုးလှပါ။ သူ့ စရိုက်ကို ပေါ်လွင်စေသည်ဟု နီနီရောင်ထင်သည်။ ပေါ့ပေါ့ပါးပါး စကားလုံးတွေ သုံးထားသော်လည်း အဓိပ္ပါယ် လေးနက်သည်။ ခုနောက်ပိုင်းတွင် ညီကိုသည် ပျော်စေပျက်စေ စကားမျိုး ပြောနေသော်လည်း မျက်လုံးများက ဆွေးရိပ်သန်းနေတတ်သည်။

နီနီရောင်သည် ညီကိုနှင့် စကားပြောရသည့်အတွက် စိတ်အနှောင့်အယှက် မဖြစ်မိချေ။ ညီကိုနှင့် မဆုံဖြစ်သည့် ရက်များမှာတောင် ရင်ထဲက ဟာသလို ဖြစ်နေမိ၏။ သင်တန်းသို့လာသည့်အခါ တစ်နေရာမှာ ညီကိုနှင့် ဆုံတွေ့ချင်သည့်ဆန္ဒ ဖြစ်ပေါ်နေတတ်သည်။

မနေ့ကတော့ သင်တန်းဆင်းပြီးအပြန်မှာ ညီကိုက သူနှင့်အတူ လျှောက်လိုက်လာသည်။ အအေးသောက်ရအောင်ဟု ဆိုသောအခါ နီနီရောင် မငြင်းဆန်ဘဲ သဘောတူလိုက်သည်။ ညီကိုနှင့်အတူ အအေးဆိုင်ထိုင်သည့်အတွက် မှားသွားမည်ဟု မမြင်မိ။ သိပ်လိုက်လျောရာ ကျသွားသလားဟူ၍လည်း နောင်တမရမိ။ ညီကိုသည် လူတစ်ဖက်သားအပေါ် အထူးသဖြင့် မိမိအပေါ် တင်စီးသောစိတ်ထားမရှိဟု ယုံကြည်စွာ သိနေ၏။

"သစ်ခွပဲ မဟုတ်လား"

ဟု ညီကိုကပြောပြီး သစ်ခွရည်တစ်ခွက် သံဘူးတစ်ခွက်မှာသည်။ မိမိသစ်ခွရည် ကြိုက်တတ်ကြောင်း သူစုံစမ်းထားထာကိုးဟု နီနီရောင် ကျေနပ်စွာ တွေး၏။ ညီကိုကတော့ ဒါကို ဂရုမယူဘဲ ပြောနေသေးသည်။

"ဟဲ ဟဲ ခုလို သစ်ခွပဲ အမြန်မှာလိုက်တော့ တစ်ဆယ်ပဲ ကုန်တော့တာပေါ့လေ၊ ဘာသောက်မလဲ မေးလို့ နီရောင်က ထောပတ်သီးဖျော်ရည်လို့ ပြောလိုက်ရင် နှစ်ဆယ်လောက် ထွက်သွားမှာ"

"တို့က ကိုကာကိုလာ သောက်မယ်လို့ ပြောမယ်စိတ်ကူးထားတာ"

"နိုင်ငံခြားဖြစ်ကို အထင်မကြီးစမ်းပါနဲ့၊ ဈေးကြီးပေးရပြီး ဘယ်လောက်များ ကောင်းလို့လဲ၊ ကိုယ့်ဆီက ဖြစ်တာတွေ ရှိနေလျက်သားနဲ့၊ ဟိုမှာ ရေးထားတာတွေ့လား၊ စပတ်ကလင် ဆယ့်ငါးကျပ်တဲ့၊ နေ့စားအလုပ်သမားတစ်ယောက်တောင် ဝယ်သောက်နိုင်တယ်၊ အဲ ထမင်းမစားဘဲ နေနိုင်မယ်ဆိုရင်ပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



ကြာကြာမထိုင်မိပါစေနဲ့ဟု နီနီရောင် သူ့ကိုယ်သူ သတိပေးနေရသည်။ သစ်ခွရည်ကို မြန်မြန်ကုန်အောင် သောက်သည်။ အရေးထဲမှာ သစ်ခွရည်က အလွန်အေးနေသဖြင့် နားနားပြီး သောက်နေရ၏။ မြန်မြန်ကုန်ချင်သူက နှောင့်နှေးနေတုန်းမှာ ညီကို သူ့ သံဘူးရည်လက်ကျန်ကို တစ်ချက်တည်း ဂွပ်ခနဲ မော့ချလိုက်သည်။ ပြီးတော့ ရှပ်အင်္ကျီအိတ်ထဲက စာတစ်စောင်ကို ထုတ်ယူလိုက်၏။ စားပွဲပေါ်တင်ထားသော နီနီရောင်၏လွယ်အိတ်ကို အသာဟ၍ ထိုးထည့်လိုက်သည်။

"ဒီတစ်ခါ နောက်ဆုံး နှောင့်ယှက်တာပါ"ဟု ပြောသည်

ထို့ကြောင့် သည်နေ့ အဖြေတောင်းတော့မည်မှန်း သိသာနေပြီ။ နီနီရောင်သည် ညီကို့အပေါ် သံယောဇဉ် တွယ်တာမိနေပြီ ဖြစ်၏။ ချစ်ပါတယ်ဆိုသော အဖြေကိုပေးဖို့ အဆင်သင့် ဖြစ်နေပြီ။ မေမေမြပြောသလို မိန်း..လေးဆိုတာ ကိုယ့်ကိုယ်ကိုယ် တတ်နိုင်သမျှ တန်ဖိုးမြှင့်တင် တတ်ရတယ်ဆိုသော စကားအရ အချိန်ဆွဲလိုက်လျှင် ကောင်းမလား၊ အကြောင်းတစ်ခုခုပြပြီး ရက်ချိန်းရွှေ့လိုက်ရ ကောင်းလေမလား။ ညီကိုဆိုသည်ကောင်က ယုံရတာမဟုတ်။ တော်ကြာ ဒါဆိုလည်း ရပါတယ်ဆိုပြီး နောက်ကြောင်းပြန်လှည့်သွားလျှင် အို... မိမိသည် ညီကိုအား လက်လွှတ်မခံနိုင်အောင် ဖြစ်နေပါပေါ့လားဟု တွေးမိပြန်၏။

နီနီရောင်သည် ယတိပြတ် ဆုံးဖြတ်နိုင်ခြင်းမရှိဘဲ အိမ်မှ ထွက်လာခဲ့သည်။ အမြန်ကားပေါ် ရောက်သောအခါ နောက်တစ်ပတ်လောက် ထပ်ချိန်းလိုက်ရင် ကောင်းမယ်ဟု တွေးသည်။ ကားပေါ်က ဆင်းပြီး လမ်းချိုးထဲ ဝင်လာသောအခါ ရှုပ်ပါတယ် မြန်မြန်အဖြေပေးလိုက်တာ အေးတာပဲဟု တွေးမိပြန်၏။ သူ့စိတ်ထဲတွင် ရုပ်ရှင်ဇာတ်ကားကောင်း တစ်ကားကို ကြည့်နေသလို ခံစားရသည်။ ဇာတ်သိမ်းခန်းကိုလည်း မြန်မြန်သိချင်သည်။ ဇာတ်ကားပြီးဆုံးသွားမှာကိုလည်း စိုးရိမ်နေသည်။

လှေကားရင်းရောက်သည်ထိ ညီကို၏ အရိပ်အရောင်ကို မမြင်ရ။ တစ်နေရာရာက ဘွားခနဲ ပေါ်လာလိမ့်မည်ဆိုတာတော့ သိနေ၏။ လှေကားပေါ် တက်လာခဲ့သည်။ တစ်ဆစ်ချိုးအကွေ့နားအရောက်တွင် နီရောင်ဟု လှမ်းခေါ်သံ ကြားရသည်။ ညီကိုသည် အပြေးအလွှား တက်လာနေသည်။ နီနီရောင်က တစ်ဆစ်ချိုးအကွေ့၏ မြင်ညီ ကွက်လပ်မှာ ရပ်နေသည်။ ညီကိုက လှေကားတစ်ထစ်စာ အနိမ့်တွင် ရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စောင့်နေသေးတယ်၊ နောက်တော့ အရမ်းစိတ်လှုပ်ရှားလာလို့ ငြိမ်ငြိမ် မနေနိုင်တော့ဘူး၊ ဒါကြောင့် ပန်းခြံတစ်ပတ်-လမ်းလျှောက်နေတုန်း နီရောင်က ဓိဘာတ်ရောက်လာတာ ထင်တယ်"

ညီကို၏ မျက်နှာသည် ထူးခြားစွာ တည်ကြည်လေးနက်နေ၏။ သည်နေ့ ကျိန်းသေ အဖြေပေးမိတော့မှာပဲဟု နီနီရောင် သူ့ကိုယ်သူ နားလည်လိုက်သည်။

"နီရောင်"

ဟု ဆိုပြီး ညီကိုက စကားစမည်အပြုမှာ နီနီရောင်တို့ သင်တန်းမှာ အတူတက်နေသော မိန်းကလေးတစ်ယောက် လှေကားမှ တက်လာသည်။ တစ်ချက်ပြုံး၍ နှုတ်ဆက်ငြီး နားလည်အလိုက်သိစွာပင် ဆက်တက်သွား၏။ ခုလိုပင် နောက်ထပ် တက်လာမည့် သူတွေ ရှိသေးသဖြင့် ညီကိုက ပြောစရာစကားကို မြန်မြန်ပြောမည်ဟု ဆုံးဖြတ်လိုက် သည်။

"နီရောင် ကျွန်တော့်ကို မချစ်နိုင်ဘူး မဟုတ်လားဟင်"

နီနီရောင် အံ့သြသွားသည်။ အလွန် အဖြေရခက်သည့် မေးခွန်းဖြစ်၏။ ချစ်တယ်မဟုတ်လားဟုမေးလျှင် ဆတ်ခနဲ ခေါင်းညိတ်ပြပြီး အပေါ် ထပ် ပြေးတက်သွားလို့ရသည်။ ခုတော့ ခေါင်းညိတ်ပြလျှင်လည်း မချစ်ဘူးဆိုတာ ဟုတ်တယ်ဟု ဆိုလိုရာ ကျသည်။ ခေါင်းခါပြလျှင်လည်း မေးခွန်းကို ထပ်ဆင့်အတည်ပြုရာကျသည်။ တကယ်တော့ ညီကိုကိုယ်တိုင်ပင်လျှင် သူဘာသာ ဘာပြောလို့ ဘယ်အဓိပ္ပာယ်ရောက်နေမှန်း မသိ။ နီနီရောင်က ကြောင်ငေးငေး ကြည့်နေသောအခါ သူကဆက်၍...

"ကျွန်တော်သိပါတယ်၊ ကျွန်တော့်လို ပေါ့ပေါ့တန်တန်ကောင်မျိုးကို နီရောင် မချစ်နိုင်ဘူးဆိုတာ သိပါတယ်။ ကျွန်တော် ဘာကြောင့် နီရောင့်ကို ချစ်မိမှန်းတော့ မသိဘူး၊ ဘာပဲဖြစ်ဖြစ် နီရောင်နှုတ်ဖျားက မချစ်ဘူးလို့ ပြောမယ့်စကားကို ကျွန်တော် မကြားရဲဘူး၊ အဲဒီစကားကြားရရင် ပြဿနာ တက်ကုန်လိမ့်မယ်၊ ဒါကြောင့် နီရောင် မပြောခင် ကြိုပြီး ပြောရတာပါ၊ နီရောင့်ကို နှောင့်ယှက်မိခဲ့တာ ခွင့်လွှတ်ပါ၊ ကျွန်တော် နောက်ကို ဘယ်တော့မှ မနှောင့်ယှက်တော့ပါဘူး။ ကျွန်တော် နောက်ဆုတ်ဖို့ ဆုံးဖြတ်ပြီးပါပြီ"

နီနီရောင့်ရင်ထဲမှာ လှိုင်းလုံးတွေ အလိပ်လိပ်ထလာသလိုပင်။ ဒေါသတည်းမဟုတ် မိးခိုးမှိုင်းတွေ ဖြစ်ချင်ဖြစ်မည်။ ဘာပဲဖြစ်ဖြစ် အရှက်နှင့် ဒေါသကို ကိုယ်စားပြုသည်

www.burmeseclassic.com

www.burmeseclassic.com



ချည်း။ ဈေးမေးဈေးဆစ်ပြီးမှ မဝယ်ဘဲ ထွက်သွားခြင်းကို ခံရသော ဈေးသည် တစ်ယောက်ပင်လျှင် ဘယ်လောက် ဒေါသဖြစ်ရသလဲ။ ခုတော့ ဈေးမေး၍ ဈေးဆစ်ရုံမဟုတ်။ ချိန်တွယ်ပြီး ထုပ်ပိုးပြီး လက်ကမ်းဖို့ အသင့်ဖြစ်နေသောအခါမှာမှ။ နောက်ပြီး ဒါဟာ ကုန်ပစ္စည်းတစ်ခုလည်း မဟုတ်။ နောက်တစ်ကြိမ် ထပ်ရောင်းချခြင်း၊ သို့တည်းမဟုတ် လွှဲပြောင်းခြင်း မပြုနိုင်သော အရာ။ တကယ်ဆိုလျှင် တန်ဖိုးဖြတ်လို့ မရသော ချိန်တွယ် တိုင်းထွာ၍ မရသော။

နီနီရောင်၏ ရင်ထဲတွင် အသံတိတ် ပေါက်ကွဲမှု တစ်ခု ဖြစ်သွား၏။ ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော အလင်းရောင်ကတော့ မျက်လုံးထဲမှာ ဝင်းခနဲ လက်ခနဲ။

နီနီရောင်သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ညီကို၏ မျက်နှာဆီသို့။ ပါးရိုက်ခြင်း မဟုတ်။ လက်သီးနှင့် ထိုးပစ်လိုက်ခြင်း ဖြစ်၏။ ညီကိုသည် သံတန်း လက်ရန်းကို ကိုင်ထားသောကြောင့်သာ လဲကျမသွားခြင်း ဖြစ်သည်။ သူသည် နာကျင်ဟန်ထက် အံ့ဩဟန်ဖြင့် ကြည့်နေသည်။ ပါးကို ပွတ်သပ်ခြင်းလည်း မပြု။ နီနီရောင် ကိုယ်တိုင်လည်း သူ့ကိုယ်သူ အံ့အားသင့်နေမိ၏။ ညီကိုက…

"ကျွန်တော် တောင်းပန်ပါတယ်။ နီရောင် ဒီလောက်ထိ ဒေါသ ဖြစ်သွားမယ်လို့ မထင်မိဘူး။ ကျွန်တော် ဘာကြောင့် ဒီလို ပြောလိုက်မိမှန်းလည်း မသိဘူး။ ကျွန်တော် ကြောက်နေတယ်။ နီရောင့်အချစ်ကို ပိုင်ဆိုင်ခွင့်မရမှာ ကြောက်နေတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

နီနီရောင် နှုတ်ဆိတ်မနေနိုင်တော့။

"တို့… တို့ကို စိတ်ဆိုးသွားလား၊ သူ တို့ပါးကို ပြန်ရိုက်ပါ"

နီနီရောင်က ပါးကို ရှေ့တိုးပေးသည်။ ညီကိုက…

"မရိုက်ရက်ပါဘူး နီရောင်၊ ကျွန်တော်က ယောကျ်ားပါ။ ယောကျ်ားတစ်ယောက်အနေနဲ့ ဘာမှ မလုပ်ဘဲနဲ့တောင် မိန်းကလေးတစ်ယောက်အပေါ် အနိုင်ရပြီးသားပါ။ ဒါကိုမှ ထပ်ပြီး ပါးရိုက်ရဦးမယ်ဆိုရင် ဘယ်တရားပါ့မလဲ"

"သူ မရိုက်ဘူးဆိုရင် တို့ပါးကို တို့ပြန်ရိုက်ပြီး အပြစ်ပေးပါ့မယ်"

နီနီရောင် ဆုပ်ထားသော လက်ကို ဖြေလိုက်သည်။

"မလုပ်ပါနဲ့ နီရောင်ရယ်" ဆိုပြီး ညီကိုက နီနီရောင့်လက်ကို ဆုပ်ကိုင်ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ နီနီရောင်က ရှန်းဖယ်ခြင်း မပြု။ ညီကိုကပင် လက်ကို လွှတ်ပေးလိုက်ပြီး . .

"ဒီမှာ နီရောင်၊ မါးဆိုတာ ရိုက်ဖို့ထားတာ မဟုတ်ပါဘူးဗျာ"ဟု ပြောပြီး လှေတားမှ ဆင်းသွားသည်။ နီနီရောင်သည် သူ့ကျောကို ငေးကြည့်ရင်း ကျန်ခဲ့သည်။ ခုမှပင် မျက်ရည်ဝဲနေကြောင်း နီနီရောင် သတိထားမိ၏။

ညီကိုသည် လမ်းပေါ် ရောက်တော့ ပါးစပ်ထဲမှ သွေးစများကို ထွေးထုတ်မည် ပြုပြီးမှ မထွေးတော့ဘဲ မျိုချလိုက်၏။ သွေးတို့သည် ချိုမြိန်သည်ဟု တစ်ခါမှ မကြားခဲ့ဖူးချေ။ မိန်းကလေးလက်သီးပေမယ့် တော်တော်ပြင်းသားပဲဟု သူ တွေးသည်။ နာကျင်ခြင်းဆိုတာ အရသာတစ်ခုပဲဟု ခုနေခါမှာပြောလျှင် ညီကို ရူးသွားပြီဟု ဆိုကြ ဖွယ်ရာ ရှိ၏။

သူသည် လမ်းလျှောက်နေရာမှ တန့်ခနဲ ရပ်လိုက်သည်။ မျက်မှောက်ကုတ်၍ တွေးသည်။ ငါ့နောက် အားပါးတရ ပြုံးလိုက်၏။ မှန်သည်။ သူသည် နီနီရောင်၏ အချစ်ကို ရရှိခဲ့ပေပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေးတစ်ယောက်ကများ ညည်းနောက်က လိုက်နှောင့်ယှက်ပြီဆိုရင် ခပ်သွက်သွက်ကလေးသာ လျှောက်လိုက်၊ တော်ရုံတန်ရုံဆိုရင် ဆက်မလိုက်ရဲတော့ဘူး။ အေး... ခပ်သွက်သွက် လျှောက်ဆိုတဲ့နေရာမှာ ဂဏ္ဍြေပျက်လောက်အောင်တော့ မမြန်စေနဲ့ပေါ့အေ"

ဘယ်နှစ်ကြိမ်မြောက်မှန်း မသိတော့သော ဩဝါဒကို မေမေမြက ပို့ချနေသည်။ လူကြီးတွေဟာ သည်လိုပဲလား မသိ။ သို့တည်းမဟုတ် အမျိုးကြီးတွေက သည်လိုပဲလား မသိ။ စကားတစ်ခွန်း၊ အကြောင်းအရာ တစ်ခုကို ထပ်ကာထပ်ကာ ပြောတတ်သည်။ အလျဉ်းသင့်သည့်အခါတိုင်း၊ ကြုံသည့်အခါတိုင်း ပြောသည်။ တစ်ခါတလေကျတော့ ဘာမဆိုင်၊ ညာမဆိုင် ရုတ်တရက် သတိရ၍ ပြောသည်။ သူတို့သည် ပြောပြီးသား စကားကို မေ့မေ့သွားတတ်သလား မသိ။ ပြောထားမှန်း သိသော်လည်း မီးသတိပြုဆိုတာမျိုးလို ထပ်ကာ ထပ်ကာပြောမှ တန်ကာကျသည်ဟု ယူဆတာမျိုးလည်း ဖြစ်ချင်ဖြစ်နိုင်သည်။ သိသိကြီးနှင့် မပြောရ မနေနိုင်သောကြောင့်လည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

မေမေမြသည် ကောင်လေးတစ်ယောက်က လိုက်နှောင့်ယှက်ရင် အစချီသော သင်ခန်းစာကို မကြာခဏ ပို့ချတတ်၏။ အရင်ကတော့ အင်း လိုက်ပြီး ခေါင်းညိတ်

www.burmeseclassic.com



နေထိုက်၏။ ခုကျတော့ မေမေမြ၏ ပို့ချချက်ကို နားထောင်ရင်း ရယ်ချင်လာသည်။ ခုနေခါမှာ ကောင်လေးတစ်ယောက်က လိုက်နှောင့်ယှက်ဆိုသော အဆင့်ထက် အများကြီး ကျော်လွန်လာပြီ ဖြစ်ကြောင်း မေမေမြ မသိ။ ကောင်လေး တစ်ယောက်၏ အချစ်ကို လက်ခံပြီးလျှင် ဘယ်လိုနေထိုင်ရမည်ဆိုသော နည်းနိသျှသာလျှင် နီနီရောင်အတွက် အရေးကြီးနေပြီ။ သို့ရာတွင် ဒါကိုတော့ မေမေမြ သင်ကြားမပေးနိုင်။ မေမေမြမှာ သည်လို အတွေ့အကြုံမျိုး လုံးဝ မရှိ။

"တကယ်လို့ သူက ဆက်လိုက်လာမယ်ဆိုရင် အနီးအနားမှာရှိတဲ့ ဆိုင်တစ်ဆိုင်ထဲ ဝင်ပြီး ပစ္စည်းတွေ လျှောက်ကြည့်နေလိုက်"

မေမေမြက ခရီးသည်များ လိုက်နာရန် စည်းကမ်းဆိုပြီး လမ်းစည်းကမ်းတွေလို တစ်သမတ်တည်း အတိအကျ ရွတ်ပြနေ၏။

"မေမေမြတုန်းကလည်း ဒီလိုပဲ ကျင့်သုံးတာပဲလားဟင်"

ဟု နီနီရောင်က မေးလိုက်သည်။ တမင်သိသိကြီးနှင့် မေးခြင်း ဖြစ်၏။ မေမေမြ၏ ပို့ချချက်များ သူ့ဘာသာ စိတ်ကူးထားသော သီအိုရီများသာ ဖြစ်ကြောင်း နီနီရောင် သိနေ၏။

မေမေမြက...

"အလိုတော်... ကျုပ်တို့တုန်းက ဒီလို ဘယ်ဟုတ်ပါ့မလဲ၊ မေမေမြတို့ ငယ်ငယ်က ညည်းတို့လို လမ်းပေါ်မှာ လပ်လျားလပ်လျား သွားနေတာ မဟုတ်ဘူး။ အရေးတကြီး ကိစ္စကြီးငယ်ရှိမှ အပြင်ထွက်တာ၊ ထွက်ရင်လည်း အိမ်က ကားနဲ့၊ ဘယ်သူကောင့်သားက လာနှောင့်ယှက်နိုင်မှာလဲ"

"ဒါဆို နီရောင့်ကိုလည်း ကားတစ်စီးလောက် ဝယ်ပေးထားပါလား"

"အင်း... အဲဒီကိစ္စ မကြာခဏ စဉ်းစားမိသေးတယ်။ ဘဏ်ငွေစုစာအုပ်ထဲက ငွေတွေ ထုတ်ပြီး ကားလေး တစ်စီးဝယ်ဖို့၊ ဒါပေမယ့် ကားဝယ်ရင် ဒရိုင်ဘာ ငှားရတော့မယ်။ အသက်ကြီးကြီး ငှားပြန်တော့လည်း မကောင်း၊ ငယ်ပြန်တော့လည်း မကောင်း"

အသက်ကြီးတော့ မေမေမြနဲ့ အဖော်ရတာပေါ့ဟု စလိုက်ချင်သော်လည်း မပြောရဲ။ ထို့ကြောင့်...

"နီရောင်ဘာသာ မောင်းမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး မလုပ်ပါနဲ့အေရယ်။ ညည်းကားနဲ့ ထွက်သွားတာနဲ့ ကျုပ် စိတ်ဖြောင့်ဖြောင့် နေနိုင်မှာကို မဟုတ်ဘူး။ နောက်ပြီး မိန်းကလေးတွေ ကားမောင်းတာ တစ်ခု၊ ဆေးလိပ်သောက်တာတစ်ခု ငါလုံးဝ ကြည့်လို့ မရဘူး"

"ဒါဆိုလည်း ဆိုင်ကယ်ဝယ်ပေးပါလား မေမေမြ"

"အလိုလေးလေး၊ ညည်းသာ ဆိုင်ကယ်ဝယ်စီးလို့ကတော့ ကျုပ် မြန်မြန် အသက်ထွက်မှာပဲ"

မေမေမြမှာ အလန့်တကြား မျက်လုံးမျက်ဆန် ပြူးနေ၏။ နီနီရောင် ရယ်လိုက်သည်။

"အလကားပြောတာပါ။ နီရောင်က ဆိုင်ကယ်ဆို သိပ်မုန်းတာ။ ကိုယ်တိုင်စီးဖို့ မပြောနဲ့ နောက်က ထိုင်လိုက်ဖို့တောင် စိတ်မကူးဘူး"

မေမေမြသည် သူ့စကားနှင့်သူမို့ 'ဟုတ်ပါ့တော်၊ ကောင်းပါ့' ဟု ပြောလိုက်ရသည်။ နီနီရောင်က ဒေါက်တာ အောင်ဖေနဲ့တော့ နီးစပ်အောင် လုပ်ဖို့ မကြိုးစားနဲ့နော်ဟု သွယ်ဝိုက်၍ ပြောလိုက်ခြင်းပင် ဖြစ်၏။ မေမေမြကလည်း ဒါကို သဘောပေါက်သည်။ ရုတ်တရက် ပြန်၍ ထိုးစစ်ဆင်သည်။

"ဒါနဲ့ စကားမစပ် သမီးမှာ ရည်းစားသနာများ ရှိနေပြီလား"

အရင်ကဆို သည်လိုမေးလျှင် ဣန္ဒြေမပျက် ပြန်ဖြေနိုင်ခဲ့သည်။ ခုတော့ ကိုယ့်အကြောင်းနှင့် ကိုယ်မို့ တစ်ချက် ငုံ့ခနဲ ဖြစ်သွားသေးသည်။ မေမေမြ မရိပ်မိခင် ပြန်ထိန်းလိုက်နိုင်၍ တော်သေးသည်။

"ပေါက်ပေါက်ရှာရှာ ဘယ်ကလာ ရှိရမှာလဲ၊ ဒါမျိုးတွေ စိတ်ကုန်လွန်းလို့ လုံးဝ စိတ်မကူးဘူး။ နီရောင်က မေမေမြလို အပျိုကြီးပဲ လုပ်မှာ"

"အေးပေါ့အေ၊ ကြည့်ကြသေးတာပေါ့။ ငါ့လိုပဲဖြစ်မလား၊ ညည်းအမေလမ်းစဉ်ပဲ လိုက်မလားဆိုတာ"

ပြောသာ ပြောနေသော်လည်း ခုလောလောဆယ်မှာတော့ နီနီရောင် အပျိုကြီး လုပ်မည်ဆိုတာကို သူ ကျေနပ်သွားပုံ ရ၏။ ထို့နောက်...

"အင်း... အိမ်ထောင်ကျတယ်ဆိုတာ ကိုယ့်ဒုက္ခ ကိုယ်ရှာတာပဲ သမီးရဲ့"

ဟု စကားစသည်။ လူကြီးတွေမှာ ဝါသနာတစ်ခု ရှိသည်။ သူတို့ပြောတာ ဟုတ်ပါတယ်၊ မှန်ပါတယ်ဟု ထောက်ခံနေတာတောင် မကျေနပ်သေး။ ဟုတ်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဟုတ်မှန်ကြောင်း ထပ်ပြီး ရှင်းပြချင်တတ်သေးသည်။ ဆက် နားထောင်နေလျှင် နာရီဝက်လောက် ကြာသွားနိုင်သည်။ ထို့ကြောင့်...

"ဟော ခုမှ သတိရတယ်၊ ဒီနေ့ ဆရာမက စောစောလာရမယ် ပြောထားတယ်၊ ဖောလိုးမီလက်ဆင်ဗီဒီယိုခွေပြမယ်တဲ့"

ဟု စကားဆက်ဖြတ်လိုက်ရသည်။ ဒါတောင်...

"အင်း ဒီသင်တန်းလည်း တက်ချင်လှချည်ရဲ့ဆိုလို့သာ လွှတ်ရတာ၊ ညည်း ထွက်သွားတာနဲ့ စိတ်ပူနေရတာပဲ"

မြန်ရှင်းနေလျှင် စကားကြော ထပ်ရှည်နေမည်စိုးသဖြင့်...

"သမီးကို စိတ်ချစမ်းပါ မေမေမြရယ်၊ နီရောင်က ဘယ်တော့မှ မေမေမြ စိတ်ဆင်းရဲအောင် မလုပ်ဘူး"

ဟု ပြောပြီး ထထွက်ခဲ့ရ၏။ ရေသွက်သွက်ချိုးပြီး အဝတ်အစား မြန်မြန်လဲသည်။ ခါတိုင်း ဝတ်စားပြင်ဆင်နေကျအတိုင်းထက် ပိုကဲမသွားအောင် သတိထားရ၏။ သို့မဟုတ်လျှင် မေမေမြ မသင်္ကာဖြစ်နိုင်သည်။ သည်နေ့ နည်းနည်း စောလာခဲ့ပါဟု ညီကိုက မှာသည်။ သင်တန်းမစခင် အအေးဆိုင်လေး၊ ဘာလေးထိုင်ပြီး စကားပြောရအောင်ဟု ဆိုသည်။

***

www.burmeseclassic.com

www.burmeseclassic.com



"သစ်ခွပဲမဟုတ်ဟေား"

ဟု ညီကိုက မေးသည်။

"တို့ သစ်ခွအမြဲသောက်တာ ဘယ်လိုလုပ်သိလဲ"

မေးချင်နေတာ ကြာပြီဖြစ်သော မေးခွန်းကို ခုမှ မေးရသည်။

"သိတာပေါ့၊ နီရောင် သူငယ်ချင်းတွေနဲ့ အအေးသောက်တဲ့အခါ ကြည့်ထားတာပေါ့"

"ကြည့်ရုံနဲ့ ဘယ်လိုသိလဲ"

"အရောင်ကို ကြည့်တာပေါ့ ဖျော်ရည်ထဲမှာ အစိမ်းရောင်တာ သစ်ခွတစ်မျိုးပဲ ရှိတာကိုး"

"ကရင်ဆိုဒါလည်း' အစိမ်းပဲ"

"ကရင်ဆိုဒါက လူမမာတွေပဲ သောက်လေ့ရှိတာလေ၊ ပြီးတော့ ကရင်ဆိုဒါဆိုရင် ပုလင်းပါ တွေ့ရမှာပေါ့"

"သူကတော့ သံဘူးကြိုက်တယ် မဟုတ်လား"

"ကြိုက်လို့တယ်ရယ်လို့ မဟုတ်ပါဘူး"

"ဟိုတစ်ခါ ထိုင်တုန်းက သံဘူးသောက်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းကတော့ စိတ်လှုပ်ရှားနေလို့ ဘာမှာသောက်မိမှန်းတောင် မသိလိုက်ဘူး"

ဟု ပြောပြီး...

"သစ်ခွတစ်ခွက်၊ ရေခဲရည်တစ်ခွက်"

မှာလိုက်သည်။ နီနီရောင်က

"ဟင် ဘာမှမသောက်ဘူးလား"

"ရေခဲရေပဲ သောက်မယ်"

"ဘာလို့လဲ၊ ဩော် သူက ကော်ဖီတို့၊ လက်ဖက်ရည်တို့မှ ကြိုက်တာထင်တယ်"

"ဘာရယ်မဟုတ်ပါဘူး။ အပူဖြစ်ဖြစ်၊ အအေးဖြစ်ဖြစ် ကြုံသလိုသောက်တာပါပဲ"

"ဒါဆို တစ်ခုခုသောက်ပါလား"

"သောက်တော့သောက်ချင်တယ်၊ ပိုက်ဆံ သိပ်မပါလို့"

"အို ဒါများ"

ညီကို နောက်နေတာလား ထင်မိသေးသည်။ သူ့ပုံစံက နောက်နေသလို မဟုတ်။ ထို့ကြောင့် နီနီရောင်က...

"တို့မှာ ပိုက်ဆံပါပါတယ်၊ သောက်ချင်တာသောက်လေ၊ တို့ပေးမှာပေါ့"

ညီကိုက ဟန်ဆောင်မနေဘဲ၊ သစ်ခွတစ်ခွက် ထပ်မှာပြီ။

"နောက်တစ်ခါကို ဝယ်တိုက်ပါ့မယ်၊ ဒီနေ့မနက် ဖေဖေ့ဆီက ပိုက်ဆံတောင်းလို့ဟာ အဘိုးကြီး ဒေါပွနေတာနဲ့ မတောင်းရဲတော့ဘူး။ သူငယ်ချင်းတွေဆီ ချေးဖို့ ကလည်း နီရောင်နဲ့ ချိန်းထားတာ မမီမှာစိုးလို့ အမြန်ထွက်လာတာနဲ့"

"သူ့အဖေက သူ့ကို ဒေါကန်နေတာလား"

"အစစ်ပေါ့၊ ဒီမနက် ကိုဖျော်တဲ့ ကော်ဖီက ခါးသွားလို့တဲ့"

"သူက ကော်ဖီတောင် မဖျော်တတ်ဘူးလား"

"ဖျော်တတ်ပါတယ်၊ ခါတိုင်းလည်း ဖျော်နေကျပဲ၊ ဒီမနက်တော့ နီရောင်နဲ့ တွေ့ရင် ဘာပြောရမလဲ၊ စဉ်းစားရင်း အတွေးလွန်သွားတာနဲ့ ကော်ဖီမှုန့် ဘယ်နှစ်ဇွန်း ထည့်လိုက်မိမှန်း မသိဘူး"

နီနီရောင်က ရယ်သည်။ သစ်ခွရည်တစ်ငုံ၊ နှစ်ငုံသောက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"သူတို့အမေက မဖျော်ဘူးလား"

"ကို့မှာ အမေမှ မရှိတော့ဘဲ"

"အို ဆောရီးနော်"

"ကိစ္စမရှိပါဘူး။ ကို့အမေက ကို ငယ်ငယ်လေးကတည်းက ဆုံးသွားတာ၊ ဖေဖေက နောက်အိမ်ထောင်မပြုဘဲ၊ ကို့ကို ကျွေးမွေးစောင့်ရှောက်လာခဲ့တာ ခုထိပဲ၊ ခု ကိုတို့အိမ်မှာ သားအဖနှစ်ယောက်ပဲ ရှိတယ်"

"စားရေး၊ သောက်ရေးကျတော့ကော"

ညီကိုက သစ်ခွရည်ကို တစ်ကျိုက်တည်း မော့ချနေသည်။ တစ်ဝက်လောက်ကျမှ ရုတ်တရက် ရပ်လိုက်ပြီး ဖန်ခွက်ပြန်ချသည်။

"ကြုံသလိုပဲ၊ တစ်ခါတလေ ထမင်းချိုင့် မှာစားတယ်။ ငြီးငွေ့လာတဲ့အခါကျတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် အပြင်မှာ ကြိုက်တာ ဝယ်စားလိုက်ကြတာပဲ"

"ထမင်းဟင်းချက်တဲ့လူ တစ်ယောက် ငှားထားပါလား"

"စိတ်ချရတဲ့လူက ရှာဖို့မလွယ်ဘူး"

"စားရသောက်ရတာ ကသီလင်တနိုင်မှာပေါ့"

"ဒါကြောင့် ကိုက အိမ်ရှင်မတစ်ယောက် အမြန်ရှာနေတာ"

နီနီရောင်က ရှက်ပြုံးပြုံးပြီး မျက်စောင်းတစ်ချက်ထိုးသည်။

"ကဲပါ ကော်ဖီဖျော်တာ ပြောပါဦး"

"မနက်အိပ်ရာက အရင်နိုးတဲ့လူက ကော်ဖီဖျော်ရတယ်၊ ဟဲ ဟဲ ဒါပေမဲ့ အစွဲ တမ်းလိုလို ဖေဖေက အရင်နိုးတာချည်းပါပဲ၊ ဒီနေ့ မနက်ကျမှ ကိုက အစောကြီးနိုးပြီး စိတ်ကလည်း နီရောင့်ဆီ ရောက်နေတော့ ကော်ဖီက ခါးသွားရော ဒါနဲ့ အဘိုးကြီး ဒေါကန်တော့တာပေါ့၊ သူ့ကို နှလုံးရောဂါဖြစ်ပြီး မြန်မြန်သေအောင် လုပ်တာလား ဘာလားပေါ့လေ"

"သူ့အဖေက ဒေါသကြီးတတ်လားဟင်"

"လူဖြောင့်စိတ်တိုလို့ပဲ ပြောရမှာပဲ၊ တစ်ခုရှိတာက တခြားလူတွေနဲ့ဆိုရင်တော့ သိပ်စိတ်မတိုပါဘူး။ ကိုနဲ့ကျမှ"

"ဟင် ဘယ်လို"

"ဟုတ်တယ်၊ ကို့ကိုဆိုရင် ဖေဖေက အမြဲလိုလို အပြစ်ရှာပြီး ဆူပူဖို့ စဉ်းစားနေ

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲ"

"တယ် ဒီသားအဖနှစ်ယောက်တည်းရှိတာ"

"အင်းလေ၊ သားအဖနှစ်ယောက်တည်းမို့လို့ ဒီလိုဖြစ်နေတာပေါ့၊ ဖေဖေက ကို့ကို သိပ်ချစ်တယ်၊ နောက်ထပ်အိမ်ထောင်မပြုဘဲနေတာပဲ ကြည့်တော့၊ ဖေဖေဟာ ကို့ကို သိပ်ကောင်းစေချင်တာ၊ ဒီတော့ ကို့အပေါ်မှာ အမြဲအားမလိုအားမရ စိတ်တိုင်းမကျ ဖြစ်နေတယ်၊ ကိုကလည်း နီရောင်သိတဲ့အတိုင်း ခပ်ပေါပေါကောင် မဟုတ်လား၊ ဒါနဲ့ပဲ တပူပူတဆူဆူ ဖြစ်နေတာပေါ့၊ ပျော်စရာတော့ အကောင်းသားပဲ"

သူ့အဖေဆူတာကို နာရကောင်းမသိဘဲ ပျော်စရာဟု သဘောထားနေတာ ဖြစ်နိုင်သည်ဟု နီနီရောင် တွေးသည်။ ညီကိုသည် စိတ်မှဆိုးတတ်ရဲ့လား မသိ။

"ဖေဖေက ကို့ကို ခဏခဏ ပြောတာ ရှိတယ်။ မင်းလိုကောင်မျိုးကို ဘယ် ကောင်မလေးမှ ကြိုက်မှာမဟုတ်ဘူးတဲ့၊ ကို့ကို ကြိုက်တဲ့လူရှိတယ်ဆိုတာ တစ်နေ့ကျ မှ ဖေဖေ့ကို ကြွားရဦးမယ်။ နီရောင့်ကိုသာ မြင်ရင် ဖေဖေ အရမ်းအံ့ဩသွားမှာပဲ"

"ခုတော့ မပြောပါနဲ့ဦးနော်၊ ရှက်စရာကြီး"

"မပြောသေးပါဘူး၊ ခုလောလောဆယ်လည်း ပြောလို့မဖြစ်သေးဘူး။ တော်ကြာ အလုပ်လုပ်ဖို့တော့ စိတ်မကူးသေးဘူး မိန်းမလိုချင်ရမလားဆိုပြီး ပွမ်မှာစိုးရတယ်"

ညီကိုသည် တစ်ဝက်ကျန်နေသော အအေးဖန်ခွက်ကို ယူ၍ တစ်ကျိုက်တည်းနဲ့ အပြတ်ရှင်းလိုက်သည်။ ပြီးမှ . . .

"နီရောင် ထမင်းဟင်းချက်တတ်လား"

"ချက်တတ်တယ်ဆိုရုံလောက်ပဲ၊ အလေ့အကျင့်တော့ သိပ်မရှိဘူး"

"အိမ်မှာ မီးဖိုထဲ ဝင်မကူရဘူးလား"

"ဟင်းအင်း၊ မေမေမြက ကူတာမကြိုက်ဘူး၊ ဒါပေမဲ့ တို့ကတော့ အတင်းဝင် ကူတာပဲ၊ တစ်ခါတလေ မေမေမြ အလစ်ကျရင် ကိုယ့်ဘာသာ ဝင်ချက်ကြည့်တယ်"

"ကိုယ့်အမေကို မေမေမြလို့ နာမည်တပ်နေတာ နီရောင်တစ်ယောက်ပဲ တွေ့ဖူး သေးတယ်"

"မေမေမြက အမေမဟုတ်ဘူး။ ကြီးတော်လေ၊ အမေက မရှိတော့ဘူး"

"အဖေကော"

"အဖေလည်း မရှိတော့ဘူး။ ဒါကြောင့် မေမေမြကပဲ တို့ကို ပြုစုစောင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com



ာခဲ့ရတာ"

"အဲဒီ မေမေမြကကော ဟိုဒင်းယောက်ျားမရှိဘူးလား"

"မရှိဘူး၊ အပျိုကြီးလေ"

"ဒါဆိုရင်တော့ နင့်သံယောဇဉ်ကြောင့် ငါ အိမ်ထောင်မပြုဘဲ တစ်သက်လုံး နေလာခဲ့တာဆိုပြီး ခဏခဏ ဂုဏ်ယူပြောမှာပဲနော်၊ ဖေဖေ့လိုပေါ့"

"ဒီလိုတော့ မပြောပါဘူး။ တစ်သက်လုံး ကျွေးမွေးပြုစုလာရတာဆိုတာတော့ ပြောတာပေါ့၊ အိမ်ထောင်မပြုတာကတော့ သူကိုယ်တိုင်က မပြုချင်လို့ မပြုတာပါ"

"အင်း ဒါဆို အတော်ပဲ"

"ဘာလဲ"

"ကို့ဖေဖေကလည်း မိန်းမမရှိဘူး။ နီရောင့် မေမေမြကလည်း အပျိုကြီး သူတို့ နှစ်ယောက်ကို ပြေလည်အောင် အောင်သွယ်ပေးနိုင်ရင် ကိုတို့ကိစ္စပါ ပြေလည်သွား နိုင်တယ်"

"ပေါက်ကရတွေ ပြောတော့မယ်၊ မေမေမြက သူ့ကို အိမ်ထောင်ပြုဖို့ တိုက်တွန်းဖို့ မပြောနဲ့ တို့နဲ့သူနဲ့ ကိစ္စသိသွားရင်တောင် ဘယ်လိုသဘောထားမယ် မသိသေးဘူး"

"ဘာလဲ၊ မေမေမြက နီရောင့်ကို သူ့လိုပဲ အပျိုကြီးလုပ်စေချင်လို့လား"

"ဒီလိုတော့ မဟုတ်ဘူး၊ အပျိုကြီးတွေ စိတ်သဘောက ခန့်မှန်းရခက်တယ်။ ခုတစ်မျိုး၊ တော်ကြာတစ်မျိုးဖြစ်တတ်တာ၊ သူ့ဟို့ ကျေနပ်တဲ့လူကျတော့ ဘာကြီးဖြစ်နေနေ သဘောကျချင်၊ ကျနေတတ်တာ မဟုတ်လား၊ အပျိုကြီးတွေက ပေါင်းရသင်းရခက်တယ်။ ဒါပေမဲ့ သူတို့အကြိုက် လိုက်ပြောပြီး ပေါင်းတတ်ရင်တော့ လွယ်ပါတယ်"

"အင်း ကိုက ပေါင်းတတ်၊ သင်းတတ်လိမ့်မယ်ထင်ပါတယ်။ ကြည့်လေ နီရောင့်လို ဂျစ်ပေပေ ကောင်မလေးကိုတောင် ရအောင် ပေါင်းတတ်သေးတာပဲ"

နီနီရောင်က ပြုံး၍ "ဖြစ်နိုင်ပါတယ်" ဟု ပြောသည်။

ညီကိုက မေမေမြဆိုတာ ဘယ်လိုပုံမျိုးဖြစ်လိမ့်မလဲ စိတ်ကူးကြည့်နေ၏။ အပျိုကြီးဆိုတော့ အရွယ်တင်မည်၊ သပ်ရပ်သန့်ရှင်းစွာ နေတတ်မည်၊ ခန့်ခန့်ချောချောကြီး ဖြစ်နိုင်သည်ဟု တွေး၏။

နီနီရောင်ကလည်း ညီကို့အဖေ၏ ပုံသဏ္ဌာန်ကို စိတ်ထဲက ပုံဖော်ကြည့်သည်

www.burmeseclassic.com

www.burmeseclassic.com



ညီကို၏ ရုပ်ကို အသက်ကြီးကြည့်လိုက်သည်။ ပိပိပြင်ပြင် ပေါ်မလာ။ ညီကိုနှင့်တူသော အဘိုးကြီးတစ်ယောက်ဆိုလျှင် လူဖြောင့်စိတ်တိုပုံမျိုး မဖြစ်ဘဲ၊ ပြောင်ချော်ချော် လူကြီးတစ်ယောက်လို ဖြစ်နေ၏။ နောက်တော့ ရုပ်ရှင်ထဲက ဦးဇော်လွင်လို နေမှာပဲဟု ယာယီသတ်မှတ်ထားလိုက်ရသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ကြံတောသုသာန်ရှိ အသစ်ဆောက်လုပ်ထားသော အအေးတိုက်သည် ခေတ်မီပုံစံ အဆောက်အဦတစ်ခုဖြစ်၏။ အတော် သက်သပ်ရပ်ရပ် သားသားနားနား ရှိသားပဲဟု ညီကို တွေးမိသည်။

အံ့ရင်ဆေးရုံကြီးရှိ ရေခဲတိုက်ဟောင်းကတော့ တော်တော်စိတ်ပျက်ဖို့ ကောင်းသည်။ အဆောက်အဦက ဟောင်းနွမ်းပြီး သန့်သန့်ရှင်းရှင်းလည်း မရှိလှ။

ခု ကြံတောအအေးတိုက်ကတော့ အသုဘရှုခန်းမလည်း ရှိသည်။ ကျယ်ကျယ်ပြန့်ပြန့်ရှိ၍ ဘေးနှစ်ဘက်ကို ဟင်းလင်းဖွင့်ထားသဖြင့် အလင်းရောင် ကောင်းစွာရပြီး လေဝင်လေထွက်လည်း ကောင်းသည်။ ရှေ့ပိုင်းမှာ အလောင်းကို သားသားနားနား ပြင်ဆင်နိုင်သည်။ ပန်းခွေတင်ဖို့ချိတ်ဖို့ စင်တွေရှိသဖြင့် ခမ်းခမ်းနားနားရှိသေည်။ သေဆုံးပြီးသူအဖို့တော့ ဘယ်လိုပဲဖြစ်ဖြစ် မထူးခြားသော်လည်း နေသေရသေးသူ အတွက်မူ တစ်နေ့ ကိုယ်သေသောအခါ သည်လို ဣန္ဒြေရရလေး ဖြစ်နိုင်မည်ကို ကြိုသိရသောကြောင့် အတော်အတန် စိတ်အေးရဖွယ်ရှိသည်ဟု စဉ်းစားနေမိ၏။

သေဆုံးသူမှာ ဦးလှကို၏ မိတ်ဆွေဖြစ်၏။ ထိုသူ၏ သားမှာလည်း ညီတို့နှင့် ကျောင်းနေဖက်ဖြစ်၍ သားအဖနှစ်ယောက်စလုံး အသုဘလာပို့ကြခြင်းပင်။ သေဆုံးသူသည် အရာရှိကြီးတစ်ဦး ဖြစ်သဖြင့် ပို့ဆောင်သူ အတော်များသည်။ သားသမီး

www.burmeseclassic.com



တွေလည်း များ၍ အလောင်းဘေးမှာ ဝိုင်းပြီး အော်ဟစ်ငိုကြွေးမြည်တမ်းကြသည့် အသံများလည်း ဆူညံနေ၏။

"တော်တော်စည်တာပဲကွ"

ဟု ဦးလှကိုက ပြောသည်။ သူတို့သားအဖနှစ်ယောက်သည် အသုဘရှင်များကို နှုတ်ဆက်ပြီး နောက်နားခပ်ကျကျ ကုလားထိုင်များမှာ ထိုင်နေကြခြင်းဖြစ်၏။ ရှေ့ ဝိုင်းမှာ မြင်ဆင်ထားသော အလောင်းဘေးမှာ ဝိုင်းအုံနေကြသည့် လူပရိသတ်ကို ကြည့်ပြီး ဦးလှကိုက ပြောခြင်းဖြစ်၏။ ညီကိုသည် ခေါင်းဆတ်ပြပြီး ခဏတွေနေရာမှ...

"ကျွန်တော် စိတ်မကောင်းပါဘူး ဖေဖေ"

ဟု ပြောလိုက်သည်။

"ဘာကို စိတ်မကောင်းတာလဲကွ"

"ဪ အဲဖေဆုံးတဲ့အခါကျရင်ကော ဒီလိုစည်ကားပါ့မလားလို့ တွေးမိလို့"

"ဘာကွ"

ဦးလှကိုသည် ခေါက်ကုလားထိုင်တွင် ကျောမှီထိုင်နေရာမှ ငေါက်ခနဲ ဖြစ်သွားသည်။ ညီကိုကို မျက်လုံးပြူးကြည့်သည်။ ညီကိုကတော့ ခပ်အေးအေးပင်။

"ဟုတ်တယ်လေ၊ အခု ဒီအသုဘစည်တယ်ဆိုတာက သားသမီးတွေ များလို့ အဖေရဲ့ အထူးသဖြင့် သမီးတွေပါလို့ပေါ့၊ မိန်းကလေးဆိုတော့ အော်ကြီးဟစ်ကျယ် ငိုကြတယ်လေ၊ ဖေဖေ့အလှည့်ကျတော့ ငိုမယ့်လူ ရှိမှာမဟုတ်ဘူး။ မိန်းမလည်း မရှိ၊ သားကလည်းတစ်ယောက်တည်း၊ ယောကျ်ားလေးဆိုတော့ အော်ငိုဖို့ကလည်း မသင့် တော်ဘူးဆိုတော့ ခြောက်ကပ်ကပ်ကြီး နေမှာပဲနော်"

"ငါ့လခွီး၊ တွေးစရာရှားလို့ကွာ"

ဦးလှကိုက ခပ်ဆတ်ဆတ် ပြောသည်။

"ဒါပေမဲ့ မပူပါနဲ့ ဖေဖေ၊ ကျွန်တော်က အဲဒီအချိန်လောက်ဆို မိန်းမ ယူ လောက်ပြီး ဖေဖေ့ချွေးမက အော်ငိုပါလိမ့်မယ်"

"မင်းပြောသလိုဆို ငါ့မသာစည်ကားအောင် ငါလည်း မိန်းမတစ်ယောက် ယူ မလိုဖြစ်နေပြီ"

"ဖေဖေ့မိန်းမက ငိုတော့ငိုပါလိမ့်မယ်၊ မျက်ရည်တော့ ထွက်မှာမဟုတ်ဘူး

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ ဖေဖေမရှိရင် သူ ဖေဖေ့ပစ္စည်းတွေ ရတော့မှာပဲဆိုပြီး ထိုး
ဝမ်းသာနေမှာကိုး"

"တော်စမ်းပါကွာ၊ ပေါက်ကရတွေ"

ရှေ့ပိုင်းဆီမှ ပွက်ခနဲ တစ်ချက် ဆူသွားပြန်သည်။ အလောင်းကို ခေါင်းသွင်
နေကြခြင်းဖြစ်၏။ နောက်ဆုံး ကန်တော့ကြပြီးနောက် လှည်းပေါ်တင်၍ တွန်းပ
သွားကြသည်။ သူတို့သားအဖလည်း လူအုပ်နှင့်အတူ သင်္ဂြိုဟ်စက်ရှိရာသို့ လိုက်သွာ
၏။ ခေါင်းကို စက်ထဲသို့ ယူသွားသောအခါ ပွက်ပွက်ညံသွားပြန်၏။

"ကျွန်တော်တော့ မီးသင်္ဂြိုဟ်တာ မကြိုက်ဘူး။ သေတဲ့လူက ဘာမှမသိတော
ပေမယ့် မီးရှို့တယ်ဆိုတာကြီးကိုက အော်ဂလီဆန်စရာ၊ ကြက်သီးထစရာ ကော
လွန်းတယ်၊ ဂူသွင်းတာပဲ ကောင်းမယ် ထင်ပါတယ်နော် ဖေဖေ"

"ဟာ ဟော့ကောင် တော်ကွ . တော်ကွာ"

အဖေက ဟောက်လိုက်၏ အိမ်မှာလို သားအဖနှစ်ယောက်တည်းရှိခိုက်ဆို
လျှင် ဆူလိုက်၊ ပူလိုက်မယ့် ဖြစ်ခြင်း၊ ခုတော့ လူကြားထဲမှာမို့ အဖေ အောင့်အည
နေရသည်။ ဘတ်စ်ကားပေါ် ပြန်တက်ပြီး လူစုံအောင် စောင့်နေကြတုန်း ညီကိုအ
အဖေ့ကို အကဲခတ်ကြည့်၏။ ဦးလှကိုသည် အုတ်ဂူများကို ငေးကြည့်ရင်း မျက်နှ
ခပ်ပျက်ပျက် ဖြစ်နေ၏။ သူ အစလွန်သွားကြောင်း သိသဖြင့် ညီကိုက...

"အလကားပါ ဖေဖေရာ၊ ဖေဖေ နောက်ထပ် အနှစ်သုံးဆယ်လောက်နဲ့တော
ဘာမှ မဖြစ်နိုင်သေးပါဘူး"

ဆိုမှ ဦးလှကို စိတ်သက်သာရာ ရသွားပြီး။

"အေးပေါ့လကွာ၊ အဲဒီလောက်ဆိုရင်တော့ ငါလည်း မြေးတွေ၊ ဘာတွေချီ
စည်စည်ကားကား ဖြစ်နိုင်တာပေါ့"

ထိုအချိန်ကျလျှင်တော့ သည်သင်္ချိုင်းရှိချင်မှရှိတော့မည်။ နိုင်ငံခြားမှာလို မြေ
ရာ ရှားပါးမှုကြောင့် သင်္ချိုင်းကို ဆယ်ထပ်၊ ဆယ့်ငါးထပ် ဆောက်ချင်ဆောက်ပါ
မည်။ ခါတ်လှေကားတွေ၊ ဘာတွေနဲ့ပေါ့လေဟု ညီကို တွေးသည်။ အဖေ့ကိုတော
ထပ်ပြီး စိတ်အနှောင့်အယှက် မပေးလိုတော့သဖြင့် ဘာမှ မပြောပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ အောင်ဖေသည် အန်ဖတ်တွေကို ကြည့်ပြီး၊ မသိမသာ နှာခေါင်းရှုံ့မိသော်လည်း အပြုံးမပျက်ဘဲ ပြောသည်။

"အစောမကြေလို့ပါ အန်တီ၊ ဆေးတစ်လုံးလောက် ထိုးလိုက်ရင် ကောင်းသွားမှာပါ"

"စိုးရိမ်စရာတော့ မရှိပါဘူးနော်"

မေမေမြက မေးသဖြင့်...

"မရှိပါဘူး"

ဟု ဖြေပြီး ဆေးထိုးဖို့ စီစဉ်နေသည်။ တကယ်တော့ ကြောင်အန်တယ်ဆိုတာ ဘာမှ ထူးဆန်းသောကိစ္စမဟုတ်၊ ကြောင်တို့၊ ခွေးတို့ မိမိနှင့် မတည့်သော အစာကို စားမိလျှင် ပြန်အန်ထုတ်သည့်နည်းနှင့် သဘာဝအလျောက် သူ့ဘာသာကို အန်တတ်ကြ၏။ အိမ်မှာ ဂရုတစိုက်မွေးပြီး ကောင်းကောင်းကျွေးထားသည့်ကြောင်တွေမှာပို၍ဖြစ်တတ်၏။ ထိုကြောင်မျိုးသည် ချက်ပြီးပြုတ်ပြီး အစားအစာတွေသာ စားနေရသဖြင့် အသားစိမ်းစားသည့် အလေ့အကျင့် နည်းသွားသည်။ တစ်ခါတစ်ရံမှ ကြွက်၊ စာကလေး စသည်တို့ စားမိသောအခါ အဆင်မသင့်လျှင် ပြန်အန်ထုတ်ပစ်တတ်၏။ သို့ဖြစ်၍ အရေးမကြီးပါဘူး။ သူ့ဘာသာ ပျောက်သွားမှာပါဟု ပြောပြန်လျှင်လည်း

www.burmeseclassic.com

www.burmeseclassic.com



မေမေမြကျေနပ်မှာ မဟုတ်။ သည်တော့ ဆေးတစ်လုံးထိုးပြီး ငွေတစ်ရာလောက်ယူလိုက်လျှင် သူ့ကြောင်ကို ဂရုစိုက်တယ်ဆိုပြီး ကျေးဇူးတောင်တင်ဦးမည်။

ဒေါက်တာအောင်ဖေက ကျွမ်းကျင်စွာ ဆေးထိုးလိုက်သည်။ ကြောင်မှာ တစ်ချက်တွန့်ပြီး အော်ရုံသာ အော်နိုင်သည်။ မေမေမြက ချုပ်ကိုင်ပေးထားသဖြင့် ထွက်ပြေးလို့မရ။ ဒေါက်တာအောင်ဖေက လျင်မြန်လွန်းသောကြောင့်လည်း အလစ်မှာ ဆေးထိုးခံလိုက်ရခြင်းဖြစ်၏။ မေမေမြက ဆေးထိုးသည့်နေရာကို ဖိခြေပေးရင်း...

"ခုတော့ နာရပြီ မဟုတ်လားဟင် ပေတလူး၊ ဒီကောင်က သိပ်ဆိုးတယ် ဒေါက်တာရဲ့၊ ဘယ်လောက်ကောင်းကောင်း ကျွေးထားထား မရဘူး၊ အိမ်မှာက ကြွက်လည်းမရှိတော့ အိမ်မြှောင်တွေ ခုတ်စားတယ်၊ စာကလေးတွေ ထွက်ချောင်းတယ်၊ ဖြစ်လိုက်ရင် သူချည်းပဲ"

"ဒါပေါ့ အန်တီရယ်၊ သူ့ဗီဇကိုတော့ ဘယ်ဖျောက်လို့ရပါ့မလဲ"

"ဟဲ့ မပြာသိန်း၊ ရေနွေးအိတ်ယူခဲ့လေ"

"လာပြီ မေမေမြ"

ဆိုသော အသံနှင့်အတူ အိမ် ဖက် မပြာသိန်းက ရေနွေးအိတ်ကိုင်လျက် ပြေးထွက်လာသည်။ မေမေမြနှင့် မပြာသိန်းတို့ ကြောင်ကို ရေနွေးအိတ်ကပ်ပေးရင်း အလုပ်ရှုပ်နေတုန်း ဒေါက်တာအောင်ဖေ ဧည့်ခန်းမှာ သွားထိုင်သည်။ အသင့်ချပေးထားသော ကော်ဖီနှင့် မုန့် စားသောက်သည်။ နီနီရောင် ထွက်လာတာ မြင်သဖြင့် မေမေမြက...

"ဟဲ့ ဒေါက်တာ့ကို စကားလေး၊ ဘာလေး ပြောပြီး ဧည့်ခံထားနှင့်စမ်း"

ဟု ခိုင်းသဖြင့် နီနီရောင် ဧည့်ခန်းမှာ ဝင်ထိုင်ရသည်။ စကားစ ရှာမရသဖြင့်...

"မုန့်စားပါဦး"

ဟု ပြောသည်။ ဒေါက်တာအောင်ဖေက...

"ဟာ တော်ပါပြီ၊ ဒီနေ့ သုံးအိမ်လောက် လှည့်ဝင်လိုက်တာ ကော်ဖီနှစ်ခွက်အိုဗာတင်းက တစ်ခွက် မုန့်တွေပါဆိုတော့ ဗိုက်က တော်တော်တင်းသွားပြီ"

ကြောင်တစ်ကောင်က နီနီရောင့်ပေါင်ပေါ် တက်လာသည်။ နီနီရောင်က အသာပွေ့ပြီး ကြမ်းပေါ် ပြန်ချလိုက်သည်။ ဒါကိုကြည့်ပြီး ဒေါက်တာအောင်ဖေက...

"နီနီရောင်က တိရစ္ဆာန်တွေကို မချစ်တတ်ဘူး ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အလို သူ့ရည်းစားစကား စပုံက တစ်မျိုးကြီးပါလားဟု နီနီရောင် တွေးလိုက်၏။ နှုတ်ကတော့...

"မချစ်ဘူးရယ်တော့ မဟုတ်ပါဘူး။ တိရစ္ဆာန်တွေဟာ သနားစရာကောင်းတယ်လို့တော့ ထင်တယ်၊ ဒါပေမဲ့ ပလူးပလဲလုပ်ရလောက်အောင်တော့ ဂရုမစိုက်တတ်ဘူး"

"ကျွန်တော်ကတော့ တိရစ္ဆာန်တွေကို ချစ်တတ်တယ်၊ ငယ်ငယ်ကတည်းကပဲ အိမ်မှာ ခွေးတွေ၊ ကြောင်တွေနဲ့ပဲ ဆော့တယ်၊ ကြက်တူရွေးတို့၊ ရွှေငါးတို့လည်း မွေးတယ်။ ကျွန်တော် ဆယ်တန်းအောင်တော့ ရတဲ့အမှတ်က စက်မှုတက္ကသိုလ်တက်လို့ရတယ်၊ ဒါပေမဲ့ တမင်ပဲ ကိုယ်ဝါသနာပါတဲ့ဖက် ယူလိုက်တာ"

"ဒါနဲ့ ဆရာနယ်တွေဆင်းပြီးကုဖို့ စိတ်ကူးမရှိဘူးလား"

"ဒီမှာ အဆင်ပြေနေပြီပဲဟာ၊ နယ်သွားစရာလိုသေးလို့လား"

"ကျွန်မ အမြင်ကတော့ ဒီပညာဟာ တိုင်းပြည်အတွက် စိုက်ပျိုးရေးမှာ အသုံးကျတဲ့ ကျွဲတွေ၊ နွားတွေ၊ မွေးမြူရေးသတ္တဝါတွေဖြစ်တဲ့ ကြက်တွေ၊ ဘဲတွေကို ကုသဖို့က အရေးကြီးတယ် ထင်တာပဲ"

"ဒီလို တစ်ဖက်သတ်တွက်လို့တော့ ဘယ်ဖြစ်ပါ့မလဲ နီနီရောင်ရယ်၊ အိမ်မွေးတိရစ္ဆာန်တွေဟာလည်း သူ့နေရာနဲ့သူ အသုံးဝင်တာပါပဲ၊ ခွေးတွေဆို အိမ်ရဲ့ လုံခြုံရေးတာဝန်ယူကြတယ်။ ကြောင်တွေက ကြွက်ရန်ကို နှိမ်နင်းပေးတယ်"

"ဒါတော့ ဟုတ်ပါတယ်၊ ကျွန်မ သူငယ်ချင်း တစ်ယောက်ကတော့ နယ်မှာပဲ ကျွဲတွေ၊ နွားတွေ ကြားမှာ ပေပေတူးတူး နေရတာကို ပျော်နေတယ်။ ပိုက်ဆံတော့ မချမ်းသာဘူး။ တစ်ခါတလေ ဆေးကုခအဖြစ် ပိုက်ဆံတောင် မရဘူး။ နွားနို့တို့၊ ကြက်ဥတို့ ရတတ်တယ်လို့ ပြောတယ်၊ ဆရာ သိမလား မသိဘူး။ ဒေါက်တာ ချစ်ဝင်းတဲ့"

"ဟာ သိတာပေါ့၊ ကျွန်တော်တို့နဲ့ တစ်တန်းတည်းပဲ၊ နီနီရောင်နဲ့ ချစ်ဝင်းနဲ့ သူငယ်ချင်းဆိုလို့ အံ့တောင်အံ့ဩမိပါတယ်"

"ဘာဖြစ်လို့လဲ"

"ဟို ဒီကောင်က"

ဆိုပြီးမှ ယောကျ်ားဖြစ်ပြီး အတင်းပြောသလိုဖြစ်မှာ တွေးမိပြီး...

"ဒီကောင်က နီနီရောင်ထက် အသက်ကြီးမှာပေါ့" ဟူ၍ စကားလွှဲလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နီနီရောင်ကလည်း ရိပ်မိပါ၏။

"ဟုတ်တယ်၊ အတန်းလည်း ပိုကြီးတယ်။ ငယ်ငယ်တုန်းက တစ်ရပ်ကွက်တည်း တူတူနေတာပေါ့၊ ရပ်ကွက်ထဲမှာရော၊ ကျောင်းမှာရော ကျွန်မတို့ကို သူတို့အုပ်စုကပဲ စောင့်ရှောက်ပေးတာပေါ့"

"အင်း ဟုတ်ပါတယ်။ ဒီကောင်က စိတ်ရင်းတော့ ကောင်းပါတယ်"

"ဒါပေမဲ့ တက္ကသိုလ်မှာတုန်းက ဖဲရိုက်တယ် မဟုတ်လား"

နီနီရောင်ကပဲ ဒေါက်တာအောင်ဖေ ပြောချင်တာကို စကားစပေးလိုက်သည်။

"ဟုတ်တယ်"

"တစ်ခါတလေ အရက်လည်း သောက်တယ်"

"အင်း"

"အခုလည်း ရွာတွေမှာ ညနေဆို ထန်းရည်တဲ ရောက်နေတာပဲတဲ့"

နီနီရောင်ကချည်း အကုန်ဖွင့်ပြောနေသဖြင့် ဒေါက်တာအောင်ဖေ ပြောစရာ မကျန်တော့။ ထို့ကြောင့်...

"ဒီကောင်က စာတော့တော်တယ်"

ဟု ချီးကျူးစကားဘက် လှည့်ရသည်။

"ဟုတ်တယ်၊ စေတနာလည်း ကောင်းတယ်၊ ဒါကြောင့် ရွာတွေက သူ့ကို သိပ်ချစ်ကြတာ၊ သူလည်း ခုထိ အိမ်ထောင်မပြုဘဲ လူပျိုကြီးလုပ်နေတယ်"

နီနီရောင်သည် ဒေါက်တာအောင်ဖေကို တမင်တကာ စိတ်စနိုးစနောင့်ဖြစ်အောင် လုပ်နေခြင်းဖြစ်၏။ နီနီရောင်က ဒေါက်တာချစ်ဝင်းကို လေးစားသည့်ဟန် ပြသည်။ ဒေါက်တာချစ်ဝင်းကလည်း ခုထိ လူပျိုကြီးဆိုတော့ သူတို့နှစ်ယောက် ဘယ်လိုများ ဆက်နွယ်ပတ်သက်နေမှာပါလိမ့်ဟု ဒေါက်တာအောင်ဖေ တွေးပြီး စိတ်မသက်မသာ ဖြစ်လိမ့်မည်။ သည်လို တကယ်ဖြစ်သွားကြောင်းကိုလည်း ဒေါက်တာအောင်ဖေ့အရိပ်အကဲကိုကြည့်၍ သိလိုက်ရသည်။

ထိုစဉ်တွင် မေမေမြသည် ဟိုအရင်က ခေတ်စားသည့် ကတ္တီပါအိတ်ရှည်လေးတို လက်မှာ ချိတ်ဆွဲရင်း ဝင်ထိုင်သည်။ သူ့ ပိုက်ဆံတွေ ထည့်လေ့ရှိသော အိတ်ပင်ဖြစ်၏။

"ကဲ ဒေါက်တာရေ၊ ဒီလအတွက် စာရင်းလေး ရှင်းကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် အင်း ဟုတ်ကဲ့ခင်ဗျ"

ဩော်… ဒါကြောင့် စကားကောင်းနေသလိုလိုလုပ်ပြီး စောင့်နေတာကိုး ဟုသော အဓိပ္ပာယ်ပါသည့် မျက်လုံးများနှင့် နီနီရောင်က တစ်ချက်ကြည့်သည်။ ဒေါက်တာ အောင်ဖေသည် ဆေးဖိုးတွေ မှတ်ထားသော မှတ်စုစာအုပ်ကို ထုတ်ရန် ဆေးအိတ်ဆီ လှမ်းနေသော လက် တန့်ခနဲ ဖြစ်သွားရသေးသည်။ သည်နေ့ လာဘ်မကောင်းဘူး။ ဆိုင်ကယ်ကို သတိထားမောင်းမှဟု သူတွေးချင်တွေးနေမည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်ကားပေါ်မှဆင်းပြီး မှတ်တိုင်တစ်ဝိုက် ဝေ့ကြည့်လိုက်သည်။ ညီကို မရောက်သေး။ ထို့ကြောင့် မှတ်တိုင်မှာပင် ဆက်စောင့်နေလိုက်သည်။ မှတ်တိုင်မှာ လူအချို့ရှိနေသဖြင့် သိပ်တော့ မကြောင်လှ။ နောက်ကား ပြောင်းစီးမည့်ပုံစံမျိုးဖြင့် နေလို့ရသည်။ ခဏအကြာ ကားနှစ်စီး၊ သုံးစီး ဆက်တိုက် ဝင်လာတော့ မှတ်တိုင်မှာ လူရှင်းသွားသည်။ သူနှင့် လူနှစ်ယောက်ပဲ ကျန်တော့သည်။

ထိုသူများ၏ ပုံက သိပ်နှစ်မြို့ပုံမရှိ၊ သူ့ကို ကွက်ကြည့်၊ ကွက်ကြည့် လုပ်နေ သည်။ ထိုအတောအတွင်း ကားတစ်စီး ဆိုက်လာသည်။ အမျိုးသမီးနှစ်ယောက် ဆင်းလာပြီး လမ်းတစ်ဘက်ကို ဖြတ်ကူးသွား၏။ ကားမှတ်တိုင်မှာ ရပ်နေပြီး လာသမျှ ဘတ်စ်ကားတစ်စီးပေါ်မှ မတက်ဘဲနေသော သူ့ကို ဘယ်လိုထင်မည် မသိ၊ ဟို လူနှစ်ယောက်ကလည်း စောစောက ကားနှင့် မလိုက်ဘဲနေသည်။ သူတို့ချင်း ခပ်တိုး တိုးပြောပြီး သူ့ကို ကြည့်ပြန်သည်။ လူငယ်တွေဆိုလျှင်တော့ သူမကြောက်။ မသင်္ကာ အပျော်သဘောမျိုး ရည်းစားစကားပြောချင်ပြောမည်။ ဒါဆို ဟောက်ထုတ်လိုက်ရုံ ပဲ။ သည်လူကြီးတွေကျတော့ တစ်မျိုး။ မဟားဒယားလုပ်ချင်တာလား၊ ခိုးစည်းလုချင် တာလား မသိ။

ညီကို့အား မစောင့်တော့ဘဲ သည်နေရာက ထွက်သွားရင် ကောင်းမလား

www.burmeseclassic.com



မဖြစ်သေး။ ဒါဆိုလျှင် အမှုလုပ်ပြီး ထွက်သွားတာဟု တွက်ပြီး လိုက်လာမှာ စိုးရသည်။ သည်နေရာက သိပ်ပြီး လူပြတ်လှတာတော့ မဟုတ်။ ဆိုးဆိုးရွားရွား မဖြစ်နိုင်လောက်ဘူးဟု တွက်ပြီး ဆက်ရပ်နေသည်။ သည်တစ်ခါ ကားတစ်စီး လာလျှင်တော့ တက်လိုက်သွားတော့မည်ဟု ဆုံးဖြတ်လိုက်၏။ နောက်ကျနေသော ညီကို့အား ဒေါသဖြစ်သော စိတ်လည်း ဝင်လာသည်။

ကားတစ်စီး လာနေသည်။ ကားမရပ်ခင်မှာပင် အပေါက်ဝမှာ တွယ်လာသော ညီကို့အား မြင်သည်။ ညီကိုက ကားပေါ်မှ ခုန်ဆင်းပြီး သူ့ဆီလျှောက်လာသည်။

"ရောက်နေတာ ကြာပြီလား"

မေးသည်။ နီနီရောင်က မဖြေဘဲ။

"ဘယ်နှစ်နာရီရှိပြီလဲ"

ဟု ခပ်ဆတ်ဆတ်ပြန်မေးသည်။ ညီကိုက လက်ကို မြှောက်ပြပြီး...

"ကို့နာရီ ဓာတ်ခဲကုန်နေလို့ အိမ်မှာထားခဲ့တယ်"

"နောက်ကျနေတာကို ပြောတာ"

ညီကိုက နီနီရောင့်နာရီကို လှမ်းကြည့်သည်။ နီနီရောင်က လုပ်မနေနဲ့ဆိုသည့် သဘောဖြင့် နာရီပတ်ထားသည့်လက်ကို နောက်ဘက်ရုပ်လိုက်၏။ ခဏလေးဆိုပြီး စောစောက နီနီရောင့်ကို ကွက်ကြည့်၊ ကွက်ကြည့် လုပ်နေသူနှစ်ဦးဆီကို ညီကို လျှောက်သွားသည်။ နီနီရောင် စိုးရိမ်သွား၏။ 'ဒါက' ဟု လှမ်းဟန့်သော်လည်း ညီကိုက အနားရောက်သွားပြီ။ ဟိုလူနှစ်ယောက်ကလည်း လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ သူတို့ နီနီရောင့်ကို နှောင့်ယှက်ဖို့ ကြံစည်တာကို နီနီရောင်က ညီကို့အား ပြောလိုက်ပြီဟု ထင်သွားပုံရသည်။ တစ်ယောက်က လွယ်အိတ်ထဲကို လက်နှိုက်ထားလိုက်သည်။ သို့ရာတွင် ညီကိုက...

"ဘယ်နှစ်နာရီရှိပြီလဲ ခင်ဗျာ"

ဟု မေးလိုက်သည်။ လူတစ်ယောက်မှာ အပေါ်စား ကွပ်ဇ်နာရီပါသည်။ ထိုသူမှာ ကြောင်တောင်တောင်နှင့် နာရီကို ကြည့်ပြီး ပြောသည်။ ညီကိုက ကျေးဇူးပဲဟု ပြောပြီး ပြန်လှည့်လာသည်။

"ကို ဆယ်မိနစ်ပဲ နောက်ကျတာပါ နီရောင်"

"ဆယ်မိနစ်ဆိုတာ နည်းသလား"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်မကြာပါဘူးကွာ၊ ကိုတို့သူငယ်ချင်းတွေ ချိန်းရင် နာရီဝက်လောက်တောင် နောက်ကျတတ်ပါတယ်"

"ဩော် သူတို့ယောကျ်ားလေးတွေအတွက်တော့ ဘာအရေးလဲ၊ မိန်းကလေး တစ်ယောက်အနေနဲ့ ဘတ်စ်ကားမှတ်တိုင်မှာ ကားမစီးဘဲ ဆယ်မိနစ်လောက် ရပ် စောင့်နေရတာ ဘယ်လောက်ကြောင်တယ်မှတ်သလဲ၊ သူများတွေက တစ်မျိုးထင်မှာ လည်း စိုးရသေးတယ်၊ ပြီးတော့"

ဆိုပြီး စောစောက လူနှစ်ယောက်ဆီ လှမ်းကြည့်သည်။ ညီကိုကလည်း လိုက် ကြည့်သည်။ ဟိုလူနှစ်ယောက် မရှိတော့။

"ဘာလဲ"

ညီကိုက မေးသည်။

"ဘာမှ မဟုတ်ဘူး"

"အင်း ဟုတ်ပါတယ်လေ၊ ယောကျ်ားလေးက ကြိုပြီး ရောက်နေသင့်တာပေါ့ ကိုကလည်း တစ်ခါမှ ရည်းစားမထားဘူးတော့ သတိမပြုမိဘူး"

"ထားဖူးတာ၊ မထားဘူးတာနဲ့ မဆိုင်ပါဘူး။ အချိန်ကိုတော့ လေးစားရမှာပေါ့ အချိန်မလေးစားတဲ့လူဆိုရင်"

"မုန်းတယ်ပေါ့ ဟုတ်လား"

နီနီရောင်က ဘာမှမပြော။

"နောက်ကို အချိန်တိတိကျကျဖြစ်အောင် ကြိုးစားပါ့မယ်၊ ဒီတစ်ခါတော့ ခွင့် လွှတ်ပါ"

နီနီရောင်ကတော့ ဝစီပိတ်ဖြစ်သွားပြီ။ စကားတစ်ခွန်းမှ မပြောတော့။ ညီကိုက ဝိတ်ပြေအောင် ကြိုးစားသည်။

"ဒီလိုပါ နီရောင်၊ ဒီနေ့ အိမ်ကထွက်လာပြီး လမ်းထိပ်ရောက်မှ ဗိုက်ဆံက ရှဲပြီး နာလာတာနဲ့ အိမ်ကို အမြန်ပြန်ပြေးပြီး အိမ်သာတက်နေရလို့ နောက်ကျတာပါ"

သူ့အကြောင်းပြချက်က တခြားလူတွေလို အရေးကြီးတဲ့ ဧည့်သည်ရောက်လာ လို့ မသွားမဖြစ်တဲ့ကိစ္စပေါ်လာလို့ ဆိုတာမျိုး မဟုတ်။ သို့ရာတွင် ခွင့်လွှတ်နိုင်သည့် နိုင်လုံသော အကြောင်းပြချက် ဖြစ်နေသည်။ နီနီရောင်ကတော့ စိတ်အောက်မပြေ[illegible] မပြေသေး။ ညီကိုက ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ နီရောင်နဲ့ ချိန်းထားတာ နောက်ကျမှာစိုးလို့ ကမန်းကတန်း ကိစ္စဖြတ်ပြီး ထွက်လာခဲ့တာ၊ လက်တောင် စင်အောင်မဆေးခဲ့ဘူး။ မယုံရင် နမ်းကြည့်ပါလား"

သူ့ဘယ်လက်ကို နီနီရောင့် နှာခေါင်းနား ကပ်ပြသည်။ နီနီရောင်က ဟင်းဆိုပြီး ဘစ်ဘက်လှည့်သွား၏။ ရယ်တော့ရယ်ချင်လာသည်။ သို့ရာတွင် သည်လောက် ခဏလေးနဲ့တော့ စိတ်မပြေချင်သေး။ ရယ်မိမည်စိုး၍ မျက်နှာကို ကားလာမည့်ဘက် မူထားလိုက်သည်။

စောစောက ကားတွေ အဆက်မပြတ်လာပြီး ခုမှ ပြတ်သွားသည်။ လာတော့လည်း သူတို့ ဆက်စီးရမည့် ကားလိုင်းမဟုတ်။ သူတို့စီးချင်သည့်ကား လာပြန်တော့လည်း တက်လို့မရလောက်အောင် လူက ပြည့်ကြပ်နေသည်။

တစ်စုံတစ်ခုကို စောင့်ဆိုင်းရင်း အချိန်ကြာမြင့်လာလျှင် စောင့်နေသူ အချင်းချင်း စကားပြောချင်လာတတ်တာ ဓမ္မတာပင် ဖြစ်၏။ တစ်ယောက်နှင့်တစ်ယောက် အရင်က မသိကျွမ်းဖူးသူတို့ပင်လျှင် အချင်းချင်း မိတ်ဖွဲ့၍ စောင့်ဆိုင်းနေရသည့် အကြောင်းကိစ္စကို ဝေဖန်ပြောဆိုတတ်ကြသည်။ ဥပမာ ရထားစောင့်နေသူများဆိုလျှင်. . .

"ရထားကလည်း ဘာဖြစ်နေသလဲ မသိဘူး။ လာရမယ့်အချိန်တောင် ကျော်လာပြီ ထင်ပါရဲ့"

ဟု တစ်ယောက်က စကားစလျှင်။

"နာရီဝက်လောက်တောင် လွန်သွားပြီ"

တစ်ယောက်က ဝင်ပြောမည်။

"ဘာများ ဖြစ်နေလည်း မသိဘူး"

"စက်ခေါင်းပျက်နေတာ ဖြစ်နိုင်တယ်"

"ထွက်တာကိုက နောက်ကျတာ ထင်ပါရဲ့"

"ရုံးပိုင်သွားမေးကြည့်ရင် ကောင်းမယ်"

"စောင့်နေရတာလောက် စိတ်တိုစရာကောင်းတာ မရှိဘူး"

စသည်ဖြင့် ပြောဆိုနေကြမည်ဖြစ်၏။

နီနီရောင်သည်လည်း ဘတ်စ်ကားစောင့်ရတာ ကြာတော့ စကားပြောချင်လာသည်။ သို့ရာတွင် သူက စိတ်ကောက်လက်စရှိသဖြင့် စကားစလို့မဖြစ်။ သည်တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



ညီကို စကားပြောလာလျှင်တော့ ပြန်ပြောလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုစဉ်မှာ ညီကို၏ စကားပြောသံကို ကြားရ၏။ သူ့ကို ပြောခြင်းမဟုတ်၊ အခြားသူတစ်ယောက်ကို ပြောနေခြင်းဖြစ်၏။ သူက သည်ဘက် မျက်နှာလှည့်ထားသောကြောင့် ဘယ်သူ့ကို ပြောနေမှန်း မသိရ။ လှည့်မကြည့်ဘဲ နားစွင့်လိုက်တော့...

"ဟုတ်တယ် အန်တီရဲ့၊ ကျွန်တော့် ညီမလေးက မွေးကတည်းက နားမကြားတာ၊ ဒီတော့ စကားလည်း မပြောတတ်ဘူးပေါ့"

"အို သနားပါတယ်၊ ကံနာ၊ ဝဋ်နာဆိုတာပေါ့ ကျွတ်ကျွတ်"

နီနီရောင် ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ ညီကိုက တရုတ်မကြီးတစ်ယောက်ကို ပြောပြနေခြင်း ဖြစ်၏။ တရုတ်မကြီးက နီနီရောင့်ကို ကရုဏာသက်ဟန်ဖြင့် ကြည့်ပြီး ပြုံးပြသည်။ နီနီရောင်သည် ညီကို့အား ပြန်ပြီး ဒုက္ခပေးချင်လာသည်။ ထို့ကြောင့် တရုတ်မကြီးကို ပြန်ပြုံးပြလိုက်ပြီး...

"ဟောင်းဒူးယူဒူး"

ဟု ပြောလိုက်၏။ တရုတ်မကြီး မျက်လုံးပြူးသွားသည်။

"ဟင် သူ ဒါနဲ့"

ညီကိုက ဝင်၍...

"သူ့ကို အင်္ဂလိပ်စကားတော့ ထမင်းစား၊ ရေသောက်လောက် ပြောတတ်အောင် ကျွန်တော် သင်ပေးထားတာ ဟဲ ဟဲ"

"ရက်စ် အိုင် အမ်"

ဟု နီနီရောင် ပြောလိုက်၏။ တရုတ်မကြီး အူကြောင်ကြောင်ဖြစ်ပြီး ခေါင်းတုတ်နေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နီနီရောင်တို့ အင်္ဂလိပ်စကားပြောသင်တန်းက တစ်ပတ် သုံးရက် တက်ရသည်။ အိမ်မှ ထွက်ရမည့် အချိန် ပြန်ရောက်သင့်သည့် အချိန်များကို မေမေမြက မှတ်သား ထားသည်။ သွားချိန်၊ ပြန်ချိန် နာရီဝက်လောက်ထက်ပို၍ စောခြင်း၊ နောက်ကျခြင်း ဖြစ်လျှင် မေမေမြ စစ်ဆေးမေးမြန်းတော့သည်။ ထို့ကြောင့် ညီကိုနှင့် အချိန်ကြာကြာ တွေ့ခွင့်ရဖို့ မလွယ်။

သူငယ်ချင်းတွေနဲ့ မင်္ဂလာဈေး ဝင်နေလို့ပါဆိုသော အကြောင်းပြချက်မျိုးက လည်း တစ်ခါတစ်ရံသာ ကောင်းသည်။ သင်တန်းချိန်လစ်ဖို့ဆိုတာကျတော့လည်း ခဏခဏကျတော့ မကောင်း။ သူငယ်ချင်းတွေကို အကူအညီတောင်းပြီး ရုပ်ရှင်သွား ကြည့်ဖို့ဆိုပြီး အိမ်ကို လာခေါ်ခိုင်းတာကလည်း တစ်ခါတစ်ခါလောက်သာ သင့်တော် သည်။ သင်တန်းဆရာမက အတန်းချိန်တစ်ချိန် တိုးလိုက်သည်ဟု အကြောင်းပြမည် စိတ်ကူးသော်လည်း မေမေမြယုံလျှင် ကောင်းသည်။ မယုံလို့ သင်တန်းမှာ သွား စုံစမ်းလျှင် ပေါ်ကုန်ပြီး ပြဿနာတက်နိုင်သည်။

တကယ်တော့လည်း ဘယ်လောက် ယုတ္တိဆန်သည့် အကြောင်းပြချက်ပဲ ပေး ပေး သိပ်တော့မလွယ်။ သူတို့နှစ်ယောက် သွားလာနေတာ တစ်ယောက်ယောက်က တွေ့လို့ မေမေမြကို ပြန်ပြောလျှင်လည်း ပြဿနာက တက်မှာပဲ ဖြစ်၏။ သည်တော့

www.burmeseclassic.com



သိပ်အပင်ပန်းခံ စဉ်းစားမနေတော့၊ သင်ဘန်းရှက် တစ်ရက် တိုးလိုက်သည်ဟူ၍သာ ပြောလိုက်၏။ မေမေမြကာ သိပ်စစ်စစ်ပေါက်ပေါက် မမေးသဖြင့် တော်သေးသည်။ ဤသို့ဖြင့် သူတို့နှစ်ယောက် တစ်ပတ်လျှင် တစ်ရက် လွတ်လွတ်လပ်လပ် လည်ပတ်ခွင့် ရသွားသည်။

သည်နေ့ ရုပ်ရှင်ကြည့်ကြမည်ဟု စိတ်ကူးထားသည်။ နီနီရောင် ဘတ်စ်ကား ပေါ်က ဆင်းလိုက်သောအခါ ချိန်းထားသည့် အချိန်သို့ရောက်ရန် သုံးမိနစ်သာ လို တော့သည်။ ကားမှတ်တိုင်မှာ ညီကို့အား မတွေ့ရ။ သည်တစ်ခါလည်း အရင်တစ်ခါ လို လုပ်ပြန်ပြီဟု စိတ်တိုသွားမိ၏။ ချိန်းထားသောအချိန်သို့ မရောက်သေးသည့်တိုင် ယောကျ်ားလေးတစ်ယောက်အနေဖြင့် ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်တော့ စောပြီး ရောက် နေသင့်သည်ဟု သူထင်သည်။

ဘတ်စ်ကားက လူတင်ပြီး ပြန်ထွက်သွားသောအခါကျမှ စောစောက ကားနှင့် ကွယ်နေသဖြင့် မမြင်ရကြောင်း သိလိုက်၏။ ညီကိုသည် လမ်းတစ်ဘက် ပလက် ဖောင်းရှိ ပျဉ်းမပင်အောက်မှာ ရပ်နေသည်။ နီနီရောင့်ကို မမြင်ဘဲနေမည် မဟုတ်။ သို့ရာတွင် သည်ဘက်ကို ကူးမလာသေးဘဲ သူ့လက်ပတ်နာရီကိုသာ သဲသဲမဲမဲ ငုံ့ကြည့် နေသည်။

သူတမင်လုပ်နေခြင်းဖြစ်ကြောင်း နီနီရောင် သိ၏။ ဟိုတစ်ခါ နောက်ကျတုန်း က အချိန်တိကျမှ ကြိုက်တယ်ဟု ပြောခဲ့သည်။ ထို့ကြောင့် သည်တစ်ခါမှာ အချိန်လုံးဝ တိကျအောင် တစ်နာရီတိတိ ထိုးသည့်အချိန်ကို စောင့်နေခြင်း ဖြစ်လိမ့်မည်။

ညီကိုက ခေါင်းတစ်ချက်ဆတ်ပြီးနောက် သည်ဘက်ကူးလာသည်။ နီနီရောင့် ရှေ့မှာ ရပ်လိုက်ချိန်တွင် သူ့လက်ပတ်နာရီမှ တီတီဟု အချက်ပေးသံ ကြားရသည်။

"ကို အချိန်တိကျပါတယ်နော်"

"ဟုတ်ပါတယ် ကိုတိကျကြီး"

"ကားပေါ်ကဆင်းလာလို့ ကို့ကို မတွေ့တော့ စိတ်ဆိုးသွားသေးတယ် မဟုတ် လား"

"ဒီတစ်ခါ နောက်ကျလို့ကတော့ ဘယ်လွယ်မလဲ"

"ကိုက အချိန်ကို လေးစားတတ်ပါတယ်၊ ကိုတို့က မျိုးနဲ့ရိုးနဲ့ အချိန်တိကျတတ် တာ၊ ကိုတို့ဘကြီးဆိုရင် အားလုံးထဲမှာ စံပြပဲ၊ သူ့နာမည်က ဦးလှမောင်တဲ့၊ ဌာနတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



မှာ ဒုတိယအကြီးဆုံးရာထူးရှိတယ်။ သူက မနက်ဆိုရင် ရုံးတက်ချိန်မတိုင်ခင် ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်စောပြီး ရုံးရှေ့ကို ရောက်တတ်တယ်၊ ဒါပေမဲ့ ရုံးထဲကိုတော့ မဝင်သေးဘူး။ ရုံးရှေ့မှာ လမ်းလျှောက်ရင်း နာရီတကြည့်ကြည့်နေတာပဲ၊ ကိုးနာရီခွဲ တိတိကျမှ ရုံးထဲဝင်တယ်"

"သူ့လက်အောက်မှာ လုပ်ရတဲ့ လူတွေဆို ဘယ်လွယ်မလဲ"

"ဟာ ဘာပြောကောင်းမလဲ၊ သူက ကိုးနာရီခွဲအရောက်လာတော့ ကျန်တဲ့လူတွေလည်း အရောက်လာရတာပေါ့။ ကိုတို့ အဒေါ်တစ်ယောက်ဆိုရင် ကိုယ့်အမျိုးရှိတဲ့ ရုံးဆိုရင် စားသာမှာပဲဆိုပြီး အဲဒီဌာနမှာ ဝင်လုပ်တာ၊ ဘကြီးက လူရင်းမို့ ဦးစားမပေးတဲ့အပြင် အလုပ်တွေရှိသမျှ ဖိခိုင်းလိုက်တာ"

"အလုပ်ဖိလုပ်ရတော့ ကျွမ်းကျင်မှုရှိတာပေါ့"

"ဟုတ်တော့ဟုတ်တယ်၊ ကိုတို့အဒေါ်က စာရင်းကိုင်ပညာမှာတော့ တစ်ဘက်ကမ်းခတ် တတ်သွားတယ်။ ဒါပေမဲ့ အလုပ်နဲ့လက်နဲ့မပြတ် လုပ်ရလွန်းလို့ တခြားကိစ္စ မစဉ်းစားနိုင်တော့ဘဲ အပျိုကြီး ဖြစ်သွားရရှာသတဲ့"

"ဟင် အဲဒီရုံးမှာ အလုပ်လုပ်ချင်လိုက်တာ၊ ဒါမှ အပျိုကြီးဖြစ်ပြီး သူ့အနှောင့်အယှက်က ကင်းမှာ"

"ဆောရီးပဲ၊ ဘကြီးက ပင်စင်ယူသွားပြီ"

နီနီရောင်သည် ပြောသာပြောလိုက်သော်လည်း အပျိုကြီးလုပ်ဖို့တော့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ဖူးချေ။ မေမေမြကို နမူနာကြည့်ပြီး အပျိုကြီးဘဝကို တော်တော်စိတ်ပျက်ခဲ့ရ၏။ အပျိုကြီးတစ်ယောက်သည် နုပျိုစဉ်ဘဝမှာတော့ လွတ်လပ်ပြီး ပျော်စရာကောင်းချင်ကောင်းမည်။ အသက်ကြီးလာပြီဆိုလျှင်တော့ အပျိုကြီးတစ်ယောက်သည် အလိုမကျခြင်း၊ အစိုးရိမ်လွန်ခြင်း၊ သူများအပေါ် ဩဇာညောင်းလိုခြင်း၊ အားငယ်တက်ခြင်း၊ စိတ်ကယောင်ချောက်ချားဖြစ်ခြင်းတို့နှင့်သာ လုံးထွေးနေရတော့သည်။ ထို့ကြောင့် အပျိုကြီး ဘယ်သောအခါမှ အဖြစ်မခံဟု နီနီရောင် ဆုံးဖြတ်ထား၏။ ညီကိုကိုတော့ ထိုအကြောင်း မပြောဖြစ်။ ပြောလျှင် သူ ရောင့်တက်မှာ စိုးရသည်။

စကားပြောရင်း လမ်းလျှောက်လာကြရာ ရုပ်ရှင်ရုံတွေနား ရောက်လာသည်။

"ဘာကားကြည့်ချင်လဲ" ဟု ညီကိုက မေးသည်။

"မသိဘူးလေ၊ သူကော"

www.burmeseclassic.com

www.burmeseclassic.com



"နီရောင် ဘယ်လိုကားမျိုး ကြိုက်လဲ"

"စုံထောက်ကား သူကော"

"ကိုကတော့ လက်သီးထိုးတာ၊ သေနတ်ပစ်တာပါရင် ကြိုက်တာပဲ"

"ဟာသကားကော"

"သိပ်ကြိုက်တာပေါ့၊ လူအားလုံး ဟာသကား ကြိုက်ကြတာပဲ၊ ဒါပေမဲ့ ခုတလော ဟာသကားတစ်ကားမှ မပြဘူး"

နောက်ဆုံးတော့ စူပါကော့ပ်ဆိုသည့် ဇာတ်ကား ဝင်ကြည့်ဖြစ်ကြသည်။ ယောကျ်ားလေးမျှသည် သူတို့၏ စိတ်ကူးယဉ်မှုများကို ရုပ်ရှင်ရုံထဲမှာ အကောင်အထည် ဖော်တတ်ကြသည်ဟု ကြားဖူးသည်။ လက်ဖဝါးကို ဆုပ်ကိုင်ထားခြင်း၊ ပခုံးကို ဖက်ထားခြင်း၊ အလစ်မှာ လှစ်ခနဲ မွှေးခြင်း စသည်တို့ဖြစ်၏။ လောကကြီးအလယ်မှာ အပျိုကြီးတစ်ယောက်အဖြစ် ငြိမ့်ငြိမ့်ချမ်းချမ်း စခန်းမသွားချင်ဘူးဆိုလျှင် သည်လောက်တော့ လိုက်လျောဖို့ အသင့်ပြင်ဆင်ထားရမည်ဟုလည်း သူတွေးနေ၏။

ရုပ်ရှင်ဇာတ်ကား သုံးပုံတစ်ပုံအရောက်တွင် ညီကိုက...

"နီရောင်"

ဟု ခပ်တိုးတိုးခေါ်သည်။ ဟင်ဟု ခပ်တိမ်တိမ်အသံဖြင့် ထူးသည်။

"ကိုတို့နှစ်ယောက် တစ်ခါမှ မှောင်ထဲမှာ တစ်ယောက်မျက်နှာတစ်ယောက် မကြည့်ခဲ့ဖူးဘူးနော်"

ထိုစကားနှင့်အတူ ညီကိုက နီနီရောင်၏ လက်ဖမိုးပေါ်သို့ သူ့လက်ဝါးဖြင့် အုပ်ကိုင်လိုက်သည်။ မျှော်လင့်ထားပြီးသား ဖြစ်ပါလျက် နီနီရောင့် လက်က တွန့်ခနဲ ဖြစ်သွားသေးသည်။ ညီကိုက...

"ရုန်းတော့မရုန်းလိုက်ပါနဲ့ နီရောင်ရယ်၊ ရုန်းရင် နောက်တစ်ခါ ထပ်ပြီး ကိုင်ရဲမှာ မဟုတ်တော့ဘူး"

သူတို့နှစ်ယောက်သည် ရုပ်ရှင်ပိတ်ကားမှ ရောင်ပြန်ဟပ်လာသော မှုန်ဝါးဝါး အလင်းရောင်တွင် တစ်ယောက်ကိုတစ်ယောက် ကြည့်နေမိကြသည်။ ညီကိုက နီနီရောင်၏ လက်သည်းထိပ်ဖျားကလေးများကို သူ့လက်ချောင်းများဖြင့် စမ်းသပ်နေသည်။ ရုပ်ရှင်ကတော့ ဆက်ပြလျက်ရှိသည်။ သေနတ်သံများကား ဆူညံလျက်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ညီကို အိပ်ရာမှ နိုးသောအခါ အိမ်မှာ အဖေမရှိတော့၊ လမ်းလျှောက်ထွက်သွားပြီ ဖြစ်၏။ မျက်နှာသစ်ပြီးနောက် ထမင်းစားပွဲမှာ ဝင်ထိုင်၍ အဖေ ဖျော်ထားခဲ့သော ကော်ဖီကို ဓာတ်ဘူးထဲမှ ငှဲ့သောက်လိုက်သည်။ ထို့နောက် အိမ်ရှေ့ခန်းသို့ ထွက်လာသည်။

အဖေသည် အတော်စောစောကတည်းက နိုးနေပြီး အလုပ်လုပ်ခဲ့ဟန်တူသည်။ အဖေ့ စာရေးစားပွဲပေါ်တွင် ဘာသာပြန်လက်စ အင်္ဂလိပ်ဝတ္ထုစာအုပ် တစ်အုပ်ကို တွေ့ရသည်။ စာရေးစက္ကူများပေါ်တွင် ဖွင့်လျက် မှောက်တင်ထားသည်။ အဖေက သူ့ရေးလက်စ စာအုပ်စာတမ်းတွေ ကိုင်တာ မကြိုက်မှန်း သိလျက် ညီကိုက ယူဖတ်ကြည့်သည်။ ဂန္ထဝင်မြောက် စာအုပ်ကြီးတစ်အုပ်ကို ဘာသာပြန်နေခြင်းဖြစ်၏။ ပထမဆုံး တစ်ခန်းကိုသာ အပြီးသတ်နိုင်သေးသည်။ လအတော်ကြာမှပဲ ပြီးမည့်သဘောရှိသည်။ အဖေသည် ခုနောက်ပိုင်းမှာ လေးလေးနက်နက်ရှိသော ဝတ္ထုကြီးမျိုးတို ဘာသာပြန်လေ့ရှိ၏။ ထို့ကြောင့် တော်ရုံတန်ရုံ ထုတ်ဝေသူက လက်ခံထုတ်ဝေဖို့ မရဲဘဲ ဖြစ်တတ်သည်။ ခုစာအုပ်သည်လည်း ထုတ်ဝေမည့်သူကို အတော်ရှာယူရလိမ့်မည်ဟု ခန့်မှန်းသည်။

ညီကိုသည် အဖေ ဘာသာပြန်သည့် စာအုပ်များကို ကြိုးစားပြီး ဖတ်ကြည့်လေ့

www.burmeseclassic.com



ရှိသည်။ တချို့ စာအုပ်တွေကိုတော့ ကြိုက်သည်။ ဘို့တိုင်အောင် ထိုစာအုပ်ကြီးမှာ စာမျက်နှာအတော်များများကို သည်းခံဖတ်ပြီးတော့မှပင် ဇာတ်ကြောင်းကို စိတ်ဝင်စားပြီး နစ်ဝင်သွားတတ်သဖြင့် စိတ်ရှည်ရှည်ထားရသည်။ တကယ်စိတ်ဝင်စားသွားပြီဆိုတော့လည်း ဖတ်ရတာ ငြိမ့်ပြီး စွဲမက်စရာကောင်းသည်။ တချို့စာအုပ်တွေကျတော့ သူ စိတ်မရှည်နိုင်။ မလိုအပ်ဘဲ အသေးစိတ်တွေ ရှောက်ရေးပြီး ရှည်လျားထွေပြားလှသည်ဟု ထင်၏။ ဘာပဲဖြစ်ဖြစ် အဖေသည် စာပေနယ်မှာ အထိုက်အလျောက် လူလေးစားခံရသော စာရေးဆရာဖြစ်၏။

သူ့စာအုပ်တွေထွက်လျှင် ညီကို့အား ဖတ်နိုင်းပြီး ဘယ်လိုနေလဲ၊ ဘာလဲ မေးတတ်သည်။ ညီကိုက အဖေ ကျေနပ်အောင် ကောင်းပါတယ်ဟု ပြောရသည်။ အဖေက သည်လောက်နှင့် မကျေနပ်၊ ဘယ်နေရာမှာ ဘယ်လိုကောင်းတယ်၊ ဘယ်စကားလုံးတွေ ဘာသာပြန်ပုံ ထိမိတယ် စသည်ဖြင့် ပြောစေချင်သည်။ အသည်လောက်တော့ သူမပြောတတ်။ ထိုအခါ ထုံးစံအတိုင်း စိတ်ကူးတည့်ရာ လျှောက်ပြောသည်။ အဖေ ဒေါကန်ပြီး ဘာမှ အသုံးမကျဘူး။ လေးလေးနက်နက် ဘယ်တော့မှ မတွေးဘူး။ ရှေ့လျှောက်ခက်သေးတယ် စသည်ဖြင့် ဆူပူသည်။

ညီကိုသည် အဖေ့စာအုပ်စာတမ်းများကို နေရာတကျ ပြန်ထားပြီးနောက် သူ့မြိုင်စက်ဘီးကို ထုတ်၍ နင်းထွက်လာခဲ့သည်။ သူ့ဘီးက မြိုင်ဘီးအစစ်တော့ မဟုတ်၊ မောင်းဗမာစက်ဘီးကို ပြန်ချိုးထားခြင်း ဖြစ်၏။ သူက မြိုင်ပွဲဝင်မည့်သူလည်း မဟုတ်သဖြင့် မြိုင်ဘီးစစ်တာ၊ မစစ်တာ အရေးမကြီးလှချေ။

အဖေက မနက်ဆိုလျှင် ပန်းခြံဘက် လမ်းလျှောက်ထွက်လေ့ရှိ၏။ ဒို့ကြောင့် သူက အဖေနှင့် ဆန့်ကျင်ဘက်ဖြစ်သော အားကစားကွင်းဘက် စက်ဘီးစီးလေ့ရှိသည်။

သားအဖနှစ်ယောက် တစ်ချိန်လုံး အိမ်မှာ အတူတူ နေခဲ့ကြပြီးဖြစ်၍ လမ်းမှာ ဆပ်မဆုံချင်တော့။ ဆုံမိလျှင်လည်း အဖေ နေကောင်းရဲ့လားလို့ နှုတ်ဆက်ရမလား၊ စက်ဘီးပေါ်ကနေပဲ လက်ပြပြီး နှုတ်ဆက်ရမလား၊ ဒါမှမဟုတ် မမြင်ချင်ယောင် ဆောင်သွားရမလား၊ အတော် ကြောင်တောင်တောင် နိုင်သည့် အဖြစ်တော့ သူထင်သည်။

နောက်တစ်ချက်က သူ၀ဏ္ဏအားကစားကွင်း သည် သူတို့တိုက်ခန်းနှင့် ဒေါင်

www.burmeseclassic.com

www.burmeseclassic.com



မပေးလှ။ ကွင်းဘေးရှိ ကွန်ထရစ်ပတ်လမ်းမှာ စက်ဘီးစီးလို့ သိပ်ကောင်းသည်။

အဖေက ကျန်းမာရေးကို ဂရုစိုက်တတ်၏။ မနက်အစောကြီးထ၍ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းလုပ်ပြီး လမ်းလျှောက်ထွက်တတ်သည်။ ညီကို့ အားလည်း လေ့ကျင့်ခန်းတစ်ခုခုလုပ်ရန် တိုက်တွန်းသည်။ ညီကိုသည် အလေးမခြင်း၊ ပယ်ရယ်ဘားကစားခြင်းတို့ကို ဝါသနာမပါချေ။ တစ်နေရာတည်းမှာ စွဲပြီးလုပ်ရတာ ပျင်းစရာကောင်းသည်။ ထို့ကြောင့် လေကောင်းလေသန့်လည်းရ၊ လှုပ်ရှားမှုလည်းဖြစ်၊ ပတ်ဝန်းကျင်ကိုလည်း ကြည့်ရှုခွင့်ရသော စက်ဘီးစီးခြင်းကိုသာ နှစ်သက်သည်။

အားကစားကွင်းကို လက်ယာရစ် နှစ်ပတ် ခပ်မြန်မြန်နင်းသည်။ ထို့နောက် လက်ဝဲရစ် ခပ်ဖြည်းဖြည်းမှန်မှန် နှစ်ပတ်နင်းသည်။ ပြီးတော့မှ အိမ်ဘက်ပြန်နင်းခဲ့ရင်း လမ်းမှာ မုန့်ဟင်းခါး ဝင်စားသည်။

သူ အိမ်ပြန်ရောက်တော့ အိမ်ရှေ့ခန်းမှာ ပက်လက်ကုလားထိုင်နှင့် ထိုင်လျက် သတင်းစာ ဖတ်နေသော အဖေ့ကို တွေ့ရသည်။ ချွေးတိတ်အောင် စောင့်ပြီးနောက် ရေချိုးသည်။ အဝတ်အစားလဲပြီး ပြန်ထွက်လာသောအခါ အဖေက...

"လာစမ်းပါဦးကွ"

ဟု လှမ်းခေါ်သည်။ ညီကိုက အဖေ့ရှေ့မှာ ရပ်လိုက်၏။

"ခုံတစ်လုံး ဆွဲထိုင်ကွာ"

ညီကို နည်းနည်းစိတ်ညစ်သွား၏။ ခုံဆွဲထိုင်ခိုင်းပြီဆိုကတည်းက လေ့ကြောနည်းနည်း ရှည်စရာအကြောင်းရှိသောကြောင့် ဖြစ်၏။

"ငါတော့ ထမင်းချိုင့်မှာ စားရတာ ငြီးငွေ့လာပြန်ပြီကွာ"

အဖေက စကားစသည်။

"ဟုတ်တယ် ဖေဖေ၊ ကျွန်တော်လည်း အဲဒါ ပြောမလို့ပဲ"

"ဒါဆို ဒီတစ်လ ထမင်းချိုင့်ဖြတ်လိုက်ကြစို့ကွာ"

"ကောင်းပါတယ် ဖေဖေ"

"ဒါနဲ့ မင်းသင်တန်းက ပြီးပြီမဟုတ်လားကွ"

"အခြေခံအဆင့်တော့ ပြီးပြီ ဖေဖေ၊ ကျွန်တော် နောက်တစ်ခု ဆပ်တက်ချင်သေးတယ်"

"အေး လုပ်လေကွာ၊ ပညာရပ်တစ်ခုကို လိုက်စားမယ်ဆိုရင် ဘတ်နိုင်သမျှ

www.burmeseclassic.com

www.burmeseclassic.com



နက်အောင် လိုက်စားတာ ကောင်းတာပေါ့"

ဦးလှကိုက သတင်းစာထဲမှ ကွန်ပျူတာသင်တန်းကြော်ငြာတစ်ခုကို ကြည့်ပြီးနောက် သတင်းစာကို ခေါက်၍ ပေါင်ပေါ်တင်ထားလိုက်သည်။

"ကွန်ပျူတာတွေက တော်တော်ကို အဆင့်မြင့်လာပြီကွ၊ နေရာတိုင်းမှာ ကွန်ပျူတာတွေက နေရာဝင်ယူနေပြီ၊ ကွန်ပျူတာပေါ်လာတာ ဒုတိယစက်မှုတော်လှန်ရေးခေတ်ကြီးကို စတင်လိုက်တာပဲကွ"

"ဟုတ်ပါတယ် ဖေဖေ"

"ငါ ဖတ်ဖူးတယ်ကွ၊ နိုင်ငံခြားမှာ ဘဏ်ကနေ ကွန်ပျူတာနဲ့ ငွေထုတ်တာလေ၊ ချက်လက်မှတ်တွေ၊ ဘာတွေလည်း မလိုဘူး။ တိုကင်တွေ၊ ဘာတွေ ယူစရာလည်း မလိုဘူး။ ဘဏ်က ထုတ်ပေးထားတဲ့ ကတ်ပြားကို စက်ထဲ ထိုးထည့်လိုက်၊ လျှို့ဝှက်နံပါတ်နှိပ်လိုက်တာနဲ့ ကွန်ပျူတာမှာ ငွေဘယ်လောက် ထုတ်ချင်သလဲ ဆိုတဲ့ စာတန်းပေါ်လာရော၊ လိုချင်တဲ့ငွေကို နှိပ်လိုက်၊ ဘာတန် လိုချင်လည်းဆိုတာပါ ပြောလို့ရတယ်၊ ငွေနဲ့အတူ လက်ကျန်ငွေစာရင်းပါ ထွက်ကျလာတယ် ဆိုပဲကွ၊ အမယ် ငွေထုတ်တာချည်းပဲ များနေပြီ ငွေပြန်သွင်းတာ နည်းနေရင် လူကြီးမင်း အသုံးအစွဲလျှော့ပါ ဆိုတဲ့ အကြံပေးစာတောင် ပါလာသေးသတဲ့"

"တကယ်တော့ ဖေဖေရာ ကွန်ပျူတာဆိုတာ လူတွေ ဘယ်လောက် အဖျင်းထူတယ်ဆိုတာကို အပီပြင်ဆုံး သက်သေပြလိုက်တဲ့ နည်းတစ်ခုပဲလို့ ကျွန်တော် ထင်တယ်"

"ဟေ... ဘယ်လိုကွ"

"လူတွေဟာ နေရာတကာတိုင်းမှာ ကွန်ပျူတာကို အစား... ကြဲစည်လာကြတယ်လေ၊ လူတွေလုပ်ရင် လနဲ့ချီကြာမယ့် ကိစ္စကို ကွန်ပျူတာက စက္ကန့်ပိုင်းအတွင်း လုပ်ပေးနိုင်တာတို့၊ လူတွေလုပ်ဖို့ ခက်တဲ့ကိစ္စကို ကွန်ပျူတာက ကိုယ်စားလုပ်ပေးတာတို့ကတော့ ကောင်းပါတယ်။ ဒါပေမဲ့ လူတွေက နည်းနည်းတော့ တရားလွန်လာတယ်။ သာမန် လွယ်လွယ်ကူကူ ကိုယ့်ဘာသာသာ လုပ်လို့ရတဲ့ ဟာတွေတောင် ကွန်ပျူတာကိုပဲ ခိုင်းချင်လာကြတယ်၊ တံခါးဖွင့်တာမျိုး မီးခလုတ်ဖွင့်တာမျိုးပေါ့"

"မပူပါနဲ့ကွာ၊ အစားအသောက်စားတာတော့ ကွန်ပျူတာကို စက်ခိုင်းမှာ မဟုတ်ပါဘူး။ ကိုယ့်ပါးစပ်နဲ့ ကိုယ်စားကြမှာပါ၊ အေးကွာ ... လည်း တစ်ခါတစ်ခါ စဉ်းစားမိ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူတွေက ကွန်ပျူတာကို သိပ်အားကိုးလာရင် လူရဲ့ ပင်ကိုအရည်အချင်းတွေ ပျောက်ပါးလာမလားလို့။ တကယ်လို့ ကွန်ပျူတာပျက်သွားရင် ဘာမှ မလုပ်တတ်တော့ဘဲ လက်မှိုင်ချနေရမယ့် ကိန်းဆိုက်လာမှာ ကြောက်ရတယ်"

"အစစ်ပဲ ဖေဖေ၊ ကွန်ပျူတာကြောင့် ကသီကအောက်ဖြစ်ရတာတွေ ကျွန်တော်ကြားဖူးတယ်။ မြို့တစ်မြို့မှာ လျှပ်စစ်မီတာမှတ်တာ၊ ငွေတောင်းခံလွှာပို့တာတွေကိုပါ ကွန်ပျူတာကပဲ လုပ်တယ်၊ လူတစ်ယောက်က ခရီးရှည်ထွက်သွားလို့ တစ်လလုံးလုံး သူ့အခန်းမှာ လျှပ်စစ်ဓာတ်အား မသုံးခဲ့ဘူး။ ဒါပေမဲ့ လကုန်ကျတော့ ကွန်ပျူတာစနစ်နဲ့ ပို့တဲ့ ငွေတောင်းခံလွှာရောက်လာတယ်၊ သုည ဒသမ သုည သုည ဒေါ်လာ ကျတယ်တဲ့၊ အဲဒီလူကလည်း တစ်ပြားမှ မကျဘဲ ငွေတောင်းခံလွှာပို့တာဆိုတော့ ငွေမသွင်းဘူးပေါ့၊ ဒါပေမဲ့ နောက်တစ်စောင် ထပ်ရောက်လာပြန်ရော၊ သူကလည်း ဒီအတိုင်း နေလိုက်ပြန်ရော၊ နောက်တော့ ငွေမသွင်းရင် လျှပ်စစ်ဓာတ်အား ဖြတ်မယ်ဆိုတဲ့ သတိပေးစာ ရောက်လာတယ်၊ ဒါနဲ့ သူက စိတ်ပေါက်ပေါက်ရှိပြီး သုညဒသမ သုညသုည ဒေါ်လာတန် ချက်လက်မှတ်တစ်စောင် ရေးပြီး စာတိုက်က ပို့လိုက်တော့မှ ငွေကို ကျေးဇူးတင်စွာ ရရှိကြောင်းနဲ့ နောက်နောင် အချိန်မီ ငွေပေးသွင်းပါဆိုတဲ့ စာပါတဲ့ ပြေစာတစ်စောင် ရောက်လာတယ်တဲ့"

ဦးလှကိုက ပြုံးသည်။

"အေးကွ၊ ငါလည်း ကြားဖူးတာရှိတယ်၊ ကွန်ပျူတာစက်တစ်လုံးထဲကို လူတစ်ယောက်အတွက် စာစ်နေ့တာ လိုအပ်မယ့် အာဟာရဓာတ်တွေစာရင်းကို ထည့်လိုက်ပြီးတော့ အသင့်လျော်ဆုံး အစားအစာတစ်ခု ကျွေးပေးပါလို့ ခိုင်းတော့ ကွန်ပျူတာက အဖြေဘယ်လိုထုတ်ပေးတယ် ထင်သလဲ၊ ရှာလကာရည် ငါးဂါလံသောက်ပါတဲ့ကွ"

"တကယ်လို့များ ကွန်ပျူတာကို တရားသူကြီး ခန့်ပြီး တရားစစ်ဆေးခိုင်းရင် ဘယ်လိုနေမလဲလို့ ကျွန်တော် စဉ်းစားကြည့်ဖူးတယ်"

"ဟာ အကုန် ဒုက္ခရောက်ကုန်မှာပေါ့၊ တရားသူကြီးဆိုတာ ဥပဒေအချက်အလက်ဒါစ်ခုတည်းကို အားကိုးလို့ရတာမှ မဟုတ်ဘဲ၊ ကွန်ပျူတာကတော့ ဥပဒေ ရှုထောင့်ကပဲကြည့်ပြီး တွက်ချက်ဆုံးဖြတ်မှာပဲ၊ လူမှုရေးရှုထောင့်ကို စဉ်းစားမှာမဟုတ်ဘူး။ အဲဒီမှာ ဟော့ကောင်၊ မင်းက ကွန်ပျူတာသင်တန်းလည်း တက်နေသေးတယ်။ ကွန်ပျူတာကိုလည်း ဝေဖန်သေးတယ်။ ဘယ်လိုလဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဖေဖေ၊ ကွန်ပျူတာဟာ ဘယ်လောက် အသုံးဝင်ပြီး အကျိုးဖြစ်တယ်ဆိုတာကိုရော လူရဲ့ ပင်ကိုအရည်အချင်းကို ဘယ်လောက်ထိခိုက်လျော့ပါးစေတယ်ဆိုတာကိုရော အကျိုးအပြစ် နှစ်ခုစလုံးကို လေ့လာဖို့ ဒီသင်တန်းကို တက်ကြည့်တာပါ"

"အေး ကောင်းတယ်၊ ပညာရပ်တစ်ခုလုံးကို ဘက်စုံက ကြည့်မြင်သုံးသပ်တာကို ငါလည်း သဘောကျတယ်"

သူတို့သားအဖနှစ်ယောက်အဖို့ ရှားရှားပါးပါး သဘောတူညီမှုရှိသော ကိစ္စတခုပင် ဖြစ်၏။ ညီကို့အနေဖြင့် အပြောင်အပျက် မပါဘဲ တည်တည်တံ့တံ့ပြောသည့်အတွက်လည်း ဦးလှကို စိတ်ထဲမှာ ဒီကောင် ထင်သလောက်တော့ မပေါပါဘူးဟု ကြိတ်၍ မှတ်ချက်ချလိုက်မိ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

"ဝင်ကြေးပေးရတာချင်းတူတူ ပန်းခြံတွေ သွားရတာထက် တိရစ္ဆာန်ရုံကို လာရတာက ပိုတန်တယ်"

ဟု ဝင်ပေါက်ဒလက်ကို တိုးထွက်လာပြီးနောက် ညီကိုက ပြောသည်။

"နီရောင် စဉ်းစားကြည့်ပါလား။ ခြံထဲမှာဆို ပန်းပင်တွေနဲ့ ရေပန်းတွေပဲ ရှိတယ်။ တိရစ္ဆာန်ရုံကျတော့ အကောင်မျိုးစုံလည်း ကြည့်ရတယ်။ ပန်းပင်သစ်ပင်မျိုးစုံလည်း ရှိတော့၊ ပြီးတော့"

ဆိုပြီး နီနီရောင်ကို ပြုံး၍ ကြည့်သည်။

"ဘာဖြစ်လဲ၊ ပြီးတော့"

"လူတွေ မမြင်အောင် ကွယ်ပြီး ထိုင်လို့ရတဲ့ နေရာတွေလည်း အများကြီး"

"ဟင့်အင်း၊ မထိုင်ချင်ပါဘူး"

"မထိုင်တော့ ဘယ်လိုလုပ်မလဲ၊ ဒီလိုပဲ လျှောက်သွားနေမလား"

"တိရစ္ဆာန်တွေ လျှောက်ကြည့်နေမှာပေါ့"

"ဪ ကိုက နီရောင့်ကို ကလေးတစ်ယောက်လို တိရစ္ဆာန်တွေ လိုက်ပြရမယ်ပေါ့၊ ဟုတ်လား"

"အင်းပေါ့၊ တိရစ္ဆာန်တွေ လျှောက်အစာကျွေးကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ဆင်ကိုလည်း ကြံကျွေး၊ ခင့်ကိုလည်း အမြန်မွေး ဆိုတာလို ပေါ့"

"ရပါလိမ့်မယ်၊ အားကြီး"

ညီကိုက ရယ်လိုက်သည်။ ထို့နောက် နီနီရောင့်လက်ကို ဆွဲလိုက်၏။

"ဟင်...ဘာလုပ်တာလဲ"

"ဩော် ကလေးပျောက်မှာစိုးလို့ လက်ဆွဲထားတာပါ"

နီနီရောင်က လက်ကို အသာရုန်းသည်။ ညီကိုက လျှော့ပေးပြီး လက်သန်းချင်း ချိတ်မိအောင် အနေအထား ပြင်လိုက်၏။

"ဟိုးမှာ သမင်လေးတွေ တွေ့လား"

ကလေးတစ်ယောက်ကို ပြသလို ပြသည်။ နီနီရောင်ကလည်း ဟာ... ဟုတ်ပါရဲ့ လုလိုက်တာဆိုပြီး လိုက်ကြည့်၏။ ပြောင်၊ နွားနောက် စသည်တို့ကိုလည်း ထိုအတိုင်း ပင် ပြသည်။ တစ်နေရာရောက်ပေ ၃...

"အဲဒါ ပီကင်းဘဲ ဆိုတာပေ့ါ အကောင်ကြီးတွေက အရမ်းကြီးတာပဲ"

ဟု ဆိုပြီး ငှက်ကုလားအုတ်ကြီးတွေကို ပြသည်။ ရေကန်ကြီးနားရောက်တော့ နီနီရောင်က ငှက်ကြီးဝံပိုများကို လက်ညှိုးထိုးပြီး။

"ဗျိုင်းကြီးတွေကလည်း ကြီးတာပဲနော်"

ဟု ညီကို့ကို ပြန်နောက်သည်။

စားသောက်ဆိုင်ဝင်၍ ရွှေတောင်ခေါက်ဆွဲစားသည်။ အအေးသောက်သည်။ ပြီးတော့ မျောက်တွေချည်း စုထားသည့် လှောင်အိမ်တွေဘက် ရောက်သွားပြန်သည်။

"ဒါ ကို့အမျိုးတွေပေ့ါ၊ ရောက်တုန်းရောက်ခိုက် နှုတ်ဆက်ရင်း ကျွေးမွေးလိုက် ဦးမှပဲ"

ညီကိုက ပြောပြီး ငှက်ပျော်သီးတစ်ဖီး ဝယ်၍ မျောက်တွေကို ဝေပေးသည်။ နီနီရောင်က မျောက်အသေးလေးကို ဦးစားပေးပြီး ကျွေးဖို့ ပြောသည်။

"တကယ်ဆိုတော့ မျောက်တွေကသာ ကို့ကို ပြန်ကျွေးရမှာနော်၊ ကိုက ညီ့ သည်ပဲဟာ"

ဟု နီနီရောင်က ပြောသည်။ ညီကိုက...

"ဟို မျောက်ကြီးကတော့ နီရောင့်အမျိုးဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု မျောက်ဖင်နီကြီးကို လက်ညှိုးထိုးပြသည်။ နီနီရောင်က ဆွဲဆိတ်သည်။

"ဟုတ်တယ်လေ၊ နာမည်ချင်းလည်း ဆင်တယ်၊ ဒီက နီနီရောင် ဟိုက မျောက်ဖင်နီ"

"အဲဒါ သူ့ဘကြီး"

"ဘကြီး မဟုတ်ပါဘူး ယောက်ဖပါ၊ သူက နီရောင့်အစ်ကိုလေ"

နောက်ရင်းပြောင်ရင်း ဟိုဟိုသည်သည် ကြည့်ရင်း ဆင်ရုံနား ရောက်လာသည်။

"ဆင်တွေကို ကြံကျွေးရအောင်နော်"

ညီကိုက ပြော၏။ နီနီရောင်က ပြုံးသည်။ ကြံချောင်းကလေးတွေ ဝယ်ပြီး ဆင်တွေဆီ ပစ်ကျွေးသည်။ ပြီးတော့...

"လာ နီရောင်၊ ဟိုဘက်သွားရအောင်"

ဆင်ရုံရှိရာ ကုန်း၏ တစ်ဘက်ခြမ်းသို့ ညီကိုက ဦးဆောင်ပြီး ခေါ်သွားသည်။

"ဟင် ဘာမှ ကြည့်စရာမရှိဘဲနဲ့"

"ရှိပါတယ်၊ ပုတ်သင်ညိုတို့ စာကလေးတို့ ရှိတယ်လေ"

"အဲဒီဘက် မသွားချင်ဘူး"

"လာပါ နီရောင်ရယ်၊ လျှောက်သွားနေရတာ မညောင်းဘူးလား၊ အေးအေး ဆေးဆေး ထိုင်ကြရအောင်ပါ"

"ထိုင်စရာနေရာ ရှားလို့"

ညီကိုက ဘာမှ မပြောတော့ဘဲ၊ အင်ကြင်းပင်ကြီးအောက်မှာ ရပ်လိုက်သည်။ ထိုနေရာမှာ အတွဲတွေ ထိုင်နေကျဖြစ်ပုံရ၏။ ခင်းထိုင်သွားကြသော သတင်းစာစက္ကူ တွေ၊ ငုံးကရက်တိုတွေ၊ အချဉ်ထုပ် ပလတ်စတစ်အိတ်ခွံတွေ တွေ့ရသည်။ ညီကိုက သတင်းစာစက္ကူနှစ်ရွက်ကို နေသားကျအောင် ပြင်လိုက်ပြီး။

"ထိုင်လေ နီရောင်"

နီနီရောင်၏ ပခုံးကိုကိုင်၍ ထိုင်ခိုင်းသည်။ နီနီရောင်က ခပ်ဖြည်းဖြည်းထိုင်ချ၏။ ဘေးမှာ ညီကို ဝင်ထိုင်သည်။

"ဆင်ကိုတော့ ကြံကျွေးပြီးပြီနော်"

ဟု ပြောသည်။ နီနီရောင်က မျက်စောင်းတစ်ချက်ထိုး၏။ နီနီရောင်သည်

www.burmeseclassic.com

www.burmeseclassic.com



မရောက်ဘူးသော နေရာစိမ်းတစ်ခုမှာ မနေဘူးသောပုံစံဖြင့် နေနေသူတစ်ယောက် ထုံးစံအတိုင်း ပတ်ဝန်းကျင်ကို လျှောက်ကြည့်နေသည်။

ခပ်လှမ်းလှမ်းရှိ စိန်ပန်းပင်ပေါက်ကလေး၏ ပင်စည်မှာ ပုတ်သင်ညိုတစ်ကောင် ကပ်နေသည်။ ပင်စည်ကိုပတ်ပြီး တက်လာနေသော ပုရွက်ဆိတ်များကို လျှာနှင့် တို့တို့ပြီး ဖမ်းစားနေ၏။ လိပ်ပြာတစ်ကောင် အကိုင်းဖျားမှာ လာနားသည်။ ပုတ်သင်ညိုက လိပ်ပြာကို မြင်ပြီး ခုန်အုပ်ဖမ်းယူရန် ခြေထောက်ကို ကြွလိုက်၏။ ထိုစဉ်မှာပင် လိပ်ပြာပျံထွက်သွားသည်။ ပုတ်သင်ညိုလည်း မူလအတိုင်း ပြန်နေပြီး ပုရွက်ဆိတ်များကိုသာ အာရုံစိုက်နေ၏။

နီနီရောင် သည်ဘက်လှည့်ကြည့်သောအခါ သူ့ကို ငေးစိုက်ကြည့်နေသော ညီကိုအား တွေ့လိုက်ရသည်။

"ဘာကြည့်တာလဲ"

ညီကိုက ပြုံးသည်။

"သိပ်သာယာလှပတဲ့ ရှုခင်းတစ်ခုကို ကြည့်နေရသလိုပဲ နီရောင်ရယ်၊ ရှုခင်းတစ်ခုက လှပလွန်းလို့ စိတ်အာရုံကို ဖမ်းစားထားတဲ့အခါ အဲဒီနေရာက မခွာနိုင်ဘဲ တစ်ချိန်လုံး ငေးကြည့်နေချင်တတ်တယ် မဟုတ်လား"

နီနီရောင်က ရယ်မိသည်။

"ဟော ရှုခင်းဆိုတာ မရယ်ရဘူး။ ဩော် ဟုတ်ပြီ ဟုတ်ပြီ၊ လေတိုက်လို့ သစ်ပင်လေးတွေ လှုပ်ယမ်းသွားတာ၊ ကန်ရေပြင် လှုပ်ရှားသွားတာလို့ပေါ့နော်"

"သူက စိတ်ကူးယဉ်တတ်သားပဲ"

"စိတ်ကူးကတော့ လူကိုင်း ယဉ်တတ်တာပါပဲ၊ လူမပြောနဲ့ တိရစ္ဆာန်တွေတောင် စိတ်ကူးယဉ်တတ်တယ်၊ တစ်ခါတလေ ခွေးတွေဟာ ထင်းချောင်းကြီးကို အမဲရိုးလို့ စိတ်ကူးပြီး ကိုက်ဖွဲ့နေတတ်တာ မတွေ့ဖူးဘူးလား"

"သူ့မို့လို့ ကတ်ကတ်သပ်သပ် တွေးတတ်တယ်"

"ဒါနဲ့ ကိုယ်မေးရဦးမယ်၊ နီရောင့်ကို ကြည့်ရတာ ရှုခင်းတစ်ခုကို ကြည့်ရသလိုပဲလို့ ကိုယ်က ပြောတယ်၊ ကိုယ့်ကို ကြည့်ရတာကော ဘာနဲ့တူသလဲ ပြောစမ်းပါဦး"

"ဒါတော့ မပြောတတ်ဘူး"

"ကို သိတယ်၊ ကို့ကို ကြည့်ရတာ မျောက်ရှူးကို ကြည့်ရသလိုနေမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အို ပေါက်ပေါက်ရှာရှာ"

"ဟုတ်တယ်၊ ငယ်ငယ်က တိရစ္ဆာန်ရုံထဲ လာလို့ တခြား ဘယ်လောက်ထူးဆန်းတဲ့ အကောင်ပဲတွေ့တွေ့ မျောက်ရှာကို ရောက်ပြီဆိုရင် ကျန်တာ အကုန်မေ့ပြီး အဲဒီနေရာက မခွာနိုင်တော့ဘူး မဟုတ်လား"

"ကိုဟာ သူ့ကိုယ်သူ ဘယ်တော့မှ အကောင်း မပြောဘူး"

"လူဆိုတာ ကိုယ့်အခြေအနေမှန်ကို ကိုယ်သိရတယ် နီရောင်ရဲ့၊ ကိုယ်က အသုံးမကျဘဲနဲ့ ထင်တစ်လုံးနဲ့ လေကျယ်နေတဲ့လူဟာ သောက်ပေါပဲ၊ စကားပုံတစ်ခုရှိတယ်လေ၊ ဝတ်ကောင်းစားလှ ဝတ်ထားရုံနဲ့ မျောက်တစ်ကောင်ဟာ လူဖြစ်မလာနိုင်ပါဘူးတဲ့"

ညီကိုသည် အဓိပ္ပာယ်တည်လိုလို နောက်တတ်သည်။ စကားကောင်းပြောနေရင်း ပေါက်ကရ လျှောက်လုပ်ပစ်တတ်သည်။ အရွှန်းအပြက်တွေကြားထဲက လေးနက်သော စကားတွေ ထွက်ချင်ထွက်လာတတ်သည်။ နီနီရောင်ကလည်း ဒါကိုပဲ သဘောကျနေမိသလား မသိ။

ညီကို၏ လက်တစ်ဘက်က နီနီရောင့် ပခုံးပေါ် ရောက်လာ၏။ သည်နေရာမှာ ထိုင်လျှင် ဒါလောက်တော့ လာမည်ဆိုတာ နီနီရောင် သိပြီးသား။ မလွဲမသွေ နောက်တစ်ဆင့်တက်မည်ဆိုတာကိုလည်း...

"နီရောင်"

"ဘာလဲ"

"ဘာလဲဆိုတဲ့ စကားလုံးဟာ တစ်ခါတစ်ခါ မေးခွန်းဖြစ်နိုင်သလို တစ်ခါတစ်ခါကျတော့ အဖြေဖြစ်တတ်တယ်၊ ကို နီရောင့်ကို မွှေးပါရစေနော်"

နီနီရောင်က ခေါင်းကို ခပ်ဖြည်းဖြည်း ခါသည်။ ခေါင်းခါပုံနှင့် မတူဘဲ အငြိမ့်မင်းသမီးလေး တစ်ယောက် ဦးခေါင်းကို လှုပ်ယမ်း၍ ကနေသည်နှင့် တူနေ၏။ နီနီရောင့် ပခုံးပေါ်မှ ညီကို့လက်သည် ပို၍ တင်းကြပ်သွားသည်။

"ဟိုမှာကြည့်စမ်း နီရောင်"

နီနီရောင်က ညီကို ညွှန်ပြရာသို့ မော့ကြည့်လိုက်သည်။ စိန်ပန်းပင်ပေါ်မှ ပုတ်သင်ညိုက ဆတ်ခနဲ၊ ဆတ်ခနဲ ခေါင်းညိတ်နေ၏။

"တွေ့လား၊ ပုတ်သင်ညိုလေးက နီရောင့်ကိုယ်စား ခေါင်းညိတ်ပြနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သွား"

"သွား မဟုတ်ပါဘူး နီရောင်ရယ်၊ နှုတ်ခမ်းပါ"

ပုတ်သင်ညိုသည် သူမြင်လိုက်ရသည့် မြင်ကွင်းကြောင့် မှင်တက်မိသွားဟန်ဘူသည်။ သတိလက်လွှတ်ဖြစ်ပြီး ခြေလက်များ၏ ကုပ်တွယ်မှု မမြဲတော့ဘဲ၊ မြေပြင်ခပါသို့ ဖုတ်ခနဲ ပြုတ်ကျလာ၏။ ခဏမျှ ကြောင်တောင်တောင် ဖြစ်နေပြီးနောက် ခလျှာခနဲ ပြေးထွက်သွားသည်။

***

နီနီရောင်သည် တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရသဖြင့် ညီကိုယ်လက်များကြားမှ ရုန်းထွက်လိုက်သည်။ မျက်နှာထားကလည်း ချက်ချင်း တင်းမာလာသည်။ ညီ၏ အံ့အားသင့်နေတုန်း သူထရပ်သည်။ ညီကိုက မော့ကြည့်ပြီး...

"ဘာဖြစ်လို့လဲဟင် နီရောင်"

"ဘာမှမဖြစ်ဘူး၊ သွားမယ်"

ပြောပြောဆိုဆို လှည့်ထွက်သွားသည်။ ညီကို ကမန်းကတန်း ထပြီးလိုက်ရသည်။ ဘေးချင်းယှဉ်မိတော့...

"ဘယ်လိုဖြစ်တာလဲ နီရောင်၊ ကို ဘာလုပ်လို့လဲ"

နီနီရောင်က ဘာမှ ပြန်မပြောဘဲ လျှောက်မြဲသာလျှောက်သည်။

"ကို ဘာများ လွန်လွန်ကျူးကျူး လုပ်မိလို့လဲ"

နီနီရောင်က အဖြေမပေး။

"နီရောင်ရယ် ချစ်သူတွေ ဖြစ်နေကြပြီပဲ၊ နမ်းတာလေးလောက်တော့ ခွင့်ပြုသင့်ပါတယ်။ ဒါလောက်နဲ့ စိတ်ဆိုးဖို့ မကောင်းပါဘူး"

နီရောင်သည် ဘာမှ ပြန်မပြောတော့။

"နီရောင် မကြိုက်ဘူးဆိုရင် နောက်ကို ဒါမျိုး လုံးဝမလုပ်တော့ပါဘူး၊ဟုတ်လား"

ထူးခြားမှု မရှိ။ ဘယ်လိုတောင်းပန်လို့မှ မရတော့။ တိရစ္ဆာန်ရုံက ထွက်ပြီး ကားမှတ်တိုင်ဆီ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပဲ့ပါသွားတာမှ မဟုတ်ပဲကွာ၊ ဩော် နှုတ်ခမ်းနီတွေ ပျက်ကုန်လို့ နှမြောလို့ သား၊ ကို အစားလျော်ပေးပါ့မယ်"

စသည်ဖြင့် နောက်ကြည့်သော်လည်း အချည်းနှီးပင်။ ညီကိုလည်း ခေတ်တော် အစဉ်းစားရကြပ်နေ၏။ နီနီရောင် ခုဖြစ်နေပုံမှာ ဟိုတစ်ခါ ချိန်းထားချိန်ထက် နောက်ကျပြီး ရောက်တုန်းကထက် အခြေအနေ ဆိုးသည်။ နီနီရောင်သည် သိပ်အရှက် အကြောက်ကြီးပြီး ရှေးရိုးဆန်လွန်းသော မိန်းကလေးတစ်ယောက်လည်း မဟုတ်။ နမ်းတာလောက်တော့ ခုကာလမှာ သမီးရည်းစားတွေအဖို့ သိပ်ကြီး ရှက်နေစရာ မဟုတ်တော့။ ရှေးရှေးတုန်းကတောင်မှ ဒါမျိုးက သဘာဝတရားပဲ။ ဟိုအရင်က နှုတ်ခမ်းကိုတော့ နမ်းချင်မှနမ်းမည်။ ခုလောက်ထိ ဖြစ်သွားရတာကတော့ နားမလည် နိုင်စရာပင်။ နမ်းတာ မကြိုက်လျှင် မကြိုက်ဘူး ပြောရုံသာ။ ပြီးတော့လည်း စပြီး နမ်းလိုက်စဉ်တုန်းက ရုန်းဖယ်ခြင်း မပြုခဲ့။ နောက်မှ ရုတ်တရက် ဆောင့်တွန်းပြီး ထွက်သွားတာ။

ဟီးနိုးဘတ်စ်ကားတစ်စီး ဆိုက်လာသည်။ နီနီရောင် ကားပေါ်တက်သဖြင့် ညီကိုလည်း လိုက်တက်သည်။ သည်နေ့ကျကာမှ ကားပေါ်မှာ နှစ်ယောက်တွဲထိုင်ခုံ တွေ လွတ်နေ၏။ နီနီရောင်က တစ်နေရာစာသာ လွတ်သောခုံ ရှိမလား ကြည့်သေး သည်။ ညီကိုက နှစ်ယောက်တွဲခုံတစ်ခုမှာ ဝင်ထိုင်ပြီး လာထိုင်လေဟု ဆို၍ နီနီရောင့် လက်ကိုဆွဲ၍ ထိုင်ခိုင်းသည်။ ကားကလည်း ဆောင့်ထွက်လိုက်သဖြင့် နီနီရောင် ထိုင်လျက်သား အံကျဖြစ်သွား၏။

"အဆင်ပြေနေတဲ့ နေ့တွေတုန်းကတော့ ကားက ကြပ်လိုက်တာ၊ ခုလို တစ် ယောက်က စကားတစ်ခွန်းမှ မပြောတဲ့အခါကတော့မှ တွဲလျက်တောင် ထိုင်လိုက်ရ သေး၊ ကောင်းကွာ၊ အမြီးအမောက်မတည့်တဲ့နေရာမှာတော့ လောကကြီးကို ဘယ်သူ မှ မမီဘူး"

ညီကိုက ဇာတ်ခုံပေါ်မှာ မင်းသားတွေ တစ်ယောက်တည်း ပြောသည့် လေသံ ဖြင့် ပြော၏။ စိတ်ထဲကတော့ နည်းနည်းစိုးရိမ်လာသည်။ နီနီရောင်သည် စိတ်တိုးလာ လျှင် တစ်ခါတည်း ကိစ္စတုန်းလုပ်တတ်သူမျိုး ဖြစ်နေမလား။ ဒါဆိုရင်တော့ သွားပြီ။ သူ့ကို လက်လွှတ်လိုက်ရပြီ ထင်တယ်ဟု စဉ်းစားရင်း နီနီရောင့်ဘက် လှည့်ကြည့် သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုက်၊ စိတ်ဆိုးပြီး မျက်နှာကြီးတင်းထားတော့မှ ပိုတောင်လှနေပါပကောလား။ မဖြစ်ဘူး။ သူနဲ့လွဲလို့ မဖြစ်ဘူး။ မရရအောင် ချော့မှ။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ချော့မှဟု တွေးမိတွေးရာ တွေးနေသည်။

မိုးရွာလာသည်။ ညီကိုက အရင်ထိုင်သူဖြစ်သဖြင့် ပြတင်းပေါက်ဘက်အခြမ်းမှာ ရောက်နေသည်။ မိုးက သိပ်အသည်းကြီး မဟုတ်။ လေကလည်း ကားအရှိန်နှင့် နောက်ဘက်ကို တိုးဝင်သောကြောင့် ညီကိုအား မိုးစက် သိပ်မမှန်။ သို့တိုင်အောင် ညီကိုက လက်ကို ပြတင်းပေါက်ဘောင်ပေါ် တမင်တင်ထားလိုက်သည်။ ပြတင်းမှန်ကိုလည်း တမင်ဆွဲမပိတ်ဘဲ ထားလိုက်သည်။ သူ မိုးစိုနေတာကို နီနီရောင် မကြည့်ရက်တော့ဘဲ တံခါးပိတ်လိုက်ဦးလေလို့များ ပြောလာမလားဟု ကြံမိခြင်းဖြစ်၏။

"ရှေ့က တံခါး ပိတ်လိုက်စမ်းပါ"

ညီကို၏ ပခုံးကို တို့ပြီး ပြောသည်။ နီနီရောင်က ပြောခြင်း မဟုတ်။ နောက်ခုံတန်းမှ ပြောလိုက်ခြင်းဖြစ်၏။ ညီကိုက လှည့်ကြည့်သည်။ အသက်လေးဆယ်ကျော်လောက် လူတစ်ယောက်၊ ကိုယ်လုံး တုတ်တုတ်ခိုင်ခိုင်နှင့် ရုပ်ရှင်တွေထဲက လူမိုက်ခေါင်းဆောင်ပုံစံမျိုး။

"ဘာလဲ"

ဟု ညီကိုက ပြန်မေးသည်။

"ဘာဖြစ်ရမလဲ၊ ဒီမှာ မိုးပက်နေတာ၊ မတွေ့ဘူးလား"

ညီကို၏ ဘေးပြတင်းပေါက်မှ ဝင်လာသော မိုးစက်များသည် ကားသွားနေသည့် အရှိန်ကြောင့် လေနှင့်ပါပြီး ထိုလူကြီးကို သွားမှန်နေခြင်းဖြစ်၏။ ညီကို့အနေဖြင့် ဆောရီးပဲဆိုပြီး မှန်တံခါး ဆွဲပိတ်လိုက်ရုံသာ ဖြစ်၏။ သို့ရာတွင် ထိုသူပြောပုံ နည်းနည်းရင့်သည်။ အမိန့်ပေးသည့် ပုံစံမျိုး ဖြစ်နေသည်။ နောက်ပြီး ညီကို တစ်ခုလည်း စိတ်ကူးရသွားသဖြင့်...

"ခင်ဗျားတေးက ပြတင်းပေါက် ပိတ်ထားပြီးပြီ မဟုတ်လား၊ ကျွန်တော့် ပြတင်းပေါက်နဲ့ ဘာဆိုင်လို့လဲ"

"ဟေ့ကောင်၊ လူလိုပြောနေတာကွ"

"ခင်ဗျားဘာသာ လူလိုပဲ ပြောပြော၊ မျောက်လိုပဲ ပြောပြော ကျုပ်ဘေးက ပြတင်းပေါက် ကျုပ်နဲ့ ဆိုင်တယ်၊ ကျုပ် ပိတ်ချင်မှ ပိတ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ"

ညီကိုသည် ပြောသာ ပြောနေရသော်လည်း ကျောကတော့ ယားကျိကျိ ဖြစ်နေပြီ၊ ကားပေါ်က တခြားလူတွေလည်း ဝိုင်းကြည့်နေပြီ။ ဝင်ရောက်ဖျန်ဖြေပေးမည့်သူလည်း မရှိ။ နီနီရောင်ကလည်း တော်ပါတော့၊ သူက သိပ်ခက်နေတာပဲ စသည်ဖြင့် ဝင်ရောက်တားမြစ်လိမ့်မည်ဟု ထင်ခဲ့သော်လည်း တုတ်တုတ်မျှ မလှုပ်။ သည်အတိုင်းဆို ခက်ပြီ။ ညီကို့အနေဖြင့် ခုချိန်ကျမှ ပြန်လျှော့ဖို့ကလည်း မလွယ်တော့။ သိက္ခာကျတော့မည်။ သူက ရှေ့ခုံမှာ ထိုင်နေရသဖြင့် ဟိုလူကြီးကို ကျောပေးထားပြီး ဦးခေါင်းကိုသာ လှည့်၍ ပြောနေရခြင်း ဖြစ်၏။ တကယ်လို့များ ဟိုလူကြီးက ခုနေခါ စိတ်မထိန်းနိုင်ဘဲ နောက်စေ့ကို ပိတ်ထိုးလိုက်လို့ကတော့ တစ်ချက်တည်း မေ့သွားနိုင်သည်။ ပုံစံကြည့်ရတာ လက်သီးဆုပ် တစ်လုံး တစ်လုံးက ထန်းသီးလောက်တောင် ရှိနိုင်သည်။

ထိုစဉ်မှာပင် နောက်ဘက်မှ ရိုပ်ခနဲ မြင်လိုက်ရသဖြင့် ညီကို ဇက်ကို ပုပြီး ခေါင်းကို ယမ်းကာ ရှောင်လိုက်သည်။ ဟိုလူကြီး၏လက်က ညီကို့ ပခုံးပေါ်မှ ကျော်ဖြတ်သွား၏။ အမှန်မှာ ညီကို့ကို လက်သီးနှင့် ထိုးလိုက်ခြင်း မဟုတ်။ နောက်မှ လူကြီးက ရှေ့ကို ကုန်းထ၍ ညီကို့ဘေးမှ ပြတင်းပေါက်ကို သူ့ဘာသာ တွန်းပိတ်ဖို့ ကြိုးစားခြင်းသာ ဖြစ်၏။ ထိုအခိုက် မထင်မှတ်သော ကိစ္စတစ်ခု ဖြစ်သွားသည်။ ဘစ်ချိန်လုံး ငြိမ်၍ ထိုင်နေသော နီနီရောင်က ထိုလူကြီး၏ လက်ကောက်ဝတ်ကို ခေါက်ထီးနှင့် ဂေါက်ခနဲ ရိုက်လိုက်ခြင်းပင် ဖြစ်၏။ တစ်ဆက်တည်းမှာပင် နီနီရောင်က မတ်တတ်ရပ်ပြီး နောက်ကို လှည့်၍...

"ဘာလဲ၊ ကလေးတွေဆိုပြီး အနိုင်ကျင့်လို့ ရမယ်များ ထင်နေသလား"

နီနီရောင် လုပ်လိုက်ပုံက တော်တော်တာသွား၏။ မိန်းကလေးဖြစ်သည့်ပြင် ကလေးတွေဆိုသော စကားလုံးကလည်း ထိရောက်သည်။ ကျန်ခရီးသည်များက ထိုသူကြီးကို အပြစ်တင်ဟန်ဖြင့် ဝိုင်းကြည့်ကြ၏။ လူကြီးမှာ ရှက်သွားသောကြောင့်လား၊ နီနီရောင့် ခေါက်ထီးကိုပဲ ကြောက်သွားလို့လား မသိ။ ဘာမှ ပြန်မပြောနိုင်တော့ဘဲ မျက်နှာကြီးသာ ရဲနေသည်။

"ထိုင်စမ်းပါ နီရောင်ရာ၊ ဂရုစိုက်မနေစမ်းပါနဲ့"

ညီကိုက ပြောပြီး နီနီရောင့်လက်ကို ဆွဲ၍ ထိုင်ခိုင်းသည်။ မိုးကလည်း စဲသွား

www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်၍ ထိုကိစ္စ ပြဿနာ ဆက်မတက်တော့။ ညီကိုက နီနီရောင်ဘက် လှည့်ပြီး ပြောဖို့ ကြိုးစားသည်။ နီနီရောင့်မျက်နှာက ပြန်ပြီး တည်နေပြန်၏။

"ကဲ နီရောင်၊ တိရစ္ဆာန်ရုံမှာတုန်းက ဘာဖြစ်ခဲ့တယ်ဆိုတာ ပြောပါဦး"

"ကိုယ့်ဘာသာ စဉ်းစားကြည့်ပါလား"

"ကိုယ်လည်း စဉ်းစားတာ ခေါင်းတွေတောင် ပူနေပြီ"

"ဒါလေးမှ မသိဘူးလား၊ ဒီလောက်ချောင်ကျတဲ့ နေရာမျိုး အတွဲတွေပဲ ထိုင်တတ်တဲ့နေရာမျိုးကို သူဘယ်လိုလုပ် အလွယ်တကူ ရှာနိုင်သလဲ၊ အရင်က ရောက်ဖူးလို့ပေါ့၊ အရင်က လာထိုင်ဖူးလို့ပေါ့"

"ပြဿနာပဲ"

"လာဖူးတယ် မဟုတ်လား"

"လာဖူးတယ်"

"ဘယ်သူနဲ့လဲ"

"တစ်ယောက်တည်းပဲ"

"မဖြစ်နိုင်တာ၊ ညာတာတော့ မကြိုက်ဘူး။ မှန်မှန်ပြော"

"အမှန်အတိုင်း ပြောတာပါ။ ဒီလိုမျိုး နီရောင်နဲ့ တိရစ္ဆာန်ရုံထဲ သွားမယ် စိတ်ကူးတော့ ဘယ်နားမှာ အေးအေးဆေးဆေး ထိုင်လို့ရမလဲ သိချင်တယ်၊ ဟိုရောက်မှ စမ်းတဝါးဝါးဖြစ်နေမှာလည်း စိုးတယ်။ ဒါနဲ့ မနေ့တုန်းက ကိုယ်တစ်ယောက်တည်း တိရစ္ဆာန်ရုံကို သွားပြီး ဘယ်နေရာထိုင်ရင် ကောင်းမလဲ လျှောက်လေ့လာကြည့်ရင်း ဘာ အဲဒီနေရာကို ရွေးထားခဲ့တာ"

"ဒီအတိုင်း အမှန်ပဲပေါ့"

"ကိုယ် ဘယ်တုန်းက ညာဖူးလို့လဲ၊ တကယ်လို့ တခြား မိန်းကလေးတစ်ယောက်ယောက်နဲ့ သွားခဲ့ဖူးတယ်ဆိုရင်တောင် အမှန်အတိုင်းပဲ ပြောမှာပါ၊ နီရောင့်ကိုတော့ ကိုယ် ဘယ်တော့မှ မညာဘူး"

နီနီရောင် ကျေနပ်သွားပုံရသည်။ ညီကိုကတော့ မကျေမနပ် ပြောလိုက်၏။

"နီရောင်ရာ စောစောစီးစီးက ပြောလိုက်ရင် ပြီးရော ခုလို ဘာမပြော၊ ညာမပြော ထထွက်လာတော့ ဘယ်လောက် နှမြောဖို့ကောင်းလဲ"

"ဘာကို နှမြောရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ ထိုင်နေရတဲ့ အချိန်ကလေးကိုပေါ့၊ တကယ်ဆို နောက်ထပ် တစ်နာရီလောက် အေးအေးထိုင်လို့ ရသေးတယ်။ ခုတော့ကွာ သိပ်နာတာပဲ"

နီနီရောင်က ပြုံးလိုက်သည်။ ညီကိုကတော့ နောက်မှာ ထိုင်နေသည့် လူကြီးပြဿနာ ဝင်လုပ်လို့ သူတို့နှစ်ယောက် ပြန်ပြေလည်မှု ရသွားတာ တွေးမိပြီး ရယ်ချင်နေသည်။

မိုးက ပြန်ရွာလာပြန်၏။ ကျေးဇူးတော့ ဆပ်လိုက်ဦးမှဟု ညီကို တွေးပြီး နောက်ကို စောင်းငဲ့ကြည့်၍...

"မုန့်တံခါး ပိတ်ပေးမယ်နော်"

ဆိုပြီး တံခါး ဆွဲပိတ်ပေးလိုက်၏။ နောက်မှ လူကြီးက...

"ဟင် ခုမှ လာလုပ်မနေပါနဲ့"

ဟု အသံသြသြကြီးနှင့် ပြောသည်။ ညီကို မိုက်ခနဲဖြစ်သွားပြီ၊ နီနီရောင့်နားကပ်၍ တိုးတိုးပြောသည်။

"အခြောက်ကြီးဟ၊ နီရောင်ရ"

* * *

တစ်နေ့လုံး မိုးရွာနေသဖြင့် သားအဖနှစ်ယောက်စလုံး အပြင်မထွက်ဘဲ၊ အိမ်ထဲမှာ ကုပ်နေကြသည်။ ညီကိုက အိပ်ရာထဲမှာတွေးရင်း မဂ္ဂဇင်းစာအုပ်တစ်အုပ်နှင့် အချိန်ဖြုန်းသည်။ ဦးလှကိုတော့ စာရေးနေ၏။ ပြီးခဲ့သော အပတ်က ထုတ်ဝေသူလူစွမ်းကောင်းတစ်ယောက်နှင့် တွေ့ခဲ့သည်။ ဦးလှကို ယခု ဘာသာပြန်နေသော ဘာအုပ်ကြီးကို ထုတ်ဝေမည်ဟု ဆိုသည်၊ ထို့ကြောင့် အားကြိုးမာန်တက် ရေးသားနေခြင်း ဖြစ်၏။

ညနေ ခြောက်နာရီလောက်ကျမှ မိုးက စဲသွားသည်။ ညီကိုလည်း တစ်နေ့လုံး အခန်းအောင်းနေရသဖြင့် အညောင်းပြေ စက်ဘီးတစ်ပတ် စီးချင်သည်။ ဗိုက်လည်း ဆာနေသည်။ သည့်လ ထမင်းချိုင့် မယူသဖြင့် အပြင်ထွက်ပြီး စားရမည်။

အဖေ့ကို ဘာမှ မပြောဘဲ အသာလစ်ထွက်မည်ဟု စိတ်ကူးသည်။ အသိပေးလိုက်လျှင် အဖေက သူနှင့်တူတူ ထွက်စားဖို့ ပြောချင်ပြောမည်။ အလုပ်မပြီးသေးလို့

www.burmeseclassic.com



ခဏစောင့်ဦးဆိုလျှင်လည်း အူလိမ်ခံပြီး စောင့်နေရမည်။ နောက်ပြီး အဖေနှင့် တူတူစားလျှင် အဖေ စားချင်တာကို သူက လိုက်စားရမည်။ ညီကိုက စိတ်ကူးတည့်ရာစားတတ်သူ ဖြစ်၏။ ထမင်းရယ်လို့ မဟုတ်။ တစ်ခါတလေ မုန့်ဟင်းခါးနှစ်ပွဲလောက်စား၊ လက်ဖက်ရည်ဆိုင် သွားထိုင်ပြီး ပေါက်စီတစ်လုံး ထပ်စား၊ မဝသေးလျှင်မုန့်ဆာတို့၊ ပဲမုန့်တို့ စားချင်စားတတ်သည်။ သည်နေ့လည်း ကြာဆံကြော်၊ ဝက်ခေါင်းသုပ်စားပြီး ဝက်ခြေထောက်စွပ်ပြုတ်သောက်မည်။ ပြီးလျှင် လက်ဖက်ရည်ဆိုင် သွားထိုင်မည်ဟု စိတ်ကူးသည်။ အခန်းပြင်ထွက်လာသောအခါ အဖေသည် စားပွဲပေါ်မှာစာအုပ်မျိုးစုံနှင့် အလုပ်ရှုပ်နေကြောင်း တွေ့လိုက်ရသည်။ ထပ်ထားတာတွေရောဖွင့်ပြီး မှောက်ထားတာ တွေ့ရော။ အဖေတစ်ယောက် ဘာသာပြန်ရာမှာ အခက်အခဲတစ်ခုခု ဖြစ်နေကြောင်း သိသာ၏။

တချို့ စကားလုံးများမှာ သူတို့ဆီက အရပ်သုံးစကား ဖြစ်ချင်ဖြစ်မည်။ စကားပုံဥပမာ ဥပမေယျဖြစ်ချင်ဖြစ်မည်။ ဒါမျိုးက အဘိဓာန်တွေ၊ စွယ်စုံကျမ်းတွေထဲမှာမပါချေ။ ရှေ့ဝါကျ၊ နောက်ဝါကျတို့နှင့်ဖြစ်စေ၊ စာပိုဒ်တွင် ပါဝင်သော အကြောင်းအရာများနှင့်ဖြစ်စေ ညှိနှိုင်းပြီး၊ အဓိပ္ပာယ်ခန့်မှန်းယူရတာ ရှိသည်။ သည်လိုမှ မရလျှင်တော့ စာအုပ်စာတမ်းတွေ မွှေနှောက်ပြီးရှာ၊ မတွေ့လျှင် သူ့မိတ်ဆွေများ ဖြစ်ကြသောဆရာလင်းယုန်မောင်မောင်တို့၊ ဆရာမောင်ပေါ်ထွန်းတို့ဆီ ဖုန်းဆက်ပြီး မေး။ ဖုန်းဆက်လို့ မရလျှင် လူကိုယ်တိုင်သွားတွေ့ပြီး ရှာရသည်။ ထိုအခါမျိုးတွင် အဖေ တော်တော် ပင်ပန်းတာ သတိပြုမိ၏။ "ဂျာအေး သူ့အမေရိုက်" ဆိုသော စကားကို မြန်မာလူမျိုးတစ်ယောက်အဖို့ လုံးလည်ချာလည် လိုက်နေတာကို ဆိုလိုတာပဲဟု ချက်ချင်းသိနိုင်သော်လည်း နိုင်ငံခြားသားတစ်ယောက်ဆိုလျှင် ဘယ်လိုမှ နားလည်မည် မဟုတ်ပါ၊ အဘိဓာန်ထဲလည်း ရှာလို့ မရနိုင်သည့် သဘောပင်ဖြစ်၏။

ညီကိုသည် အဖေ အလုပ်ရှုပ်နေပုံကို ကြည့်၍ သနားသွားသည်။ တစ်ယော...တည်း လစ်ထွက်ဖို့ စိတ်ကူးကို စွန့်လွှတ်လိုက်ပြီး...

"ကျွန်တော် ထမင်းထွက်စားဦးမယ်၊ ဖေဖေကော မစားသေးဘူးလား"

"မစားသေးဘူးကွာ၊ ငါ နည်းနည်းအလုပ်ရှုပ်နေတယ်၊ ဒီလိုလုပ်ပါလား...လာရင် ငါ့အတွက် ထမင်းကြော် တစ်ထုပ်လောက် ဆွဲခဲ့စမ်းပါ"

ဒါဆိုလျှင်တော့ အပြင်မှာ အချိန်ဖြုန်းလို့ မဖြစ်နိုင်တော့။ လက်ဖက်...

www.burmeseclassic.com



ထိုင်ဖို့ အစီအစဉ်ကို ဖျက်ပစ်ရတော့မည်။ အဖေက တစ်ခါတစ်လေ အလုပ်ထဲစိတ်ဝင်စားနေလျှင် ထမင်းမေ့ ဟင်းမေ့ ဖြစ်ချင် ဖြစ်တတ်တာ သတိရပြီး

"ဖေဖေ ဆာပြီလား"

"ဟေ... မဆာသေးပါဘူး၊ ဘာဖြစ်လို့လဲ"

"ကျွန်တော် သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ နည်းနည်းအပြင်မှာ ကြာသွားရင် ဖြစ်မလားလို့"

"ဘယ်လောက်ကြာမှာလဲ"

"တစ်နာရီလောက်ပါ"

"ရတယ်၊ ရှစ်နာရီလောက် ပြန်ရောက်ရင် ဖြစ်တယ်"

စက်ဘီးနင်း ထွက်လာပြီးမှ အဖေ သူ့ကို ပထုတ်လိုက်ခြင်းဖြစ်ကြောင်း ရိပ်စားမိ၏။ အိမ်မှာ အဖြူ အမည်း ရုပ်မြင်သံကြားစက်ကလေးတစ်လုံးရှိသည်။ အဖေက သူစာရေးတဲ့ နေ့တုန်း ညီကို ရုပ်သံစက်ဖွင့်လျှင် အနှောင့်အယှက် ဖြစ်မည်စိုး၍ ရှစ်နာရီလောက်မှ ဘာလည်းရတယ်ဟု ပြောလိုက်ခြင်းပင်။ ဘာပဲဖြစ်ဖြစ် လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖို့ အချိန်ရသဖြင့် နှစ်ဖက်စလုံးအတွက် အဆင်ပြေသည်။ သူကလည်း ရုပ်မြင်သံကြားရှေ့ပိုင်းအစီအစဉ်တွေ သိပ်ကြည့်ချင်လှသည် မဟုတ်ချေ။

ကြာဇံနှစ်ပွဲ၊ ဝက်ခေါင်းသုတ်၊ ဝတ်ခြေထောက်စွပ်ပြုတ်တို့ စားသောက်ပြီးနောက် ကော်ဖီတစ်ခွက်စာလောက်သာ လက်ခံနိုင်လောက်အောင် ဗိုက်တင်းသွားသည်။ ထို့ကြောင့် လက်ဖက်ရည်ဆိုင်သို့ နင်းလာခဲ့၏။ ဆိုင်မှာ မြင့်ဦးနှင့် ဇော်ကြီးတို့ ရောက်နေကြသည်။ သူတို့ရှေ့က စားပွဲပေါ်မှာ ရွှေပြည်စိုးဆေးပေါလိပ်တစ်လိပ် ထည့်ထားသော သတ္တုပန်းကန်လေးသာရှိ၏။ ဘာမှ မှာယူစားသောက်ရခြင်း မရှိသေး။ ဆေးပေါ့လိပ်တစ်လိပ်စီဖွာရင်း ဒကာခံမည့်သူ စောင့်နေပုံရသည်။

"အတော်ပဲ လက်ဖက်ရည်တိုက်ကွာ"

ဟု မြင့်ဦးကပြောသည်။

"အေး ငါလည်း ဆိုင်မှာ တွေ့တဲ့လူကို တိုက်မယ်လို့ အမိဋ္ဌာန်နဲ့ ထွက်လာတာ"

"ဒါဆို အိုကေပေါ့"

ဇော်ကြီးက ဝမ်းသာအားရနှင့် လက်ဖက်ရည်မှာမည်အပြု ညီက

"ငါက ကော်ဖီတိုက်မယ်လို့ မိဋ္ဌာန်ထားတာနော်၊ ဘာလက်ဖက်ရည်လဲ ကော်ဖီ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့မျက်နှာ ရှုံ့မဲ့သွားသည်။ သည်ကောင်တွေက ကော်ဖီကြိုက်တတ်သူများ မဟုတ်ကြ။

"မင်းကလည်းကွာ၊ သက်သက် ရစ်မနေစမ်းပါနဲ့"

"ကုသိုလ်ယူတယ်ဆိုတာ စင်စင်ကြယ်ကြယ် ယူရတယ်ကွ၊ အလှူခံပုဂ္ဂိုလ်တို့ စိတ်ဆင်းရဲအောင် မလုပ်ကောင်းဘူး"

"ဟ လှူတာပဲကွ၊ ကိုယ်လှူချင်တာ လှူမှာပေါ့၊ ဟိုဟာမလှူရဘူး၊ ဒီဟာမှ လှူရမယ်လို့ ကန့်သတ်လို့ရမလား၊ စေတနာမရှိဘဲနဲ့ အတင်းအလှူခံရင် ငရဲကြီး တတ်တယ်"

"သူငယ်ချင်းကလဲကွာ၊ အလှူဒါနပြုတယ်ဆိုတာ သိပ်မွန်မြတ်တယ်၊ ဘုရား အလောင်း ယုန်မင်းဖြစ်စဉ်ကာလတုန်းက"

မော်ကြီးက အသံနေ အသံထားနှင့် ပြောနေစဉ် ညီကိုကဖြတ်၍

"တော်တော့ကွာ၊ အဲဒီဇာတ်တော်ကို ငါလည်းသိတယ်။ လက်ဖက်ရည်သာ မှာလိုက်တော့၊ မင်း ဆက်ပြောရင်ဆုံးမှာ မဟုတ်တော့ဘူး"

မော်ကြီးနှင့် မြင့်ဦးတို့က လက်ဖက်ရည် မှာပြီး ညီကိုက ကော်ဖီကြမ်း မှာလိုက် သည်။

"အခုပဲ မင်းအကြောင်း ပြောနေကြတာကွ"

ဟု မြင့်ဦး စကားစသည်။

"ဘာအကြောင်းလဲ"

"မင်း ကောင်မလေး သိပ်လှတယ် ဆိုတဲ့ အကြောင်းပေါ့"

"ဒါကတော့ သိပ်မထူးဆန်းပါဘူးကွာ၊ လှတဲ့လူကို လှတယ်ပြောတာ ဘာဆန်း လဲ"

ညီကိုက ခပ်ကြွားကြွား ပြောသည်။ မြင့်ဦးက မင်းကတော့ ပြောအားရှိတာ ပေါ့ဟု ဆိုပြီး

"တချို့ ကောင်တွေကျတော့ မပြေလည်လို့ စိတ်မချမ်းမြေ့စရာလေးတွေဖြစ်နေ ရတယ်ကွ"

မော်ကြီးကို ဆိုလိုကြောင်း ညီကိုသိ၏။ မော်ကြီးသည် ကောင်မလေးတစ် ယောက်ကို အသေအလဲ ကြိုက်နေသည်။ ကောင်မလေးကတော့ ချစ်စရာ ကောင်း

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့ရာတွင် ကိုယ်ခန္ဓာကတော့ ကြိုးကျစ်လို့ရအောင်ပိန်သည်။

"ပြောစမ်းပါဦး ဟော့ကောင် ဘာတွေ ဖြစ်နေလို့လဲ"

ညီကိုက မော်ကြီးကို မေးသည်။

"သူက ငါ့ကိုပိန်လို့တဲ့ကွာ"

"ဟာ သူကများ မင်းကို ပိန်တယ်လို့ ပြောရတယ်လား"

"ဒီလိုလေကွာ၊ သူကတော့ မိန်းကလေးမို့ ပိန်တာအရေးမကြီးဘူးတဲ့၊ ငါ့ကျ ခတော့ ယောကျ်ားလေးဖြစ်ပြီး ပိန်နေရင် ဘယ် ကျားကျားလျားလျား ရှိတော့မလဲတဲ့၊ ဒါဆို ဘယ်လိုလုပ် အားကိုးရမလဲတဲ့"

"ဟုတ်တော့ ဟုတ်တယ်ကွ၊ မင်းတို့နှစ်ယောက်သာ ညားလို့ကလေးမွေးရင် ကြေးနန်းကြိုးလေးတွေလို ဖြစ်နေမှာပဲ"

မြင့်ဦးက ဝင်နောက်သဖြင့် မော်ကြီးဆဲသည်။ ညီကိုက

"ဒါသက်သက် အချိန်ဆွဲနေတဲ့ နည်းဗျူဟာကို သုံးလိုက်တာပဲ၊ ပိန်တဲ့သူ တစ်ယောက်ဟာ ဝလာအောင် လုပ်လို့ရတယ်ပဲထား၊ နေ့ချင်းညချင်းတော့ ဝမလာဘူးကွ၊ အနည်းဆုံး လေးငါးခြောက်လတော့ စောင့်ရမှာပဲ၊ မင်းကို သက်သက် ပညာပြနေတာလားမသိဘူး၊ ဒီတော့ မင်းဘာလုပ်မလဲ"

"လောလောဆယ်တော့ သူပြောတဲ့အတိုင်း ဝလာအောင် ကြိုးစားရမှာပဲ"

"သဘာဝသတ္တိ အားတိုးဆေး သောက်တယ်"

"ဆေးနဲ့ချည်း မဖြစ်ဘူးကွ၊ အစားအသောက်လဲလိုတယ်၊ ငှက်ပျောသီးစား၊ ထမင်းရည်သောက်၊ အိပ်ရေးဝအောင် အိပ်ပေါ့ကွာ"

ထို့နောက် မော်ကြီးက သူ့ကောင်မလေးကို ဘယ်လောက်ထိ ချစ်ရကြောင်း၊ သူ့ကို ပြန်ချစ်လိမ့်မည်ထင်ကြောင်း၊ ခုတော့ ကောင်မလေးက အချိန်ဆွဲနေသဖြင့် စိတ်ဆင်းရဲကြောင်း ညည်းညူပြနေတာကို နားထောင်ကြရသည်။ ဘယ်လောက်ကြာ သွားလဲမသိ၊ ညီကို့နာရီက တီတီဆိုပြီး အချက်ပေးသံကြားရသဖြင့် ကြည့်လိုက်တော့ ရှစ်နာရီထိုးပြီ။

"ဟိုက် ပြဿနာပဲ၊ အဘိုးကြီး ထမင်းကြော်မှာလိုက်တယ်ကွ"

ဆိုပြီး လက်ဖက်ရည်ဖိုးရှင်း၍ အမြန်ထွက်ခဲ့သည်။ စားသောက်ဆိုင်မှာ လူကျ နေသဖြင့် ထမင်းကြော်ချက်ချင်းမရဘဲ စောင့်နေရသေးသည်။ အဖေ မဆူအောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု လောကွတ်လုပ်ဦးမှပဲဟု စဉ်းစားမိပြီး ကြွပ်ကြွပ်အိတ် အသေးတစ်လုံးဝယ်၍ ဟင်းချို ထည့်ခိုင်းလိုက်ရသည်။

* * *

စက်ဘီးကို အမြန်ဆုံး နင်းသော်လည်း အိမ်ရောက်တော့ ရှစ်နာရီခွဲပြီးနေပြီ။ အဖေဆူတော့မှာ ကျိန်းသေသလောက်ရှိ၏။ အဖေသည် တစ်နေ့လုံး အလုပ်လုပ်နေ့သဖြင့် နေလယ်ကတောင် ကော်ဖီတစ်ခွက်ပဲ ဖျော်သောက်ခဲ့သည်။ ခုလောက်ဆို အဖေ တော်တော်ဆာနေလောက်ပြီ။ အလိုလိုကမှ စိတ်တိုတတ်ရတဲ့အထဲ ဆာလျှင် ပိုဆိုးမှာ သေချာသည်။ စက်ဘီး ဘီးပေါက်လို့ဟု လိမ့်မည်ဟု စိတ်ကူး၏။

အိမ်ထဲဝင်လိုက်တော့ ရုပ်မြင်သံကြားမှ ဂြိုဟ်တုသတင်း ထိုင်ကြည့်နေသော အဖေ့ကို တွေ့ရသည်။ စောစောက စာရေးရာမှ အခက်အခဲတွေ့နေတာ အဆင်ပြေသွားပုံရသည်။

"ဖေဖေ ပူတုန်းစားလိုက်ပါလား၊ ဟင်းချိုလဲပါတယ်"

အဖေက တစ်ချက်စွေကြည့်ပြီး

"စားတာပေါ့ကွာ၊ ဒါလေး ကြည့်လိုက်ဦးမယ်"

"အဲဒီမှာပဲ စားမလား၊ ကျွန်တော် ထည့်လာခဲ့မယ်"

"ကောင်းသားပဲကွ"

တော်သေးရဲ့၊ အဘိုးကြီး စိတ်ကြည်နေလို့ဟု တွေးပြီး ထမင်းကြော်ကို ပန်းကန်ထဲထည့်၊ ဟင်းချိုပါပြင်ဆင်ပြီး ယူလာခဲ့သည်။ စားပွဲပုလေးကို အဖေ့ရှေ့ချပေးစဉ် အဖေက

"သတင်းကောင်းတယ်ကွ"

ဟု ပြောသည်။ ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့ဗ်နှင့် အမေရိကန်သမ္မတတို့၏ တို့ ဆွေးနွေးပွဲသတင်း ဖြစ်၏။ ညီကိုသည် ကုလားထိုင်တစ်လုံး ဆွဲထိုင်ပြီး ကြည့်နေလိုက်သည်။ ဂြိုဟ်တုသတင်းပြီးတော့ အဖေက...

"မဝ်း ကြည့်ဦးမလား"

ဟု မေး၏။

www.burmeseclassic.com

www.burmeseclassic.com



"မကြည့်တော့ဘူး ဖေဖေ၊ ဒီနေ့ကား သိပ်မကောင်းဘူး"

"ဒါဆိုလည်း ပိတ်လိုက်တော့ကွာ"

အဖေက ထမင်းကြော်ပွဲကို လက်စသတ်လိုက်သည်။ ညီကိုက ဖားလက်စနှင့် ဆက်ဖားလိုက်ဦးမည်ဟု တွေးပြီး ရေနွေးကြမ်းအိုး ပန်းကန်များ သွားယူလာခဲ့သည်။ အဖေ့အတွက် ငှဲ့ပေးနေတုန်း အဖေက မေးသည်။

"မင်း ဘယ်လိုသဘောရသလဲ"

"ဘာကိုလဲ ဖေဖေ"

"ဟိုနှစ်ယောက်လေကွာ၊ ဘုရှ်နဲ့ ဂေါ်ဘာချော့ဗ်"

"ကျွန်တော်ကတော့ သူတို့နှစ်ယောက် ပြောင်းပြန်ဖြစ်နေတယ်လို့ ထင်တယ်"

"ဘယ်လိုကွ"

"ဟုတ်တယ်ဖေဖေ၊ အရင်ကဆိုရင် အမေရိကန် သမ္မတတွေက သွက်သွက် လက်လက် ဖျတ်ဖျတ်လတ်လတ်၊ ဆိုဗီယက် ခေါင်းဆောင်တွေ ကြည့်လိုက်ရင် ထုံထုံ ထိုင်းထိုင်းနဲ့ မျက်နှာတွေကလည်း တင်းတင်းကြီးတွေချည်းပဲ၊ အခု ဂေါ်ဘာချော့ဗ် ကျတော့ အသွက်လွန်နေလို့ ဘုရှ်တောင် အူကြောင်ကြောင်ကြီး ဖြစ်နေတယ် ထင် ရတယ်"

"ဂေါ်ဘာချော့ဗ်လုပ်နေတာတွေက အန္တရာယ်ကြီးတယ်ကွ၊ ပြုပြင်ပြောင်းလဲ ရေးဆိုတာတော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့ သိပ်ခြေလှမ်းကျဲလွန်းတယ်၊ သူက သူ့ လက်ထက် မှာပဲ အားလုံးပြီးစီးအောင် လုပ်ချင်ပုံရတယ်၊ ဒါတွေ ငါလုပ်ခဲ့တာပေါ့ ဆိုပြီး သူ တစ်ယောက်တည်း နာမည်ကြီးဖို့အတွက် လုပ်နေတာပဲကွ"

"ကျွန်တော်ကတော့ ဂေါ်ဘာချော့ဗ်ကို ကြိုက်တယ် ဖေဖေ၊ သူက သတ္တိ ရှိတယ်၊ လုပ်သင့်တာကို လုပ်ရဲတယ်၊ စွန့်လဲ စွန့်စားရဲတယ်"

"ဂေါ်ဘာချော့ဗ်ဟာ စနစ်ကြီးတစ်ခုကို အဆုံးစီရင်ပစ်နေတာပဲ၊ သူ့ကြောင့် ဆိုဗီယက်နိုင်ငံ ပြိုကွဲသွားနိုင်တယ်"

"ဆိုဗီယက်နိုင်ငံ ပြိုကွဲသွားမှာကို ဖေဖေက ဘာလို့ပူနေရတာလဲ၊ အရေးသာ ကြီးပါ ဖေဖေရာ၊ အရေးကြီးတာက ကျွန်တော်တို့နိုင်ငံ မပြိုကွဲအောင် ထိန်းသိမ်းဖို့ပဲ မဟုတ်လား"

"ဟာ... ဆိုဗီယက်နိုင်ငံ ပြိုကွဲရင် စနစ်ကြီး တစ်ခုပါ ပြိုသွားတော့မှာပေါ့

www.burmeseclassic.com



ကွ"

"ဂေါ်ဘာချော့ဇ်ကြောင့် ပြိုကွဲတာ မဟုတ်ပါဘူး၊ သွားချိန်တန်လို့ သူ့စရိုက်နဲ့သူ သွားတာပါ"

အဖေက ဆေးလိပ်မီးညှိမည် ပြုပြီးမှ မညှိသေးဘဲ

"လူတွေဟာ တော်တော်ခက်တယ်ကွ၊ စနစ်တစ်ခုကို သူတို့ပဲ ကြိုက်လှချည့်ရဲ့ ကောင်းလှချည့်ရဲ့ ဆိုပြီး ခုကျတော့ မကြိုက်ဘူး၊ မကောင်းဘူး ဖြစ်ပြန်ရော၊ အေးပေါ့လေ လူတွေနဲ့ ဒီစနစ်နဲ့ မတန်သေးလို့ပေါ့"

"လူတွေဟာ ဘယ်စနစ်နဲ့မဆို တန်ပါတယ် ဖေဖေ၊ သူ့ခေတ်၊ သူ့လူ၊ သူ့စနစ်နဲ့ တန်ကြတာချည်းပါပဲ၊ တကယ်တော့ လူကောင်းဖို့သာ အရေးကြီးတာပါ"

"လူ့သမိုင်းဟာ လှည်းဘီးတစ်ပတ် လည်တတ်တယ်လို့ သမိုင်းပညာရှင် တွိုင်းဘီးက ပြောခဲ့ဖူးတယ်ကွ"

"ဘီးက တစ်ပတ်လည်ပေမယ့် လှည်းကတော့ တစ်နေရာတည်းမှာ ရပ်နေမှာ မဟုတ်ဘူး ဖေဖေ၊ ဘီးတစ်ပတ်လည်တိုင်း လှည်းကြီးကလည်း ရှေ့တိုးတိုးသွားတာပဲ မဟုတ်လား"

အဖေက ဆေးလိပ်မီးညှိသည်။ ဖွာရှိုက်နေရသဖြင့် စကားမပြန်နိုင်သေး။ ဆေးလိပ်ကို အားရအောင်ဖွာနေစဉ် ညီကိုက ရေနွေးထပ်ငှဲ့ပေးသည်။ သူ့အတွက် လည်း တစ်ခွက်ငှဲ့၍ မှုတ်သောက်သည်။ အဖေက စကားပြန်ဆက်သည်။

"အင်း စနစ်တစ်ခုတော့ ချုပ်ငြိမ်းသွားပြီ၊ ဒီတော့ ဘယ်လိုလုပ်မလဲ၊ စနစ်ဟောင်း၊ လမ်းဟောင်းကို ပြန်သွားကြမလား"

"ဒီလိုတော့လည်း ဘယ်ကောင်းမလဲ ဖေဖေရ"

"အေး မှတ်ထားကွ၊ ခုချိန်ဟာ ကမ္ဘာမှာ စနစ်ဟောင်းတွေ ချုပ်ငြိမ်းသွားပေမယ့် စနစ်သစ်တစ်ခုကချက်ချင်း အစား မထိုးနိုင်သေးတဲ့ ကြားကာလလို့ခေါ်တယ်၊ ဒါမျိုး လူ့သမိုင်းမှာ ဖြစ်လေ့ဖြစ်ထ ရှိခဲ့ဖူးတယ်"

"အိမ်ကတော့ ပြောင်းပြီးပြီ၊ သန်းခေါင်စာရင်းက မပြောင်းရသေးဘူး ဆိုတာမျိုးလို ဖြစ်မှာပေါ့"

"ဒီလိုအချိန်ဟာ သိပ်အရေးကြီးတယ်ကွ၊ ကိုယ့်ခေတ်၊ ကိုယ့်လူ၊ ကိုယ့်အခြေအနေနဲ့ ကိုက်ညီမယ့် စနစ်မျိုးကို သတိကြီးစွာထားပြီး တည်ဆောက် ယူရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ လူကသာ အရေးကြီးတာပါ ဖေဖေ လူတွေကောင်းနေရင် ဘယ်စနစ်ပဲဖြစ်ဖြစ် အောင်မြင်အောင်လုပ်နိုင်မယ်ထင်တယ်"

ဦးလှကိုသည် စကားပြောနေရင်းက တစ်ခုသွားသတိပြုမိပြီး အံ့ဩသွားသည်။ ညီကိုသည် ဘယ်တုန်းကမှ သည်လို လေးလေးနက်နက်စကားမျိုး ပြောလို့ရဖူးသည် မဟုတ်။ သည်ကောင် အတော်တိုးတက်လာပြီ။ ထင်သလောက် ပေါ့ပေါ့တန်တန် မဟုတ်ကြောင်း တွေးမိပြီး ကျေနပ်သွားသည်။ ခုလို မကြာခဏ ဆွေးနွေးပေးလျှင် သည်ကောင် အများကြီး တိုးတက်လာနိုင်သည်။

ဒါကို ညီကိုကလည်း ရိပ်မိသည်။ အဖေက သူ့ကို အမြဲအထင်သေးခဲ့သည်။ သူ့ကိုယ်တိုင်ကလည်း အထင်ကြီးခံချင်စိတ် သိပ်မရှိလှ။ ခုလို အဖေက သူ့အပေါ် အထိုက်အလျောက် လေးစားမှုရှိဟန် ပြလာသောအခါ မနေတတ် မထိုင်တတ် ဖြစ်လာ၏။ သည်အတိုင်းဆို မလွယ်ဘူး။ အဖေက မိမိကို အဖက်လုပ်ပြီး မကြာခဏ ဆွေးနွေးနေလျှင်တော့ မစားသာလှ။ နားအေး ပါးအေး လွတ်လွတ်လပ်လပ် နေရမှာ မဟုတ်။ တကယ့်တော့ မိမိကလည်း စိတ်ကူးတည့်ရာ လျှောက်ပြောလိုက်တာ။ ဒါကို အဖေက အထင်ကြီးသွားတော့ ခက်နေပြီ။ သည်တော့

"ခုနပြောခဲ့တာတွေက ကျွန်တော် သိလို့တတ်လို့ မဟုတ်ပါဘူး၊ ကြားဖူးနားဝ၊ အဲ ဟိုလေ၊ မနေ့က လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း ဟိုဘက်ဝိုင်းက ပြောနေတာတွေ ကြားလိုက်ရလို့ အဲဒါတွေမှတ်ထားပြီး ပြန်ပြောတာပါ"

"အေးပေါ့လကွာ၊ ဘာပဲဖြစ်ဖြစ် ဒါမျိုး စိတ်ဝင်တစား နားထောင်တယ်ဆိုရင်ကို မဆိုးပါဘူး၊ နောက်နေ့ကျမှ မင်း ဖတ်သင့်တဲ့ စာအုပ်တွေ ရွေးထုတ်ပေးရဦးမယ်"

နာတော့မယ်။ ဘယ်လိုလုပ်ရပါ့မလဲ၊ အဘိုးကြီးက ခုတော့ စွတ်အထင်ကြီးနေပြီ။ တတ်နိုင်ပါဘူးလေ။ တစ်နည်းနည်းတော့ ကြံမှပဲဟု တွေးပြီး...

"ဒါနဲ့ ကျွန်တော် မရှင်းလို့ မေးပါရစေ ဖေဖေ၊ ကျွန်တော်တို့ဆီမှာ မြန်မာဘုရင်တွေ လက်ထက်တုန်းက ကွန်မြူနစ်တွေ ရှိသလားလို့"

"ဟေ ဘာ ဘယ်လိုကွ"

ဦးလှကို မျက်လုံးပြူးပြီး မေးသည်။

"ဒီလိုပါ ဖေဖေ၊ ဟိုး မြန်မာဘုရင်လက်ထက်တုန်းက လက်ဝဲသုန္ဒရအမတ်ကြီး ဆိုတာ ကွန်မြူနစ်ဖြစ်နိုင်တယ်၊ ဒါကြောင့် သူ့ နာမည်မှာ လက်ဝဲဆိုတာ ပါအောင်

www.burmeseclassic.com

www.burmeseclassic.com



ထည့်မှည့်ထားတာပေါ့"

သည်တော့မှ ဦးလှတို့ ဝုန်းခနဲ ဒေါသဖြစ်ပြီး

"ဘာ မင်းသောက်ရူးပဲ၊ ဘယ်တော့မှ စကားကို လေးလေးနက်နက်ပြောလို့ ရဘူး၊ ဒီအချိုးမျိုးနဲ့ဆိုရင် ငါ့သားလို့ ပြောရမှာတောင် ရှက်ဖို့ကောင်းတယ်"

စသည်ဖြင့် ဆူပူကြိမ်းမောင်းလေတော့သည်။ ထိုအခါကျမှ ညီကိုလည်း ဟင်းချနိုင်ပြီး နေသာထိုင်သာ ရှိသွားရလေ၏။

***

www.burmeseclassic.com

www.burmeseclassic.com



"မတတ်နိုင်ဘူးလေ၊ ဖေဖေက ကို့ကိုအထင်ကြီးပြီး ခဏခဏ ဆွေးနွေးနေရင် မစားသာဘူး၊ ကိုယ်ကလည်း သိပ်တတ်လှတာမှမဟုတ်တာ၊ ဒါကြောင့် ပေါက်ကရ လျှောက် ပြောလိုက်ရတာပဲ"

"ကို့ အဖေနဲ့ စကားပြောရတာပဲကွယ်၊ နီရောင်ဆိုရင် အဖေမရှိလို့ ပြောချင်တာ တောင် ပြောခွင့်မရဘူး"

"အံမယ် နီရောင် ဘာသိလို့လဲ၊ ဖေဖေနဲ့ စကားပြောရတာ အပေါက်အလမ်း တည့်ဖို့ သိပ်လွယ်တာမဟုတ်ဘူး။ တစ်ခါတလေ သူ့မိတ်ဆွေ စာရေးဆရာတွေနဲ့ ပြောကြဆိုကြရင်း ငြင်းခုံကြပြီဆိုရင် ရန်ဖြစ်နေသလား အောက်မေ့ရတယ်၊ အစပိုင်း တုန်းက အခန်းနီးနားချင်းတွေက အကြောင်းမသိလို့ သူတို့တွေထသတ်နေကြပြီမှတ်ပြီး ပြေးလာကြသေးတယ်"

"နီရောင်တော့ ကြောက်တောင်လာပြီ၊ နီရောင်နဲ့ကော အဆင်ပြေပါ့မလား"

"နီရောင်နဲ့တော့ အဆင်ပြေနိုင်တယ်၊ အထူးသဖြင့် ကို့ကို စိတ်တိုင်းကျတာနဲ့ နီရောင်ကို တိုင်ပင်ဖော် တိုင်ပင်ဖက်အဖြစ် လက်ခံမှာ သေချာတယ်၊ မနက်ဖြန်နေ့လောက် နီရောင် ဖေဖေနဲ့ တွေ့စေချင်တယ်"

"မြန်မြန်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် လမ်းဆုံမှတ်တိုင်မှာဆင်းပြီး လျှောက်လာခဲ့ကြသည်။ နီနီရောင်က အားကစားကွင်းအသစ်တွေဘက် မရောက်ဖူးသေးဟု ဆိုသဖြင့် ညီကိုက ခေါ်လာခြင်းဖြစ်၏။ လမ်း၏ ညာဘက်ခြမ်းမှာ တိုက်သစ်တွေရှိ၏။ ခေတ်မီပုံစံနှစ်ထပ် တိုက်များဖြစ်ပြီး ဝင်းထရံကို အုတ်ရိုးများဖြင့် အခိုင်အမာကာရံထားသည်။

"တိုက်တွေက သားနားတယ်နော်၊ ဘယ်သူတွေနေတာလဲ"

"ကို မသိဘူး၊ ဒီတိုက်တွေ ဆောက်တာ မကြာသေးဘူး"

"ကိုယ်တို့နေတဲ့ တိုက်ခန်းတွေ စချပေးတုန်းက တိုက်တန်းလျားတွေ ဆောက်တဲ့ နေရာမှာ ကိုယ်တိုင်ဝင်ပြီး လုပ်အားပေးရတယ်လို့ ကြားဖူးတယ်"

"ဟုတ်တယ်၊ ဖေဖေလည်း လုပ်အားပေးခဲ့ဖူးတယ်"

"အခု ဒီတိုက်သစ်တွေ ဆောက်တော့ကော နေမယ့်လူတွေက လုပ်အားပေးရ သေးလား"

"ဒါလည်းကို မသိဘူး၊ ကို သိတာကတော့ ဒီနေရာဟာ အရင်က လယ်ကွင်း တွေပေါ့၊ ကိုတို့ငယ်ငယ်ကဆိုရင် ဒီထဲလာပြီး လောက်စာလုံးလုံးဖို့ ရွှံ့တွေခူးကြတယ်၊ လယ်ကွက်ထဲမှာ ငါးမျှားကြတယ်၊ သိပ်ပျော်ဖို့ကောင်းတာပေါ့"

မီးရထားသံလမ်းနား ရောက်လာသည်။ မိုးနှောင်းသည် မနေ့ညက တစ်ကြိမ် သွန်ပြီး ရွာထားသဖြင့် ရေနုတ်မြောင်းထဲမှာ ရေတွေပြည့်နေ၏။ ကွန်ပစ်နေသော သူတစ် ယောက် တွေ့သဖြင့် ရပ်ကြည့်ကြသည်။ ပိုက်ကွန်ကို ဖြည်းဖြည်းမှန်မှန် ဆွဲယူသည်။ ကွန်တစ်ခုလုံး ရေမှလွတ်သောအခါ အောက်စကို သိမ်းပြီးနောက် ကုန်းပေါ် ဖြန့်ချ လိုက်သည်။ ပိုက်ကွန်မှာ ငါး သုံးလေးကောင် ငြိပါလာသည်။ သုံးလေးလက်မလောက် ရှည်သော ငါးကလေးများမှာ တစ်ဖျတ်ဖျတ် ခုန်နေသည်။ ကွန်မှဖြုတ်ပြီး ပလိုင်းထဲ ထည့်သည်။

"ဘာငါးလေးတွေလဲ"

နီနီရောင်ကမေးသည်။

"ငါးဇင်ရိုင်းတွေလေ၊ ဒီကောင်တွေဟာ မိဖို့ အလွယ်ဆုံး ငါးမျိုးတွေလို့ ဆိုင်တယ်၊ သူတို့ ဆူးတောင်တွေက ကိုးရိုးကားရားဆိုတော့ ပိုက်မှာငြိဖို့ လွယ်တယ်၊ ပြီးတော့ ဒီကောင်တွေက မိုးကြီးပြီး ရေလျှံရေတက်ပြီဆိုမှ အုပ်လိုက်တက်ပြီး မြောင်း ထဲ အစာလည်း သိပ်ဝမ်းတဲ့ကောင်တွေ၊ ဒါကြောင့် ငါးများချိတ်နဲ့ မီးရင်လဲ ပေ

www.burmeseclassic.com



တစ်ကောင်၊ ဟောတစ်ကောင် မိတတ်တယ်"

သံလမ်းကို ဖြတ်ကျော်ပြီး ဆက်လျှောက်လာကြသည်။ ညီကိုက လက်ဝဲဘက်ရှိ အဆောက်အဦကြီးဆီ လက်ညှိုးထိုးပြပြီး

"အဲဒါ အမျိုးသားအားကစားရုံပေါ့၊ ဒီမှာတော့ တရုတ်ကွင်းလို့ ခေါ်ကြတယ်၊ တရုတ် အကူအညီနဲ့ ဆောက်တာကိုး"

"အကြီးကြီးပဲနော်"

"မိုးလုံလေလုံ ကွင်းတွေထဲမှာတော့ အကြီးဆုံးပဲ၊ ဟိုရှေ့က ဘောလုံးကွင်းက ချမ်းကွင်းလို့ ခေါ်တယ်၊ လူငယ်အားကစား လေ့ကျင့်ရေးကွင်းပေါ့"

ဘောလုံးကွင်း အပြင်ဘက် ကွက်လပ်ရှိ အုတ်ခုံတစ်ခုမှာ ထိုင်ကြသည်။

"ညနေဘက်နဲ့ ညဘက်ဆို ဒီနားမှာ သိပ်စည်တယ်၊ စက်ဘီးစီးတဲ့ လူကစီး၊ လမ်းလျှောက်တဲ့လူကလျှောက်၊ အတွဲတွေကတော့ ဒီအုတ်ခုံမှာထိုင်ပြီး စကားပြောကြတာပေါ့"

"ကိုယ်ကလည်း ညညဆိုရင် ထွက်ပြီး လမ်းသလားတာပေါ့ ဟုတ်လား၊ ကောင်မလေးတွေ တရှုန်းရှုန်းနဲ့လေ"

"ကိုယ်က မနက်ပိုင်း စက်ဘီးလာလာစီးတာပါ၊ ညဘက်တွေကတော့ တစ်ခါတလေ သူငယ်ချင်းတွေနဲ့လာတယ်၊ ကောင်မလေးတွေနဲ့ တရှုန်းရှုန်းဆိုတာကတော့ ကိုနဲ့ မပတ်သတ်ပါဘူး၊ ကိုသူငယ်ချင်း မော်ကြီးဆိုတဲ့ကောင်က သူကြိုက်နေတဲ့ ကောင်မလေးပါတဲ့ အုပ်စုကို မန်ကျည်းဖျော်ရည် ဝယ်တိုက်တာတို့ ဘာတို့ကျမှပါ"

"အဲဒီအုပ်စုထဲမှာ သားနားတဲ့ ကောင်မလေးတွေပါမှာပေါ့"

"ပါတာပေါ့"

"ကိုယ်နဲ့လည်း ချိတ်တိတ်တိတ်ပေါ့"

"ကိုကို ယုံစမ်းပါ၊ ကိုဟာ နီရောင်ကလွဲရင် ခဲနဲ့ သရဲလို့ပဲ ထင်တယ်၊ ဖွဲနဲ့ ဆန်ကွဲလို့တော့ ပြောလို့မဖြစ်ဘူး။ အခု ဆန်ကွဲတစ်ပြည် နှစ်ဆယ်နဲ့ လိုက်ဝယ်နေတာကိုး"

နီနီရောင်က ညီကို့စကားကို သဘောကျပြီး ရယ်သည်။ မိုးအုံ့နေသဖြင့် သူတို့ ထိုင်နေသော နေရာမှာ အေးမြနေ၏။ နေသာထွက်နေလျှင်တော့ သည်နေရာမှာ သည်အချိန် ပူလောင်နေမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် တကယ် သံသယကင်းကင်းနဲ့ ရိုးရိုးသားသား ချစ်ကြတယ်ဆိုတာ သိပ်ထင်ရှားပါတယ် နီရောင်ရ"

ဟုညီကိုက ပြောသည်။ ဘာလို့လဲဟု နီရောင် ပြန်မေး၏။

"ကြည့်လေ... ကိုတို့ဟာ ခုထိ မိဘက ဘာလုပ်တယ်၊ အခြေအနေ ဘယ်လောက်ရှိတယ်ဆိုတာ တစ်ယောက်ကိုတစ်ယောက် မမေးကြရသေးဘူး၊ ဒါဟာ အမြော်အမြင်တစ်ခုခုနဲ့ချစ်ကြတာ မဟုတ်ဘူးဆိုတာ သိသာတာပေါ့၊ ကိုပြောတာ လက်ခံလား"

နီနီရောင် ခေါင်းညိတ်ပြသည်။

"ဒါပေမယ့် ခုချိန်မှာ သိသင့်ပြီလို့ ကို ထင်တယ်၊ ဒီတော့ ကို့ဖေဖေအကြောင်းကို စပြောပြမယ်၊ ဖေဖေက စာရေးဆရာပဲ ဘာသာပြန်စာအုပ်တွေ ရေးတယ်၊ တက္ကသိုလ်လှကိုတဲ့၊ ကြားဖူးလား"

"ကြားဖူးပါတယ်"

"ဖတ်ကော ဖတ်ဖူးလား"

"နှစ်အုပ်သုံးအုပ် ဖတ်ဖူးတယ်"

"ဘယ်လိုနေလဲ၊ ဖေဖေ့ စာအုပ်တွေ ဖတ်လို့ကောင်းရဲ့လား"

"ကောင်းပါတယ်"

"ကို့ကို အားမနာပါနဲ့၊ မှန်မှန်ပြောစမ်းပါ"

"ကောင်းပါတယ်လို့ဆိုနေမှပဲ"

"ကိုသိပါတယ်၊ ဖေဖေ့ စာအုပ်တွေက အဆင့်အတန်းမြင့်တယ်လို့တော့ စာပေသမားတွေက ပြောကြတာပဲ၊ တချို့ စာအုပ်တွေကတော့ ကောင်းပါတယ်၊ တချို့ကျတော့ သိပ်ငှေးလွန်းတယ်၊ ဖတ်ရင်းနဲ့ ပျင်းလာတတ်တယ်၊ မနည်းကြိုးစားပြီး ဖတ်ရတယ်၊ ဟုတ်တယ်မဟုတ်လား"

နီနီရောင်က ဘာမှ မပြောပဲ ပြုံးနေသည်။ ညီကိုက ဆက်၍

"ဖေဖေဟာ ငယ်ငယ်ကတော့ နာမည်ကြီးခဲ့ဖူးတယ်၊ စာအုပ်တွေလည်း ရောင်းကောင်းလို့ ဝင်ငွေကောင်းခဲ့ဖူးတယ်၊ ခုတော့ ဒီလောက် ဝင်ငွေမရှိတော့ဘူး စာပေနယ်က လေးစားလောက်တဲ့ စာရေးဆရာ တစ်ယောက်အဖြစ်နဲ့တော့ ရပ်တည်နေနိုင်တုန်းပဲ၊ စာအုပ်တွေလည်း တစ်နှစ်မှ တစ်အုပ် နှစ်အုပ်ပဲ ရေးဖြစ်တော့တယ်

www.burmeseclassic.com

www.burmeseclassic.com



ါပေမဲ့ ဖေဖေဟာ သူ့ဝင်ငွေကောင်းနေစဉ်ကတော့ ဟော့ဟော့ရမ်းရမ်းမသုံးဘဲ ဆောင်းထားခဲ့တယ်၊ ကို့ရဲ့ ရှေ့ရေးအတွက်ပေါ့။ ခုချိန်မှာ ဝင်ငွေသိပ်အကောင်းကြီး ဟုတ်တော့ပေမယ့် မပူမပင်နေနိုင်တာပေါ့"

နီနီရောင်ကလည်း သူ့မိသားစုအကြောင်း ပြောပြသည်။

"ဖေဖေက ဝန်ထမ်းတစ်ယောက်ပဲ၊ အရာရှိပေါ့လေ၊ တာဝန်နဲ့ ခရီးထွက်ရင်း ငှက်ဖျားရောဂါနဲ့ ဆုံးသွားတယ်၊ မေမေကလည်း နီရောင် ကလေးဘဝမှာပဲ ဆုံးခဲ့ တာပဲ၊ နီရောင်က မိဘမဲ့ပေါ့၊ မေမေရဲ့ အစ်မ မေမေကြီးကလည်း နီရောင့်ကို ပြုစုစောင့် ရှောက်ခဲ့တာ"

"မေမေကြီးက ချမ်းသာတယ် ထင်တယ်"

"ထင်တာပဲ၊ နီရောင်က သိပ်စိတ်မဝင်စားလို့ ဘာတွေ ဘယ်လိုရှိသလဲ မေးမကြည့်မိဘူး၊ လက်ဝတ်လက်စားတွေ ရှိတာတော့ သိတယ်၊ ဘဏ်မှာလည်း ငွေတွေရှိတယ် ပြောတာပဲ၊ ခုလို ဘာမှ မလုပ်ဘဲ ထိုင်စားနေနိုင်တယ်ဆိုတော့ စားနိုင်သောက် နိုင်ထဲကလို့ ပြောရမှာပေါ့လေ၊ ချမ်းသာလှချည်ရဲ့ ဆိုတာမျိုးတော့ မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် နီရောင်တို့ အခြေအနေက ကိုတို့ထက် အများကြီး သာတာပဲ၊ မေမေကြီးက သဘောတူပါ့မလား"

"မပြောတတ်ဘူးလေ၊ အပျိုကြီးတွေရဲ့ သဘောထားက ခန့်မှန်းရခက်တယ်၊ ချမ်းသာတာ ဆင်းရဲတာထက် သူတို့စိတ်နဲ့ အခန့်သင့်မသင့်ဆိုတာက ပိုအရေးကြီး တယ်"

"ကိုယ်က ပေါင်းတတ် သင်းတတ်ပါတယ်ကွာ၊ မပူပါနဲ့"

ကောင်လေးတစ်ယောက်သည် ရင်ပြင်ကွက်လပ်ပေါ်၌ ဘီအမ်အိတ် စက်ဘီး ကို တအားနင်းလာရင်းက ရှေ့ဘီးထောင်ပြီး မတ်တတ်ရပ်လိုက်သည်။ ထိုအနေ အထားအတိုင်း ပေသုံးဆယ်လောက် နင်းသွားပြီးမှ ရှေ့ဘီးပြန်ချပြီး ဆက်ထွက်သွား ၏။ ကောင်လေးစက်ဘီးစီးတာ လိုက်ကြည့်နေသဖြင့် စကားစပြတ်သွားသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အဖေ့ဆီက ပိုက်ဆံနည်းနည်းတောင်းဖို့ ဘယ်လိုအကြောင်းပြရမလဲဟု စဉ်းစားသည်။ လက်ထဲမှာ ပိုက်ဆံတစ်ဆယ်လောက်သာ ရှိတော့သည်။ နီနီရောင်နှင့် သွားသွားလာလာ ရှိနေတော့ အကုန်အကျပိုများသည်။ နီနီရောင်က နားလည်မှုရှိစွာ ခွဲဝေကာ တာဝန်ယူသည့်တိုင် ညီကိုက ယောကျ်ားလေးပီပီ ပို၍အကုန်အကျခံရသည်။ ခုချိန်မှာ ငွေက အသုံးမခံ။ ရုပ်ရှင်တစ်ခါကြည့်လျှင် စားတာသောက်တာ ခရီးစရိတ်ပါနှင့်ဆိုလျှင် ခြောက်ဆယ်၊ ခုနှစ်ဆယ်တော့ အေးအေးလေး ထွက်သွားတတ်၏။ ဒါတောင် တစ်လတစ်ခါလောက်သာ ရုပ်ရှင်ကြည့်ဖြစ်ကြသည်။ ဟိုတစ်ပတ်က ဖေဖေ့ဆီက ငွေနှစ်ရာယူထားတာ ပြောင်ကာနီးနေပြီ။ သည်တော့ အကြောင်းတစ်ခုခုပြပြီး ထပ်တောင်းရမည်။ သင်တန်းအတွက် စာရွက်စာတမ်းကြေးတွေပေးရမယ်ပြောလျှင် ကောင်းမလား၊ သူငယ်ချင်းတစ်ယောက် အဖေဆုံးလို့ ကူငွေထည့်ရမည်ပြောလျှင် ကောင်းမလား။ နောက်ဆုံးတော့ ဘာမှအကြောင်းပြမနေတော့ဘဲ အသုံးလိုလို့ဟူ၍သာ ခပ်ကြောင်ကြောင် ပြောတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

အဖေ စိတ်ကြည်ကြည်သာသာရှိမည့် အချိန်ကို ရွေးပြီး တောင်းရမည်။ ထို့ကြောင့် လမ်းလျှောက်ရာမှ ပြန်သည့်အချိန်ထိ စောင့်နေလိုက်သည်။ ချွေးသုတ်အမောဖြေ၊ ရေချိုးပြီး လန်းလန်းဆန်းဆန်း ဖြစ်နေကြောင်း သေချာတော့မှ

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ကျွန်တော့်ကို ငွေနှစ်ရာလောက် ပေးပါဦး၊ ဒီလ နည်းနည်းအသုံးများသွားလို့"

"မင်း ဟိုလကလည်း ငွေငါးဆယ် ပိုသုံးသေး ဘယ် မဟုတ်လား"

သိပ်ပြီးတော့ မျှော်လင့်ချက် မရှိတော့ဘူးဟု တွေးရင်း ဟုတ်ကဲ့ ဖေဖေဟု ပြောလိုက်သည်။

"ဘာတွေများ သုံးစရာရှိနေလို့လဲ၊ မင်းအရက်တွေ ဘာတွေ သောက်တတ်နေပြီလား"

"ဟာ မဟုတ်ပါဘူး"

"မူးယစ်ဆေးဝါး သုံးနေလား ဟော့ကောင်"

"ဟာ မဟုတ်တာ ဖေဖေရာ၊ ဒါမျိုး ကျွန်တော်လုံးဝ ဝါသနာမပါဘူး၊ နောက်ပြီး ငွေလေးငါးဆယ်လောက်နဲ့ ဆေးချလို့ရပါ့မလား ဖေဖေရ"

မေးသာမေးရသော်လည်း ညီကို ဒါမျိုးမလုပ်တတ်ကြောင်း ဦးလှကို ယုံကြည်စိတ်ချသည်။ သည်ကောင် ရှုးသလို ကြောင်သလို လုပ်တတ်သည့်တိုင် မဟုတ်တာတော့ သူသိ၏။

"နေဦး မင်းကို အကဲခတ်နေတာ ကြာပြီ၊ ခုနောက်ပိုင်း မင်းနေပုံ ထိုင်ပုံ တစ်မျိုးပဲ"

"ဘာဖြစ်လို့လဲ"

"ခါတိုင်းထက်ပိုပြီး သပ်သပ်ရပ်ရပ်နေတယ်၊ နောက်ပြီး ဂစ်ခါကလေ တစ်ယောက်တည်း ပြုံးစိစိလုပ်နေတတ်တယ်၊ ဘာလဲ မင်းမှာ ရည်းစားရှိနေပြီလား"

"အဲ"

ညီကို အငိုက်မိသွား၏။ ငွေအသုံးများလို့ ဆူလိမ့်မည်ဟူ၍သာ တွက်ထားခဲ့သည်။ ခုလို ရုတ်တရက်မေးလိမ့်မည် မထင်ခဲ့။ သည်အချိန်ကျမှ ဖုံးကွယ်နေစရာ အကြောင်းလည်း မရှိဟု ယူဆသဖြင့်...

"ဟုတ်ကဲ့၊ ဟုတ်ပါတယ်"

ဟု ဝန်ခံလိုက်သည်။

"ထူးဆန်းလှသကွာ"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းလို သောက်ပေါက်ကိုကြိုက်တဲ့ ကောင်မလေး ရှိပါ့မလားကွ"

"ဒီလောက်လည်း အထင်မသေးပါနဲ့ ဖေဖေရာ"

"ငါတော့ မယုံဘူးကွာ"

"တကယ်ပါ"

"ဒါဆို ဓာတ်ပုံပြလေကွာ"

"ဟာ... ဓာတ်ပုံတော့ မရှိဘူး"

"သမီးရည်းစားဆိုပြီး ဓာတ်ပုံလေးတောင် ပေးမထားဘူးလားကွ ဟား ဟား"

ဦးလှကို လှောင်ရယ်ရယ်လိုက်သည်။

"ဖေဖေတို့ ခေတ်တုန်းကလို မဟုတ်တော့ဘူးလေ၊ ကျွန်တော်တို့က နေ့တိုင်းလိုလို တွေ့ကြတာပဲဟာ၊ ဓာတ်ပုံပေးစရာလည်း မလိုဘူးပေါ့"

"ငါ့ကိုလာပြီး ဖြီးမနေစမ်းပါနဲ့ကွာ၊ မင်း သူငယ်ချင်း တစ်ယောက်ယောက်ကိုက် ပိုက်ဆံချေးပြီး ပြန်မပေးလို့ အခု ငါ့ဆီ ထပ်တောင်းတာ မဟုတ်လား၊ ဒါတို့ ရည်းစားရှိလို့ အကုန်အကျများတာပါဆိုပြီး လိမ့်လို့ ဘယ်ရမလဲကွာ"

"ဖေဖေ့ကို ကျွန်တော် ညာရမှာလား ဖေဖေရဲ့ တခြားအကြောင်း ပြစရာတွေ အများကြီး ရှိတာပဲ၊ ဥပမာ သူငယ်ချင်းအဖေသေလို့ ကူငွေထည့်ရမယ် ဘာညာပြော လို့ရတာပဲ၊ ပြီးတော့လည်း ခုကိစ္စက ဖေဖေပဲ မေးတာပဲ"

ဖြစ်တော့ ဖြစ်နိုင်သည်။ သည်ကောင့် ရုပ်ရည်က မိန်းကလေးတွေ သဘောတွေ တတ်သည့် ပုံမျိုး။ သို့ရာတွင် သူ့ဘက်က ပွင့်အန်ထွက်လာအောင် ဆွပေးမှပဲဟု ဦးလှကို တွေးသည်။

"ထားပါတော့လေ၊ ဒါပေမဲ့ မင်းလိုကောင်မျိုးကိုကြိုက်တဲ့ ကောင်မလေးဆိုရင် တော့ မင်းလို့လျှပ်ပျာပျာထဲက ဖြစ်မှာပဲ၊ ဒါမှမဟုတ် သိပ်ကို သည်းညည်းခံတတ်တဲ့ ဟာမျိုး ဖြစ်ရမယ်"

"ဖေဖေပြောတာ တစ်ခုမှ မဟုတ်ဘူး၊ လျှပ်ပြာပြာလည်း မဟုတ်ဘူး၊ သိပ်လဲ အေးဆေးတည်ငြိမ်တာမျိုးလည်း မဟုတ်ဘူး၊ သူက စိတ်ထက်တယ်၊ တစ်ခါတစ်ခါ ဒေါသလည်း ကြီးတယ်"

"ဟေ... ဒေါသကြီးတယ်"

"ဟုတ်တယ်၊ ဖေဖေ့လို့ မဟုတ်မခံစိတ်မျိုးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ညီကိုက ပြောလိုက်သဖြင့် အပြစ်တင်ဖို့ ပြင်နေသော ဦးလှကို၏ပါးစပ် ပိတ်သွားသည်။ ပြီးတော့မှ စကားတစ်လုံး ပစ်သွင်းလိုက်ပြန်၏။

"အရုပ်ဆိုးတယ် မဟုတ်လား"

အကြောက်အကန် ငြင်းလိမ့်မည်။ ပြီးတော့ ဘယ်လောက်လှကြောင်း၊ ဘယ်လောက်ချစ်စရာ ကောင်းကြောင်း ကြွားလိမ့်မည်ဟု တွက်ထားသောလည်း ညီကိုက တည်ငြိမ်စွာ မျက်လွှာချလိုက်ပြီး

"ဟုတ်ပါတယ် ဖေဖေ၊ သိပ်မလှဘူး"

ဦးလှကို စိတ်မကောင်း ဖြစ်သွား၏။ သူ့သားလေးသည် ရုပ်ရည် သနားကမားရှိသော်လည်း ပေါ်တောတောလေးမို့ ဘယ်မိန်းကလေးမှ မကြိုက်ချင်ဘဲ အရုပ်ဆိုးသည့် မိန်းကလေးတစ်ယောက်ကိုသာ မရအရ တွယ်ကပ်ထားရရှာဟန် တူသည်ဟု တွေးမိသည်။

"အေးပေါ့ သားရယ်၊ ရုပ်မလှတဲ့ မိန်းကလေးမျိုးဟာ သစ္စာရှိတတ်တယ်ကွ"

ဟု အားပေး နှစ်သိမ့်လိုက်၏။ ညီကိုကတော့ ကျိတ်ပြီး ရယ်ချင်နေသည်။ ဖေဖေကတော့ ငါ့ကို သနားသွားပြီ။ ဒါဆို ခုတောင်းတဲ့ ငွေနှစ်ရာပေးတော့မှာပဲဟု တွက်၍ ဝမ်းသာသွား၏။ ဟုတ်လည်း ဟုတ်သည်။ ဦးလှကိုက အခန်းထဲ ဝင်သွားပြီးနောက် ငွေနှစ်ရာထုတ်ယူလာပြီး ပေးသည်။ ညီကိုကလည်း မှင်သေသေနှင့် လက်ခံယူလိုက်သည်။

"တစ်ရက်လောက် အိမ်ကိုခေါ် လာဦးကွာ၊ စကားလေး ဘာလေး ပြောရတာပေါ့။ ဖေဖေလည်း မြင်ဖူးချင်တယ်"

ဟု ဦးလှကို ပြောသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အချစ်ရူးကြီးရူးတော့သည်

ဖေဖေက နီရောင်နဲ့ တွေ့ချင်လို့တဲ့ဟု ပြောသောအခါ နီနီရောင်က တွေ့တာပေ့ါ၊ ဖြည်းဖြည်းပေ့ါ၊ တစ်ရက်လောက် စီစဉ်ကြတာပေ့ါဟူ၍သာ ပြောသည်။ ဟိုဟိုဒီဒီ ကျမပြော။ နီနီရောင့်အနေနှင့် စဉ်းစားစရာအချက်ကလေးတွေ ရှိနေ၏။ ညီကိုတို့က သားအဖနှစ်ယောက်တည်း နေကြခြင်း ဖြစ်၏။ သည်လိုနေရာမျိုးကို မိန်းကလေး တစ်ယောက်တည်း သွားဖို့ သင့်တော်ပါ့မလား။ ခုခေတ်မှာ သည်လောက်ထိ တွေးတော ချက်နေရာတော့ မလိုအပ်။ နောက်တစ်ခုက ညီကို၏ အဖေက တကယ်တွေ့ချင် တာ ဟုတ်ရဲ့လား၊ ညီကိုက လွတ်လွတ်လပ်လပ် တွေ့ချင်လို့ ညာခေါ်တာလား လိုက်သွားပြီ တိုက်ခန်းထဲရောက်မှ ဖေဖေ့ကတော့ အရေးကြီးတဲ့ကိစ္စနဲ့ အပြင်သွားလို့ မရှိဘူးဆိုတာမျိုး ဖြစ်မလာနိုင်ဘူးလား။ ညီကိုသည် ပွင့်ပွင့်လင်းလင်း ပြောတတ်သူ ဖြစ်၏။ လိမ်ညာပြီး မဟုတ်မဟာပ်လုပ်မည့် သူမျိုး မဖြစ်နိုင်တာ သူသိ၏။ သို့တိုင် အောင် သိပ်တော့ မစွန့်စားသင့်သေးဟု သဘောရသဖြင့် အချိန်ဆွဲနေခြင်းဖြစ်၏။

ညီကိုအနေနှင့်လည်း အတင်းအကျပ်တော့ မတိုက်တွန်းလို၊ နီနီရောင်သည် အဖေနှင့်တွေ့ရမှာ လန့်နေပြင်းဖြစ်ကောင်းဖြစ်မည်။ အဖေက စိတ်မရှင်လျှင် ပတ် ခနဲပြောတတ်ကြောင်း ညီကိုက အသိပေးထားခဲ့ဖူးသဖြင့် တွေ့ဖို့အားမွေးနေတာ ဖြစ်လိမ့်မည်ဟု တွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလှကိုက

"ဘယ်လိုလဲကွ၊ မင်း ကောင်မလေး ခေါ်မလာသေးဘူးလား"

ဟု မေးမေးနေသည်။

"တစ်ရက်တော့ ခေါ်လာပါ့မယ် ဖေဖေ"

ဟူ၍သာ မတင်မကျ ပြောထားရသည်။ အဖေက သိပ်မပိုင်ဘူး ထင်ပါရဲ့ကွာ ဟု ထေ့သလို ငေါ့သလို ပြောသည်။

"သူက ဖေဖေနဲ့တွေ့ရမှာ ကြောက်နေတာ ဖေဖေရ"

"ဟေ ဘာဖြစ်လို့ ကြောက်ရမှာလဲ"

"ဖေဖေက ယုံရတာ မဟုတ်ဘူးလေ၊ စိတ်ထဲတွေ့ရာတွေ စွတ်ရွတ်ပြောနေမှာ ကြောက်တာ"

"ဩော် မင်းက ငါ့အကြောင်းတွေ လျှောက်ပြောထားတာပေါ့လေ"

"နည်းနည်းပါးပါးတော့ ပြောထားရတာပေါ့ ဖေဖေရာ၊ တစ်ယောက်အကြောင်း တစ်ယောက် သိထားရအောင်လို့"

"ငါက ကောင်းကောင်းမွန်မွန် လက်ခံစကားပြောမှာပါလို့ ပြောလိုက်ပါကွာ"

ဦးလှကို စိတ်ထဲတွင် ကောင်မလေး အိမ်ကိုမလာရဲတာ ခုပြောနေသည့် အကြောင်းကြောင့် မဖြစ်နိုင်။ ကောင်မလေးက ရုပ်သိပ်မလှသဖြင့် အားငယ်ပြီး လာတွေ့ရမှာ ရှက်နေခြင်း ဖြစ်မည်ဟု တွက်သည်။ ထို့ကြောင့် သိပ်မကြာခဏ တိုက်တွန်းတောင်းဆို ၍မျိုး မလုပ်ချင်တော့။ တစ်ခုတော့ ရှိသည်။

"ကောင်မလေး နာမည်က ဘယ်လိုခေါ်လဲကွ"

"နီနီရောင်တဲ့ ဖေဖေ"

"အင်း နာမည်တော့ တစ်မျိုးလေးပဲ၊ သူ့ မိဘတွေက ဘယ်သူတွေလဲ၊ ဘာလုပ်သလဲ"

"ကျွန်တော် မသိဘူး ဖေဖေ"

"ဟော့ ကိုယ့်ရည်းစား မိဘက ဘယ်သူဘယ်ဝါတောင် မသိဘူးလား၊ မင်းဖွဲ့ခေတ်က ဘယ်လိုလဲ"

"သူ့မှာ မိဘတွေမှ မရှိတော့ဘဲ ဖေဖေရ"

"ဒါဆို သူက ဘယ်သူနဲ့ နေလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ ကြီးတော်ကြီးက ကျွေးမွေးပြုစုလာခဲ့တာတဲ့"

"အဲဒီ ကြီးတော်ကြီးက ဘာလုပ်သလဲ"

"ဘာမှမလုပ်ဘူး၊ ထိုင်စားနေတာပဲ၊ ပိုက်ဆံတော့ ရှိပုံရတယ်"

"ပိုက်ဆံကအရေးမကြီးပါဘူးကွာ၊ ဘဝင်မမြင့်ဖို့ဘဲ အရေးကြီးတယ်"

"အဲဒီအဖွားကြီးက အပျိုကြီးတဲ့ ဖေဖေရဲ့"

ညီကိုက စပ်ဖြဲဖြဲပြောသည်။

"အဲဒါ ဘာဖြစ်လဲ"

"ဩော် ဖေဖေများ စိတ်ဝင်စားမလားလို့"

"အောင်မာ ငါက ဘာလို့ စိတ်ဝင်စားရမှာလဲ"

"မဟုတ်ပါဘူး ဖေဖေရာ၊ ကျွန်တော် ဆိုလိုတာက အပျိုကြီးဆိုတော့ အခြား ပြဿနာ ရှုပ်စရာမရှိတော့ဘူးလေ၊ ဒီတူမလေးတစ်ယောက်ကိုပဲ ပုံပြီးချစ်နေတာအ ပြောတာပါ"

"အဲဒီမိန်းမကြီးနာမည်က ဘယ်သူလဲ"

ညီကို အခက်တွေ့သွားသည်။ နီနီရောင်ခေါ် သလို မေမေမြဆိုတာပဲ သူသိ နာမည်အပြည့်အစုံ မသိ။ မသိဘူးဆိုလျှင်လည်း အဖေပြောစရာ ဖြစ်လာဦးမည်။ ထို့ကြောင့်...

"သူ့ နာမည်က ဒေါ်မေမေမြတဲ့"

ဟု၍သာ ပြောလိုက်ရသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ရာသီသို့ ရောက်လာခဲ့ပြီ။ ထို့ကြောင့် မေမေမြလည်း အလုပ်ရှုပ်လာပြီ။ မူလက အိမ်မှာကြောင်သုံးကောင်ရှိ၏။ အထီးတစ်ကောင်နှင့် အမနှစ်ကောင်။ အထီးကြီးက အလည်လွန်ရာမှ ပြန်မလာတော့၊ အမနှစ်ကောင်က ကြောင်လေးငါးကောင် မွေးလာသည်။ ထိုအထဲမှ အထီးကလေးတစ်ကောင် သေသွားသည်။ အမလေးကောင် ကျန်သည်။ သည်တော့ အခုလောလောဆယ် အိမ်မှာ ကြောင်မချည်းခြောက်ကောင်ရှိနေ၏။ သည်ခြောက်ကောင်ကသာ ထပ်ပေါက်လျှင် တစ်အိမ်လုံးကြောင်တွေနှင့် ပြည့်နေတော့မည်။ ဒါက သိပ်အမိကတော့ မကျချေ။ ကြောင်ဘယ်လောက်များများ ကျွေးမွေးပြုစုနိုင်သည်။ အရေးကြီးနေတာက မျိုးရိုးဖြစ်၏။ သူ့ကြောင်များမှာ ဩစတြေးလျနှင့် ယိုးဒယားမျိုး စပ်ထားခြင်း ဖြစ်သည်။ သည်အနီးအနားမှာရှိသည့် ကြောင်တွေက မျိုးမသန့်ဘူးဟု မေမေမြက ထင်သည်။ အထူးသဖြင့်တော့ ခုတလော ညဘက်မှာ အိမ်ပြင်ဘက်မှ လှည့်ပတ်ပြီး ဖိုသံပေးတက်သည့် ကြောင်ထီး ကြီး။ အရောင်က မဲ့ခြောက်ခြောက်၊ မျက်လုံးတစ်ဖက်ကလည်း မရှိ။ သည်ကြောင်ကြီး နှင့် အိမ်က ကြောင်မတွေ ဖြစ်ကုန်ပြီး ကြောင်မျိုးပေါက်လေးတွေ မွေးလာမှာ စိုးရသည်။

ထို့ကြောင့် ဒေါက်တာအောင်ဖေနှင့် တိုင်ပင်သည်။ ဒေါက်တာအောင်ဖေက

www.burmeseclassic.com



သားကြောဖြတ်လို့ရကြောင်း ပြောသည်။ သို့ရာတွင် ထိုကိစ္စက သိပ်မလွယ်၊ ကြောင်ခြောက်ကောင်စလုံးကို ခွဲစိတ်ရမည်။ ပြီးတော့ ဒဏ်ရာမကျက်ခင် ပြုစုရမည်။ ကြောင်ဆိုတာက ငြိမ်ငြိမ်လေး နေခိုင်းလို့ရတာမျိုးလည်း မဟုတ်၊ နောက်တော့ တားဆေးထိုးဖို့ ဆုံးဖြတ်လိုက်ကြသည်။

ထိုအကြောင်းကို နီနီရောင်ရှေ့မှာ ပြောကြခြင်းတော့ မဟုတ်။ မေမေမြကာ ပြန်ပြောပြခြင်းလည်း မဟုတ်။ မပြာသိန်းက နီနီရောင့်ကို ပြန်ပြောသောကြောင့် သိရခြင်းဖြစ်၏။

ဒါကိုကြားတော့ နီနီရောင် မရယ်ဘဲ မနေနိုင်။ အပျိုကြီးများ တော်တော်ပေါက်ကရ လုပ်ချင်တတ်သည်။ လင်ယူသားမွေးကိစ္စပြောလျှင် အလွန်စက်ဆုပ်ရွံရှာဖွယ်အဖြစ် ရှု့မဲသွားတတ်သော်လည်း ခုလို တိရစ္ဆာန်တွေ သားစပ်ဖို့တို့၊ သားကြောဖြတ်ဖို့တို့၊ ပဋိသန္ဓေတားဖို့တို့ကျတော့ လူပျိုလူငယ် ဆရာဝန်လေးကိုတောင် မရှက်မကြောက် တိုင်ပင်ရဲသည်။ သူတို့ စိတ်တွေက ခန့်မှန်းဖို့ခက်၏။

ဘာပဲဖြစ်ဖြစ် ထိုကိစ္စအောင်မြင်သွားသဖြင့် ဒေါက်တာ အောင်ဖေကို မေမေမြက ပို၍ အရေးပေးလာသည်။ ဒေါက်တာအောင်ဖေကလည်း ထိုအခွင့်အရေးကို လက်မလွှတ်တမ်း အသုံးချသည်။ နီနီရောင့်ကို သူစိတ်ဝင်စားနေကြောင်း ဖွင့်ပြောလာခြင်းပင်ဖြစ်၏။

သူပြောပုံက သိပ်ထူးထူးဆန်းဆန်းတော့ မဟုတ်လှ။ သူသည် ကျောင်းသားဘဝက ကျောင်းစာထဲမှာသာ စိတ်ကို နှစ်ထားခဲ့ကြောင်း၊ ကျောင်းပြီးတော့လည်း အလုပ်ကိုသာ ဖိလုပ်ခဲ့ကြောင်း၊ ထို့ကြောင့် အချစ်ရေးကို စိတ်မဝင်စားခဲ့ကြောင်း အစချီပြီး...

"အခုတော့ စိတ်မဝင်စားဘဲ နေလို့မရလောက်အောင် ဖြစ်နေရပြီလေ။ ကျွန်တော့် တစ်သက်တာမှာ ဒီလောက်ခံစားရတာမျိုး တစ်ခါမှ မကြုံဖူးသေးပါဘူး"

နီနီရောင်သည် စိတ်ဝင်စားစရာ တစ်စက်မှ မရှိသော်လည်း အောင့်အည်းသည်းခံနေရသည်။ လိုရင်းကို မြန်မြန်ရောက်စေချင်သော ဆန္ဒသာ ဖြစ်ပေါ်နေ၏။ နောက်ဆုံး ဒေါက်တာ အောင်ဖေက...

"ကျွန်တော် နီနီရောင့်ကို သိပ်ချစ်နေမိပြီ"

ဟု အဆုံးသတ်လိုက်တော့မှ စိတ်သက်သာရာရသွား၏။ ထို့အတူ သူ့ဘက်က

www.burmeseclassic.com



ဘင်ခုခု တုံ့ပြန်ပြောဆိုဖို့ လိုအပ်လာပြီ ဖြစ်ကြောင်းကိုလည်း သတိရလိုက်၏။

ကျွန်မအချစ်ရေးကို စိတ်မဝင်စားသေးဘူးလို့ ပြန်ပြောရ ကောင်းမလား။ ဒါဆို ဘယ်တော့ စိတ်ဝင်စားမှာလဲ၊ စိတ်ဝင်စားတဲ့အခါ ကျွန်တော့်ကို ဦးစားပေးမှာလား ဘာညာ ပြောလာစရာရှိ၏။

ကျွန်မမှာ ချစ်သူရှိပြီးသားပါပြောလို့လည်း မဖြစ်။ ဘယ်သူလဲ ဘယ်ကလဲ မေးလာလျှင် ရှုပ်ကုန်မည်။ ပြီးတော့ မေမေမြဆီ သူက သတင်းပြန်ပို့ချင် ပို့လိမ့်မည်။ သည်တော့ အကောင်းဆုံးနည်းက

"နီနီရောင်ရဲ့ သဘောထားကို သိပါရစေလား"

ဟု ဒေါက်တာအောင်ဖေက မေးသောအခါ...

"ကျွန်မအနေနဲ့ကတော့ ဒီကိစ္စမျိုးတွေ သတိတောင်မရဘူး၊ ကျွန်မက မေမေမြရဲ့ လက်အောက်မှာ ကြီးပြင်းလာရတာဆိုတော့ မေမေမြကိုပဲ အားကျတယ်၊ အိမ်ထောင်ရေးနဲ့ အပူမရှာချင်ဘူး၊ အပျိုကြီးဘဝနဲ့ပဲ တစ်သက်လုံး နေသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်"

ဟု စကားဆုံးအောင် ပြောလိုက်သည်။ ဒေါက်တာအောင်ဖေ အနေဖြင့် ဇာတ်လမ်းဆက်ဖို့ ခက်သွားသည်မှန်သော်လည်း လုံးဝလက်လျှော့သွားဟန်တော့ မရှိကြောင်း ခန့်မှန်းမိ၏။

ဒေါက်တာအောင်ဖေက ရည်းစားစကားပြောကြောင်း မေမေမြကိုတိုင်လျှင် ကောင်းမလား စဉ်းစားကြည့်၏။ ခုလို ဒေါက်တာအောင်ဖေက ဖွင့်ပြောရဲလာခြင်းသည် မေမေမြ၏ ပံ့ပိုးမှု ပါကောင်းပါနိုင်သည်။ တိုက်ရိုက် ပွင့်ပွင့်လင်းလင်း ပြောတာမျိုးတော့ ဟုတ်မည်မထင်။ မေမေမြသည် ဒေါက်တာအောင်ဖေကို ဆွေမျိုးတစ်ယောက်လို ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံလိမ့်မည်။ အပျိုကြီးများ လူတစ်ယောက်ကို ယုံမိပြီဆိုလျှင် အကုန်အစင် ဖွင့်ဟ တိုင်ပင်ချင် တိုင်ပင်တတ်သည်။

"အန်တီမလဲကွယ် မင်း နှမအတွက်ပဲ စိတ်ပူနေရတယ်၊ မတော်တဲ့လူနဲ့ တွေ့သွားမှာ စိုးရိမ်တယ်ကွဲ့"

"ဟုတ်တယ် အန်တီမြရဲ့၊ ခုခေတ်မှာက လူတိုင်းကို ယုံရတာ မဟုတ်ဘူး၊ ကိုယ်အကြောင်းသိချင်းဆို တော်သေးတယ်"

စသည်ဖြင့် အပြန်အလှန်ပြောရင်း ဒေါက်တာအောင်ဖေက သွယ်ဝိုက်သော

www.burmeseclassic.com

www.burmeseclassic.com



နည်းဖြင့် သူ့ဘက် ယက်ချင်ယက်မည်။ မေမေမြကလည်း သူ့ဘက် ခပ်ပါပါစကား ပြောချင်ပြောမည်။ ဒါကြောင့်သာ ဒေါက်တာအောင်ဖေ အတင့်ရဲလာခြင်း ဖြစ်နိုင်၏။ ဒေါက်တာအောင်ဖေက ရည်းစားစကားပြောကြောင်း တိုင်လိုက်လျှင် မေမေမြက ကောင်လေးက မဆိုးပါဘူး။ ညည်း ထည့်စဉ်းစားဖို့ ကောင်းတယ် ဘာညာ ဖြစ်ကောင်း ဖြစ်လာနိုင်သည်။ သည်ါတော့ ဘာမှမပြောတာပဲ ကောင်းလိမ့်မည်။ ညီကို့ကိုတော့ အသိပေးသင့်သည် ထင်၏။

BURMESE CLASSIC

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



နီနီရောင် ပြောပြသမျှကို ညီကိုက ခေါင်းညိတ်လိုက်၊ အင်းလိုက်လိုက်နှင့် နားထောင်နေသည်။ စကားဆုံးတော့...

"အဲဒါကို သိရအောင် ပြောပြထားတာ၊ ဘယ်လိုလဲ၊ စိုးရိမ်စရာကောင်းတဲ့ အခြေအနေလို့ ထင်လား"

"မေမေမြကကော နီရောင့်ကို အဲဒီလူနဲ့ သဘောတူနေတယ် ထင်သလား"

"အဲဒါတော့ ပြောရခက်တယ်၊ မေမေမြက သူ့ကို ရိုးရိုးပဲ သဘောကျတာ လား၊ နီရောင်နဲ့ သဘောတူနိုင်လောက်တဲ့ထိ သဘောကျတာလားဆိုတာတော့ မသေချာဘူး၊ မေမေမြက သူ့ကို လူတော်လူကောင်းတစ်ယောက်လို့ ယုံကြည်နေ တာတော့ အမှန်ပဲ"

"ခုန နီရောင်ပြောသလို လူငယ်ချင်း အဆင်ပြေသွားမယ်ဆိုရင် မေမေမြက ကန့်ကွက်စရာ မရှိဘူးဆိုတဲ့ အနေအထားမျိုးဆိုရင်တော့ စိုးရိမ်စရာပဲ"

"ဘာလဲ နီရောင်က အနေနီးစပ်ပြီးတော့ သူ့ကို ကြိုက်ချင် ကြိုက်သွားနိုင်တယ် ဆိုပါတော့၊ ကိုက နီရောင့်ကို မယုံဘူးပေါ့ ဟုတ်လား"

"နီရောင့်ကို ယုံပါတယ်၊ ဒါပေမယ့် ယုံကြည်တယ်ဆိုတာ ဘာလဲ၊ လူတစ် ယောက်ရဲ့ တစ်ဖက်သတ် မျှော်လင့်ချက်ပဲ မဟုတ်လား၊ နီရောင့်အပေါ် ကိုက

www.burmeseclassic.com



ယုံကြည်တယ် ဆိုတာကလည်း ကိုယ့်ဘက်က အမြင်နဲ့ ဆုံးဖြတ်ချက်ပဲ၊ ဆုံးဖြတ်ချက် မှန်တယ်၊ မမှန်ဘူးဆိုတာက တကယ်အရေးကြုံတဲ့အခါကျမှ သိရမှာ မဟုတ်လား တကယ်ဖြစ်မလာသေးခင်မှာတော့ ယုံကြည်တယ်ဆိုတာကို စိတ်ချလက်ချ ယုံလို့ မရသေးဘူးလေ"

နီနီရောင်က ပြုံးပြီး...

"ကိုဟာလေ အထအနကောက်တတ်တဲ့ မိန်းကလေးမျိုးနဲ့တွေ့ရင် မလွယ်ဘူး နီရောင့်လို လူမျိုးနဲ့ တွေ့ပေလို့ပဲ၊ နီရောင့်အနေနဲ့ တစ်ခုတော့ ပြောနိုင်တယ်လေ၊ ဒေါက်တာအောင်ဖေကိုတော့ နီရောင် ဘယ်တော့မှ ချစ်နိုင်မှာ မဟုတ်ဘူးဆိုတာပဲ၊ ကိုယ့်အကြိုက်နဲ့ မကိုက်ညီတာကိုတော့ ဘယ်သူက လက်ခံပါ့မလဲ၊ ဒေါက်တာအောင်ဖေက နီရောင် သဘောကျတဲ့ ပုံစံမျိုး မဟုတ်ဘူး"

"တစ်ခါတလေကျတော့ ကိုယ်မကြိုက်ပေမယ့် မတတ်သာလို့ လက်ခံလိုက်ရတာမျိုး ရှိတယ်လေ"

"မေမေမြက ဟိုလူနဲ့ အတင်းအကျပ် စီစဉ်လာတာမျိုးကို ဆိုလိုတာလား"

ညီကိုက ခေါင်းညိတ်ပြပြီး...

"အဲဒီလို အခြေမျိုးကြုံလာရင် နီရောင် မေမေမြကို ဆန့်ကျင်ရဲပါ့မလား"

နီနီရောင်က ခဏမျှ စဉ်းစားနေသည်။ ပြီးတော့...

"နီရောင် အမှန်အတိုင်း ပြောမယ်နော်၊ မေမေမြဟာ နီရောင့်ကို တစ်သက်လုံး ပြုစုစောင့်ရှောက်လာခဲ့တာ။ သူက အိမ်ထောင်လည်း မပြုခဲ့တော့ သူ့အတွက် နီရောင် တစ်ယောက်တည်းကိုပဲ ပုံချစ်နေရတာပဲ။ ပြီးတော့ နီရောင့်အဖို့လည်း မေမေမြဟာ အဖေဆိုလည်း ဟုတ်၊ အမေဆိုလည်းဟုတ် အစ်မကြီးဆိုလည်း ဟုတ် ဆိုသလိုမျိုး ဖြစ်နေတယ်လေ၊ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် အမှီတဟဲ ပြုနေကြ ရတာ မဟုတ်လား၊ ဒီတော့ မေမေမြကို စွန့်ပစ်ထားခဲ့ဖို့ဆိုတာ တော်တော်မလွယ်တဲ့ ကိစ္စပဲ"

"ကို နားလည်ပါတယ်။ ခုလို ရိုးရိုးသားသား ပြောတာမျိုးကိုလည်း ကိုကြိုက် တယ်။ ကတိတွေ လျှောက်ပေးပြီး တကယ် အရေးကြုံလာတဲ့အခါကျတော့ တောင် လို့ ‌မြောက်လိုလို လုပ်တတ်တာမျိုးထက်စာရင် အခုလို ဘာကတိမှကြိုမပေးထတ် တဲ့ လူမျိုးက ပိုပြီး ပြတ်ပြတ်သားသား ဆုံးဖြတ်တတ်တယ်လို့ ကိုယ် ထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နီရောင်ပြောတာကို ကို လက်ခံပါတယ်"

"ပြောစရာ တစ်ခု ရှိသေးတယ်"

ဟု နီနီရောင်က ဆိုပြီး ညီကို၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။ ညီကိုက နီနီရောင့်လက်ပေါ် သူ့လက်ဖဝါးနှင့် အုပ်ကိုင်လိုက်ပြီး...

"ပြောလေ နီရောင်၊ ကို့ကို အားမနာနဲ့။ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းသာ ပြော"

"ဩော်... ကိုက နီရောင့်ကို ယုံတယ်လို့ ပြောတယ်နော်။ လူတစ်ယောက်ရဲ့ ယုံကြည်ခြင်းကို ခံရတယ်ဆိုတာ အလွန် ကြီးလေးတဲ့ တာဝန်ကြီး တစ်ခု ပေးအပ်ခံရတာနဲ့ တူတူပဲလို့ ထင်တယ်။ ဒီတာဝန်ကို နီရောင် အစွမ်းကုန် ကျေပွန်အောင် ကြိုးစားပါ့မယ်"

BURMESE CLASSIC

နီနီရောင်က ညီကို့ပခုံးပေါ် ခေါင်းမှီလိုက်သည်။ ညီကိုက နီနီရောင့်ဆံပင်များကို ပွတ်သပ်နေသည်။ ဆံပင်တို့သည် အာရုံကြောနှင့် တိုက်ရိုက် ဆက်သွယ်မှု မရှိသော်လည်း ခံစားမှုတစ်ခုကိုတော့ ဖြစ်ပေါ်စေလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို ခြုံငုံ သုံးသပ်ကြည့်လျှင် မေမေမြနှင့် အဆင်ပြေဖို့သည် အရေးအကြီးဆုံးဖြစ်ကြောင်း သိသာ၏။ မေမေမြက သဘောတူ ကျေနပ်မှသာ အေးအေးချမ်းချမ်း ကိစ္စပြီးမည့် အခြေအနေပင် ဖြစ်သည်။ နီနီရောင်သည် မေမေမြကို ဖိန့်ဖိန့်တုန်အောင် ကြောက်နေရတာမျိုးတော့ မဟုတ်။ သို့ရာတွင် တစ်သက်လုံး အုပ်ထိန်းလာခဲ့သည်ဆိုသော အရှိန်အဝါက ရှိနေသည်။ ပြီးတော့ သံယောဇဉ်။

ညီကိုသည် သူ့ကိုယ်သူနှင့် နှိုင်းယှဉ်ကြည့်သည်။ သူသည် အဖေ့ကို မကြောက်ချေ။ သို့ရာတွင် အဖေဆိုသော အဟိတ်အဟာန့်က ရှိသည်။ လူကြီးကို ရိုသေ လေးစားရမည်။ လူကြီးစကား နားထောင်ရမည် ဆိုသော စိတ်အစွဲအလမ်းက ရှိနေသည်။ လူကြီးဖြစ်နေခြင်းကပင် မလွန်ဆန်နိုင်လောက်အောင် အသာစီးရနေသော အကြောင်း ပြချက် ဖြစ်နေ၏။ နီနီရောင်သည်လည်း သည်လိုပဲ ဖြစ်နေလိမ့်မည် ထင်သည်။

ထိုအတောအတွင်း ဒေါက်တာ အောင်ဖေသည် ဆက်လက်၍ သေဆိုးစမ်းနေဆဲပင် ဖြစ်၏။ အစပိုင်းတုန်းကတော့ နီနီရောင်က သူ့ကို တတ်နိုင်သမျှ မတွေ့အောင် ရှောင်သည်။ နောက်တော့ သည်လို ရှောင်နေတာကိုက သူ့အပေါ် အလေးအနက်ထားရာ ကျနေသည်ဟု တွေးမိပြီး ပုံမှန်ပင် ဆက်ဆံနေလိုက်၏။

www.burmeseclassic.com



ဒေါက်တာ အောင်ဖေကလည်း အခွင့်အရေး ရလိုက်တာနှင့် စကားတစ်လုံး နှစ်လုံးတော့ ပစ်သွင်းလိုက်တတ်စမြဲပင်။ တစ်ခါတလေ နောက်သလို ပြောင်သလို

"ဘယ်လိုလဲ အပျိုကြီး၊ မစဉ်းစားသေးဘူးလား" ဟု မေးတတ်သည်။ ထိုအခါ နီနီရောင်ကလည်း ပြုံးပြီး ခေါင်းခါပြတတ်၏။ တစ်ခါတလေကျတော့...

"နီနီရောင် အချစ်ဝတ္ထုတွေ ဖတ်လေ့ရှိသလား"

ဆိုတာမျိုး မေးသည်။ နီနီရောင်က...

"ဖတ်ပါတယ်၊ အရေးအသားကောင်းတဲ့ စာအုပ်မျိုးဆို ဖတ်တာပဲ"

"တော်သေးတာပေါ့၊ ဒါဆို မျှော်လင့်ချက် ရှိနိုင်သေးတယ်"

"ဘာကို ဆိုလိုတာလဲ"

"အချစ်ဝတ္ထုတွေ ဖတ်တယ်ဆိုတော့ အချစ်အကြောင်း သိချင်စိတ်ကလေးတော့ ရှိသားပဲလို့ ယူဆရမှာပေါ့ မဟုတ်ဘူးလား"

"ကျွန်မက အိမ်ထောင်ရေးကို စိတ်မဝင်စားဘူးဆိုပေမယ့် သီလရှင် ဝတ်မယ့်လူမှ မဟုတ်ဘဲ၊ ဝတ္ထုတစ်ပုဒ်အနေနဲ့ ဖတ်ကောင်းရင် ဖတ်ရမှာပဲ"

"ဒါကိုက အတော် ကျေနပ်စရာကောင်းတဲ့ အချက်ပါပဲ။ အချစ်ဝတ္ထုတွေ ဖတ်ရင်း အချစ်အကြောင်း စိတ်ဝင်စားပြီး သိချင်လာရင်"

"ဆရာကော၊ အချစ်ဝတ္ထုတွေ ဖတ်သလား"

"ဖတ်တာပေါ့။ အများကြီးကို ဖတ်ဖူးတယ်။ ကျွန်တော်က စိတ်ဝင်စားတယ်လေ"

"ရုပ်ရှင်ကော"

"ကြည့်တာပေါ့"

"ခုပြနေတဲ့ တရုတ်သိုင်းကား ကြည့်ပြီးပြီလား"

"ကြည့်ပြီးပြီ၊ ကောင်းတယ်ဗျ၊ ဓားခုတ်ခန်းတွေရိုက်ထားတာ သိပ်ပီပြင်တာပဲ"

ဒေါက်တာအောင်ဖေ အငိုက်မိသွားသည်။ နီနီရောင်က

"ဒါဆို ဆရာက အထိုးအခုတ် ဝါသနာပါတယ်လို့ ဆိုရမှာပေါ့"

"ဒီလိုတော့လည်း မဟုတ်ပါဘူး၊ ကြည့်ကောင်းတာပြောတာပါ၊ အပျင်းပြေပေါ့ဗျာ"

"ကျွန်မလည်း အချစ်ဝတ္ထုတွေဖတ်တာ အပျင်းပြေဖတ်တာပါ၊ တခြား

www.burmeseclassic.com



ဘာသဘောမှ မပါပါဘူး၊ ဆရာပြောသလိုသာ ပြောရမယ်ဆိုရင် ကျွန်မက ဘာသာမြန် စပိုင်ဝတ္ထုတွေလည်း ဖတ်တယ်၊ ဒါကျတော့ ဘယ်လိုကောက်ချက်ချမလဲ"

ထိုကဲ့သို့ စကားနိုင်လုရသည့် အခါမျိုးလည်း ရှိသည်။

တစ်ခါတစ်ခါမှာတော့...

"အပျိုကြီးတွေရဲ့ ဘဝဟာ သိပ်ပြီး အထီးကျန်ဆန်တယ်ဗျ၊ ငယ်ငယ်ရွယ်ရွယ် ကျန်းကျန်းမာမာရှိတုန်းတော့ ကိစ္စမရှိပါဘူးလေ၊ အသက်ကြီးလို့ အိုမင်းမစွမ်းရှိလာတဲ့အခါ သားထောက်သမီးခံက မရှိတော့ သိပ်ဒုက္ခရောက်တယ်၊ မကျန်းမာလို့မှ ပြုစုမယ့်လူမရှိ ကွေးမွေးထောက်ပံ့မယ့်လူ မရှိ တကယ်လို့ တခြားမောင်နှမတွေရှိရင် ကြည့်ချင်ကြည့်ဦးမယ်၊ နီနီရောင်လို တစ်ယောက်တည်းသမားကျတော့ ပိုဆိုးတာပေါ့၊ ခိုးကိုးရာမဲ့ဖြစ်မှာ မကြောက်ဘူးလား"

ဟု ဆွယ်တရားဟောသည်။

"ကျွန်မတော့ မကြောက်ပါဘူး၊ တစ်သက်လုံး တာဝန်ကင်းကင်းနဲ့ လွတ်လွတ်လပ်လပ်နေရတဲ့ အရသာနဲ့ ယှဉ်ရင် သေခါနီးမှ နှစ်အနည်းငယ်လောက် အထီးကျန်ဆန်ရတာ ဘာမှ မပြောပလောက်ပါဘူး၊ ကျွန်မစိတ်ကူးကတော့ အသက်ကြီးလာရင် ရှိတဲ့ပစ္စည်းအားလုံး ဘိုးဘွားရိပ်သာလှူမယ်၊ ကျွန်မလည်း အဲဒီမှာပဲ သွားနေမယ် စိတ်ကူးထားတယ်"

ဆိုပြီး နီနီရောင်က ပိတ်ပြောပစ်လိုက်သည်။ ညီကိုက...

"ဒါနဲ့ မေမေမြ အခြေအနေကကော ဘယ်လိုလဲ"

"မေမေမြက ပုံမှန်ပဲ၊ ဒေါက်အောင်ဖေက နီရောင့်ကို စိတ်ဝင်စားနေတာတော့ ရိပ်မိလိမ့်မယ်၊ ခုလို ဖွင့်ပြောလာတာကိုတော့ သိသေးပုံမရဘူး၊ ဘာကြောင့်လဲဆိုတော့ မေမေမြက သိပ်ဟန်ဆောင်ကောင်းတာ မဟုတ်ဘူး၊ တကယ်သာသိရင် နည်းနည်းတော့ အမူအရာ ပြောင်းနေမှာ သေချာတယ်။ နီရောင်ထင်တာကတော့ မေမေမြက ပစားပေးထားတာကို အခွင့်ကောင်းယူပြီး မေမေမြရဲ့ ကျောနပ်ထောက်ခံမှု ရ... သလိုလိုနဲ့ သိမ်သိမ်မွေ့မွေ့ကလေး ကစားနေတာလို့ ထင်တယ်"

"ဒီအခြေအနေလောက်ဆိုရင် သိပ်တော့ စိတ်ပူစရာမရှိပါဘူး၊ စိတ်...ရာမရှိဘူးဆိုပြီး ပေါ့ပေါ့ဆဆနေလို့တော့ မဖြစ်ဘူး၊ ရန်သူကို အထင်သေး...ဟာ ကိုယ့်ကိုယ်ကိုယ် အထင်သေးတာနဲ့ အတူတူပဲ"

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ညီကိုသည် အထိုက်အလျောက် စိုးရိမ်မှု ရှိနေတာ သေချာသည်။ ညီကို့လို ပျော်ပျော်နေတတ်သူအဖို့ သည်လောက်စိုးရိမ်တာကပင် လုံလောက်နေတတ်ပြီဟု နီနီရောင် ထင်၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



နီနီရောင်ထင်တာ မှန်သည်။ စိတ်ပူစရာမရှိပါဘူး ဆိုပြီး အခြေအနေကို စောင့်ကြည့်နေခြင်းအားဖြင့် တစ်ဘက်လူကို အချိန်ပေးရာ ရောက်သည်။ တစ်ခုတစ်ခု ထမ်ပြီး ကြီးစားလာစရာ အကြောင်းရှိသည်။ အကျိုးထူးလာစရာ မမြင်ဘူးဟု ညီကိုက တွက်သည်။ ကိုယ့်ဘက်က လက်ဦးမှု ရယူဖို့ လိုသည်ဟု ထင်သည်။ ဘယ်ပုံဘယ်နည်း ဆောင်ရွက်သင့်သလဲတော့ သူ မပြောတတ်။

ထိုအခါ နီနီရောင်က အကြံတစ်ခု ပေးသည်။ သူ့အကြံက တော်တော်ကြောက်ဖို့ ကောင်း၏။ အန္တရာယ်လည်း ကြီးသည်။ စွန့်လည်း စွန့်စားရမည်။ ထိုအကြံအစည်ကား သူတို့နှစ်ယောက်အကြောင်း မေမေမြကို ဖွင့်ပြောလိုက်ဖို့ပင် ဖြစ်၏။

"တော်တော် ရဲရင့်တဲ့ ခြေလှမ်းပဲ နီရောင်၊ ကိုတောင် အံ့ဩသွားတယ်"

"နီရောင် စဉ်းစားတာက ဒီလိုပါ။ နောက်ကိုလည်း ဖွင့်ပြောရမယ့်တူတူ ခုကတည်းက ပြောထားရင် အကျိုးရှိနိုင်မယ် ထင်လို့၊ မေမေမြအနေနဲ့ သူ့ဘာသာ တစ်နည်းနည်းနဲ့ သိသွားခဲ့ရင် ကိုယ့်အပြစ်ဖြစ်မယ်၊ ခုလို ဖွင့်ပြောလိုက်တော့ သူ့ကို အလေးထား တိုင်ပင်ရာလည်း ကျတယ်။ သူ မသိဘဲ ဘယ်ဟာမှ မလုပ်ဘူးဆိုပြီး ယုံကြည်မှုလည်း ရမယ်၊ ဖေါက်တာအောင်ဖေရဲ့ အန္တရာယ်ကို အလိုက်အသော့တတ် ကာကွယ်နိုင်မယ်။ ဘယ်လိုလဲ"

www.burmeseclassic.com



"တကယ်လို့ မေမေမြ သဘောမတူဘူး။ ဘာညာဖြစ်လာရင်ကော"

"ဒါတော့ စွန့်စားရမှာပေါ့၊ ဒေါက်တာအောင်ဖေအပေါ် မေမေမြရဲ့ စေတနာက လုံးလုံးလျားလျား ကျရောက်သွားတဲ့ အချိန်မျိုးထက်စာရင် ခုလို အချိန်မျိုးဆိုရင် ဆုတ်သာတက်သာ ရှိသေးတယ်လို့ ထင်တာပဲ"

'နီရောင့်သဘောပဲလေ၊ တကယ် ရင်ဆိုင်ရမှာက နီရောင်ပဲဟာ"

တကယ်တမ်း မေမေမြကို ဖွင့်ပြောဖို့ကျတော့ တော်တော် အားယူရသည်။ မေမေမြကို ပြောစရာ တစ်ခုရှိတယ်၊ သမီးအနေနဲ့ မေမေမြကို အသိမပေးဘဲ ဘာမှ မလုပ်ချင်ဘူး၊ ဒီကြီးတော်နဲ့ ဒီတူမ နှစ်ယောက်တည်း ရှိတာ မဟုတ်လား။ ဘာမဆို တိုင်ပင်သင့်တယ်လို့ ထင်တယ်လေ၊ ပြောမယ်လို့ ကြံနေတာတော့ ကြာပါပြီ။ မေမေမြ ဆူမှာလည်း ကြောက်လို့… စသည်ဖြင့် တစ်ညလုံး စကားလုံးတွေ စိတ်ထဲမှာ စီကြည့်၊ ပြောကြည့်ရင်း လေ့ကျင့်ရသည်။

တကယ်ပြောဖြစ်သည့်အခါတွင် မေမေမြက 'အလို ဘုရား… ဘုရား၊ ညည်း တယ်မိုက်ပါလား' စသည်ဖြင့် ပြောလိမ့်မည် ထင်သော်လည်း မပြောချေ။ သည် အရွယ်ရောက်လျှင် သည်အစွယ်တော့ ပေါက်မှာပဲဟု ကြိုတွက်ထားဟန် တူသည်။ နီနီရောင်၏ စကားဆုံးလျှင်ပင် ချက်ချင်း မေးခွန်းတွေ မေးတော့သည်။

"သူငယ်ရဲ့အဖေက ဘာလုပ်သလဲ"

အဖေကိစ္စကို အရင်မေးတာ သတိပြုမိ၏။ ဟုတ်တော့ ဟုတ်သည်။ မေမေမြ အဖို့ မိဘမျိုးရိုးသည် အရေးအကြီးဆုံး။

"စာရေးဆရာတဲ့"

"ဘာ… စာရေးဆရာဆိုရင် ဘယ်ချမ်းသာမလဲ"

"ဟုတ်ပါတယ်၊ သိပ်တော့ မချမ်းသာဘူး၊ သုဝဏ္ဏမှာ တိုက်ခန်းနဲ့နေတယ်။ ဒါပေမယ့် ခုခေတ်မှာ စာရေးဆရာတွေလည်း ဝင်ငွေ ကောင်းကြပါယ်"

"ဘယ်လောက် ဝင်ငွေကောင်းတယ်ဆိုဦး၊ စားနိုင်သောက်နိုင်ရှိတက် ဘယ်ပိုမလဲကွယ်"

ပထမမေးခွန်းတွင် အမှတ် သုညသာရကြောင်း နီနီရောင် ရိပ်မိ၏။ ညီကိုနှင့် တိုက်ရိုက်ပတ်သက်သည့် မေးခွန်းကိုတော့ ပိုပိုသာသာလေး လုပ်မှာ တွေးနေတုန်း

"သူငယ်ကကော ဘာလုပ်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟို… သူက ကွန်ပျူတာပညာရှင်"

"ဩော်"

နည်းနည်း အထင်ကြီးသွားပုံ ရ၏။ ဆက်မေးသည်။

"လခ ဘယ်လောက်ရသလဲ"

"လခတော့ မရသေးဘူး"

"ဘာ… ဘယ်လို"

"ဒီလို မမေမြရဲ့၊ သူက ပညာကို သိလိုလားတာ၊ တော်ရုံလောက်နဲ့ မကျေနပ်နိုင်ဘူး၊ ဒါကြောင့် အဆင့်မြင့်သင်တန်းကို ဆက်တက်နေတာ"

"အောင်တော့ ဘာဖြစ်မလဲ"

"ခုချိန်မှာ တစ်ကမ္ဘာလုံး ကွန်ပျူတာ သုံးနေကြပြီပဲ။ ဒီမှာလည်း အခု နိုင်ငံခြားကုမ္ပဏီတွေ ရောက်လာတော့ ကွန်ပျူတာ ပညာရှင်တွေ လိုအပ်လာပြီ။ ဒီမှာက ကွန်ပျူတာ ကျွမ်းကျင်တဲ့လူ နည်းနေသေးတော့ လခ ကောင်းကောင်းပေးပြီး ခေါ်ရတယ်"

"ဘယ်လောက် ရနိုင်သလဲ"

"အဲ…"

ဘယ်လောက်ပြောရင် ကောင်းမလဲ။ ဖြီးမိပြီဆိုမှတော့ များများပြောတာ ကောင်းပါတယ်လေ ဆိုပြီး…

"ဒေါ်လာ တစ်ထောင်လောက် ရတတ်တယ်။ အဲဒါ သင်္ဘော အင်ဂျင်နီယာတစ်ယောက် ရတဲ့လခနဲ့ တူတူပဲလေ၊ သင်္ဘောသားကမှ နှစ်နဲ့ချီကြာအောင် အိုးအိမ်ကိုပစ်ပြီး သွားရသေးတယ်။ ခုဟာက အိုးမကွာ အိမ်မကွာ လုပ်ရမှာ"

မေမေမြ မျက်နှာပေါ်မှာ စိတ်ဝင်စားသည့် အရိပ်အရောင်ကလေး မြင်လိုက်ရသည်။

"အေးလေ၊ အဲဒီသူငယ်နဲ့ မေမေမြ တွေ့ချင်တယ်"

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာထိုင်နေသော ညီကိုအား မေမေမြက စေ့စေ့စပ်စပ် အကဲခတ် ကြည့်နေ၏။ ရုပ်ကတော့ လူရည်သန့်ပဲဟု မှတ်ချက် မပြုဘဲ မနေနိုင်။ စတစ်ကော်လာ ရှပ်လက်ရှည်အဖြူနှင့် ယောလုံချည် ဝတ်ထားသည်။ အင်း... ဝတ်စားဆင်ယင်ပုံကလည်း မဆိုးဘူးဟု တွေးမိပြန်၏။ တကယ်တော့ သည်လို ဝတ်စားပုံမှာ ခုခေတ်လူငယ်တွေကြား ပြန်ပြီး ခေတ်စားနေတာ မေမေမြ မသိ။

ညီကိုကလည်း တမင် ရွေးဝတ်လာခြင်း ဖြစ်၏။ မေမေမြတို့လို လူကြီးတွေ သဘောကျအောင် တိုက်ပုံအင်္ကျီတွေ ဘာတွေနဲ့ အကျအန ဝတ်ထားဖို့ စိတ်ကူးသေးသည်။ ဒါကတော့ သိပ်မသင့်တော်ဟု ထင်သည်။ တိုက်ပုံက ကိုယ် အမြဲဝတ်တာ မဟုတ်။ တစ်ခါဝတ်ပြီးလျှင် နောက်လာတိုင်း ဝတ်နေရတော့မည်။ ညီကို တွက်တာက မေမေမြနှင့် ဆက်ဆံရာတွင် တတ်နိုင်သမျှ အရှိအတိုင်း ဖြစ်စေမည်။ သည်နည်းဖြင့် ရိုးသားမှုကို ပြမည်။ မေမေမြ၏ ယုံကြည်မှုကို ရအောင် ယူမည်။ ပြီးတော့မှ လိုရာကို ဆွဲ၍ စည်းရုံးမည်ဟူ၍ ဖြစ်သည်။

မေမေမြက သူ့ကို အကဲခတ်သလို သူကလည်း မေမေမြကို ပြန်၍ အကဲခတ်သည်။ ပထမဆုံး တွေးမိတာက သည်အဘွားကြီး ငယ်ငယ်က တော်တော်လှမှာပဲ ဟူ၍ ဖြစ်၏။ မာနလည်း ကြီးမည့်ပုံ ပေါ်သည်။ ဒါကြောင့် အပျိုကြီး ဖြစ်နေတာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပဲ။ သည်လို အဘွားကြီးတွေက ပေါင်းရသင်းရ ခက်သည်။ ထို့အတူ အကြော သိလျှင် ပေါင်းရလွယ်သည်။ သူတို့စိတ်ထဲ အခန့်မသင့်တာလေး တစ်ခုလောက်နှင့် လူဆိုးစာရင်း သွင်းချင် သွင်းတတ်သည်။ သူတို့ သဘောကျသော အချက်ကလေး တစ်ချက် တွေ့ရုံနှင့်လည်း မျက်စိစုံမှိတ် ယုံချင်ယုံတတ်သည်။

"နာမည်က ဘယ်သူကွယ့်"

ပထမဆုံး မေးခွန်းကို စမေးသည်။ ဒါကတော့ လွယ်လွယ်လေးပဲ။

"ညီကိုပါတဲ့ ခင်ဗျာ"

"အဖေကကော"

"ဦးလှကိုပါ"

"အမေကကော"

"အမေမရှိတော့ပါဘူး။ ကျွန်တော် ငယ်ငယ်ကတည်းက ဆုံးသွားတာပါ။ မိတ ဆိုးဆိုပါတော့ခင်ဗျား။ ဖေဖေကပဲ ကျွန်တော့်ကို ပြုစုစောင့်ရှောက်လာတာပါ"

မိတဆိုးဆိုသော စကားလုံးကို တမင်သုံးလိုက်ခြင်း ဖြစ်၏။ အဖိုးကြီးများ ဘာမဟုတ်တာလေးကို ကရုဏာသက်ချင် သက်တတ်တာကိုး။

"အဖေက ဘာလုပ်သလဲ"

"စာရေးဆရာပါ"

"ကလောင်နာမည်ကကော"

"တက္ကသိုလ်လှကိုပါ"

"အင်း... တစ်ခါမှ မကြားဖူးဘူး"

ဟိုက် ထိပဟာဟု ညီကိုစိတ်ထဲက ရေရွတ်သည်။ မေမေမြဘေးမှာ ထိုင်နေသော နီနီရောင်ကလည်း ရယ်ရမလို မဲ့ရမလို ဖြစ်သွား၏။ မေမေမြက သူ့စကားကို ဖာထေးလိုက်သည်။

"အေးလေ ငါကလည်း ဝတ္ထုတွေ ဘာတွေမှ ဖတ်တာ မဟုတ်ဘဲကိုး"

"ဟုတ်ကဲ့... ဖေဖေကလည်း ဘာသာပြန်တွေ ရေးတာ များပါတယ်"

"ဒါနဲ့ မင်းက ကွန်ပျူတာပညာရှင်ဆို"

"ပညာရှင်အဆင့်တော့ မဟုတ်သေးပါဘူး။ ကြိုးစားဆဲပေါ့ ခင်ဗျာ"

ညီကိုက ကိုယ့်ကိုယ်ကိုယ် နှိမ့်ချဟန်ဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြား ကုမ္ပဏီတွေမှာ အလုပ်ရနိုင်တယ်လို့ ကြားတယ်"

"အလားအလာတော့ ရှိပါတယ်"

"လခ ဘယ်လောက်ရနိုင်သလဲ"

"ဒေါ်လာ ငါးရာလောက် ဖြစ်နိုင်ပါတယ်"

နီနီရောင် မျက်လုံးပြူးသွားသည်။ တစ်ထောင်လို့ ပြောပါလို့ သေသေချာချာ ကြိုတင် မှာထားလျက်သားနဲ့။ မေမေမြကလည်း ထိုအကွက်ကို နင်း၍...

"နီနီရောင်ကပြောတော့ တစ်ထောင်လောက် ရှိတယ်ဆို"

"သူက စင်ကာပူဒေါ်လာပြောတာ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်က အမေရိကန် ဒေါ်လာကို ပြောတာခင်ဗျ"

နီနီရောင်က မျက်စောင်းတစ်ချက် မသိမသာ ထိုးလိုက်သည်။ ညီကိုက မေမေမြကို သိပ်လျှော့တွက်လို့ မဖြစ်ကြောင်း ရိပ်မိသဖြင့် အမှန်တကယ် ဖြစ်နိုင်လောက်သော အခြေအနေကို ပြောလိုက်ခြင်း ဖြစ်၏။ ခုလို ပြောလိုက်သောကြောင့်လည်း တစ်ကွက်မှားဖို့ကိန်းနှင့် လွဲသွားခြင်း ဖြစ်သည်။

အကြောင်းမှာ မေမေမြက ဒေါက်တာအောင်ဖေဆီမှာ စုံစမ်းကြည့်ခဲ့ဖူးသည်။ ကွန်ပျူတာပညာရှင်ဆိုရင် နိုင်ငံခြားကုမ္ပဏီမှာလုပ်ရင် လခ ဘယ်လောက်ရသလဲ။ ငါးရာ၊ ခြောက်ရာ ရတယ်ဟု ဒေါက်တာ အောင်ဖေက ပြောသည်။ တစ်လက်စတည်း သူ့ဘက်ယက်၍ ပြောလိုက်သေးသည်။ အဲဒါ ဆိုင်ကယ်တစ်စီးစာပေါ့။ ကျွန်တော့် ဆိုင်ကယ်က ဒေါ်လာ ခြောက်ရာ့ငါးဆယ်လောက် ကျတယ်ဟု ဆို၏။ ခု ညီကိုပြောတာကပင် နည်းနေသေးသည်။ သည်တော့ ညီကိုသည် ကြွားဝါတတ်သူ မဟုတ်၊ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြောဆိုတတ်သူ ဟူ၍ပင် အထင်ရောက်သွားလေ၏။

သည်ကြားထဲမှာ မထင်မှတ်သော အဖြစ်တစ်ခုပေါ် ပေါက်လာသည်။ မေမေမြ၏ အချစ်တော် ကြောင်ကြီး ပေတလုသည် ညီကို၏ပေါင်ပေါ်သို့ ဇွေ့ခနဲ တက်လာပြီး လှဲအိပ်ချလိုက်ခြင်းပင် ဖြစ်၏။

နီနီရောင်ရော မေမေမြပါ အံ့ဩသွားသည်။ ပေတလုသည် မေမေမြကလွှဲ၍ ဘယ်သူ့ပေါင်ပေါ်မှာမှ အိပ်လေ့ မရှိ။ အကိုင်လည်း မခံတတ်။ ဒေါက်တာအောင်ဖေကိုတောင် တစ်ခါက ကုတ်ဖဲ့ခဲ့ဖူး၏။ ခု ညီကိုနှင့်ကျတော့ သူ့သဘောနှင့်သူ ပေါင်ပေါ် တက်အိပ်သည်။ ညီကိုက ပွတ်သပ်ပေးသောအခါ ငြိမ်ခံနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ကြောင်တွေကို ချစ်တတ်သလား"

မေမေမြက မေးသည်။

"ဟုတ်ကဲ့ခင်ဗျ။ ကြောင်တွေဟာ အယုအယကို သိပ်ကြိုက်တတ်ကြတာ၊ ဟော ဒီလို မေးစေ့လေးများကို ပွတ်ပေးရင် ငြိမ်နေတာပဲ"

ညီကိုက မေးစေ့ကို လက်ညှိုးနှင့် ပွတ်သပ်ပေးသောအခါ ပေတလူးက မျက်လုံးလေး စင်းပြီး အရသာ ခံနေသည်။

တကယ်တော့ ညီကိုသည် ကြောင်အကြောင်း ဘာမှသိတာ မဟုတ်။ မေမေမြက ကြောင်ချစ်တတ်သည် ဆိုသဖြင့် ကြောင်မွေးထားသော မော်ကြီးတို့ အစ်မဆီ ရက်တိုသင်တန်း တက်ခဲ့ခြင်းသာ ဖြစ်၏။ ဘာပဲဖြစ်ဖြစ် အခြေအနေက ချက်ချင်း ဝင်ပြောင်းလဲသွားသည်။ မေမေမြက...

"အလိုတော်... မိနီရောင်၊ ညည်းက အခန့်သား ထိုင်နေလိုက်တာ၊ ဧည့်သည်ကို ဧည့်ခံဖို့တော့ သတိမရဘူး၊ သွား၊ ကော်ဖီနဲ့ မုန့် သွားလုပ်ချေ"

ဟု နီနီရောင်ကို ပြောသည်။ နီနီရောင်က ဟုတ်သားပဲ ဆိုပြီး ထထွက်သွားသည်။ အတွင်းခန်းထဲ ဝင်ခါနီး မေမေမြအလစ်မှာ ညီကို့အား ဖျတ်ခနဲ မျက်စိတစ်ဖက် မှိတ်ပြ၏။ ညီကိုကတော့ ကြောင်ပြီး ပေတလူးကို ပွတ်သပ်ပေးနေဆဲ။ မေမေမြကသည်း ပြုံးပြုံးကြီး ကြည့်နေဆဲ။

***

www.burmeseclassic.com

www.burmeseclassic.com



ညီကိုသည် ရှုတ်တရက် စိတ်ကူးဘည့်ရာလေးတွေ လုပ်တတ်သည်။ သူ လုပ်သမျှမှာ ကံအားလျော်စွာ မေမေမြနှင့် ခံတတ်တည့်သွားခြင်း ဖြစ်၏။ သူ၏ ပြေပြစ်သန့်ရှင်းသော ရုပ်ရည်ကလည်း အထောက်အကူပြုသည်။ ပထမဆုံးအကြိမ် တွေ့ဆုံပြီးနောက် မေမေမြက...

"ကောင်လေးက မဆိုးပါဘူး၊ ရည်ရည်မွန်မွန်ရှိသားပဲ"

ဟု မှတ်ချက်ပြုသည်။ ယင်း မှတ်ချက်မှာ ညီကို့အား အသိအမှတပြုလိုက်သည့်သဘောပင် ဖြစ်၏။ အိမ်သို့ ဝင်စေထွက်စေဟု ခွင့်ပြုလိုက်ခြင်းလည်း ဖြစ်၏။ ညီကိုက တစ်ပတ်တစ်ခါလောက် လာတတ်သည်။ တစ်ခါတလေ ကြောင်တွေအတွက် ပုစွန်ခြောက်ဝယ်လာသည်။ အမြဲတော့ မဝယ်နိုင်။ ပုစွန်ခြောက်က အလွန် ဈေးကြီးသည်။ ထို့ကြောင့် အကြံအဖန်လုပ်ရသည်။ တစ်ခါတော့ ညီကိုက ပုရစ်ကြော်တွေ ဝယ်သွားသည်။

"ပေါက်ပေါက်ရှာရှာကွယ်"

ဟု မေမေမြက ပြော၏။

"ဘယ်ဟုတ်မလဲ မေမေမြရဲ့၊ ကြောင်ဆိုတာက ကြွပ်ကြွပ်ရွရွ ကြိုက်တတ်တာပဲ၊ မယုံရင်ကြည့်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ညီကိုက ပုရစ်ကြော်တစ်ကောင်ကို လှမ်းပစ်ပေးလိုက်သည်။ အနီးအနားမှာ ရှိနေသော ကြောင် သုံးကောင်သည် ပုရစ်ကြော်ကို ပြေးလုကြသည်။ တစ်ကောင်က ရသွားသောအခါ ကျန်နှစ်ယောက်က မာန်ဖီကြသည်။ ကြောင်ကြီးပေတလူးမှာ မရလိုက်သဖြင့် မကျေမနပ်ဘဲ တကြွတ်ကြွတ် ဝါးစားနေသော ကြောင်ကို လက်နှင့် လှမ်းပုတ်သည်။ ထိုအခါ ညီကိုက မီမီဆိုခေါ်ပြီး တစ်ကောင်စီ ပစ်ကျွေးလိုက်သည်။ ထို့နောက်တော့ ညီကို့နားမှာ ကြောင်တွေ တညောင်ညောင် ဗိုင်းနေတော့သည်။

ညီကိုသည် မော်ကြီးတို့ အစ်မဆီ မကြာခဏ သွားပြီး ကြောင်နှင့် ပတ်သတ်သည့် ဗဟုသုတတွေ မေးရမြန်းရ လေ့လာရသည်။ ကြောင်တွေကို အုန်းသီးတွေကျွေးပေးလျှင် ကျန်းမာသည်ဟု သိရသဖြင့် အုန်းသီးစိတ်တွေ ဝယ်ပြီး မေမေမြကြောင်တွေကို ကျွေးရသည်။

တစ်ရက်မှာ ညီကို ရောက်သွားသောအခါ မေမေမြက ဆီး၍ ပြောသည်။

"မိကျားတစ်ကောင်တော့ ဘယ်လိုဖြစ်သလဲ မသိပါဘူးကွယ်၊ ခဏခဏ အန်တယ်"

"ကလေးများရှိနေလို့လား မသိဘူး"

ညီကိုက ကြားဖူးနားဝနှင့် ပြောသည်။

"မဟုတ်တာကွယ်၊ မရှိအောင် လုပ်ထားပြီးပါပြီ"

"ဒါဆို အစာမကြေလို့ ဖြစ်လိမ့်မယ်၊ ဆရာဝန် မပြဘူးလား"

"ပြတာပေါ့၊ မနေ့က ဒေါက်တာ အောင်ဖေကို ဖုန်းဆက်ခေါ်ပြီး ပြတယ်။ သူ ပေးခဲ့တဲ့ ဆေးလည်း တိုက်တာပဲ၊ မသက်သာဘူး။ အစာလည်း ကောင်းကောင်း မစားဘူး၊ စားသမျှ ပြန်အန်ထွက်နေတာပဲ"

ညီကို စိတ်ကူးတစ်ခု ရသည်။ သူတို့ အိမ်ဘေးအခန်းမှ မိန်းမကြီးသည် ကလေးတွေ အစာမကြေ ရင်ပြည့်ဖြစ်လျှင် မြက်မုန်ညင်းဥတွေ တူးပြီး ဆားနှင့် လူးကျွေးတတ်သည်ကို သတိရ၏။ ထို့ကြောင့်...

"ခဏလေး မေမေမြ၊ ကျွန်တော် ကြိုးစားကြည့်ဦးမယ်"

ဆိုပြီး မပြောသိန်းဆီမှာ ဓားဦးချွန်တစ်လက်တောင်း၊ အိမ်ရှေ့မြေကွက်လပ်မှာ မြက်မုန်ညင်းဥ ရှာတူးသည်။ ပြီးတော့ မုန့်ညင်းဥသုံးခုကို ကြေသွားအောင် ပုလင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကြိတ်သည်။ ဆားလေးနည်းနည်း ထည့်ပြီး လုံးလိုက်သည်။ အန်နေသော ကြောင်မိကျားကို မေမေမြေ အကူအညီနှင့် ချုပ်ပြီး ပါးစပ်ကို ဖြဲ၍ မုန်ညင်းဥတွေ ထည့်သည်။ ပြန်ထွေး မထုတ်နိုင်စေရန် နှုတ်သီးကို စေ့ပြီး ကိုင်ထားရ၏။ အစပိုင်းတော့ မိကျားက ရုန်းသည်။ နောက်တော့ ငြိမ်သွား၏။ ငါးမိနစ်လောက် ကြာပြီးနောက် လွှတ်ပေးလိုက်သည်။ မိကျားသည် တစ်ချက်နှစ်ချက် ခေါင်းကို ယမ်းခါ၍ ခွီးခနဲ လုပ်ပြီး ထွက်သွားသည်။

တကယ်တော့ ကြောင်ကို မုန်ညင်းဥကျွေးလို့ ရ မရ သူမသိ။ လူကျွေးလို့ရရင် ကြောင်လည်း ရမှာပဲ ဆိုပြီး ရမ်းတုတ်လိုက်ခြင်း ဖြစ်၏။ သို့ရာတွင် ညနေကျတော့ မိကျားသည် အအန်ရပ်သွားပြီး အစာလည်း ကောင်းစွာ ပြန်စားလေတော့သည်။ ထိုအခါ မေမေမြလည်း ညီကို့အပေါ် ပို၍ သဘောကျ ကျေနပ်လာတော့သည်။

ညီကိုလာပြီဆိုလျှင် ကြောင်တွေက ဘေးမှ တညောင်ညောင် ဝိုင်းအုံနေတတ်သည်။ ညီကိုက ပါလာသော စားစရာ တစ်မျိုးမျိုးကို ခွဲဝေပေးတတ်သည်။ ပေတလူး ဆိုလျှင် ညီကို့နားမှာပဲ အမြဲနေသည်။ ညီကို ရောက်လာလို့ အိမ်ရှေ့သံတံခါးမှာ ရပ်လိုက်သည်နှင့် ပေတလူးက တညောင်ညောင်အော်ပြီး ပြေးကြိုသည်။ ထို့ကြောင့် ညီကိုလာလျှင် လူခေါ် ခေါင်းလောင်း နှိပ်စရာမလိုပဲ ကြောင်အော်သံကြားရုံဖြင့် သိနိုင်၏။

တစ်ခါတလေ တံခါးဖွင့်ပေးတာ နောက်ကျနေလျှင် ပေတလူးက သူ့လက်ကလေးဖြင့် တံခါးကို ကုတ်ခြစ်ပြီး ဖွင့်ပေးဖို့ ကြိုးစားတာ တွေ့ရ၏။ ထိုင်စကား ပြောကြပြီဆိုလျှင်လည်း ပေတလူးသည် ညီကို့ပေါင်ပေါ် တက်အိပ်နေတတ်၏။

"မေမေမြက ကို့ကို စိတ်မချလို့ ပေတလူးကို အစောင့်ချထားတာနဲ့ တူတယ်"

ဟု ညီကိုက ပြောသည်။

"ကို့ကိုတော့ တကယ် ချီးကျူးတယ် သိလား၊ မေမေမြနဲ့ တည့်အောင် ပေါင်းနိုင်တာကိုပြောတာ၊ ခုဆိုရင် မေမေမြက မောင်ညီကို၊ မောင်ညီကိုနဲ့ သိပ်သဘောကျနေတယ်"

"ကိုလည်း ဘာရယ်မဟုတ်ဘူးကွာ၊ စိတ်ရှူးတည့်ရာ စွတ်လုပ်ရင်းက အားလျော်စွာ ဖြစ်သွားရတာပဲ၊ ခုလို မေမေမြက နီရောင်နဲ့ ကို့ကို သဘောတူလိုက်ပြီလို့ ယူဆရမှာပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ မျှော်လင့်ရတာပဲလေ၊ ခုလို နှစ်ယောက်တည်း ထိုင်စကားပြောခွင့်ပြုထားတာကို ကြည့်ပါလား"

ညီကိုက ဟိုဟိုသည်သည် မျက်လုံးကစားလိုက်ပြီး...

"ဟုတ်တယ်နော်၊ ညှော်ခန်းထဲမှာ ကိုတို့နှစ်ယောက်တည်း၊ တခြားလူတွေ ဘယ်ရောက်ကုန်ကြပြီလဲ"

"မီးဖိုခန်းထဲမှာပေါ့၊ မေမေမြကတော့ သူ့အခန်းထဲမှာ တရားစာအုပ်တွေ ဖတ်နေမယ် ထင်တယ်"

"ဒါဆို"

ညီကိုက ကိုယ်ကို ရှေ့သို့ နည်းနည်းကိုင်းလိုက်သည်။

"ဟင်း... ကဲဖို့တော့ စိတ်မကူးနဲ့နော်၊ မေမေမြက သိပ်လျှင်တယ်။ မပြာသိန်းကို ချောင်းကြည့်ခိုင်းထားမှာ"

"အေးပါ၊ ကို သိပါတယ်၊ နိုရောင့်အစား ပေတလူးကိုပဲ ဖက်ရတော့မှာပဲ"

ဆိုပြီး ညီကိုက ပေတလူးကို ပွေ့လိုက်၏။ ပေတလူးက ညောင်ဆိုပြီး ညီကို့ရင်ဘတ်ကို ခေါင်းနှင့် ဝှေ့ပြီး ပွတ်နေသည်။

❋ ❋ ❋

အပျိုကြီးများသည် သူတို့အလိုကျ အလိုက်အထိုက် ပေါင်းတတ်သူများကို သဘောကျတတ်တာ မှန်သည်။ သို့ရာတွင် သူတို့စိတ်သည် အမြဲ အတည်တကျ မရှိ။ အလိုလိုက်ခံချင်သလို တစ်ခါတစ်ခါ သူတို့က ပြန်ပြီး အလိုလိုက်ရတာမျိုး လိုလားသည်။ သူတို့အပေါ် နွဲ့ဆိုးဆိုးတတ်သူ၊ ဖွတ်တရွတ်လုပ်တတ်သူများကိုလည်း သဘောကျတတ်၏။ ညီကိုသည် ထိုအရည်အချင်းနှင့်လည်း ပြည့်စုံသည်။

တစ်ရက်တွင် ညီကို ရောက်လာပြီး...

"မေမေမြ တံခါးဖွင့်ပါ၊ တံခါး မြန်မြန်ဖွင့်ပါ"

ဟု အော်သည်။ မေမေမြရော နီနီရောင်ပါ အလန့်တကြား ပြေးထွက်လာသည်။ မပြာသိန်းက သော့ယူပြီး အပြေးအလွှား ဖွင့်ပေး၏။ ညီကိုသည် အိမ်ထဲရောက်လျှင် ဘာမပြော ညာမပြောနှင့် ထမင်းစားခန်းထဲ စွတ်ရွတ်ဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



...မမေမြနှင့် နီနီရောင်တို့ နောက်က လိုက်လာပြီး...

"ဘာဖြစ်လို့လဲ"

ဟု ပြိုင်တူမေးသည်။

"ထမင်းဆာတယ်၊ ထမင်း အရမ်းဆာနေပြီ၊ ထမင်း ကျွေးကြပါ"

ညီကိုက ပျာလောင်ခတ်စွာ ပြောသည်။ ထိုအခါ မေမေမြပါ ပျာယာပြီး...

"ဟဲ့... မပြာသိန်း၊ ထမင်းပွဲ ပြင်ပေးလိုက်စမ်း"

မပြာသိန်းမှာ ရုတ်တရက်မို့ ယောင်ယောင်ကန်းကန်း ဖြစ်နေ၏။ ညီကိုက...

"ဟာ မြန်မြန်လုပ်ပါ၊ ဆာလှပြီ"

ဆိုပြီးနောက် မပြာသိန်းကို မစောင့်တော့ဘဲ သူဘာသာ ပန်းကန်တစ်ချပ် ...ယူပြီး ထမင်းထည့်၊ ဟင်းကို ပန်းကန်ထဲ ပုံထည့်ပြီး မတ်တတ်ရပ်လျက်ပင် ပလုတ် ...လောင်း စားနေသည်။ မေမေမြက...

"ဟဲ့... မတ်တတ်ကြီး၊ အေးအေးထိုင်စားမှပေါ့၊ မပြာသိန်း ဟင်းချို ထည့် ...ပေးဦး"

တကယ်တော့ သည်ပုံစံမျိုးမှာ မေမေမြ၏ စည်းကမ်းနှင့်ဆိုလျှင် ကိုက်ညီခြင်း ...မရှိ၊ သို့ရာတွင် မေမေမြက ကရုဏာသက်စွာ ကြည့်နေ၏။ နီနီရောင်ကတော့ ညီကို့ ...အမူကို သိသဖြင့် ကြိတ်ရယ်မိသည်။

စားသောက်ပြီးတော့မှ ညီကိုက ပြောပြသည်။ သူတို့မှာ သားအဖ နှစ်ယောက် ...တည်း နေရ၍ ပြသလို စားရကြောင်း၊ ဆိုင်ထမင်းဟင်းစားရတာ ငြီးငွေ့နေကြောင်း၊ ...တစ်ခါတစ်ခါ ဖွယ်ဖွယ်ရာရာကလေး စားချင်ကြောင်း၊ ဒီနေ့လည်း မြို့ထဲရောက်မှ ...ထမင်းဆိုင်မှာ စားမည်ဆိုပြီး ထွက်လာရာ ဘတ်စ်ကားပေါ်မှာ ခါးပိုက်နှိုက် ခံလိုက် ...ရ၍ ပိုက်ဆံအကုန်ပါသွားကြောင်း၊ ထို့ကြောင့် ဆာလွန်း၍ မေမေမြဆီ ပြေးလာခဲ့ ...ကြောင်း စသည်ဖြင့် ပြောပြ၏။ မေမေမြမှာ စုတ်တသတ်သတ်ဖြစ်နေပြီး...

"နောက်ကို ဖွယ်ဖွယ်ရာရာလေး စားချင်ရင် အိမ်မှာ လာစား၊ ဘာမှ အားမနာ ...နဲ့၊ စားချင်တဲ့ဟင်းရှိရင်လည်း ဖုန်းဆက်ပြီး ကြိုပြောပေါ့၊ မေမေမြ ချက်ထားမယ် ...ကြားလား"

"ဟုတ်ကဲ့ ခင်ဗျ"

"ဒါနဲ့ မင်း ခါးပိုက်နှိုက်ခံရတယ်ဆိုတော့ သုံးစွဲဖို့ရော ရှိသေးရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ညနေမှာပဲ ဖေဖေ့ဆီက ထပ်တောင်းရတော့မှာပဲ၊ အခု လောလောဆယ်တော့ လမ်းစရိတ် နှစ်ကျပ်လောက် ချေးပါ မေမေမြ"

"အို... ဘယ့်နှယ် နှစ်ကျပ်လဲ"

ဆိုပြီး မေမေမြက သူ့ဘော်လီအကျီအိတ်ထဲက ဆယ့်ငါးကျပ်တန်နှစ်ရွက် ထုတ်ပေးသည်။

"ဟာ... ဒီလောက်ထိ မလိုပါဘူး"

"အို....ယူသာ ယူထားစမ်းပါ"

"မေမေမြက သူပေးရင် ယူမှကြိုက်တယ်"

ဟု နီနီရောင်က ဝင်ပြောသည်။ ညီကိုလည်း ငွေစက္ကူ နှစ်ရွက်ကို ရှိုးရိုးသေသေ လှမ်းယူရင်း နီနီရောင့်ကို မသိမသာ ကြည့်သည်။ နီနီရောင်က မေမေမြ မမြင်အောင် လျှာကလေး တစ်လစ် ထုတ်ပြလိုက်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



မေမေမြသည် ညီကို့အပေါ် အရေးပေးလာသည်နှင့်အမျှ ဒေါက်တာအောင်ဖေတို့ ဆက်ဆံရေး ကျဲလာသည်။ ဒေါက်တာအောင်ဖေ့မှာ ဘာအပြစ်မှ ရှိတာတော့ မဟုတ်။ သူသည် လူတစ်ဖက်သား အထင်ကြီးအောင် ကြွားလုံးကလေးတွေ တစ်ခါတစ်ခါ ထုတ်တာကလွဲလျှင် မဆိုးလှပဟု ဆိုနိုင်သည်။ သို့ရာတွင် သူက မေမေမြ၏ အကြိုက်ကို အလိုက်အထိုက် နေတတ်ရုံသာ ရှိ၏။ မေမေမြ၏ ဟဒယနှလုံးကို ရွှင်ပြုံးအောင် ကိုင်လှုပ်နိုင်စွမ်းကျတော့ အားနည်းနေသည်။ ညီကို့ကို မမီချေ။ ညီကို၏ သွက်လက်ဖျတ်လတ်သော အပြုအမူများက နေ့စဉ်အပြောင်းအလဲ မရှိဘဲ ပျင်းရိငြီးငွေ့စရာ ဖြစ်နေသော မေမေမြဘဝကို စိုပြည်စေသည်။

မေမေမြသည် ဒေါက်တာအောင်ဖေအပေါ် အလိုမကျသည့် စကား.မျိုးပင် ပြောစပြုလာသည်။ ဒေါက်တာအောင်ဖေက သူ့ကြောင်တွေကို သိပ်ဂရုမစိုက်ဘူးဟု ဆိုချင်လာ၏။

"မင်း အသိအကျွမ်းတွေထဲမှာ တိရစ္ဆာန်ဆေးကု ဆရာဝန်များ မရှိဘူးလားကွယ့်၊ ရှိရင် ခေါ်ပေးစမ်းပါ၊ မေမေမြတော့ ဒေါက်တာအောင်ဖေကို သိပ်အားမရတော့ဘူး"

ဟူ၍ပင် ညီကို့အား ဖွင့်ပြောလာ၏။ ညီကို့အနေနှင့် ကိုယ့်ဘက်က အရေး

www.burmeseclassic.com

www.burmeseclassic.com



သာတုန်း အပြတ်သိပ်ထည့်လိုက်မည်ဟူသော စိတ်ထားမျိုး မရှိ။ ဟုတ်တာပေါ့ မေမေမြရယ်၊ သမားဆို အိုမှဆိုတဲ့ စကားလည်း ရှိသားပဲ၊ ကြောင်ဆိုတာလည်း တိရစ္ဆာန် ဆိုပေမယ့် လူလိုပဲ အသက်နဲ့ အသွေးအသားနဲ့ မဟုတ်လား စသည်ဖြင့် ချောဆီလေး နည်းနည်း ထိုးပေးလိုက်လျှင် ဒေါက်တာအောင်ဖေ လွှင့်ထွက်သွားနိုင်သည်။ သို့ရာတွင် သူက -

"ကျွန်တော့်အသိထဲမှာတော့ မရှိဘူး၊ စုံစမ်းကြည့်ပါဦးမယ်"

ဟူ၍သာ မတင်မကျ ပြောထားလိုက်သည်။ ဒါကို နီနီရောင်က သိပ်မကျေနပ်ချင်။

"ကိုက ဘာဖြစ်လို့ အဲဒီလို ပြောရတာလဲ၊ ဆရာဝန် တစ်ယောက်ယောက်ကို ရှာပေးလိုက်၊ တစ်ခါတည်း ကိစ္စပြတ်ရောပေါ့"

"ဒါကတော့ကွာ၊ သူများရဲ့ အလုပ်အကိုင် ထိခိုက်အောင် လုပ်တာမျိုးကိုတော့ မလုပ်ချင်ဘူး"

"အင်းနော်၊ သိပ်သဘောကောင်းနေ၊ တော်ကြာ ပါသွားမှ ဆွေးမနေနဲ့"

"ဆွေးစရာ အကြောင်း မရှိပါဘူးလေ၊ မေမေမြက ကို့ဘက်မှာ လုံးလုံးပါနေပြီပဲ၊ ကိုတို့အနေနဲ့ ဒေါက်တာအောင်ဖေကို ထူပြီး တိုက်ခိုက်နေစရာ မလိုပါဘူး။ သူလည်း ပါးရည်နပ်ရည်ရှိတဲ့ လူတစ်ယောက်ပဲ၊ အခြေအနေကို သူသိပြီး နောက်ဆုတ်သွားပါလိမ့်မယ်၊ ဒါဆို ကိုတို့ပယောဂလည်း ကင်းမယ် မဟုတ်လား"

ဒေါက်တာ အောင်ဖေကလည်း သူ့အခြေအနေ သူသိ၏။ အစပိုင်းတော့ နားမလည်နိုင်သလို ဖြစ်ရ၏။ မေမေမြသည် သူ့အပေါ် ဆက်ဆံပုံ အေးစက်စက် ဖြစ်လာ၏။ သူ့ကို အရင်ကလို ပျူပျူငှာငှာ ပျာပျာသလဲ နေရာပေးမှုမျိုး မရှိတော့။ အလုပ်သဘောသာ ဆက်ဆံတော့သည်။ ခါတိုင်းလို အလ္လာပ သလ္လာပ စကားပြောတာမျိုး မရှိတော့။ ကိစ္စပြီးလျှင် ပြန်စေချင်သည့် အမူအရာသာ ပြလေ၏။ ဘာကြောင့် ဒီလို ပြောင်းလဲသွားတာလည်းဟု စဉ်းစားလို့ မရ။

တစ်ရက် အိမ်မှာ ညီကိုနှင့် ဆုံမိတော့မှ သဘောပေါက်သွားသည်။ ညီကိုသည် ဘယ်က ဘယ်လို ရုတ်တရက် ပေါ်လာမှန်း မသိသဖြင့် ဒေါက်တာ အောင်ဖေ အံ့ဩသွားမိသေးသည်။ ညီကိုနှင့် မေမေမြတို့သည် အချိန်တိုအတွင်းမှာ သည်လောက် အလွမ်းသင့်သွားရသည့် အကြောင်းရင်းကို စဉ်းစားကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ညီကိုတို့၏ အစိက ခြားနားချက်မှာ သူက မေမေမြကို အလိုက်အထိုက် ပေါင်းတတ်ရုံသာ ရှိ၏။ သည်အိမ်မှာ ဧည့်သည်တစ်ယောက်လိုပဲ နေထိုင် ဆက်ဆံခဲ့သည်။ ညီကိုကတော့ သူ့ကိုယ်သူ မေမေမြ၏ တူသားတစ်ယောက်လို ရင်းရင်းနှီးနှီး နေပစ်လိုက်သဖြင့် မေမေမြက သူ့ဘက် ပါသွားခြင်း ဖြစ်မည်ဟု ကောက်ချက် ချမိ၏။ နီနီရောင်ကိုယ်တိုင်က ညီကို့ဘက်က ရှိနေတာလည်း တစ်ကြောင်း။

ဘာပဲဖြစ်ဖြစ် ခုချိန်ကျမှတော့ ညီကို့ကို လိုက်ပြိုင်နေလို့ မရတော့။ နောက်ကျသွားပြီ။ သူ၏ ရှုံးနိမ့်မှုကို လက်ခံလိုက်ဖို့သာ ရှိသည်။ မျှော်လင့်ချက်ကလေးတော့ ထားချင်သေးသည်။ အရေးကြီးတာက ညီကို့အား တိုက်ခိုက်ရန် မကြိုးစားမိဖို့ဘဲ ဖြစ်၏။ ခုနေခါ ညီကို့အား မကောင်းကြံမိလျှင် သူသာ လွင့်ထွက်သွားရဖို့ ရှိကြောင်း သူ ကောင်းကောင်း နားလည်သည်။ လောလောဆယ်မှာ သည်အိမ်ကို ဝင်ထွက်ခွင့် ဆက်လက် ရရှိရေးသာ မဆုံးရှုံးအောင် ကြိုးစားဖို့ လိုအပ်သည်။ ပုံမှန်ဝင်ငွေရသည့် အလုပ်တစ်ခု လက်မလွှတ်ဖို့အပြင် တစ်ချိန်ချိန် အခွင့်အရေးပေါ်သည့်အခါ အဆင်သင့် အသုံးချနိုင်ဖို့အတွက် သည်အိမ်ကို ဆက်လာခွင့်ရနေမှ ဖြစ်မည်။

ထို့ကြောင့် ဒေါက်တာအောင်ဖေသည် နီနီရောင်နှင့်တွေ့ဖို့ စကားပြောဖို့ မကြိုးစားတော့ဘဲ အလုပ်သဘောဆန်ဆန်သာ နေထိုင်ပြောဆိုလာခဲ့၏။ သူက နီရောင်တို့ လက်လျှော့လိုက်ပြီး အလုပ်အတွက်သာ စိတ်ဝင်စားတော့သည့် သဘောမျိုးဖြစ်အောင် ပြုလုပ်နေခြင်း ဖြစ်၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ညီကို သုတ်သီးသုတ်ပျာ ရောက်ရှိလာသည်ကို မြင်သောအခါ မပြာသိန်းတ တံခါးပြေးဖွင့်ပေးရင်း...

"ထမင်းပွဲ ပြင်ရမလား"

ဟု မေးသည်။ ညီကို ထမင်းဆာလာပြီဆိုလျှင် ထမင်းပွဲ အမြန်ပြင်ရသည်။ မကြာခဏဆိုသလို မေမေမြက 'ဟဲ့... ကြာလှချည်လား၊ ခပ်သုတ်သုတ်လုပ်မှပေါ့။ ညည်းလုပ်နေပုံနဲ့ ထမင်းဆာတဲ့လူက အူလိမ်နေတော့မယ်' ဟု ဆူတတ်သောကြောင့် ညီကို ပျာယာခတ်လာပြီဆိုလျှင် မပြာသိန်း လန့်နေတတ်၏။

ညီကိုက သူ့ခြေထောက်ကို ပွတ်နေသော ပေတလူးကို ပွေ့ချီလိုက်ပြီး...

"ထမင်းစားခဲ့ပြီးပါပြီဗျ"

ဟု ရယ်၍ ပြောသည်။ ညီကို့အသံကြားသဖြင့် နီနီရောင် ထွက်လာသည်။

"မေမေမြရော"

ညီကိုက မေး၏။

"လာပါလိမ့်မယ်၊ ဘယ်လိုတုန်း မေမေမြနဲ့ပဲ တွေ့ချင်တာလား၊ နီရောင်နဲ့တောင် စကားမပြောချင်တော့ဘူးလား"

နီနီရောင်က ရယ်၍ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဟုတ်တယ်၊ မေမေမြနဲ့ စကားပြောရတာ နီရောင်နဲ့ ပြောရတာ ထက်တောင် ပျော်ဖို့ ကောင်းသေးတယ်"

"အင်း... ဒါကြောင့်လည်း မေမေမြက သူ့မှသူ ဖြစ်နေတာပဲ"

ညီကိုက ကုလားထိုင်မှာ ဝင်ထိုင်သည်။ နီနီရောင်လည်း ဝင်ထိုင်မည် အပြု-

"မေမေမြကို ခေါ်စမ်းပါ"

"ဟာ... ဘယ်လိုဖြစ်လာတာလဲ၊ ဟိုမှာ တရားခွေ နားထောင်နေတယ်၊ ပြီးခါနီးပါပြီ"

"အချိန်မရှိဘူး၊ မေမေမြရေ မေမေမြ"

ဟု ညီကိုက လှမ်းအော်သည်။

"ဘာလဲ၊ ဘာအချိန်မရှိတာလဲ"

"ရုပ်ရှင်သွားကြည့်မလို့ လာခေါ်တာ"

"အို... မဖြစ်နိုင်တာ၊ မေမေမြက ဘယ်ထည့်မလဲ"

"မေမေမြကိုပါ ခေါ်သွားမလို့"

"ဟယ်... မေမေမြကလည်း လိုက်မှာ မဟုတ်ဘူး။ မေမေမြက ရုပ်ရှင် တွေ ဘာတွေ သိပ်ကြည့်တာ မဟုတ်ဘူး"

"ကို ရအောင် ခေါ်ပါ့မယ်"

ခဏကြာတော့ မေမေမြ ထွက်လာသည်။ ထိုင်မည်အပြုမှာပင် ညီကိုက...

"ကဲ... မေမေမြ အဝတ်အစားလဲ"

ဟု ပြောလိုက်သည်။ မေမေမြသည် နားမလည်နိုင်သလို ဖြစ်သွား၏။ သူ ခု ဝတ်ထားတာတွေက တစ်စုံတစ်ခု ချွတ်ယွင်းမှုများ ဖြစ်နေလို့လားဟု သူ့ကိုယ်သူ မလုံမလဲကြည့်ပြီးမှ..

"ဘာဖြစ်လို့လဲ"

ဟု ပြန်မေးသည်။

"မေမေမြတို့ကို ရုပ်ရှင်ပြမလို့ လာခေါ်တာ"

"အိုကွယ်... မေမေမြ ရုပ်ရှင်တွေ ဘာတွေ မကြိုက်ပါဘူး၊ ကြည့်လေ့ ကြည့်ထလည်း မရှိဘူး"

"ဒီဇာတ်ကားကတော့ ကောင်းလို့ပါ။ မိဘမေတ္တာကို ဖော်ကျူးထားတဲ့ ဇာတ်

www.burmeseclassic.com

www.burmeseclassic.com



ကားပဲ။ ပညာပေး ဇာတ်ကားဆိုပါတော့ မေမေမြရယ်"

"နေပါစေကွယ်၊ အိမ်မှာ တီဗွီကြည့်ရင်တောင် ဇာတ်လမ်းဆို သိပ်ကြည့်ဖြစ်တာ မဟုတ်ဘူး"

"အခုတော့ မလိုက်လို့ မဖြစ်ဘူး မေမေမြရဲ့၊ ကြိုတင်လက်မှတ်တောင် ဝယ်လာပြီးပြီ။ သုံးစောင်"

"မင်းနှယ်ကွယ်၊ လုပ်လိုက်ရင် ဒီလိုချည်းပဲ နည်းနည်းပါးပါး မေးစမ်းပါဦးတော့လား"

မေမေမြက သူ့ကို မတိုင်ပင်ဘဲ လုပ်ရကောင်းလားဆိုသော လေသံဖြင့် အပြစ်တင်စကား ဆိုသည်။ ညီကိုမှာ ချက်ချင်း မျက်နှာလေး ငယ်သွားသည်။ ဝမ်းနည်းသွားပုံလည်း ရ၏။

"ကျွန်တော်ကတော့ ကြည့်စေချင်လို့ မနေ့က မနက်အစောကြီးကတည်းက တန်းစီပြီး ကြိုတင် လက်မှတ် ဝယ်ထားရတာ"

ဟု ပြော၏။ မေမေမြလည်း ညီကို့ကို သနားသွား၏။

"ခက်တာပဲ"

ဟု တစ်ခွန်း ညည်းသည်။ ကြည့်စေချင်လွန်းလို့ ပင်ပန်းခံပြီး လက်မှတ် ဝယ်ထားရရှာတာ။ နီနီရောင်တို့ နှစ်ယောက်တည်း လွှတ်လို့လည်း မဖြစ်။ မပြောသိန်းတို့ ထည့်လိုက်ရင်ကော။ ဒါလည်း မဖြစ်။

"ကျွန်တော် သွားဦးမယ်"

ညီကိုက ထရပ်မည့်ဟန်ပြုသည်။ မျက်နှာက စိတ်ကောက်သွားသလိုမျိုး

"ဟဲ့... နေဦး၊ လက်မှတ်က မကြည့်ရင် ဆုံးမှာပေါ့"

"ဆုံးပစေပေါ့။ ကျွန်တော် တစ်ယောက်တည်းတော့ မကြည့်ချင်ဘူး"

မေမေမြက တော်တော်ဆိုးတဲ့ ကောင်လေးဆိုသော အမူအရာနှင့် ကြည့်၏

"ဟဲ့... နီနီရောင်၊ အဝတ်အစား သွားလဲချေ"

"မေ..မမြကော"

ညီကိုက မေမေမြ မပါဘဲတော့ မသွားနိုင်ဘူးဆိုသော အဓိပ္ပာယ်ဖြင့် ပြောခြင်းသည်။

"ခုမှတော့ ကျုပ်လည်း လိုက်ရတော့မှာပေါ့တော်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆောင့်ကြီးအောင့်ကြီး ပြောပြီး အဝတ်အစားလဲရန် ထထွက်သွားသည်။

တကယ်တန်းကျတော့ နီနီရောင် အဝတ်အစားလဲတာ ဘာမှမကြာလှ။ အင်္ဂလိပ်စာသင်တန်းသွားတက်ရာမှာ ဝတ်စားဆင်ယင်သည့်အတိုင်းပင် ဖြစ်၏။ ကြာနေတာက မေမေမြ ဖြစ်သည်။ မေမေမြကို ထိုင်စောင့်ကြရင်း ညီကိုက -

"အပျိုကြီးတော့ ဘယ်လောက်တောင် အလှပြင်နေသလဲ မသိဘူး"

"ကိုကဆော့ ၊တကယ်ပဲသိလား၊ မေမေမြလည်း ကိုနဲ့ ပေါင်းမှ ရုပ်ရှင်တွေ ဘာတွေတောင် ကြည့်တတ်လာပြီ။ နောက်ဆို ဘောလုံးပွဲများ ခေါ်သွားဦးမှာလား"

"မဟုတ်ဘူး၊ မေမေမြကို အိမ်ထောင်ချပေးမလို့"

"ဟာ... ဒါတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ မေမေမြ အသက်က ဘယ်လောက်ကြီးသေးလို့လဲ၊ အရွယ်ကလည်း အရမ်းတင်တာ"

"ဘယ်သူနဲ့ ပေးစားမှာလဲ"

"ဖေဖေနဲ့လေ"

"အိုး... ဘယ်ရမလဲ၊ တို့အက်က နာတာပေါ့၊ သူ့ဖေဖေက မုဆိုးဖိုကြီး။ မေမေမြက အပျိုလေး"

ညီကိုက တဟားဟား အော်ရယ်သဖြင့် နီနီရောင်က ရှုံ့တိုးတိုးဟု ဟန့်လိုက်ရသည်။

"နီရောင် တစ်ရက်လောက်တော့ ဖေဖေနဲ့ လိုက်တွေ့ဖို့ ကောင်းပြီ၊ ကိုယ်က မေမေမြနဲ့ ရင်းနှီးပြီး ဒီအိမ်မှာ ဝင်ထွက်ခွင့်ရနေပြီလို့ ပြောတော့ ဖေဖေက မနာလိုဖြစ်သွားတဲ့ပုံပဲ။ 'အေး မင်းကတော့ ဟိုအိမ်မှာ စားလိုက်သောက်လိုက် ဇိမ်ကျနေတာပေါ့လေ။ ငါကတော့ ချွေးမလောင်းကို မြင်အောင် မြင်ခွင့်မရသေးဘူးတဲ့' စကားနာထိုးတယ်"

"အင်းပါ၊ နီရောင် နားလည်ပါတယ်၊ ဒီလိုလုပ်လေ၊ တနင်္ဂနွေကျရင် လိုက်ခဲ့မယ်၊ ဟုတ်လား"

"မေမေမြပါ ခေါ်ခဲ့ပါလား၊ ဒါမှ လူကြီးချင်းပါ တွေ့ပြီး သူငယ်ချင်း စိတ်ဝင်စားရင်လည်း၊ ဟဲ ဟဲ"

ညီကို ရယ်နေရင်း တန့်သွားသည်။ ဧည့်ခန်းထဲသို့ ဝင်လာသော မေမေမြကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသောကြောင့်ပင်။ မေမေမြသည် ပွဲနေပွဲထိုင်သွားသလို ဝတ်စားလာသည်
အကျီအဝါနုရောင် လက်ရှည်၊ ဇင်းမယ်ဆင် အင်းလေးထဘီနှင့် ပဝါကလေးလည်း
ခြုံထားသေးသည်။ ဆံထုံးတွင် ရွှေဘီးကုပ်ကြီး စိုက်ထား၏။

နီနီရောင်က မရယ်မိအောင် ထိန်းရင်း မျက်နှာကို မမြင်အောင် ဒီဘ
လှည့်လိုက်ရသည်။ ညီကိုကတော့ ဆတ်ခနဲ ထရပ်လိုက်ပြီး. .

"ဟာ... မေမေမြက သိပ်လှတာပဲ၊ နုလည်း အရမ်းနုသွားတယ်"

မေမေမြသည် ရှက်လည်း ရှက်နေပုံရသည်။ မျက်နှာကို တင်းထားပြီး ညီကို
အား မျက်စောင်းတစ်ချက် ခဲလိုက်သည်။ သို့ရာတွင် စိတ်ထဲကတော့ ကျိတ်၍ ပျော်
နေမိ၏။ မေမေမြအနေဖြင့် ခုလို လှလိုက်တာ၊ နုလိုက်တာဟု အပြောခံရတာ
နှစ်အတော်ကြာခဲ့ပြီကိုး။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ညီကိုက လေးဘီးကားလေးတစ်စီး ငှားသည်။ မေမေမြကို ရှေ့ခန်းက ထိုင်ခိုင်းသည် မေမေမြက ယောင်ပေပေ လုပ်နေသေးသည်။ ညီကိုက အတင်းထိုင်ခိုင်းမှ ထိုင်သည်။ ကားထွက်ခါစတွင် မေမေမြက နောက်သို့ လှည့်ကြည့် လှည့်ကြည့် လုပ်နေသေးသည်။ နောက်မှ နေသားကျသွား၏။

"မေမေမြက ကားခပေးရမှာစိုးလို့ ရှေ့ခန်းက မထိုင်ချင်တာနဲ့ တူတယ်"

ဟု ညီကိုက နောက်သည်။

"အဲဒါပဲ၊ ကိုကို မေးမလို့၊ လက်မှတ်လည်း ဝယ်လာတယ်၊ အခု ကားငှားခလည်း ပေးရဦးမယ်၊ ကိုမှာ ပိုက်ဆံလောက်ရဲ့လား၊ မလောက်ရင် နီရောင့်ဆီက ယူပါလား"

"ရှိပါတယ်၊ ဖေဖေ့ဆီက တောင်းလာခဲ့တယ်"

"ပိုက်ဆံ အသုံးများတယ်ဆိုပြီး ဆူသေးလား"

"ဟင့်အင်း . . ဖေဖေက ပြောတယ်။ သမီးရည်းစားတွေ သွားကြလာကြတဲ့အခါ ယောက်ျားလေးကပဲ ငွေထုတ်ရမယ်တဲ့၊ မထုတ်နိုင်ရင် သိက္ခာကျတယ်တဲ့"

"ဒီလိုလည်း မဟုတ်ပါဘူးလေ၊ ခုခေတ်မှာ ဒီလို အယူဆတွေက အောက်နေပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကိုကတော့ ငွေရေးကြေးရေးကိစ္စ သိပ်အယူမသည်းပါဘူး"

ညီကိုက နီနီရောင်ထိုင်သည့်ဘက်အခြမ်းသို့ ပြောင်းထိုင်သည်။ နီနီရောင်က...

"ဟင်း... သိပ်အတင့်မရဲနဲ့။ မေမေမြ လှည့်ကြည့်လို့ တွေ့သွားရင်"

ညီကိုက ရယ်ပြီး သူ့နေရာ ပြန်ထိုင်သည်။ ရုံရှေ့မှာ ကားရပ်လိုက်သောအခါ ညီကိုက ခုန်ဆင်းပြီး ကားဆရာကို ငွေသွားရှင်းသည်။ မေမေမြက...

"ဟဲ့... ဟဲ့၊ ငါပေးမယ်"

ဆိုပြီး သူ့ပိုက်ဆံအိတ်ကြီးကို ဖွင့်သေးသည်။ ညီကိုက 'နေပါစေ မေမေမြရဲ့' ဟု ပြောပြောဆိုဆို ကားတစ်ဖက်ကို ကွေ့သွားပြီး တံခါးသွားဖွင့်ပေးသည်။ မေမေမြ ကားပေါ်မှ ဆင်းပြီးနောက် ညီကိုက ဦးဆောင်၍ ရုပ်ရှင်ရုံထဲ ဝင်သည်။ မေမေမြက အလယ်မှ ထိုင်၍ ညီကိုနှင့် နီနီရောင်တို့က တစ်ဖက်တစ်ချက် ထိုင်ကြ၏။

ရုပ်ရှင်ပြဖို့ ဆယ်မိနစ်လောက် လိုသေးသည်။ ညီကိုက ရုံပြင်ခဏထွက်ပြီး နေကြာစေ့၊ ငါးမုန့်ကြော်၊ ချော့ကလက် စသည်တို့ ဝယ်လာခဲ့၏။ အစတော့ မေမေမြက စားဖို့ ရှက်နေသေးသည်။ နောက်တော့ သူများစားတာ မြင်ပြီး စားချင်လာသည်။ သူတို့ရှေ့တန်းက သူနှင့် အသက်တူတူလောက် ရှိမည့် မိန်းမကြီးတစ်ယောက်သည် သရက်ပြားထုပ်ကို ဖောက်၍ မြိန်ရေယှက်ရေ စားနေတာ မြင်သောအခါ သွားရည်ယိုလာမိ၏။ ထို့ကြောင့် ခုစောစောက မစားဘဲ ပေါင်ပေါ် တင်ထားသော ငါးမုန့်ကြော်ထုပ်ကို ဖောက်၍ စားသည်။ နောက်တော့ ညီကိုက လက်ထဲကို နေကြာစေ့ထုပ် ထည့်ပေးသည်။

မေမေမြသည် နေကြာစေ့လှော် တဖျောက်ဖျောက် ဝါးရင်း ရုပ်ရှင်ကြည့်ရတာကို အရသာတွေ့နေမိ၏။ ငယ်ငယ်က လူကြီးတွေနှင့်အတူ လက်ဖက်ကလေး တမြုံ့မြုံ့စားရင်း ပွဲကြည့်ခဲ့ရပုံကိုတောင် ပြန်သတိရမိသေးသည်။

ညီကိုကလည်း အရင် နီနီရောင်နှင့် သူနှစ်ယောက်တည်း ရုပ်ရှင်ကြည့်တုန်းက လက်ချင်း ဆုပ်ကိုင်ထားကြတာကို သတိရနေသည်။ ခုချိန်မှာတော့ သူ့ဘေးမှာ မေမေမြ ထိုင်နေသည်။ ကိုင်ချင်လျှင် မေမေမြလက်ကိုကိုင်ရုံပဲ ရှိ၏။

ရုပ်ရှင်ပြီး၍ ဆင်းလာကြသောအခါ မေမေမြသည် လူတွေကြားထဲ ထိုးပြီး တရွေ့ရွေ့ သွားနေရသည်ကိုပင် ပျော်သလိုလို ဖြစ်လာ၏။ ပါကိုလည်း ခဏ်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ခေါက်ပြီး လက်ကိုင်အိတ်ထဲ ထည့်ထားလိုက်သည်။ ရုံပြင်ရောက်တော့ ညီကိုက မေးသည်။

“မေမေမြ တစ်ခုခုစားချင်သေးလား”

“အေးကွယ်၊ ဆာသလိုလို ရှိသား”

“ဘာစားချင်လဲ”

မေမေမြသည် ကြိုတင်များ စဉ်းစားထားသလားမသိ။ မဆိုင်းမတွ ပြန်ပြောသည်။

“မလေးရှားခေါက်ဆွဲစားကြရင် ကောင်းမယ်၊ မစားရတာ ကြာပြီ”

“ဒါဆို အတော်ပဲ၊ ဒီနားမှာတင် ဆိုင်ကောင်းကောင်း ရှိတယ်”

ဆိုပြီး ညီကိုက ငြိမ်းချမ်း စားတော်ဆက်ထဲ ခေါ်သွားသည်။ ညီကိုက ညွှန်းသလိုပင် ခေါက်ဆွဲက တော်တော်စားလို့ကောင်းသည်။ မေမေမြပင်လျှင် သိပ်ဟန်ဆောင်မနေတော့ဘဲ မြိန်ရေရှက်ရေ စားနေသည်။ နီနီရောင်ကတော့ စားရင်းက စိတ်တွက် တွက်နေ၏။ ခေါက်ဆွဲတစ်ပွဲလျှင် လေးဆယ့်ငါးကျပ်လောက် ပေးရမည်။ သည်နေ့အဖို့ ညီကို တော်တော်ကုန်ကျမှာပဲဟု တွေးနေတုန်း. . .

“မေမေမြ အချိုရည် တစ်ခုခု သောက်ပါလား”

ညီကိုက ပြောသည်။ နီနီရောင်က ညီကို့ကို မျက်လုံးပြူးပြ၏။ မေမေမြက...

“အေး... ကောင်းသားပဲ”

ဆိုသဖြင့် စပါကလင်လီမွန် မှာသည်။ အအေးသောက်ရင်း ညီကိုက ...

“မေမေမြ ဘုရားသွားချင်သေးလား”

မေးသည်။ မေမေမြက...

“အေး... ဆူးလေဘုရားသွားရအောင်၊ မရောက်တာ ကြာပြီ”

“ဒါဆိုလည်း သွားရအောင်”

ညီကိုက ငွေရှင်းရန် စားပွဲထိုးကို လှမ်းခေါ်သည်။ မေမေမြက...

“ဟော့... ဟော့၊ မေမေမြ ပေးမယ်”

“မဟုတ်တာ၊ ကျွန်တော်က ခေါ်လာတာပဲဟာ”

“တော်စမ်းကွယ်၊ မေမေမြပေးမယ် ပြောနေပြီပဲ”

မေမေမြက ခပ်ငေါက်ငေါက်ပြောလိုက်သည် ညီကိုက လူကြီးကား မပယ်

www.burmeseclassic.com

www.burmeseclassic.com



ရှားစွဲဟန်ဖြင့် ငြိမ်နေလိုက်၏။ နီနီရောင်က မသိမသာ ပြုံးပြသည်။

ဆူးလေ ကုန်းတော်ပေါ်ရောက်တော့ မေမေမြက ပန်းစည်း သုံးစည်းဝယ်သည်။ ကြာပန်းမထည့်နဲ့နော်ဟု ပန်းသည်ကို ပြောသဖြင့် ညီကိုနှင့် နီနီရောင်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်ပြီး ပြုံးမိကြသေးသည်။ ထို့နောက် ကြေးဆင်းတုတော်ကြီး တစ်ဆူရှေ့တွင် ထိုင်၍ ရှိခိုးကြသည်။ မေမေမြက...

"တဲ... တဲ... လိုရာဆုတောင်းကြ"

ဟု ပြောပြီး ပဝါတစ်စကို ပခုံးမှာတင် တစ်စကို လက်အုပ်ကြားမှာ ညှပ်၍ ဘုရားရှိခိုးသည်။ နီနီရောင်နှင့် ညီကိုတို့သည် ဦးချပြီးနောက် မေမေမြ ဘုရားရှိခိုးသည်ကို စောင့်နေကြ၏။

"ဘာဆုတောင်းလဲ"

ဟု ညီကိုက တိုးတိုးမေးသည်။

"သူ့လိုပဲပေ့ါ"

နီနီရောင်က ဖြေသည်။

"မေမေမြတော့ ဘာတွေ ဆုတောင်းနေမလဲ မသိဘူးနော်၊ ကိုတို့အတွက်ပဲ ဖြစ်မယ် ထင်တယ်"

မေမေမြ ဘုရားရှိခိုးပြီးသွားသည်။ ဆူးလေ ဘိုးဘိုးကြီးကို သွား၍ ကန်တော့ကြရသေးသည်။ မေမေမြက အလှူခံပုံးထဲသို့ တစ်ဆယ်တန်အသစ်စက်စက် တစ်ရွက်ကို ထည့်နေစဉ် ညီကိုသည် အဖေ့ကို လှမ်းမြင်လိုက်ရခြင်း ဖြစ်၏။ အဖေကလည်း သူတို့ကို မြင်သဖြင့် ခပ်မိန့်မိန့်ပြုံးရင် လျှောက်လာနေသည်။ ရှေ့မှာ အဖေလာရပ်တော့ ညီကိုက...

"တိုက်တိုက်ဆိုင်ဆိုင်ပဲ ဖေဖေရာ၊ အတော်ပဲ ဖေဖေနဲ့ မိတ်ဆက်ပေးရမယ်ဒါ နီနီရောင်လေ"

အဖေက နီနီရောင့်ကို ပြုံး၍ ခေါင်းဆတ်ပြသည်။ အဖေ့မျက်နှာထားက တစ်စုံတစ်ခု ဝေခွဲမရသလို ဖြစ်နေ၏။ ထိုစဉ်တွင် အလှူငွေထည့်ပြီး ပြန်လှည့်လာသော မေမေမြကို အဖေ မြင်သည်။

"အဲ... ဒါကတော့"

ညီကို စကားမဆက်ဖြစ်လိုက်။ အဖေနှင့် မေမေမြတို့သည် တစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် စူးစူးစိုက်စိုက် ကြည့်နေကြသောကြောင့်ပင် ဖြစ်၏။ ညီကိုနှင့် နီနီရောင်တို့ကလည်း တစ်ယောက်နှင့် တစ်ယောက် ကြည့်ရင်း နားမလည်နိုင်ဘဲ ဖြစ်နေကြသည်။ အဖေက စ၍...

"ခင်... ခင်ဗျား... ခင်မြရောင် မဟုတ်လား"

"ဟုတ်ပါတယ်၊ ရှင်ကကော ကိုလှမင်း မဟုတ်လား"

"ဟုတ်တယ်၊ ဒါနဲ့..."

ဆိုပြီး အဖေက ညီကိုနှင့် နီနီရောင်တို့ကို တစ်လှည့်စီ ကြည့်သည်။ နီနီရောင့်ထံမှာ အကြည့်က ပိုကြာသည်။ ညီကိုသည် မေမေမြကို ဖျတ်ခနဲ ကြည့်မိသည်။ မေမေမြမျက်နှာသည် တဖြည်းဖြည်း တင်းမာလာသည်။

"အံ့သြစရာပဲ"

မေမေမြက ရေရွတ်သည်။

"ဘာလဲ"

အဖေက မေးသည်။

"ရှင့်ကို ဘုရားကုန်းတော်ပေါ်မှာ တွေ့ရလို့ပါလေ၊ ရှင်နဲ့ ဘုရားနဲ့ ဘာဆိုင်လို့လဲ"

အဖေ့မျက်နှာ တင်းခနဲ ဖြစ်သွား၏။ ခေါင်းတစ်ချက် ဆတ်ပြီး...

"ကျုပ်ကလည်း တော်တော် အံ့သြသွားတာပဲ။ ကျုပ်သားက ဒီလောက်တောင် နွားကျရသလားလို့ပေါ့"

"ဟုတ်တာပေါ့လေ၊ ဇာတိရုပ်ဆိုတာ ဘယ်ဖျောက်လို့ ရပ့ါမလဲ"

အဖေ့မျက်နှာ တစ်ချက် ရဲခနဲ ဖြစ်သွားသည်။

"ဒီမှာ ဒေါ်ခင်မြရောင်၊ ဘုရားကုန်းတော်နဲ့ မထိုက်တန်တာဟာ ကျုပ် မဟုတ်ဘူး ခင်ဗျားပဲ၊ ခင်ဗျားဟာ အခုပဲ ဘုရားရှိခိုးပြီး ထလာတယ်။ ဒါပေမယ့် ခင်ဗျား ရင်ထဲမှာ တရားဆိုတာ ပါမလာဘူး၊ အေးပေါ့လေ ခင်ဗျားက တစ်သက်လုံး အကုသိုလ်နဲ့ မာန်မာနတွေကိုချည်း ကိုးကွယ်ဆည်းကပ်လာတဲ့ လူဆိုတော့ ဘယ်တရား ရနိုင်ပါတော့မလဲ"

မေမေမြ ဆတ်ဆတ်ခါ သွားသည်။

"ရှင်... ရှင် စကားပြောတာ ကြည့်ပြော"

"ဘယ်လိုဖြစ်ကြတာလဲ ဖေဖေရာ၊ ကျွန်တော်တို့..."

www.burmeseclassic.com

www.burmeseclassic.com



ညီကိုက ဝင်ပြောသည်။ မေမေမြက ညီကို့ဘက် ဆတ်ခနဲ လှည့်လိုက်ပြီး…

"ဘာဖြစ်တယ်ဆိုတာ သိချင်ရင် မင်းအဖေကို မင်း မေးကြည့်၊ အေး… တစ်ခု တော့ ပြောလိုက်မယ်၊ ငါ့တူမကိုတော့ မင်း ဘယ်တော့မှ ထပ်တွေ့ရလိမ့်မယ် မထင်နဲ့"

မေမေမြက 'လာ'ဆိုပြီး နီနီရောင့်လက်ကို ဆွဲလိုက်သည်။ နီနီရောင်က မသိမသာ ရုန်းပြီး ဆုတ်ဆိုင်းဆိုင်း လုပ်နေ၏။

"မိနီရောင် လာလို့ ပြောနေတယ်"

မေမေမြက ဆောင့်ဆွဲခေါ်သည်။

"မေမေမြ နေပါဦး"

ညီကိုက တားသည်။ မေမေမြက နီနီရောင်ကိုသာ အတင်း ဆွဲခေါ်သွားသည်။ နီနီရောင်က လှည့်ကြည့်လှည့်ကြည့် လုပ်ရင်း ပါသွား၏။ မြင်ကွင်းက ကွယ်သွားတော့မှ ညီကိုက အဖေ့ကို လှည့်ကြည့်သည်။

"ဖြစ်မှ ဖြစ်ရလေကွာ"

ဟု အဖေက ရေရွတ်လိုက်၏။

***

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ဖြစ်လာတာလဲ ဖေဖေ၊ ကျွန်တော် နားမလည်နိုင်ပါလား"

ဘုရားပေါ်မှ အဆင်းတွင် ညီကိုက မေးသည်။ အဖေက...

"အေး... အိမ်ကျတော့ ငါ ရှင်းပြမယ်"

"အိမ်အထိ မစောင့်နိုင်ဘူး ဖေဖေ၊ ကျွန်တော် အခု သိချင်တယ်"

"ကောင်းတယ်၊ ငါကလည်း အခု ပြောပြချင်နေတာပဲ၊ အေးအေးဆေးဆေး တစ်နေရာ ထိုင်ရအောင်၊ မင်း လက်ဖက်ရည် သောက်မလား"

"မသောက်ချင်ဘူး ဖေဖေ"

"ဒါဆိုရင် ပန်းခြံထဲ သွားကြတာပေါ့"

သားအဖနှစ်ယောက် ပန်းခြံထဲ ဝင်လာကြသည်။ ကွန်ကရစ်ခုံတန်းလျား တစ်ခုမှာ ထိုင်ကြသည်။ အဖေက ထိုင်ပြီးမှ ပြန်ထ၍ စီးကရက် သွားဝယ်သည်။ ပြီးမှ ပြန်လာထိုင်သည်။ စီးကရက်ဝအောင် ဖွာရှိုက်ပြီးမှ...

"အေးကွာ၊ မင်းက မေမေမြလို့ပဲ ပြောခဲ့ဖူးတော့ ခင်မြရောင်ပဲဆိုတာငါ မသိခဲ့ဘူးပေါ့။ သူကကော မင်းကို ငါ့သားမှန်း မသိဘူးလား"

"သိတာပေါ့ ဖေဖေရာ"

"ဒါနဲ့များ ဘာမှမပြောဘဲ နေခဲ့သလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ၊ ကျွန်တော့်ကို ဖေဖေ့သားမှန်း သိတယ်ဆိုတာက တစ်မျိုးလေး၊ ဖေဖေ့ကို ဖေဖေမှန်းတော့ သိပုံ မရဘူး"

"ဘယ်လိုကွ၊ မရှင်းဘူး"

"ကျွန်တော်က ဖေဖေ့နာမည် ဦးလှကိုလို့ပဲ ကလောင်နာမည်ကို ပြောခဲ့တာ၊ ဦးလှမင်းဆိုတဲ့ နာမည်ရင်းကို မပြောဖြစ်ခဲ့ဘူး"

"ဪ... ဒါကြောင့်ကိုး"

ဆိုပြီး အဖေက စီးကရက်ဖွာနေပြန်သည်။ ညီကိုက...

"နေပါဦး ဖေဖေ၊ မေမေမြနဲ့ ဖေဖေနဲ့ တွေ့တော့ ဟိုက ကိုလှမင်း မဟုတ်လားလို့ မေးလိုက်လို့သာ ဖေဖေ့နာမည်ရင်းကို မပြောမိလို့ သူတို့ မသိတာလို့ ခန့်မှန်းယူရတာ၊ ဘာကို မသိတာလဲ၊ ဘာတွေဖြစ်ခဲ့လို့လဲဆိုတာတော့ မသိဘူး။ အဲဒါ..."

"အဲဒါ ငါ အခု ပြောပြမလို့"

ခဏအတွင်းမှာ စီးကရက်တစ်လိပ် ကုန်သွားသည်။ ကျောက်ပြားခင်းပေါ် ပစ်ချ၍ ဖိနပ်နှင့် နင်းလိုက်ပြီး...

"ဒီလိုကွာ၊ ဟိုးအရင် ငါကျောင်းသားဘဝကပေါ့။ အဲ... ငါက ဂုဏ်ထူးတန်း တက်နေတဲ့အချိန် ဆိုပါတော့၊ အဆောင် ညစာ စားပွဲတစ်ခုမှာ သူနဲ့ ဆုံခဲ့ကြတယ်။ ဆိုတော့ပြောရရင် သူငယ်ချင်းတွေ မိတ်ဆက်ပေးလို့၊ အဲ.., သူငယ်ချင်းဆိုတာက ဒီလို ငါ့သူငယ်ချင်းနဲ့ မင်းဦးလေး စိန်မြင့်နဲ့က တွဲနေကြတာကိုး"

"ဒေါ်လေးမာတို့ ပြောတာလား"

"အေး... ဟုတ်တယ်၊ အမာနဲ့ သူနဲ့က သူငယ်ချင်း၊ အဲဒီကတစ်ဆင့် ငါတို့ သိခဲ့ကြတာ၊ နောက်တော့ ငါနဲ့ သူနဲ့လည်း တွဲဖြစ်သွားတယ် ဆိုပါတော့"

အဖေသည် သူ့ရည်းစားဟောင်းအကြောင်း ညီကိုအား ပြောရတာ စိတ်မလုံသလို ဖြစ်နေပုံ ရ၏။ ဟုတ်တော့လည်း ဟုတ်သည်။ ထိုရည်းစားနှင့်သာ အဆင်ပြေခဲ့ပါက အမေနှင့် လက်ထပ်ဖြစ်မည် မဟုတ်သောကြောင့် ဖြစ်၏။

"ဒါပေမယ့် သူ့အသိုက်အဝန်းနဲ့ ငါနဲ့က စရိုက်ချင်း မတူဘူး၊ အယူအဆချင်းလည်း ဆန့်ကျင်ဘက်ပဲ၊ ဒါကြောင့် လမ်းခွဲခဲ့ကြတယ်၊ ဒါ အတိုချုပ်ပဲ"

ဒါကြောင့် မေမေမြက အပျိုကြီး ဖြစ်နေတာကိုး။ သည်လိုသာဆိုလျှင် မေမေမြဘက်က ပို၍ အချစ်ကြီးသည်ဟု ဆိုရမည်။ ဖေဖေက အိမ်ထောင်ပြုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေမြကြ ခုထိ အိမ်ထောင်မပြုဘဲ နေသည်။ ညီကိုသည် မေးခွန်းတစ်ခုကို မမေးဘဲ မနေနိုင်သဖြင့် ဖြတ်မေးသည်။

"အဲဒီတုန်းက မေမေမြကြ တော်တော်လှမှာပဲနော်၊ အခုတောင်"

"ဘာ… ခင်မြရောင် လှတာနဲ့ ငါနဲ့ ဘာဆိုင်လို့လဲ"

"ဒါနဲ့ ဖေဖေပဲပြောတော့"

"အဲဒါ ခင်မြရောင်ကို ပြောတာ မဟုတ်ဘူး၊ သူ့ညီမ ခင်ရွှေရောင်ကို ပြောတာ၊ မင်း ကောင်မလေးရဲ့ အမေ၊ သူကသာ ငါ့ရဲ့…"

အဖေ စကားမဆက်။ ညီကိုက…

"ဒါနဲ့များ ဖေဖေက ဧမေမေမြကို ဘာလို့ မပြေမလည် ဆက်ဆံရတာလဲ၊ သူနဲ့လည်း မဆိုင်ဘဲနဲ့"

"ဆိုင်တာပေါ့၊ သူ အစ်ကပဲ၊ သူ့ကြောင့် ငါတို့ နှစ်ယောက် လမ်းခွဲခဲ့ကြရတာ"

"မေမေမြကြ ဘာလုပ်ခဲ့လို့လဲ"

"အသေးစိတ် ပြောပြနေရင် ရှည်နေမယ်၊ မင်းတစ်ခုပဲ မှတ်ထားလိုက်၊ သူတို့ မျိုးရိုးဟာ သိပ်ပြီး ကောက်ကျစ်တတ်တယ်။ နောက်ပြီး အခြောက်တိုက် ဘဝင်မြင့်နေတတ်တယ်။ ဒီတော့ ဒီလိုမျိုးရိုးနဲ့ မပတ်သက်တာ အကောင်းဆုံးပဲ"

"ဟာ… ဖေဖေကလည်း ဘာမှမဆိုင်ဘူး။ အရင်က ဖေဖေတို့ လူကြီးတွေ ဖြစ်ခဲ့တာ ကျွန်တော်တို့ လူငယ်တွေနဲ့ ဘာမှမဆိုင်ဘူး၊ ဖေဖေတို့ချင်း အဆင်မပြေခဲ့တာနဲ့ပဲ ကျွန်တော်တို့ပါ လိုက်ပြီး အဆင်မပြေ ဖြစ်ရမယ်ဆိုတာကတော့ မတရားပါဘူး"

"မင်း သူတို့အကြောင်း သေသေချာချာ မသိသေးလို့ ဒီလို ပြောနေတာပါကွ"

"ကျွန်တော် ဆက်ဆံကြည့်သလောက်တော့ မဆိုးပါဘူး။ သူ့အဖေ၊ အမေ အကြောင်းတော့ ကျွန်တော် မသိဘူးပေါ့၊ သူတို့က ရှိမှ မရှိတော့ပဲ"

"အေး… ခင်ရွှေရောင် ဆုံးခဲ့ရတာကလည်း အဲဒီ ခင်မြရောင်ကြောင့်ပဲ"

"ဗျာ… မေမေမြကြ ဘာလုပ်လို့လဲ"

"ဒါတော့ ငါ မပြောချင်ဘူး၊ ခင်မြရောင်ဟာ အားလုံးကို ဖျက်ဆီးခဲ့တဲ့ တရားခံပဲ"

"ကျွန်တော် သိသလောက်တော့ မေမေမြကြ ပေါင်းတတ်သင်း သဘောကောင်း

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ကျွန်တော်နဲ့ဆို သိပ်အဆင်ပြေတာ"

"အေး... အခု မင်းကို ငါ့သားမှန်း သိပြီးတဲ့နောက် ဘယ်လိုလာမလဲဆိုတာ မင်း သိရမှာပေါ့ကွာ"

"ကျွန်တော့် သိပ်ဘဝင်မကျဘူး ဖေဖေ၊ ဖေဖေက ကျွန်တော့်ကို ဘာမှလဲ တိတိကျကျ အသိမပေးဘဲနဲ့ သူတို့နဲ့ မပတ်သက်ဖို့ပဲ ပြောနေတယ်"

"တိတိကျကျ သိစရာ မလိုပါဘူး။ သူတို့အမျိုးနဲ့ ငါတို့နဲ့ ဘယ်လိုမှ ပေါင်းစပ်လို့ မရနိုင်ဘူး။ သူတို့နဲ့ သွားပတ်သက်ရင် မင်း ဒုက္ခရောက်လိမ့်မယ်၊ ဒါပဲ"

"ဖေဖေက နီနီရောင်နဲ့ ကျွန်တော့်ကို သဘောမတူဘူးပေါ့"

"အေး... လုံးဝ သဘောမတူဘူး"

"သိပ်တော့ အဓိပ္ပာယ် မရှိလှဘူး ထင်တယ် ဖေဖေ၊ နီနီရောင့် အကြောင်းကို ဖေဖေ ဘာမှ သိသေးတာမဟုတ်ပါဘူး။ မြင်တောင် မြင်ဖူးခဲ့တာ မဟုတ်ဘူး။ ဒီနေ့ကျမှ ခဏလေး တွေ့ဖူးရုံရှိတာပါ"

"အဲဒီကောင်မလေးကို မတွေ့ဖူးပေမယ့် သူ့မျိုးရိုးအကြောင်း ကောင်းကောင်း သိတယ်ကွ၊ ဒီမျိုးရိုးက ဆင်းသက်လာတာ ဘယ်တော့မှကောင်းမှာ မဟုတ်ဘူး"

"အချစ်ဆိုတာ ရောဂါတစ်ခုမဟုတ်ပါဘူး ဖေဖေ၊ ရောဂါမှာတောင် တချို့ရောဂါတွေသာ မျိုးရိုးလိုက်တတ်တာပါ"

"အေး ရောဂါသာ မျိုးရိုးမလိုက်ဘဲ နေချင်နေမယ်၊ အမုန်းကတော့ မျိုးရိုးလိုက်တယ်ကွ၊ ဒါပဲ၊ သွားမယ်"

အဖေက ထရပ်လိုက်။ ညီကိုသည် တစ်ခုခု ထပ်ပြောမည်ပြုပြီးမှ မပြောတော့ဘဲ နေလိုက်သည်။ ဦးလှကိုက ညီကိုအား တစ်ချက် အကဲခတ်လိုက်သည်။ ညီကိုသည် စိတ်ရှုပ်သွားဟန်ရှိသော်လည်း သိပ်ပျာယာခတ်လောက်အောင်တော့ ထိခိုက်မှုမရှိသည့်အကြောင်း ဦးလှကို ရိပ်မိလိုက်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်ရောက်ချင်း အဝတ်အစားပင် မလဲနိုင်သေးဘဲ။

"ကဲ အဲဒီမှာ ထိုင်စမ်း"

ဟု မေမေမြြက အမိန့်ပေးလိုက်သည်။ နီနီရောင်က ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။ သူသည် လူမှားပြီး အဖမ်းခံလာရသူလို ခုထိ ဘုမသိဘာမသိ ဖြစ်နေသေး၏။

"တော်တယ် ဟင်း တယ်တော်တယ်"

မေမေမြြက မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ရင်း တစ်လက်စတည်း ပြောသည်။

"သမီး ဘာလုပ်လို့လဲ မေမေမြြရဲ့"

"ဘာလုပ်လို့လဲ ဟုတ်လား၊ ဖြစ်မှ ဖြစ်ရတယ်အေ၊ ဒီကောင်နဲ့များ တိုက်တိုက်ဆိုင်ဆိုင် ရေစက်ဆုံရတယ်လို့"

"သူက ဘာဖြစ်လို့လဲ၊ အစက မေမေမြြပဲပြောတော့ ညီကိုက ရည်ရည်မွန်မွန်ရှိတယ်ဆို၊ မေမေမြြပဲ ကျေနပ်သဘောကျလို့"

"ညီကို ကို ပြောတာ မဟုတ်ဘူး၊ သူ့ အဘေဦးလှမင်းကို ပြောတာ"

"ဦးလှကိုပါ"

"လှကိုဆိုတာက သူ့စာရေးတဲ့ ကလောင်နာမည်အေ့၊ နာမည်ရင်းက လှမင်းတဲ့

www.burmeseclassic.com



ညီကိုက နာမည်ရင်းကို မပြောခဲ့လို့ စုံသိခဲ့ရတာ၊ ဒါကြောင့် ဒီကောင်လေးမျက်နှာချိ
မြင်ဖူးပါတယ်လို့ အစကထင်မိသား"

"အဲဒီ ဦးလှမင်းကကော နမေမြနဲ့ ဘာဖြစ်"

"အလိုတော် ကျုပ်နဲ့ ဖြစ်ခဲ့တာမဟုတ်ဘူး၊ ညည်းအမေနဲ့ ဖြစ်ခဲ့တာ"

"ဟုတ်ပါအေ"

"အဲဒါ ဘာဖြစ်သလဲ မေမေမြရယ်၊ သူတို့ချင်း ကံမဆုံလို့ လွဲခဲ့ကြတာပဲ၊
ဒါအပြစ်မှ မဟုတ်တာ"

"အံမယ် လှမင်းအကြောင်း ညည်းက ဘာသိလို့လဲ၊ သူက ကွန်မြူနစ်အေ
သိရဲ့လား"

"ရှင်... ဟာ... မဟုတ်တာဘဲ မေမေမြရယ်၊ ကွန်မြူနစ်ဆိုရင် အဖမ်းခံရ
မှာပေါ့"

"ဒါကိုပြောတာ မဟုတ်ဘူး၊ ဘုရားမရှိ တရားမရှိ တိတ္ထိလို့ပြောတာဟဲ့"

"မဖြစ်နိုင်ပါဘူး၊ ဒီနေ့တောင် ဘုရားပေါ် လာသေးတာပဲ"

"ဒါက သူ့ ဘာသာတခြားကိစ္စနဲ့ လာတာဖြစ်မှာပေါ့၊ ဒီကောင့်အကြောင်း ငါ
ကောင်းကောင်းသိတာပေါ့၊ ပြောရဆိုရ သိပ်လက်ပေါက်ကတ်တဲ့ အကောင်၊ မိုင်း
လည်း ရိုင်းတယ်၊ အောက်တန်းလည်းကျတယ်"

"ညီကိုကတော့ ဒီလိုမဟုတ်ပါဘူး၊ မေမေမြအမြင်ပဲလေ"

"ဒါကတော့ မရခင်မို့ အကြိုက်လိုက်ပြီး နေတာဖြစ်မှာပေါ့၊ ဒီအဖေရဲ့သားတာ
ဒီအဖေလို လာမှာပေါ့"

"မေမေမြရယ် အရင်က လူကြီးချင်း မပြေမလည်ဖြစ်ခဲ့တာက ဖြစ်ခဲ့တာပေါ့
အခု သမီးတို့ လူငယ်ချင်းကတော့"

"လူငယ်ချင်းလည်း မဆက်သွယ်ရတော့ဘူး၊ ညည်း ဟိုကောင်လေးကိုယူရင်
သူ့အဖေနဲ့လည်း ဆက်ဆံနေရတော့မှာပဲ၊ တစ်နွယ်ငင် တစ်စင်ပါကိုးအေ၊ ငါ ဒီကောင်
မျက်နှာကို လုံးဝမကြည့်ချင်ဘူး၊ ဒီကောင်နဲ့လည်း ဆွေမျိုးမတော်နိုင်ဘူး ဒီတော့
ညည်းအကောင့်ကို အဆက်ဖြတ်လိုက်"

"သူ့မှာ ဘာအပြစ်ရှိလို့လဲ မေမေမြရယ်"

"လှမင်းရဲ့သား ဖြစ်နေတယ်ဆိုတာကိုက အကြီးမားဆုံး အပြစ်ပဲ နားလည်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



လား။ အေး တစ်ခုလည်း ထပ်ပြောဦးမယ်၊ ငါမသိအောင် ဆက်သွယ်ဖို့လည်း မကြိုးစားနဲ့၊ ဒီနေ့တစ်ပြီး ညည်းအိမ်ပြင်မထွက်ရဘူး၊ ဒါပဲ"

"ဟင် မေမေမြကလည်း ဒါတော့"

"တစ်ခွန်းမှ ထပ်မပြောနဲ့"

ဆိုပြီး မေမေမြ ထထွက်သွားသည်။ သူ့အိပ်ခန်း တံခါးဖွင့်ဖို့ ပိုက်ဆံအိတ်ဖွင့်ပြီး သော့ရှာသည်။ ထိုအခါ ရုပ်ရှင်ရုံမှာတုန်းက ညီကိုပေးထားသော ဆားငန်းသီးထုပ်ကို သွားစမ်းမိသည်။ အထုပ်ကိုယူပြီး လွှင့်ပစ်လိုက်၏။

* * *

ညီကိုက လူခေါ် ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်သည်။ ကလင်သံမြည်သော အခါ ထုံးစံအတိုင်း ပေတလူးက အရင်ပြေးလာပြီး ညောင်ခနဲ့ နှုတ်ဆက်သည်။ နီနီရောင်သည် ခေါင်းလောင်းသံကြားလျှင် အရင်ဦးအောင် ပြေးသွားလိုက်၏။ သော့ကို မေမေမြသိမ်းထားသဖြင့် တံခါးဖွင့်ပေးလို့တော့မရ။ မေမေမြ ချက်ချင်းလိုက် ထွက်လာမည်ဆိုတာလည်း သိ၏။ စကားတစ်ခွန်း နှစ်ခွန်း ပြောခွင့်ရလျှင် တော်ပြီဟု စိတ်ကူးထားသည်။

"ဘာတွေဖြစ်သလဲဆိုတာ ကိုသိတယ် မဟုတ်လား"

ဟု မေးလိုက်သည်။ ညီကိုက ခေါင်းညိတ်ပြသည်။

"မေမေမြက နီရောင့်ကို အိမ်ပြင်ထွက်ခွင့် မပေးတော့ဘူး"

"ဟုတ်လား၊ ကိုလည်း ထင်တော့ ထင်ပါတယ်၊ ဘာမှမပူနဲ့၊ ကိုတစ်နည်းနည်းနဲ့ အဆက်အသွယ်လုပ်မယ်၊ မေမေမြ အကြိုက်လိုက်ပြီး ချော့ထား ကြားလား၊ ကို့ ဖေဖေကလည်း မေမေမြလိုပဲ သဘောမတူဘူး ဘာညာပြောနေတယ်၊ ဒါပေမယ့် ဘာမှ မစိုးရိမ်နဲ့၊ အဆင်ပြေသွားမှာပါ၊ ကို့ကို ယုံတယ် မဟုတ်လား"

"ယုံပါတယ်၊ နီရောင့်ကိုလည်း ယုံနော်၊ ဘယ်အခြေအနေမျိုးဖြစ်ဖြစ် ကို့ဘဝမှာ အမြဲရှိမယ်"

မေမေမြသည် လူခေါ် ခေါင်းလောင်းသံ ကြားသည်။ သို့ရာတွင် သူက အိမ်သာထဲ ရောက်နေ၏။ ထို့ကြောင့် ချက်ချင်းထမသွားနိုင်။ သော့က သူ့ခါးကြားမှာ

www.burmeseclassic.com

www.burmeseclassic.com



အမြဲရှိနေသဖြင့် ဘာမှတော့ ပူစရာမရှိ။ အလျင်အမြန် ကိစ္စပြီးအောင်လုပ်၍ အိမ်ရှေ့သို့ ထွက်လာသည်။ နီနီရောင်သည် အပြင်မှရပ်ခနေသော ညီကိုနှင့်စကားပြောနေတာ တွေ့ရသည်။

"မိနီရောင်"

ဟု သူအော်လိုက်သည်။ နီနီရောင်က ထိတ်ထိတ်ပျာပျာ လှည့်ကြည့်သည်။

"သွားစမ်း အခန်းထဲဝင်၊ အခုဝင်လိုက်စမ်း"

နီနီရောင်က ညီကို့အား တစ်ချက်ကြည့်ပြီးအတွင်းခန်းထဲ ဝင်သွားသည်။ မေမေမြက ညီကိုနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ပြီး"

"အံ့ပါရဲ့တော်၊ မျက်နှာပြောင် တိုက်ပြီးတော့များလာရဲတာ၊ မင်းအဖေက မင်းကို ဘာမှ ပြောမပြဘူးလား"

ဟု လေသံမာမာနှင့် မေးသည်။ ညီကိုက လေအေးအေးနှင့် အပြုံးမပျက် ပြန်ဖြေသည်။

"ပြောပါတယ် ခင်ဗျ၊ ဖေဖေကလည်း မေမေမြလို သဘောထားမျိုးပဲ ရှိပါတယ်၊ ဒါပေမယ့် ဒါတွေက အရေးမကြီးဘူးလို့ ထင်တယ်၊ ပြီးတာတွေက ပြီးခဲ့ပြီပဲ"

"မပြီးဘူး၊ ဘယ်တော့မှ မပြီးဘူး၊ ငါ့ကို ရိုင်းရိုင်းစိုင်းစိုင်းပြောခဲ့တဲ့ ကိစ္စကို ငါ ဘယ်တော့မှ မမေ့ဘူး၊ ဒီမယ် ငါရှင်းရှင်းပဲ ပြောမယ်၊ မင်းနောက်ကို ငါ့အိမ်ရိပ်တောင် လာမနင်းပါနဲ့၊ မင်းမျက်နှာကို ငါမကြည့်ချင်ဘူး၊ ဒါပဲ"

"မေမေမြ မကြည့်ချင်ပေမယ့် နီရောင်ကတော့ ကြည့်ချင်မှာ အမှန်ပဲ"

"မကြည့်ရဘူး၊ လုံးဝ မကြည့်ရဘူး"

ညီကိုက ရယ်လိုက်သည်။

"မေမေမြအပေါ် ကျွန်တော့်အနေနဲ့ အာဃာတလုံးဝမထားပါဘူး၊ မေမေမြလည်း ကျွန်တော့်အပေါ် စိတ်ကောင်းနှလုံးကောင်း ထားလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

"မထားနိုင်ဘူးဟေ့၊ ဘယ်တော့မှ မထားနိုင်ဘူး၊ ကဲကြာတယ်၊ မင်းထွက်သွားမလား မသွားဘူးလား"

"သွားမှာပါ မေမေမြရယ်၊ မေမေမြရဲ့ မျက်နှာကို အားရအောင်ကြည့်သွားပါရစေဦး"

www.burmeseclassic.com

www.burmeseclassic.com



"အို ကြည့်စရာမလိုဘူး"

ဆိုပြီး မေမေမြ မျက်နှာကို တစ်ဖက်သို့ လှည့်ထားလိုက်၏။ ထိုစဉ်မှာ သူ့ခြေထောက်ကို ကြောင်ကြီးပေတလူးက လာပွတ်နေသဖြင့် ငုံ့ကြည့်လိုက်သည်။ ပေတလူးသည် ခြေထောက်ကို ပွတ်လိုက်၊ သံတံခါးကို လက်နှင့်ခြေပုတ်လိုက်လုပ်နေ၏။ ငါတို့အား တံခါးဖွင့်ပေးလိုက်ဖို့ သူနားလည်သည့် ဘာသာစကားဖြင့် ပြောနေသည့် သဘောပင် ဖြစ်၏။

"ဟယ် နင်ကပါ ဒီလိုဖြစ်နေပြီလား ဟုတ်လား၊ ကဲဟယ်"

မေမေမြက ပြောပြောဆိုဆို ပေတလူးကို ကုန်းရိုက်လိုက်သည်။ ပေတလူးမှာ ရိုက်စဖူး အရိုက်ခံရသဖြင့် ဂီးခနဲအော်ပြီး ထွက်ပြေးသွားသည်။

"တိရစ္ဆာန်မှာတောင်မှ သံယောဇဉ်ဆိုတာ ရှိပါတယ် မေမေမြရယ်"

ဟု ညီကိုက ပြောပြီး လှည့်ထွက်သွားသည်။ မေမေမြသည် ပေတလူးကို ရိုက်လိုက်မိသဖြင့် စိတ်မကောင်းဖြစ်သွားသည်။ ထို့ကြောင့် စားပွဲအောက်မှာ သွားဝပ်ပြီး နေသော ပေတလူးကို ငုံ့ကြည့်၍...

"ပေတလူး လာ လာ၊ မီမီ မီမီ"

ဆိုပြီး ပွေ့ယူရန် လှမ်းကိုင်လိုက်သည်။ ပေတလူးက ခွီးခနဲမာန်ဖီပြီး မေမေမြလက်တို့လှမ်းကုတ်လိုက်လေသည်။ မေမေမြလက်ကို အလျှင်အမြန်ရုပ်လိုက်ပြီး

"ဟင် ကြည့်စမ်း၊ ကြည့်စမ်း၊ နင်ကလည်း သူတို့ဘက်ကပေါ့လေ၊ အေး ကြည့်နေ၊ နင့်ကို အငတ်ထားပစ်လိုက်မယ်"

ဟု ပြောလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ညီကိုအိမ်ပြန်ရောက်တော့ ပက်လက်ကုလားထိုင်နှင့် ထိုင်ပြီး စာဖတ်နေသော အဖေက မျက်လုံးတစ်ချက်လှန်ကြည့်သည်။ ညီကို ဟိုအိမ်သွားခဲ့လိမ့်မည်ဟု အဖေ တွက်ထားပုံရသည်။ အဖေကြည့်ပုံက ဘယ်လိုလဲဟု မေးခွန်းမေးသလိုမျိုး။

"နီနီရောင်ကိုတော့ အိမ်ထဲက အိမ်ပြင်ထွက်ခွင့်မပေးတော့ဘူး ဖေဖေ"

"အေး ကောင်းတယ်"

"ဖေဖေက မေမေမြလုပ်တာကို ထောက်ခံတဲ့ သဘောပေါ့"

"ရည်ရွယ်ချက်ချင်း သွားတူနေတဲ့အခါ ရန်သူကိုတောင် ထောက်ခံသင့်ရင် ထောက်ခံရတယ်ကွ"

ညီကိုက ကုလားထိုင်တစ်လုံးဆွဲပြီး အဖေ့ရှေ့မှာထိုင်လိုက်သည်။

"အခုလို နီနီရောင့်ကို အိမ်ထဲက အိမ်ပြင်ထွက်ခွင့်မပေးဘဲ ထားလိုက်ရုံနှင့် ပြဿနာက ပြီးသွားမယ်လို့ ဖေဖေထင်လား"

"ဒါတော့ မပြောနိုင်ဘူးလေ၊ ဒါပေမယ့် ခင်မြရောင်အနေနဲ့ တစ်ချိန်တုန်းက ဒီနည်းနဲ့ပဲ အောင်မြင်မှုရခဲ့ဖူးတယ်"

"ဘယ်တုန်းကလဲ ဖေဖေ"

"ငါနဲ့ ခင်ရွှေရောင်နဲ့ ကိစ္စတုန်းကပေါ့"

ခင်ရွှေရောင်ဆိုသော အမည်ကို ပြောရသည့်အခါတိုင်း အဖေအနေရအထိုင်ရ ခက်နေပုံကို ညီကို သတိပြုမိ၏။

"ဖေဖေက ခင်ရွှေရောင်နဲ့ ကိစ္စတုန်းက၊ အရင်တုန်းက၊ အဲဒီတုန်းက ဒါလောက် ပဲ ပြောပြောနေတယ်၊ ဘာတွေ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ တိတိကျကျ ပြောမပြခဲ့ဖူး ဘူး"

"ဒါ ပြောစရာမလိုဘူး ထင်တယ်"

" လိုတာပေါ့ ဖေဖေ၊ ကျွန်တော့် အနေနဲ့က ဘုမသိဘမသိကြီး ခံနေရတာ၊ ဖေဖေ့ဘက်က ဘာကြောင့် နီနီရောင်နဲ့ သဘောမတူရဘူးလည်းဆိုတာ ပြည့်ပြည့်စုံစုံ ပြောပြမှ တရားမျှတမှာပေါ့။ ဒါမှလည်း ဖေဖေ့ အယူအဆကို ကျွန်တော် လက်ခံသင့် မခံသင့် စဉ်းစားနိုင်မှာပေါ့"

အဖေက ဘာမှ ပြန်မပြောဘဲ တွေပြီး စဉ်းစားနေသည်။ ထိုကိစ္စများကို ပြန် ပြောဖို့ အဖေ့မှာ အခက်အခဲ တွေ့နေဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် ခင်ရွှေ

www.burmeseclassic.com

www.burmeseclassic.com



ခရ ၂ည် ဖေဖေ၏ အချစ်ဦးဖြစ်၏။ ညီကို့ အမေက ခင်ရွှေရောင့်နေရာမှာ အစားထိုးခံရသူ။ ဘာပဲဖြစ်ဖြစ် အဖေ့အနေဖြင့် ခင်ရွှေရောင့်အပေါ် မှာ အချစ်ပိုခဲ့မှာ သေချာသည်။ အချစ်ဦးနေရာမှာ အစားထိုးခံခဲ့ရသော ဒုတိယ အမျိုးသမီးတစ်ယောက်၏ သားဖြစ်သော ညီကို့အား အချစ်ဦးနှင့် ဖြစ်ပျက်ခဲ့ပုံကို ပြောပြရမှာ ဘယ်လောက် မျက်နှာပူဖို့ ကောင်းမလဲဟု အဖေတွေးနေတာဖြစ်မည်။

"အေးကွာ"

အဖေက ပြောဖို့ ဆုံးဖြတ်လိုက်ပုံရသည်။ တစ်ဝက်သာသာလောက်သာ လောင်ကျွမ်းသေးသော စီးကရက်ကို ပြာခွက်ထဲ ထိုးခြေမည်ပြုပြီးမှ ပြန်ယူပြီး လေးငါးဖွာ အားရပါးရ ရှိုက်သည်။ စကားပြောဖို့ အားယူခြင်းပေတည်း။

***

www.burmeseclassic.com

www.burmeseclassic.com



ညီဝမ်းကွဲတော်သူ စိန်မြင့်မှတစ်ဆင့် ခင်ရွှေရောင်နှင့် သိကျွမ်းခဲ့ရသည်။ ခင်ရွှေရောင်က စိန်မြင့်၏ ချစ်သူအမာ၏ သူငယ်ချင်းဖြစ်၏။ အဆောင် ညစာစားပွဲတစ်ခုတွင် စတင်တွေ့ဆုံခဲ့ရာမှ သံယောဇဉ်ဖြစ်သွားကြသည်။ နောက်တော့ ချစ်သူများ ဖြစ်ခဲ့ကြ၏။

ကိုလှမင်းနှင့် ကိုစိန်မြင့်တို့မှာ တိုးတက်သော အယူအဆရှိသူ ကျောင်းသားများ ဖြစ်ကြ၏။ ခင်ရွှေရောင်တို့ မိဘအသိုက်အဝန်းကတော့ အဖိုးရအရာရှိကြီးများ ဖြစ်နေသည်။

ခင်ရွှေရောင်တို့အိမ်တွင် သမီးကြီးဖြစ်သူ ခင်မြရောင်က ပဓာနအကျဆုံးဖြစ်၏။ အမေ မရှိတော့သဖြင့် ခင်မြရောင်ကပဲ အစ်မကြီး အမိအရာသဘောဖြင့် ခင်ရွှေရောင်ကို အုပ်ထိန်းသည်။ ဦးစိန်ရောင်ကလည်း သမီးကြီးကို အိမ်မှုကိစ္စမှစ၍ အာဏာကုန်လွှဲအပ်ထားသည်။

ကိုလှမင်းနှင့် ခင်ရွှေရောင်တို့ ကိစ္စကို ခင်မြရောင်သိသောအခါ လုံးဝသဘောမတူနိုင်ဘဲ ဖြစ်နေ၏။ ထို့ကြောင့် တစ်ရက်တွင် ကိုလှမင်းကို ခေါ်တွေ့ပြီး အဆက်အဆံဖြတ်ပေးရန် ပြောသည်။ ကိုလှမင်းက နောက်မဆုတ်နိုင်ကြောင်းနှင့် ခင်ရွှေရောင်ကို ရအောင်ယူမည်ဖြစ်ကြောင်း ပြောရာမှ အငြင်းအခုံ အစ ဖြစ်ကြသည်။ ကိုလှမင်း၏

www.burmeseclassic.com



မဒိုးမခန့်ပြောသောစကားများက ခင်မြရောင်ကို ပို၍ဒေါသထွက်စေသည်။ ခင်မြရောင်က ကိုလှမင်းကို ကလေကချေ အောက်တန်းစားဟု ပြောသည်။ ကိုလှမင်းက ခင်မြရောင်တို့ကို ဖောက်ပြန်တဲ့ လူတန်းစားဟု စွပ်စွဲသည်။ နောက်ဆုံး ခင်မြရောင်က ကိုလှမင်းကို ပါးရိုက်လွှတ်လိုက်သည်။

ထို့နောက် ခင်မြရောင်က ခင်ရွှေရောင်ကို အိမ်ထဲက အိမ်ပြင်မထွက်စေရဘဲ ပိတ်လှောင်ထားလိုက်သည်။ ခင်ရွှေရောင်သည် အမဖြစ်သူ၏ ဩဇာအာဏာကိုလည်း မလွန်ဆန်ရဲ၊ ချစ်သူကိုလည်း မစွန့်လွှတ်နိုင်သဖြင့် စိတ်ဆင်းရဲနေရသည်။ ထိုအတောအတွင်း ခင်မြရောင်က ကိုဘသိုက်ဆိုသူနှင့် ခင်ရွှေရောင်ကို လက်ထပ်ဖို့ နားချဖျောင်း ဖျသည်။ ကိုဘသိုက်မှာ ဦးစိန်ရောင်၏အားကိုးရသောတပည့် ယစ်မျိုးအင်စပက်တော်လေး တစ်ယောက်ဖြစ်၏။ ခင်ရွှေရောင်က ကိုဘသိုက်နှင့် လက်မထပ်နိုင်ကြောင်း ငြင်းဆိုသောအခါ ခင်မြရောင်နှင့် ကိုဘသိုက်တို့ ပူးပေါင်းကြံစည်ကြသည်။

ဟိုခေတ်တုန်းက ထုံးစံအတိုင်း ကိုလှမင်းကို ဘိန်းပစ်ဖမ်းဖို့ ကြံစည်ကြခြင်းပင်ဖြစ်၏။ ကိုလှမင်း၏ အခန်းကို သတင်းအရဆိုပြီး ဝင်ရှာသည်။ ထို့နောက် အသင့်ယူသွားသော ဘိန်းထုပ်ကို ကိုလှမင်း အခန်းမှတွေ့သည်ဆိုပြီး ဖမ်းမည်ဟု အကွက်ဆင်ထားသည်။ တကယ်တမ်း သွားကြသောအခါ ကိုလှမင်းကရိပ်မိပြီး သူ့အခန်းထဲ မဝင်ခင် သူက ကိုဘသိုက်တို့ကို အရင်စစ်ဆေးရှာဖွေခွင့် ပေးရမည်ဟု ဆိုလာသည်။ ထိုမှအချေအတင်ဖြစ်ကြပြီး ကိုလှမင်းကို ဝတ္တရားနှောင့်ယှက်မှုနှင့် ဖမ်းဖို့ စီစဉ်သည်။ ကိုလှမင်းက အဖမ်းမခံဘဲ ထွက်ပြေး တိမ်းရှောင်သွားသည်။

"သူတို့က လိမ်ညာဏ်ဆင်တာကို နောက်မှငါက သိရတာ၊ ဒီထက်ဆိုးတာက ငါပုန်းနေရတဲ့ အချိန်မှာ ခင်မြရောင်က ခင်ရွှေရောင်ကို ဘာပြောသလဲဆိုတော့ ငါတောခိုသွားပြီ၊ နောက်တော့ တိုက်ပွဲမှာကျသွားသလိုလိုပြောတော့ ခင်ရွှေရောင်က စိတ်လျှော့လိုက်ပြီး သူ့အစ်မစီစဉ်တာကို နာခံလိုက်တာပဲပေါ့ကွာ၊ ငါလည်း စိတ်နာလို့ နဲ့ သူတို့ အသိုက်အဝန်းနှင့် ဝေးအောင် နေခဲ့တယ်။ ခင်ရွှေရောင်က အခု မင်းနဲ့ပြစ်တဲ့ ကောင်မလေးကို မွေးတဲ့အချိန် မီးတွင်းထဲမှာပဲ ငါတောခိုတယ်ဆိုတာလည်း မဟုတ်ဘူး၊ သေတယ်ဆိုတာလည်း မဟုတ်ဘူးဆိုတာ သိတော့ စိတ်ထိခိုက်ပြီး မမာရာက ဆုံးသွားတာပဲ၊ ဒါကြောင့် ငါတို့နှစ်ယောက်ကို ရှင်ကွဲ ကွဲအောင်လုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ခင်ရွှေရောင်ကို သေတဲ့ထိ နှိပ်စက်ခဲ့တာ ခင်မြရောင်ပဲကွ၊ ဒီတော့ သူ့ကို ငါစိတ်နာ
ထိုက်ဘူးလား"

အဖေက သူ့စကားကို မေးခွန်းဖြင့် အဆုံးသတ်သည်။

"စိတ်နာသင့်တာပေါ့ ဖေဖေ"

ဟု ညီကိုက ပြောသဖြင့် အဖေ ကျေနပ်သွားသည်။

"ဒါကြောင့် မင်းကို ငါက တားနေရတာပေါ့ကွာ"

ငါပြောတာ မင်းလက်ခံပြီ မဟုတ်လား ဆိုသော အနေမျိုးဖြင့် အဖေ
ပြောသည်။ ညီကိုက

"မဟုတ်သေးဘူးလေ၊ ကျွန်တော်ပြောတာက ဖေဖေ့ အနေနဲ့ မေမေ့ကို စိတ်
နာသင့်တယ်လို့ ပြောတာပါ၊ ကျွန်တော့်အနေနဲ့တော့ နီနီရောင်ကို စိတ်နာစရာ
အကြောင်းမရှိပါဘူး၊ ဖေဖေတို့ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေမှာ ကျွန်တော်တို့မှ မပါ
ကျွန်တော်တို့နှစ်ယောက်နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ နီနီရောင်ဟာ ဘယ်သိုက်ရဲ့သမီး၊ ဘယ်သိုက်လို ကလိမ်ကျတဲ့သွေး
ပါလာနိုင်တာပဲ၊ ပြီးတော့ ခင်မြရောင်ရဲ့ အုပ်ထိန်းမှုအောက်မှာ ကြီးပြင်းလာတာ
ခင်မြရောင်ရဲ့ အကျင့်တွေ ကူးစက်နေမှာ အမှန်ပဲ"

"နီနီရောင်ဟာ ဖေဖေရဲ့ အချစ်ဦး ခင်ရွှေရောင်ရဲ့ သမီးဆိုတာလည်း မမေ့ပါနဲ့
ခင်ရွှေရောင်မှာ ဘာအပြစ်မှ မရှိခဲ့သလို နီနီရောင်မှာလည်း ဘာအပြစ်မှ မရှိနိုင်ပါဘူး"

အဖေသည် အချစ်ဦးဆိုသော စကားလုံးကို ညီကိုက သုံးလိုက်သဖြင့် တွန့်ခ
ဖြစ်သွား၏။ ညီကိုပြောတာ ငြင်းလို့မရနိုင်သဖြင့် တခြားစကားတစ်ခုဖြင့် တုံ့ပြန်သည်

"ခင်ရွှေရောင်လို့ မသုံးပါနဲ့ကွ၊ အခုရှိရင် မင်းအမေအရွယ်လောက်ရှိနေပြီ

ညီကိုက ပြုံး၍...

"ကန်တော့ ဖေဖေ၊ ဒေါ်ခင်ရွှေရောင်လို့ သုံးပါ့မယ်၊ ဒါနဲ့ ကျွန်တော် တစ်ခု
ချင်တယ်၊ နီနီရောင်က သူ့အမေနဲ့ တူလားဟင်"

အဖေတစ်ချက် ငိုင်သွားပြီးနောက် မသိမသာ ခေါင်းညိတ်ပြ၏။

"ဟုတ်ပြီ၊ ဖေဖေ ဘာကြောင့် နီနီရောင်နဲ့ ကျွန်တော့်ကို သဘောမတူရတာလဲ
ဆိုတာ ကျွန်တော်သိပြီ"

"ဘာလဲ ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



အဖေက ပျာပျာသလဲ မေးသည်။

"ဒီလိုလေ၊ တကယ်လို့ ကျွန်တော်နဲ့ နီနီရောင်နဲ့ လက်ထပ်ကြပြီဆိုရင် သူ့ကို မေမေအမြဲမြင်နေရမှာပဲ၊ နီနီရောင့်ကိုမြင်တိုင်း ဖေဖေ့ အချစ်ဦးကြီးကို လွမ်းနေမိမှာ စိုးလို့ မဟုတ်လား"

"အချစ်ဦးကြီးဆိုတဲ့စကားကို နောက်မသုံးနဲ့"

"ဘာဖြစ်လို့လည်း ဖေဖေ၊ အချစ်ဦးက အချစ်ဦးပေါ့၊ ဖေဖေ သူ့ကို မမေ့နိုင်သေးဘူး မဟုတ်လား"

"ဘာဖြစ်လို့ မမေ့နိုင်ရမှာလည်း၊ ဘာမှမဆိုင်ဘူး"

"ဆိုင်တာပေါ့ ဖေဖေရာ၊ ဖေဖေ မမေ့နိုင်လို့သာ ခုလောက်ထိ သဲကြီးမဲကြီး လိုက်ဖျက်နေတာပေါ့"

"မဟုတ်ဘူး၊ ငါက ခင်မြရောင်နဲ့ ထပ်မပတ်သတ်ချင်တာဘဲရှိတယ်"

"ဖေဖေ့ ကိုယ် ဖေဖေ ညာနေတာပါ"

"မညာဘူးကွ"

"သက်သေ အထောက်အထား ခိုင်ခိုင်လုံလုံရှိတယ် ဖေဖေ"

"ဘာသက်သေလဲ၊ ဘာသက်သေလဲ"

"ကျွန်တော်ကိုယ်တိုင်ပဲပေါ့ ဖေဖေ၊ ဖေဖေက ဒေါ်ခင်ရွှေရောင်ကို ချစ်တဲ့အချစ်ဟာ ကျွန်တော့် သွေးထဲအထိပါလာတယ်လေ၊ ဒါကြောင့် ကျွန်တော်က နီနီရောင်ကို မြင်မြင်ချင်း ချစ်မိတာပေါ့၊ နီနီရောင်ကလည်း သူ့အမေသွေးပါလို့ ကျွန်တော့်ကို ပြန်ချစ်တာပေါ့၊ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ဘာမှမဆိုင်ဘူး၊ မင်း ဘာမှ ထပ်မပြောနဲ့၊ ဒီကောင်မလေးကို မင်း လုံးဝ မယူရဘူး၊ ယူရင် မင်းနဲ့ငါနဲ့အပြတ်ပဲ၊ အဲဒါကို မြဲမြဲမှတ်ထားလိုက်"

ညီကိုက တစ်ခုခုတုံ့ပြန်ခြင်း ဆိုလိမ့်မည်ဟု အဖေထင်လိုက်သည်။ သို့ရာတွင် ညီကိုက...

"ဒီညနေ ဒံပေါက်ဝယ်စားရင်ကောင်းမယ် ဖေဖေ"

ဟု ခပ်အေးအေး ပြောလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အချစ်ရူးကြီးရူးတော့သည်

စက်ဘီးဘဲလ်သံ 'ကလင် ကလင်' ကို မေမေမြနှင့် နီနီရောင်တို့ ပြိုင်တူကြားသည်။ ထိုအချိန်က ထမင်းစားခန်းထဲမှာ ကော်ဖီသောက်နေကြစဉ် ဖြစ်၏။

"ပိုစမင်း လာတယ်ထင်တယ်"

ဟု ပြောပြီး နီနီရောင် ထရပ်သည်။ မေမေမြက

"ညည်းမသွားနဲ့၊ နေခဲ့၊ ငါသွားမယ်"

ပြောပြီး ထွက်သွားသည်။ ညီကိုက စိဘ်ကူးတည့်ရာကို တစ်ခါတစ်ခါ စွတ်ရွတ်လုပ်တတ်မှန်း နီနီရောင်သိသည်။ စာတိုက်ကနေ စာထည့်ချင် ထည့်မည်။ စာပို့လုလင် လာသည့်အချိန်နှင့် နီနီရောင် တစ်ယောက်တည်း အိမ်ရှေ့ခန်းမှာရှိသည့်အချိန်ကံစွပ်ပြီး တိုက်ဆိုင်ကောင်း တိုက်ဆိုင်သွားနိုင်သည်ဟု တွက်ချင် တွက်မည်။ တကယ်လို့ ခုလာပို့တဲ့အထဲမှာ ညီကို့စာအမှန်ပါနေလျှင် မေမေမြ ဒေါကန်ပြီး ဆွဲဆုတ်တာမီးရှို့ပစ်တာကို ကြည့်လိုက်ချင်သည်။ ထို့ကြောင့် နီနီရောင်စည့်ခန်းသို့အကူး အပေါက်ဝရှိ ခန်းဆီးကြားမှ ချောင်းကြည့်လိုက်၏။

အိမ်ရှေ့တံခါးဝမှာ ရပ်နေသူက စာပို့သမားမဟုတ်၊ ညီကို ကိုယ်တိုင်ဖြစ်နေ၏။ သူ့စက်ဘီးကို လက်ကကိုင်ရင်း ရပ်နေသည်။ မေမေမြက သူ့ရှေ့မှာ ခါးထောက်ဆော်နေ၏။ ညီကိုကပြုံး၍

www.burmeseclassic.com

www.burmeseclassic.com



ဒနကောင်းလား"

ဟု နှုတ်ဆက်သည်။ မေမေမြက

"မင်းမျက်နှာကို မကြည့်ချင်ဘူးလို့ ပြောထားတယ် မဟုတ်လား၊ ဘာကြောင့် အရှက်မရှိ လာရပြန်တာလဲ"

"မေမေမြ ကျွန်တော့်ကို မှတ်မိမှာ မဟုတ်ဘူး၊ထင်လို့"

"ဘာ ဘာဖြစ်လို့ မမှတ်မိရမှာလည်း၊ မင်းမျက်နှာ ခွေးချီသွားရင်တောင် မှတ်မိတယ်"

"ကျွန်တော်က ရုပ်ဖျက်လာတာ မေမေမြရဲ့"

"ဘာ ဒါရုပ်ဖက်လာတာ၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ ခါတိုင်း လမ်းလျှောက်လာနေကျမဟုတ်လား၊ ခုတစ်ခါ စက်ဘီးနဲ့လာတာဆိုတော့ မှတ်မိမှာ မဟုတ်ဘူးလို့ တွက်ထားတာ"

မေမေမြ ရုတ်တရက် ကြောင်သွားသည်။ ပြီးမှ...

"ရူးသလို ကြောင်သလိုလို လာလုပ်မနေနဲ့၊ သွား ...သွား အခုထွက်သွား"

ညီကို ကအပြုံးမပျက်ဘဲ...

"ကျွန်တော် ပေတလူးတို့အတွက် ပုရစ်ကြော်တွေ လာပေးတာပါ"

"ဘာအကြော်မှ မလိုချင်ဘူး၊ သွား... သွား"

"မယူချင်လည်း ငွဲကျွေးခဲ့ပါရစေ"

ဆိုပြီး မီမီ မီမီဟု အော်လိုက်သည်။ ပေတလူးမှာ မေမေမြ တင်းကြပ်ထားသောကြောင့်သာ အနားမလာရဲခြင်း ဖြစ်၏။ စားပွဲအောက်မှာ ဝပ်ရင်း ချောင်းနေရာမှ ညီကို့အသံကြားတော့ ပြေးထွက်လာသည်။ တခြားကြောင်ငါးကောင်လည်း အလျှိုလျှို ပေါ်လာ၏။ ညီကို သံတံခါးကြားမှ လက်လျှိုထည့်ပြီး ပုရစ်ကြော်ထုပ်ကို ဖြေ၍ ကြမ်းပေါ် ပစ်ချလိုက်သည်။ ကြောင်တွေ အလုအယက် ဝိုင်းအုံစားသောက်ကြသည်။

"ဟဲ... မစားနဲ့၊ မစားကြနဲ့"

ဆိုပြီး ပုရစ်ကြော်တွေ ဝင်လုပြီး လွှင့်ပစ်နေ၏။ မေမေမြ အလုပ်ရှုပ်နေတုန်း နီနီရောင်က လိုက်ကာကြားမှ ခေါင်းထုတ်ကြည့်သည်။ ညီကိုက နီနီရောင်ဆီ မျက်စိမှိတ်ပြလိုက်ပြီး ထွက်လာခဲ့၏။

တကယ်တော့ ညီကိုသည် အိမ်ထဲဝင်ခွင့်မရနိုင်မှန်း သိသိကြီးနှင့် လာခဲ့ခြင်း

www.burmeseclassic.com



ဖြစ်သည်။ သူ့အနေနှင့် နီနီရောင်နှင့် မတွေ့ရသည်တိုင် နီနီရောင်ကတော့ ချောင်း
ကြည့်လျှင် သူ့ကိုမြင်နိုင်မည်ဟု တွက်ပြီး လာခြင်းဖြစ်ရမည်ဟု နီနီရောင်တွေးပြီး
ကျေးဇူးတင်မိသည်။

မေမေမြကား ကြောင်တွေကို အတင်းမောင်းထုတ်ပြီး ပုရစ်ကြော်တွေကို လွှင့်
ပစ်နေသည်။ ကြောင်တွေကတော့ ရသလောက်ကိုက်ချီပြီး ပြေးကြ၏။ မေမေမြမှာ
မောလည်းမော၊ ဒေါသလည်းဖြစ်ပြီး

"ဘယ်လို ရှူးကြောင်ကြောင်အကောင်မှန်း မသိဘူး"

ဟု ရေရွတ်မြည်တွန်လိုက်သည်။ နီနီရောင် မနေနိုင်တော့ဘဲ ခစ်ခနဲ ရယ်လိုက်
မိ၏။ မေမေမြ ကြားသွားပြီး လှည့်ကြည့်သည်။ နီနီရောင်က မျက်နှာပိုး မသတ်
နိုင်သေး။

"ဘာရယ်တာလဲ၊ ညည်းပါ သိမ်းကျုံး အရိုက်ခံချင်လို့လား"

နီနီရောင်က ဆောရီး မေမေမြဆိုပြီး လစ်ပြေးသည်။

"ဘယ်လိုဟာလေးတွေမှန်းမသိပါဘူး၊ တစ်ယောက်ကလည်း ရူးကြောင်
ကြောင်၊ တစ်ယောက်ကလည်း ပေါတောတောနဲ့"

ဟု ရေရွတ်ရင်း တစ်စုံတစ်ခုကို ဖျတ်ခနဲ တွေးမိ၏။ ခုချိန်မှာ နီနီရောင်သည်
အိမ်ထဲက အိမ်ပြင်မထွက်ရဘဲ ပိတ်လှောင်ခံထားရသူ၊ ချစ်သူနှင့် ခွဲထားခြင်းခံရသူ
ဖြစ်၏။ သို့ပါလျက် နီနီရောင်သည် ဝမ်းနည်းပူဆွေးသော အရိပ်အယောင်မပြ။ သူ့
အမေ ခင်ရွှေရောင်တုန်းကဆိုလျှင် အိပ်ခန်းထဲမှာ မထွက်ဘဲနေသည်။ အစားလည်း
မစား၊ အမြဲငိုကြွေး၍သာ နေခဲ့သည်။ သည်ကောင်မ နီနီရောင်ကျတော့ သည်လို
မဟုတ်။ အစားလည်းမပျက်၊ အအိပ်လည်း မပျက်၊ စာဖတ်လိုက်၊ ကတ်ဆက်နား
ထောင်လိုက်၊ ရုပ်မြင်သံကြားကြည့်လိုက်နှင့် ဘာမှမဖြစ်သလို နေနိုင်သည်။
မနက်ကတောင် တို့ဟူးသုတ်မစားရတာကြာပြီဆိုပြီး မပြာသိန်းဈေးသွား...
မှာနေသံ ကြားရသေးသည်။

ဘယ်လိုဟာတွေလည်း၊ ခေတ်ကာလ သားသမီးတွေ သည်...
အကောင်းဘက်က လှည့်တွေးလျှင် နီနီရောင်အနေဖြင့် ညီကို့အ...
လမ်း မရှိလို့သာ မထိခိုက်ခြင်း ဖြစ်နိုင်သည်။ ဒါဆိုလျှင်တော့...
နိုင်သည်။

www.burmeseclassic.com



ဒါမှမဟုတ် ခုအချိန်ထိ သူတို့နှစ်ယောက် တစ်နည်းနည်းနှင့် အဆက်အသွယ် လုပ်နိုင်နေလို့များလား။ ခုရက်ပိုင်းတွင် နီနီရောင့်ကို မျက်ခြေမပြတ် စောင့်ကြည့်ဖို့ လိုအပ်သဖြင့် ဈေးကို မပြာသိန်းတစ်ယောက်တည်း လွှတ်လိုက်ရသည်။ မပြာသိန်းက တစ်ဆင့်များ ဆက်သွယ်နေကြသလား။

မပြာသိန်းကို ခေါ်ပြီး အမျိုးမျိုး စစ်ဆေးကြည့်သည်။ မဟုတ်ရပါဟု ကျိန်တွဲ၍ ငြင်းသည်။ မပြာသိန်းသည် မေမေမြ၏ ငယ်မွေးခြံပေါက်။ မေမေမြကို ဖိန့်ဖိန့်တုန်အောင် ကြောက်ရသည်။ မလိမ်မညာရဲတာ သေချာသည်။

ဒါဆိုလျှင် နီနီရောင်က ဘာကြောင့် စိတ်မဆင်းရဲဘဲ ပျော်ပျော်နေနိုင်ရသနည်း။ ဘယ်လိုမှ မစဉ်းစားတတ်အောင် ဖြစ်နေသည်။ ခေတ်ကာလ သားသမီးတွေကို နားလည်ရခက်ပါတယ်ဟူ၍သာ ညည်းမိ၏။

ဘာပဲဖြစ်ဖြစ် ချစ်သူနှင့် အခွဲခံရသူက ဘာမှမဖြစ်ဘဲ ခွဲဖို့ကြိုးစားသူက စိုးရိမ်ပူပန်နေရတာကတော့ ထူးဆန်းနေတာ အမှန်ပဲဖြစ်၏။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



ဦးလှကိုသည် မေမေမြလိုပင် ခံစားနေရသည်။ သူ့ အနေဖြင့် ညီကို့ကို အိမ်ထဲမှာ ပိတ်လှောင်ထားလို့တော့မရ၊ နီနီရောင်ကို မချစ်ရဘူးဟု အတင်းတားမြစ်လျှင်လည်း အဓိပ္ပါယ်မရှိလှမှန်း သူသိ၏။ ဘာပဲဖြစ်ဖြစ် သူ့ဘက်က လုပ်နိုင်သည့် ပိုင်ကွက်တစ်ခုတော့ ရှိနေသည်။

နီနီရောင်နှင့် သဘောမတူနိုင်ကြောင်းကို အပြတ်ပြောထားပြီး ဖြစ်၏။ နီနီရောင်နှင့်လက်ထပ်လျှင် မိမိနှင့် အဆက်ဖြတ်ရလိမ့်မည်ဖြစ်ကြောင်း ညီကို သဘောပေါက်မှာ သေချာသည်။ ညီကို့မှာ အလုပ်အကိုင်မရှိသေး။ သူ့ ခြေထောက်ပေါ် သူ မရပ်နိုင်သေး။ နီနီရောင့်ကို ဖွတ်လက်ထပ်ပစ်လိုက်ဖို့ဆိုတာ ညီကို့အတွက် လုံးဝ မစဉ်းစားနိုင်သောကိစ္စ ဖြစ်နေ၏။ သူသည် တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး နေလာခဲ့သူသာဖြစ်၏။ ရရာအလုပ်ကို ပင်ပင်ပန်းပန်းလုပ်ပြီး သားမယားကို ရှာကျွေးဖို့ သူ့ စိတ်ကူးရဲမှာမဟုတ်။ တစ်နည်းအားဖြင့် ညီကိုသည် မိမိ၏ အထောက်အပံ့မပါဘဲ ဘာမှ လုပ်နိုင်မည်မဟုတ်။ ထို့အပြင် ဒေါ်ခင်မြရောင်ကလည်း သူ့ တူမကို ထိန်းချုပ်ထားလိုက်ပြီ။ ထို့ကြောင့် ညီကို့အနေဖြင့် တစ်စုံတစ်ရာ ဖြတ်လိုက်မာန်ပါ လုပ်ဖို့ မလွယ်ကူကြောင်း သေချာနေသည်။

ခုလို အခြေအနေမျိုးမှာ ညီကိုတစ်ယောက် အဘယ်စိတ်ထိခိုက် ခံစားရလိမ့်

www.burmeseclassic.com



မည်ဟု သူထင်ခဲ့သည်။ တကယ်တမ်းကျတော့ သည်လိုမဟုတ်။ ညီကိုမှာ ဟိုအရင်က နှင့် ဘာမှ သိပ်ထူးခြားမသွား။ စားမြဲ သွားမြဲ လာမြဲ မနက်ဆိုလျှင် စက်ဘီးထွက်နင်းမြဲ။ ညဘက် ရုပ်မြင်သံကြား အစီအစဉ်မပြီးခင်မှာပင် တဝါးဝါးသန်းနေတတ်သည်။ တစ်ခါတစ်လေ အစီအစဉ်တစ်ဝက်လောက်မှာပင် ထပြီး အိပ်ရာထဲဝင်သွားတတ်သေးသည်။ အစပိုင်းတုန်းကတော့ သည်ကောင် အိပ်ရာထဲဝင်ခွေပြီး ဆွေးနေတာဖြစ်မှာဟု ထင်မိသေး၏။ အသာချောင်းကြည့်တော့ ခြေပစ်လက်ပစ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာ တွေ့ရသည်။

မိမိနှင့် ခင်ရွှေရောင်တုန်းက အကြောင်းကို သတိရသည်။ ခင်ရွှေရောင်ကို သူ့အစ်အ ခင်မြရောင်က အိမ်ထဲမှာ ပိတ်လှောင်ထားလိုက်ပြီဟု သိရသောအခါ အကြီးအကျယ်ဒေါသဖြစ်ခြင်း၊ ပူဆွေးသောကရောက်ခြင်းတို့ဖြင့် ထွေးလုံးရစ်ပတ်ရှိနေခဲ့ရသည်။ ထိုအိမ်ထဲသို့ အတင်းဝင်ပြီး ခင်ရွှေရောင်ကို လုယူဖို့တောင် စိတ်ကူးမိသေးသည်။ မဖြစ်နိုင်မှန်းသိသောအခါ အခန်းနံရံကို လက်သီးနှင့် ထိုးသည်။ အရက်မူးအောင်သောက်ပြီး လျှောက်အော်ပစ်လိုက်သည်။ နောက်ပိုင်းလေးငါးနှစ်လောက် အရက်နှင့်သာ မွေ့လျော်နေခဲ့သည်။

ညကိုကျတော့ သည်လိုမဟုတ်။ ဘာပူပင်သောကဖြစ်ဟန်မှ မရှိ။ မနက်တုန်းကလည်း စက်ဘီးစီး ထွက်သွားတာ ခါတိုင်းထက် နောက်ကျပြီးမှ ပြန်ရောက်လာသည်။ ပြီးတော့...

"ကျွန်တော် ဟိုအိမ်ကို ရောက်ခဲ့သေးတယ်"

ဟု ပြောသည်။

"ဘာဖြစ်လို့ သွားရတာလဲ၊ မင်းကို သူတို့နဲ့ မပတ်သက်စေနဲ့လို့ ပြောထားတယ် မဟုတ်လား။ နောက်ပြီး ဟိုကလည်း မင်းကို အဝင်ခံမှာမှ မဟုတ်ဘဲ။ ခင်မြရောင်က မင်းကို ခွေးမောင်းသလို မောင်းမထုတ်လိုက်ဘူးလား"

"ကျွန်တော်က ရုပ်ဖျက်သွားတာ ဖေဖေရ"

"ဘာ... ရုပ်ဖျက်သွားတယ် ဟုတ်လား"

"ဟုတ်တယ် ဖေဖေ၊ စက်ဘီးနဲ့ ရုပ်ဖျက်သွားတာ"

"ဘယ်လို စက်ဘီးနဲ့"

"ဒီလိုလေ ဖေဖေရ၊ ရုပ်ဖျက်တယ်ဆိုရာမှာ မုတ်ဆိတ်တွေ၊ နှုတ်ခမ်းမွှေး

www.burmeseclassic.com

www.burmeseclassic.com



အတုတွေ တပ်သွားတာတို့၊ အဘိုးကြီးယောင်ဆောင်သွားတာတို့က ခေတ်မမီတော့ဘူးတဲ့။ ဆံပင်ပုံစံလေး နည်းနည်းပြောင်းလိုက်ရုံ မျက်မှန်လေး တပ်လိုက်ရုံနဲ့လည်း ရုပ်ပြောင်းနိုင်တယ်တဲ့။ အထူးသဖြင့် ကိုယ်ဝတ်စားဆင်ယင်နေကျ ပုံစံ ဟောတ်တာကို ပြောင်းလဲလိုက်တာဟာ အကောင်းဆုံးပဲတဲ့။ ကျွန်တော်လည်း ဒီလိုပဲသော။ ခါတိုင်းက သူတို့အိမ်ကို သွားရင် လမ်းလျှောက်သွားတာကိုး။ ဒီတစ်ခါတော့ စက်ဘီးနဲ့ သွားလိုက်တော့ စက်ဘီးအပေါ် အာရုံစိုက်နေတာနဲ့ ကျွန်တော့်ကို မမှတ်မိတော့ဘူးလို့ တွက်ပြီး သွားတာ"

"ဒီတော့"

"မေမေမြက နင့်မျက်နှာ ခွေးချီသွားတာတောင် မှတ်မိတယ်လို့ ပြောလိုက်တယ်"

"မင်း သောက်ပေါပဲ၊ စက်ဘီးနဲ့ ရုပ်ဖျက်တယ်လို့ ငါ တစ်ခါမှ မကြားဖူးဘူး" ညီကိုက ရယ်၍...

"ကျွန်တော် သိပါတယ် ဖေဖေ၊ မေမေမြကို သက်သက် သွားနောက်တာပါ"

"ဒါ... နောက်စရာကိစ္စ မဟုတ်ဘူး"

"ဒီလိုပါ ဖေဖေ၊ ကျွန်တော် အိမ်ထဲ ဝင်ခွင့်ရမှာမဟုတ်ဘူးဆိုတာ သိပါတယ်။ ဒါပေမယ့် ကျွန်တော့်အသံကြားရင် နီနီရောင်က ချောင်းကြည့်မှာပဲ။ သူ့ကို ကျွန်တော် တွေ့ခွင့် မရပေမယ့် သူက ကျွန်တော့်ကို တွေ့သွားရင်ပဲ သူ နည်းနည်းတော့ ပျော်သွားမှာပဲဆိုပြီး သွားတာပါ"

ခုခေတ်ကောင်တွေ သည်လိုပဲလား မသိ။ ကိုယ့်ကို ရန်သူလို မုန်းနေတဲ့ လူတိုတောင် နောက်ဖြစ်အောင် သွားနောက်လိုက်သေးသည်။ သည်လို တွေးမိရာက ဦးလှကို စိတ်ထဲတွင် တစ်ချက် ထင့်ခနဲ ဖြစ်သွားသည်။ ညီကိုသည် ချစ်သူနှင့် ခွဲနေရပါလျက် ဘာကြောင့် ဝမ်းနည်းပူဆွေးခြင်း မဖြစ်ရသနည်း။ သူ့ဝသီကိုက ပေါ့ပေါ့တန်တန်နေတတ်လို့လား။ ဒါမှမဟုတ် နီနီရောင့်အပေါ် ထားသော သူ့အချစ်ကပဲ သိပ်လေးလေးနက်နက် မရှိလို့လား။ ဒါမှမဟုတ်လျှင် မိမိနှင့် ခင်မြရောင်တို့၏ ပြတ်ဆိုမှုတွေက မထိရောက်လို့ သူတို့ချင်း တစ်နည်းနည်းနှင့် အဆက်အသွယ်ရိုလို့ ရနေလို့လား။

ဘာပဲဖြစ်ဖြစ် ညီကိုသည် ပူဆွေးမှိုင်တွေ နေရမည့်အစား ဘာမှမဖြစ်သလို

www.burmeseclassic.com



နေနေတာ သဘာဝမကျ။ ဦးလှကိုအနေဖြင့် သားဖြစ်သူကို စိတ်ဆင်းရဲစေလိုသော ဆန္ဒတော့ မရှိ။ သို့တိုင်အောင် ညီကိုက ခုလို နောက်လိုက် ပြောင်လိုက် ပျော်ပျော် ရွှင်ရွှင် နေနိုင်တာကို ကြည့်ပြီး ဦးလှကိုစိတ်ထဲမှာ မခံချိမခံသာ ဖြစ်နေတာတော့ အမှန်ပင်။

ထို့ကြောင့် သူ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ဒေါ်ခင်မြရောင်နှင့် အဆက် အသွယ် ပြုလုပ်ဖို့ပင် ဖြစ်လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွတ်လွတ်လပ်လပ် ဖုန်းပြောလို့ ရသော မိတ်ဆွေတစ်ယောက်အိမ် သွား
သည်။ တယ်လီဖုန်း လမ်းညွှန်စာအုပ်ထဲမှာ ဒေါ်ခင်မြရောင် နာမည်ရှာသည်။ မတွေ့။
သူ့အဖေနာမည်နှင့် ထားတာ ဖြစ်ချင်ဖြစ်မည်ဟု တွေးပြီး ဦးစိန်ရောင်နာမည်နှင့်
ရှာမှ တွေ့သည်။

"ဟဲလို"

ယောက်ျားသံ ဖြစ်၏။

"ဒေါ်ခင်မြရောင် ရှိလား"

"မရှိဘူး"

"အပြင်သွားတာလား၊ ဘယ်အချိန် ပြန်ရောက်မလဲ"

"မဟုတ်ဘူးလေ၊ ခင်မြရောင်ဆိုတာ ဒီမှာ မရှိဘူး၊ ခင်ဗျား ဖုန်းမှားနေပြီ
ထင်တယ်"

"အဲဒါ ဦးစိန်ရောင်အိမ် မဟုတ်ဘူးလား"

"ဟုတ်တယ်၊ ဦးစိန်လျောင်အိမ်ပဲ"

"ဆောရီး"

ဆိုပြီး ဖုန်းချလိုက်ရသည်။ ဦးစိန်ရောင်နှင့် ဦးစိန်လျောင် မှားဆက်မိခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ သည်အတိုင်းဆိုလျှင်တော့ ဖုန်းဆက်ဖို့ မလွယ်တော့။ ပြီးမှ ဖျတ်ခနဲ သတိရသည်။ ဦးဘသိုက်၊ ခင်ရွှေရောင်၏ယောက်ျား ဦးဘသိုက်နာမည်နှင့် တယ်လီဖုန်းလမ်းညွှန်မှာရှာတော့ တွေ့သည်။

ဖုန်းဆက်လိုက်သောအခါ တစ်ဖက်မှ ချက်ချင်းလို ကိုင်သည်။

"ဟဲလို... အမိန့်ရှိပါ"

ဒေါ်ခင်မြရောင် အသံမှန်း သိလိုက်၏။

"ခင်မြ... အဲ... ဒေါ်ခင်မြရောင်လား"

"ဟုတ်ပါတယ်"

"ကျုပ်... လှကို၊ အင်း... လှမင်းပါ"

"ဘာ... ရှင်"

"ဒီမှာ ခင်ဗျားတူမနဲ့ ကျုပ်သားကိစ္စ ပြောချင်လို့"

"လုံးဝ သဘောမတူဘူးလို့ ပြောပြီးပြီပဲ"

"ကျုပ်ကလည်း လုံးဝ သဘောမတူပါဘူး။ ဒါပေမယ့် ဒီမှာ... ဒီမှာ ကျုပ်ပြောတာ ဆုံးအောင် နားထောင်စမ်းပါ၊ ညီကိုနဲ့ နီနီရောင်ကို ခင်ဗျားရော ကျုပ်ပါ သဘောမတူဘူး။ ဒါပေမယ့် ခင်ဗျားကလည်း ခင်ဗျားနည်းနဲ့ ဖျက်၊ ကျုပ်ကလည်း ကျုပ်နည်းနဲ့ ဖျက်နေရင် ထိရောက်မှာ မဟုတ်ဘူး။ ခုခေတ်ကောင်လေးတွေ ကောင်မလေးတွေက သိပ်လျင်တယ်။ ဒီတော့ ခင်ဗျားနဲ့ ကျုပ် ဒီကိစ္စမှာ ပူးပေါင်းဆောင်ရွက်ဖို့ လိုလိမ့်မယ် ထင်တယ်၊ ဒါကြောင့် ခင်ဗျားနဲ့ကျုပ် တွေ့ချင်တယ်"

"ရှင်နဲ့ကျွန်မ မျက်နှာချင်း မဆိုင်နိုင်ဘူး"

"ဒီမှာ ဒေါ်ခင်မြရောင်၊ အခုတစ်ကြိမ်တော့ မျက်နှာချင်းဆိုင်မှ ဖြစ်မယ်၊ နို့မို့ဆိုရင် တစ်သက်လုံး မျက်နှာချင်း ဆိုင်နေရလိမ့်မယ်"

တစ်ဖက်မှ အသံတိတ်သွားသည်။ ဖုန်းလိုင်းများ မကြည်လင်သောကြောင့် ဖြစ်ပေါ်နေသော တဝီဝီ အသံများသာ ကြားနေရ၏။

"ဘယ်လိုလဲ"

ထပ်မေးတော့မှ...

"ကောင်းပြီလေ"

"ခင်ဗျားအိမ်ကို လာရမလား။ အရင်အိမ်ပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကို မလာနဲ့၊ နီရောင်ရှေ့မှာ ပြောလို့ မဖြစ်ဘူး"

"ဒါဆို တစ်နေရာရာပေါ့၊ မဟာပန္ဒုလ ပန်းခြံကို လာမလား"

"အို... မဟုတ်တာ"

"ဒီလိုလုပ်၊ သမ္မတဟိုတယ်က လက်ဖက်ရည်ခန်းကို လာခဲ့ပေါ့၊ ဒီနေ့ နေ့လယ်နှစ်နာရီဆို ဖြစ်မလား"

"အင်း... ရပါတယ်"

* * *

ဒေါ်ခင်မြရောင် လက်ဖက်ရည်ခန်းထဲ ဝင်သွားတော့အခါ ဦးလှကို ရောက်နှင့်နေသည်ကို တွေ့ရ၏။ ဒေါ်ခင်မြရောင်က မျက်နှာထား တင်းတင်းထားပြီး ဝင်ထိုင်သည်။

"ကဲ ကဲ ပြောစရာရှိတာပြော"

"ပြောတာပေါ့၊ လက်ဖက်ရည်သောက်ပါဦး၊ မုန့်လည်းစားပါ"

ဦးလှကိုက ကိုယ့်ဘာသာ စိတ်ကြိုက်ဖျော်သောက်ရသော လက်ဖက်ရည်အိုးနှင့် ဆင်းဒဝစ်များ မှာထားသည်။

"ပြောမှာသာ မြန်မြန်ပြောပါ၊ အချိန်မရဘူး၊ အိမ်မှာ နီရောင့်ကို မပြောသိန်းနဲ့ ထားခဲ့ရတာ စိတ်မချရဘူး"

ဒေါ်ခင်မြရောင်က လောသည်။ ဦးလှကိုက...

"စိတ်မပူပါနဲ့လေ၊ ကျုပ်သားက ဒီနေ့ ရန်ကုန်မှာ မရှိပါဘူး၊ သူ့ သူငယ်ချင်းတွေနဲ့ ပဲခူးလိုက်သွားတယ်"

ဒေါ်ခင်မြရောင်မှာ ဦးလှကိုရှေ့တွင်အနေရအထိုင်ရခက်နေသည်။သူ့အနေဖြင့် ခုလိုယောကျ်ားတစ်ယောက်နှင့် တစ်ခါမှ လက်ဖက်ရည်ဆိုင် မထိုင်ဖူးခဲ့။ သူများတွေက တစ်မျိုးထင်မှာလည်း စိုးသဖြင့် မျက်နှာကိုလိုသည်ထက် ပို၍တင်းထားလိုက်သည်။

"ခင်ဗျားက ခင်ဗျား တူမကို အိမ်ပြင်မထွက်ရဘူးလို့ တားမြစ်ထားတော့ သူ ဘယ်လိုနေသလဲ၊ ငိုသလား"

ဒေါ်ခင်မြရောင် ခေါင်းခါပြသည်။

"မှိုင်နေသလား၊ ဝမ်းနည်းနေပုံကော ရသလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြစ်ဘူး"

"ထင်သားပဲ၊ ကျုပ်သားလည်း ဒီလိုပဲ၊ သူတို့မှာ ဘာမှ မထူးခြားသလိုပဲ၊ ဒီတော့ သူတို့နှစ်ယောက်အကြံအစည် တစ်ခုခုများ ရှိနေမလားမသိဘူး၊ ခင်ဗျား ဘယ်လိုထင်သလဲ"

"ဘယ်လိုမှ မထင်တတ်ဘူး၊ ရှင့်သားကို ရှင်နိုင်အောင်ထိန်းဖို့ပဲရှိတယ်"

"အဲဒါ ခက်တာပေါ့ဗျ၊ ယောကျာ်းလေးဖြစ်နေတော့ ထိန်းရခက်တယ်၊ ခင်ဗျားက မိန်းကလေးရှင်ဆိုတော့ ထိန်းဖို့ လွယ်မယ်ထင်တယ်၊ ဒါကြောင့် ခင်ဗျားကို အကြံတစ်ခုပေးချင်တယ်"

ဆိုပြီး ဒေါ်ခင်မြရောင်ကို တစ်ချက်ကြည့်သည်။ ဒေါ်ခင်မြရောင်က ဘာလဲဆိုသော သဘောဖြင့် မေးငေါ့ပြသည်။

"တခြားမဟုတ်ပါဘူး၊ ခင်ဗျားအနေနဲ့ ခင်ရွှေရောင်နဲ့ ကျုပ်နဲ့တုန်းကလို လုပ်ဖို့ပြောချင်တာပါ"

"ဘာ ညီကိုကို့ ဖမ်းဖို့လား"

... ဟု ပြောပြီးမှ သူစကားမှားသွားကြောင်းသိပြီး မျက်နှာရဲခနဲဖြစ်သွား၏။ ဦးလှကိုမှာ လာရင်း ကိစ္စထိခိုက်သွားမည်စိုး၍ အထေ့အငေါ့စကား မပြောဖြစ်ဘဲ အောင့်အည်းနေလိုက် ရသည်။

"ဖမ်းဖို့မဟုတ်ပါဘူး၊ ခုချိန်မှာ ခင်ဗျားအနေနဲ့ ဖမ်းနိုင်တဲ့ အခြေအနေမှာလည်း မရှိတော့ပါဘူး၊ ကျွန်တော်ပြောချင်တာက ခင်ဗျားတူမပဲ၊ ခင်ဗျားသဘောတူထားတဲ့ လူ မရှိဘူးလား၊ ရှိရင် အဲဒီလူနဲ့ မြန်မြန်ပေးစားလိုက်ဖို့ပါပဲ"

ဒေါ်ခင်မြရောင်က ဘာမှပြန်မပြောဘဲနေသည်။ လက်ဖက်ခြင်းငြင်းဆန်ခြင်းမပြု။

"ကဲ ခင်ဗျားမစားလည်းနေ၊ ကျွန်တော်ဆားပြီ"

ဆိုပြီး ဦးလှကိုက လက်ဖက်ရည်ဖျော်၍ ဆင်းဒဝစ်မုန့်ယူစားနေသည်။ တစ်ချိန်က သူအပြင်းအထန် ဆန့်ကျင်ပြီး ရေရေလည်လည်ခံခဲ့ရသော လုပ်နည်း ကိုင်နည်းကို ခုအခါမှာ သူ့သားအပေါ် ပြန်အသုံးပြုဖို့ အကြံပေးနေရတွာ မျက်နှာတော့ ငေးတော်ပူဖို့ ကောင်းတာပဲဟု ဦးလှကို တွေးနေ၏။

＊＊＊

www.burmeseclassic.com

www.burmeseclassic.com



မေမေမြသည် ဦးလှကိုအပေါ် အခဲမကြေနိုင်သေးသည် မှန်သော်လည်း ဦးလှကိုပေးသည့် အကြံဉာဏ်ကိုတော့ သဘောကျမိ၏။ သူ အမှတ်တမဲ့ မေ့လျော့နေခဲ့သော ကိစ္စကို သတိရလာသည်။ ဒေါက်တာအောင်ဖေကို မျက်စိထဲမှာ မြင်ယောင်လာသည်။

ထို့ကြောင့် ဒေါက်တာအောင်ဖေကို ပြန်လည်၍ အရေးပေးဆက်ဆံလာတော့သည်။ ဒေါက်တာအောင်ဖေကလည်း အခြေအနေကို ရိပ်မိလိုက်သည်။ သူ့ အဖို့မျှော်လင့်ချက်မရှိတော့ဟု ထင်ခဲ့ရာမှ ရုတ်တရက်အခြေအနေ ပြန်ကောင်းလာသဖြင့် ငါတံထလာပြီဟု အားတက်သွား၏။ အခွင့်အရေးကို လက်လွှတ်မခံဘဲ နီနီရောင့်ကို နောက်တစ်ချိန်ထပ်ပြီး ကြိုးစားကြည့်ပြန်သည်။ နီနီရောင်က လိမ္မာပါးနပ်စွာ ရှောင်ထွက်သွား၏။

သည်တစ်ခါတော့ မေမေမြကပါ ဒေါက်တာအောင်ဖေကို လက်ခံဖို့ကိစ္စ ပြောလာသည်။

"မောင်အောင်ဖေလေးက သမီးကို တော်တော်မေတ္တာထားရှာတာပါ။ ငြင်းလောက်စရာလည်း ဘာမှမရှိပါဘူး၊ မိဘကလည်း ဆွေကြီးမျိုးကြီးထဲက၊ သူ့အဖေဆိုလည်း ရာထူးက ရာမကြီး၊ သူကိုယ်တိုင်ကလည်း ပညာတတ်၊ ဝင်ငွေလည်း

www.burmeseclassic.com



ကောင်း၊ ရုပ်ကလည်း ပြောစရာမရှိ၊ စိတ်သဘောထားလေးလည်း ဖြူစင်ပါတယ်ကွယ်"

"ဒါကတော့ အောင်ဖေက မဆိုးဘူးဆိုတာ မှန်ပါတယ် မေမေမြရယ်၊ ဒါပေမယ့် သမီးမှ သူ့ကို မချစ်နိုင်တာဘဲ၊ ဘယ်တတ်နိုင်မလဲ"

"အို ဒါကနောက်တော့ တဖြည်းဖြည်း ချစ်သွားမှာပေါ့"

"အချစ်ဆိုတာ အားကစားလုပ်သလို လေ့ကျင့်ယူလို့ ရတာမျိုးမဟုတ်ဘူး၊ မေမေမြရဲ့၊ ဒါတွေ မေမေမြသိမှာလည်း မဟုတ်ပါဘူး"

သူ့ကို အပျိုကြီးမို့ အချစ်အကြောင်း နားမလည်ဘူး ပြောသဖြင့် မေမေမြ နည်းနည်းစိတ်ဆိုးသွားသည်။

"ဘာလဲအေ့၊ ညည်းက ဟိုကောင်မှ ဟိုကောင်ဖြစ်နေတာပေါ့၊ ဟုတ်လား"

"သူမှာလည်း ဘာအပြစ်မှ မရှိဘဲ၊ သူ့ အဖေနဲ့အဆင်မပြေခဲ့တာနဲ့ပဲ မေမေမြက သူ့ကိုပါ အကြောင်းမဲ့ သက်သက်ရန်ရှာနေတာပါ"

"အေး ညည်းက သူ့အဖေအကြောင်း သေသေချာချာ မသိသေးတော့ စိတ်မနာနိုင်သေးဘူးပေါ့၊ ကဲလေ၊ ရင်နာလွန်းလို့ မပြောချင်တာနဲ့ စကားတောင်မစခဲ့တဲ့ အဖြစ်ကို မေမေမြ ပြောပြမယ်"

နီနီရောင်က နားထောင်ဖို့ အသင့်ပြင်သည့် အနေနှင့် ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည်။

"လှမင်းဟာ ညည်းအမေကို တကယ်ချစ်ခဲ့တယ်များ ထင်နေသလား၊ ဟင်း ဝေးပါသေးရဲ့၊ ဖေဖေတို့က ချမ်းသာတော့ ညည်းအမေရမယ့် အမွေကို လိုချင်လို့ သိုက်တူးဖို့ ကြံတာပဲ၊ ဒါကို မေမေမြတို့က သိလို့ ဖျက်တာပေါ့၊ လှမင်းနဲ့ယူရင် အမွေ ဖြတ်မယ်လို့ ပြောတဲ့သတင်းလည်းကြားရော လှမင်းကတော့ပဲ ခိုသလိုလို တိုက်ပွဲမှာ ပဲ ကျသလိုလိုလုပ်ပြီး ရှောင်ထွက်သွားတာပဲ၊ ညည်းအမေကတော့ အဟုတ်ကြီး မှတ် နေတာပေါ့လေ၊ နောက်တော့ ညည်းကိုမွေးလို့ သွေးနုနု၊ သားနုနု အချိန်ကြီးကျ ညည်းအမေကို သူရှိသေးတယ်ဆိုပြီး အသိပေးတယ်လေ၊ ဒါ သက်သက်မဲ့ ညည်းအမေကို စိတ်ဆင်းရဲအောင် လုပ်တာပဲ၊ ဒီမှာတင် ညည်းအမေလည်း စိတ်ထိခိုက်ပြီး နောက်ဆုံး အသက်ပါ ပါသွားရတာပဲ၊ ကဲ ကိုယ့်အမေကို ပစ်စွာဖောက်ပြီး သေအောင် သတ်ခဲ့တဲ့လူကိုညည်းက ယောက္ခမတော်ချင်နေတာ လူကြားလို့ဘောင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါ့မလား အေရယ်"

နီနီရောင်က တွေးပြီး စဉ်းစားနေ၏။ မေမေမြ ပြောတာတွေကို သူလုံးဝ ယုံကြည်ခြင်းမရှိ။ ထိုအတိုင်းသာအမှန်ဖြစ်ခဲ့လျှင် ဘုရားပေါ်မှာ ဦးလှကိုနှင့် တွေ့သည့်နေ့ကတည်းက ထိုအကြောင်းတွေ ပြောပြခဲ့ပေလိမ့်မည်။ ခုချိန်ကျမှ လာပြောတာကတော့ ဆင်ထားသည့်ဇာတ်လမ်းကြီးဖြစ်ဖို့သာ များသည်။ သို့တိုင်အောင် နီနီရောင့်ခေါင်းထဲမှာ အသိတစ်ခု ဖျတ်ခနဲ လက်လာ၏။ ခုအခြေအနေဆိုလျှင် မေမေမြတာ မိမိကို ဘယ်လောက်ထိ အိမ်ထဲမှာ ပိတ်လှောင်ထားမလည်းမသိ။ သည်တော့ မေမေမြ အကြိုက်ကိုလိုက်ပြီး အသာမျောနေနိုင်လျှင် လူးသာလွန့်သာ ဖြစ်လာမည်။ နည်းနည်း လွတ်လွတ်လပ်လပ် လှုပ်ရှားလာနိုင်မည်ဟု တွက်သည်။ ထို့ကြောင့် စိတ်နာပြန်ဖြစ်အောင် နှုတ်ခမ်းကိုကိုက်၊ အံကိုကြိတ်လိုက်ပြီး...

"အစက သမီးကို ဒီအကြောင်းတွေ ဘာလို့ အသိမပေးခဲ့တာလဲ"

ဟု မေမေမြကိုပါ အပြစ်တင်သလို ပြောသည်။

"သမီး စိတ်ဆင်းရဲမှာစိုးလို့ပေါ့ကွယ်၊ ညည်းအမေတုန်းကလို ဖြစ်သွားမှာလည်း စိုးရသေးတယ်၊ ဒါပေမယ့် ငါ့သမီးကတော့ စိတ်ခိုင်ပါတယ်လေ၊ ဒါပေမယ့် သမီးလည်း သဘောပေါက်မှာပါ။ ညီကိုဆိုတဲ့ကောင်ဟာ သမီးကို တကယ်ချစ်တာ မဟုတ်ဘူး၊ မေမေမြတို့ ပစ္စည်းတွေကိုမက်လို့သာ ဖြစ်ရမယ်၊ ဒါကြောင့် ကြည့်ပါလား သမီးနဲ့ခွဲနေရတာတောင် ဘာမှမဖြစ်သလို နေနိုင်တာ၊ ဟိုနေ့ကတောင် နောက်တောက်တောက် ပြောင်တောင်တောင် လာလုပ်သွားသေးတာပဲ"

နီနီရောင်က မေမေမြ၏လက်ကို ဆုပ်ကိုင်ပြီး စိတ်မချမ်းမြေ့သော လေသံဖြင့်

"သမီးတော့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး၊ ဘာလုပ်သင့်တယ်ဆိုတာ အကြံပေးပါဦး မေမေမြရယ်"

ဟု ပြောလိုက်သည်။

***

www.burmeseclassic.com

www.burmeseclassic.com



ညီကို တံခါးအပြင်ဘက်မှာ ရပ်နေသည်။ လူခေါ် ခေါင်းလောင်းနှိပ်သော်လည်း မြည်သံမကြားရ။ မီးပျက်နေလို့ ဖြစ်မည်။ ထို့ကြောင့်...

"အိမ်ရှင်တို့"

ဟု အော်လိုက်သည်။ မပြာသိန်း အရင်ထွက်လာသည်။ သူ့ကို မြင်တော့ ပြန်ဝင်သွားသည်။ နောက်တော့ မေမေမြ ထွက်လာသည်။

"မင်း လာပြန်ပြီလား"

"ဩော်... ဒီနေ့ ပေတလူးမွေးနေ့မို့ လက်ဆောင် လာပေးတာပါ"

ဆိုပြီး လက်ထဲက ဖဲကြိုးလည်ပတ်ကလေးကို မြှောက်ပြ၏။

"ဘာမွေးနေ့လဲ ဘာမှမရှိဘူး၊ သိလည်း မသိဘူး"

"ဒီနေ့ ကြာသပတေးနေ့လေ၊ ပေတလူးဆိုတော့ ကြာသပတေးသမီး မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ဒါတွေ လာမပြောမနေနဲ့၊ အေး... တစ်ခုတော့ ရှိတယ်။ မင်းရောက်လာတာနဲ့ အဆင်သင့်ပဲ၊ နီရောင်က မင်းအတွက် စာတစ်စောင် ရေးထားတယ်။ မင်း မလာရင် စာတိုက်က ပို့မလို့ဘဲ၊ အခုတော့ အတော်ပဲ"

ဆိုပြီး ချွေးခံအင်္ကျီအိတ်ထဲက စာတစ်စောင်ကို ထုတ်ပေးသည်။ စာက မှာ

www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲတောင် မထည့်ရသေး။ ညီကိုက စာကို ယူပြီး ဖွင့်ဖတ်ကြည့်၏။ နီနီရောင်၏ လက်ရေး အစစ်အမှန်ဖြင့်-

ကိုညီကို

မေမေမြ ပြောပြလို့ ရှင့်အဖေနဲ့ ကျွန်မအမေတို့ ဖြစ်ပျက်ခဲ့သမျှကို သိရပါပြီ။ ရှင့်အဖေက ဘယ်လိုလူစားမျိုး ဆိုတာလည်း ရှင်းရှင်းလင်းလင်း နားလည်လိုက်ပါ ပြီ။ ရှင်ဟာလည်း ရှင့်အဖေလို စိတ်ဓာတ်မျိုး ရှိလိမ့်မယ်လို့ ကျွန်မ လုံးဝ ယုံကြည်တယ်။ ဒါကြောင့် ရှင့်ကို ကျွန်မ မေ့လိုက်ပါပြီ။ အခုကိစ္စကို ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲက ဇာတ်လမ်း တစ်ပုဒ်လိုပဲ သဘောထားလိုက်ပါတော့။

နီနီရောင်

ညီကို စာကိုဖတ်ပြီး ခဏမျှ တွေနေသည်။ ပြီးတော့မှ ဖြည်းဖြည်းချင်း ခေါင်း မော့လာ၏။ သူ့မျက်နှာပေါ်တွင် ဘယ်တုန်းကမှ မမြင်ခဲ့ဖူးသော ကြေကွဲရိပ်များ။

"ကျွန်တော် နားလည်ပါပြီ မေမေမြ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ဟု ပြောပြီး ချာကနဲ လှည့်ထွက်သွားသည်။ အတွင်းခန်းအဝင် ခန်းဆီးကြား မှ ချောင်းကြည့်နေသော နီနီရောင်သည် စိုးရိမ်သွားမိ၏။ မိမိ လုပ်လိုက်တာ မှားသွား ပြီလား။ ညီကို တကယ်ပဲ ယုံကြည်သွားပြီလား။ သည်လောက်ထိ စွန့်စားဖို့တော့ မကောင်းဘူးဟု နောင်တရသွားမိ၏။ မေမေမြသည်ပင် တဒင်္ဂမျှ ငိုင်သွားရသေး သည်။

ညီကိုသည် အိမ်ရှေ့မှ ထွက်လာခဲ့ပြီး မမြင်နိုင်လောက်သည့် နေရာရောက် တော့မှ ဟက်ခနဲ ရယ်လိုက်သည်။ စာထဲမှာ နီနီရောင် ရေးထားတာကို လုံးဝ မယုံ ကြည်။ နီနီရောင်အနေဖြင့် သည်လောက် အချိန်ကလေးအတွင်းမှာ သဘောထား ပြောင်းလဲသွားတယ်ဆိုတာ လုံးဝမဖြစ်နိုင်။ ပြီးတော့ စာ၏ နောက်ဆုံးစာကြောင်းမှာ လည်း လျှို့ဝှက်သင်္ကေတဖြင့် အချက်ပေးထားကြောင်း သိသာ၏။ ရုပ်ရှင်တွေ၊ ဝတ္ထု တွေထဲကလို လူကြီးတွေက အတင်းအကြပ်ဖြတ်စာ ရေးခိုင်းလို့ ရေးတာပါဟုသည့် အဓိပ္ပာယ်မျိုးဖြစ်ကြောင်း သူ ကောင်းကောင်း သဘောပေါက်သည်။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာသည်။ နီနီရောင်သည် မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ဖတ်ရင်း အိမ်ရှေ့ခန်းမှာ တစ်ယောက်တည်း ရှိနေသည်။ ထို့ကြောင့် တယ်လီဖုန်းရှိရာသို့ ထသွားပြီး ကိုင်မည်အပြု...

"ဟော့... မကိုင်နဲ့ မကိုင်နဲ့"

မေမေမြက အူယားဖားယား ပြေးထွက်လာရင်း အော်ပြောလိုက်သည်။ မေမေမြနှင့်အတူ ကြောင်တွေလည်း တစ်အုပ်ကြီး ပြေးလိုက်လာသဖြင့် မေမေမြ ခလုတ်တိုက်လဲမလိုတောင် ဖြစ်သွား၏။

"အရေးထဲမှာ ဒီကြောင်တွေကလည်း"

နီနီရောင်က ပြုံးလိုက်သည်။ တယ်လီဖုန်းကို ကောက်ယူလိုက်ပြီး မေမေမြကို လှမ်းပေးလိုက်သည်။ မေမေမြ ဆတ်ခနဲ ဆွဲယူ၍ -

"ဟဲလို... အမိန့်ရှိပါ"

"ဖိုက်ဖိုက်ဇီးရိုး ဝမ်းသရီးကပါလား"

"ဟုတ်ပါတယ်၊ ဘယ်သူနဲ့ ပြောချင်လို့ပါလဲ"

"ဟဲလို... ကျယ်ကျယ်ပြောပါ၊ မကြားရဘူး"

"ဟဲလို... အခုအော်ပြောနေတာပဲ၊ ကြားလား"

www.burmeseclassic.com

www.burmeseclassic.com



"မကြားဘူး၊ ဟဲလို... ကျွန်တော်တို့ ဆက်သွယ်ရေးကပါ။ ဖုန်းလိုင်းတွေ စစ်ဆေးနေလို့ ကျွန်တော် ပြောတာ ကြားလား၊ အင်း... ခဏကြာရင် လိုင်းမင်း တစ်ယောက် လွှတ်လိုက်ပါ့မယ်"

"ဪ... ဟုတ်ကဲ့"

မေမေမြက ဖုန်းချလိုက်ပြီး

"ခုနပဲ ဖုန်းကောင်းနေပါသေးတယ်"

ဟု ရေရွတ်သည်။

ဆယ်မိနစ်လောက်ကြာတော့ မီးခိုးရောင်ဝတ်စုံ ဝတ်ထားသော လူတစ်ယောက် ရောက်သည်။

"ကျွန်တော် ဆက်သွယ်ရေးကပါ"

"ဪ... ဟုတ်ကဲ့။ ဝင်ပါ လာပါ"

မေမေမြက တံခါးဖွင့်ပေးသည်။

"ကျွန်တော်တို့က ဖုန်းလိုင်းတွေ စစ်ဆေးနေတာ၊ အန်တီတို့ဖုန်းက ထရန်စမစ်တာ မကောင်းဘူး ထင်တယ်၊ ဖုန်းခဏလောက် ကြည့်ပါရစေ"

"ကြည့်ပါ... ကြည့်ပါ၊ ဟိုမှာ"

သူက ဖုန်းရှိရာသို့ သွားရင်း နီနီရောင့်ကို မသိမသာ တစ်ချက် ကြည့်လိုက်သည်။ နီနီရောင်ကလည်း မဂ္ဂဇင်းဖတ်နေရာမှ မျက်လုံးတစ်ချက် လှန်ကြည့်ပြီး အံ့ဩသွားသည်။ တယ်လီဖုန်း လိုင်းမင်းဆိုသည်မှာ ညီကို့သူငယ်ချင်း မော်ကြီး ဖြစ်နေ၏။

မော်ကြီးက တယ်လီဖုန်းကို ကောက်ယူပြီး စကားပြောခွက်ကို ဖွင့်ကြည့်သည်။ ဝက်အူလှည့်လေး တစ်ချောင်း ထုတ်ပြီး ဟိုလှည့်သည်လှည့် လုပ်သည်။ ပြီးတော့ ပြန်တပ်သည်။ သူလုပ်နေပုံက လုံးဝ ဣန္ဒြေမပျက်။ သူက နံပါတ်ငါးလုံး လှည့်ပြီး...

"မြင့်ဦးလား၊ ငါပြောတာ ကြားလား။ မင်းပြောတာလည်း ကြားတယ်၊ အိုကေ... ဒါပဲ"

ဖုန်းပြန်ချလိုက်ပြီး...

"ကောင်းသွားပါပြီ အန်တီ။ ဒါနဲ့ ကျွန်တော့်ကို တစ်ခု ကူညီပါဦး၊ လိုင်းပြောင်းဆင်မှု မှတ်တမ်းထဲမှာ ဖြည့်ဖို့ အန်တီတို့တယ်လီဖုန်းရဲ့ လိုင်စင်နံပါတ် သိချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"လိုင်စင်နံပါတ်...၊ ဘယ်ဟာလဲကွယ်၊ ဖုန်းနံပါတ်ကို ပြောတာလား"

"မဟုတ်ပါဘူး၊ တယ်လီဖုန်း အခွန်ဆောင်တဲ့ စာအုပ်ထဲမှာ ပါပါတယ်"

"ဩော်... ဒါဆို စောနော်၊ သွားယူပေးမယ်"

မေမေမြအတွင်းခန်းထဲ ဝင်သွားတော့မှ မော်ကြီးက နီနီရောင့်ဘက် လှည့်၍

"မနီနီရောင်နဲ့ တိုက်ရိုက်တွေ့လို့ တော်သေးတာပေါ့ဗျာ၊ ညီကိုက စာတစ်စောင် ပေးလိုက်တယ်"

စာအိတ်တစ်အိတ် ပေးသည်။ နီနီရောင်က အလျင်အမြန်ယူပြီး အင်္ကျီကြားထဲ ထည့်ဝှက်ထားလိုက်၏။ မေမေမြ ပြန်ထွက်လာပြီး တယ်လီဖုန်းစာအုပ်ပေးသောအခါ မော်ကြီးက ဟိုယှန်သည်လှန်လုပ်ပြီး မှတ်စုစာအုပ်ထဲမှာ ရေးမှတ်ဟန်ပြုသည်။ ပြီးတော့ 'ကျေးဇူးပါပဲ'ဟု ပြော၍ စာအုပ်ပြန်ပေးပြီး ထွက်သွားသည်။

နီနီရောင်လည်း စာဖတ်ဖို့ အလုံခြုံဆုံး နေရာဖြစ်သော အိမ်သာထဲသို့ ဝင်ခဲ့၏။ စာကို ဖွင့်ဖတ်သည်။

နီရောင်...

ကိုတော့ နီရောင့်ကို သိပ်ချီးကျူးတယ်သိလား၊ မေမေမြကို လှိမ့်လိုက်တာ သိပ်ပိရိတာပဲ။ အခု မေမေမြက နီရောင့်ကို ယုံကြည်နေပြီ မဟုတ်လား။

ဆက်ပြီးတော့ အယုံသွင်းထားပေတော့။ ဖေဖေ့ကိုတော့ သည်လို လုပ်လို့ မရ ဘူး။ ဖေဖေက သိပ်လျင်တာ။

ဖေဖေကလည်း မေမေမြလိုပဲ တင်းမာနေတယ်။ ရယ်တော့ ရယ်ရတယ် သိလား။ နီရောင့်ကို ခိုးပြေးဖို့ စရိတ်ရမှာစိုးလို့လား မသိဘူး၊ ပေးနေကျ မုန့်ဖိုးကို တောင် လျှော့ပေးတယ်။

ဘာပဲဖြစ်ဖြစ် နီရောင် စိတ်အေးအေးသာ နေပါ။ တစ်နည်းနည်း နဲ့တော့ အဆင်ပြေရမှာပေါ့။ အရေးအကြောင်းရှိရင် မော်ကြီးတို့ အိမ်မရုံးကို ဖုန်းဆက်လိုက်ပေါ့။ နံပါတ်က ၈၀၀၆၀ လေ။ အရေးကြီး တာတစ်ခု ပြောရဦးမယ်။ ကို ညက အိပ်မက်မက်တယ် သိလား။ အိပ်မက်ထဲမှာ ကိုက နမ်းတော့ နီရောင်က ဘာလို့ ရှက်နေတာလဲဟင်။

www.burmeseclassic.com

***

www.burmeseclassic.com



နီနီရောင် စာဖတ်နေစဉ်မှာ မေမေမြသည် ဦးလှကိုထံမှ ဖုန်းလာသဖြင့် စကားပြောနေသည်။

“ဘာ[redacted] နီနီရောင်က ညီကိုကို ဖြတ်စာပေးလိုက်ပြီး ဖြစ်ကြောင်း ပြောရ[redacted]င်းမလား စဉ်းစားသည်။ ထိုအကြောင်း ညီကိုက သူ့အဖေကို ပြောနှင့်ပြီးသား ဖြစ်နိုင်သည်။ ထို့ကြောင့် တမင်စကားလာတောက်နေခြင်း ဖြစ်ရမည်။ မိမိက ပြောပြတော့မှ ဒါ ကျုပ်သိပြီးသားပါဟု ဆိုလာလျှင် အောင့်သက်သက်နှင့် ခံရမည်။ ပြီးတော့ အခြေအနေကို သူ့အား အစီရင်ခံနေရတာမျိုး အဖြစ်မခံနိုင်။ ထို့ကြောင့်...

“ကျွန်မ လုပ်စရာရှိတာ ကျွန်မဘာသာ လုပ်တတ်ပါတယ်၊ ရှင် သိစရာ မလိုပါဘူး”

ဟု ပြောလိုက်သည်။

“ဒါဆိုရင် ပြီးတာပါပဲလေ၊ ကျုပ်သားကိုတော့ ကျုပ် မလှုပ်နိုင်အောင် ထိန်းထားပြီးပြီ၊ ခင်ဗျားဘက်ကသာ တာဝန်ကျေပါစေ”

“ရှင်ပြောစရာ မလိုပါဘူး၊ ဒါပဲ”

မေမေမြ ဖုန်းချလိုက်သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



အဖေသည် တစ်ချိန်က အရက်ကို အလွန်အကျွံ သောက်ခဲ့ဖူးသော်လည်း
အိမ်ထောင်ကျပြီးနောက် ဆင်ခြင်ခဲ့သည်ဟု ဆို၏။ ညီကို လူမှန်းသိတတ်သည့်အရွယ်
တ စပြီး မှတ်မိသလောက်ဆိုလျှင် အဖေအရက်တွေ အရမ်းမူးလာတာ မတွေ့ခဲ့ဖူး
ချေ။ တစ်ခါတလေ မိတ်ဆွေနှင့် ဆုံလျှင် ပိုင်းစည်အောင် တစ်ခွက်တလေ ဝင်မော့တာ
လောက်သာ ရှိသည်ဟု ဆို၏။ ဒီလိုနေ့မျိုးဆိုလျှင် အဖေ စကားနည်းနည်း ပိုများ
တတ်သည်။ စောစောစီးစီး အိပ်ရာဝင်သည်။ သည်လောက်သာ ထူးခြားမှု ရှိ၏။

သည်နေ့ကျတော့ အဖေ အရင်အခါတွေထက် နည်းနည်း ပိုသောက်လာခဲ့ဟန်
တူသည်။ အဖေပြန်ရောက်တော့ ရုပ်မြင်သံကြား အစီအစဉ်တောင် ပြီးခါနီးပြီ။ အဖေ
က သူထိုင်နေကျ ပက်လက်ကုလားထိုင်ပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"အဖေ ထမင်းစားခဲ့ပြီလား"

ညီကိုက မေးသည်။ 'အေး'ဟု အဖေ ဖြေသည်။ ရုပ်မြင်သံကြားမှာ ပြနေတာ
က ဟာသဇာတ်လမ်း ဖြစ်၏။ ညီကိုက ကြည့်ရင်း သဘောကျပြီး တဟားဟား ရယ်
နေသည်။ အဖေကတော့ မရယ်ဘဲ တည်တည်ကြီး နေနေသည်။ ခဏကြာတော့...

"သိပ်ရယ်ရတာပဲလားကွ"

ဟု လှမ်းမေးသည်။ ညီကိုက ရယ်လက်စ မျက်နှာနှင့်...

www.burmeseclassic.com

www.burmeseclassic.com



"ဟာသကားပဲ ဖေဖေရဲ့ ရယ်ရသလား မေးနေရသေးတယ်"

"လူ့ဘဝဆိုတာတော့ ဟာသဇာတ်ကား တစ်ကား မဟုတ်တာ ခံသရာတယ်ကွ၊ လူ့ဘဝမှာ စိတ်မချမ်းသာစရာ ကိစ္စတွေဟာ ရှောင်လို့တောင် မလွတ်အောင် များပြားလှပေမယ့် ပျော်စရာ၊ စိတ်ချမ်းသာစရာ ကိစ္စတွေကျတော့ တမင်တကာ လိုက်ရှာရင်တောင် တွေ့ချင်မှ တွေ့တာ မဟုတ်လားကွ၊ လူတွေဟာ ဘဝမှာ စိတ်ညစ်ရတာ များလွန်းတော့ ရယ်စရာဆိုတာ ဘယ်လိုဟာမှန်းတောင် မသိကြတော့ဘူး ထင်ပါရဲ့၊ ဒါကြောင့် ဟာသဇာတ်ကားဆိုတာ လူတွေကို ရယ်စရာဆိုတာ မမေ့သွားအောင် သင်တန်းပေးတဲ့သဘော ထင်ပါရဲ့"

"ဖြစ်နိုင်ပါတယ် ဖေဖေ၊ အဲ... တချို့ကျတော့ ဟာသဇာတ်ကား ပြတာတောင် မရယ်နိုင်လောက်အောင် ဖြစ်နေရတာလည်း ရှိသေးတယ်"

အဖေ ငေါက်ခနဲ ဖြစ်သွားပြီး...

"မင်းက ငါ့ကို စောင်းပြောတာလား"

ညီကို ကရယ်လိုက်ပြီး...

"ကျွန်တော် တစ်ခု စဉ်းစားကြည့်မိတယ် ဖေဖေ၊ ဖေဖေက ဒေါ်ခင်ရွှေရောင်ကို ချစ်တယ်။ မရခဲ့ဘူး။ ဒီတော့ ကျွန်တော့်အလှည့်မှာ နီနီရောင့်ကို ရအောင် ယူမယ်။ ဒါဆို ဖေဖေ့ကိုယ်စား ကျွန်တော်က လက်စားချေရာရောက်မယ်၊ မကောင်းဘူးလား"

"သူတို့လို ဖောက်ပြန်တဲ့ လူတန်းစားတွေကို အဖတ်လုပ်ပြီး လက်စားချေနေစရာ မလိုပါဘူးကွ"

"ဖေဖေတို့ ခေတ်တုန်းက လူတွေဟာ တစ်မျိုးပဲနော်၊ အဲဒီတုန်းက ဝတ္ထုတွေထဲမှာလည်း ခဏခဏ ပါတယ်။ ဖောက်ပြန်တဲ့ လူတန်းစားတို့၊ ဆင်စွယ်ရဲတိုက်ပေါ် က ဆန့်ကျင်ဘက်ရဲ့ သမီးပျိုတို့ ပြောကြတယ်၊ ပြီးတော့လည်း ဖေဖေတို့ ကြိုက်လိုက်ရင် သူဌေးသမီးတွေချည်းပဲ၊ ဖောက်ပြန်တဲ့ လူတန်းစားမို့လို့ ကိုယ်နဲ့သဘောထားချင်း မတိုက်ဆိုင်ဘူး ထင်ရင် အစကတည်းက မကြိုက်နဲ့ပေါ့၊ ကိုယ်နဲ့ လူတန်းစားတူတဲ့ လူပဲ ရွေးပြီးကြိုက်ပေါ့၊ မဟုတ်ဘူးလား"

"ဟော့ကောင် မင်း ငါ့ကို အဲဒီလို မစော်ကားနဲ့ကွ"

ညီကိုက ဆက်ပြောသည်။

"သတင်းစာတစ်စောင်ကို ဒုတိယအကြိမ် ပြန်ထုတ်ဖို့ မလိုဘူး ထင်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ"

"မင်း ဘာကို ဆိုလိုတာလဲ"

"သတင်းစာဆိုတာ တစ်နေ့တစ်စောင်ကျ ထွက်နေတာပါ ဖေဖေ။ သတင်းစာ ဟောင်း တစ်စောင်တည်းကိုပဲ နေ့တိုင်းဖတ်နေရင် ခေတ်နောက်ကျ ကျန်ခဲ့မှာပေါ့။ ဟိုးအရင်က ဖြစ်ပျက်ခဲ့တာဘွေကို ခုချိန်ထိ ဆက်စပ်ပြီး အစွဲအလမ်း ကြီးနေတာတော့ မသင့်တော်ပါဘူး"

အဖေက ဆတ်ခနဲ ထရပ်လိုက်ပြီး...

"မင်းတော်တော့၊ ထပ်ပြောရင် ငါ ပိတ်ထိုးမိလိမ့်မယ်"

"ဖေဖေ့ကို ကျွန်တော် အကြံတစ်ခုတော့ ပေးပါရစေ"

"ဘာလဲ၊ ပြော"

တစ်ခုခု သူမကြိုက်တာပြောလျှင် တကယ် ပိတ်ထိုးမည့်ပုံဖြင့် အဖေက မေးသည်။ ညီကိုက ပြုံး၍...

"တခြား မဟုတ်ပါဘူး။ ဖေဖေ ဘလက်ကော်ဖီလေး သောက်လိုက်ရင် ကောင်း မယ်လို့"

* * *

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ အောင်ဖေက ကြောင်တွေကို စမ်းသပ်စစ်ဆေးသည်။

"အားလုံး ကောင်းပါတယ်။ ဒါပေမယ့် ရာသီ အပြောင်းအလဲမှာ ခံနိုင်ရည်ရှိအောင် ဆေးတော့ ပေးခဲ့ဦးမှ၊ ကျွေးရတာ လွယ်ပါတယ်၊ နွားနို့ထဲမှာ ထည့်ဖျော်ပြီး တိုက်ရုံပါပဲ"

"ကျေးဇူးပဲ အောင်ဖေရေ၊ ဒီကြောင်တွေလည်း မောင်အောင်ဖေနဲ့မှ စိတ်ချရတာ"

မေမေမြက ပြောသည်။ အရင် ညီကိုမှညီကို ဖြစ်နေတုန်းက ဒေါက်တာအောင်ဖေက ကြောင်တွေကို ဂရုမစိုက်ဘူးဟု မေမေမြ ပြောဖူးတာ သတိရပြီး နီနီရောင် ကျိတ်ပြုံးမိသည်။

"ဟဲ... သွားစရာ မရှိသေးရင်လည်း နားပါဦးလား၊ ဟဲ့ မိနီရောင်၊ အအေးလေး တစ်ခွက်လောက် လုပ်ပေးလိုက်စမ်းပါ"

နီနီရောင်သည် ဘာလီရည်ဖျော်နေရင်းက ရုပ်ရှင်တွေထဲကလို ဝမ်းနည်းဆေးတွေ ထည့်ဖျော်လိုက်ရ ဘယ်လောက် ကောင်းမလဲဟု တွေးမိသည်။ ဒါဆို ဒေါက်တာအောင်ဖေတစ်ယောက် စကားပြောနေရင်းက မျက်နှာ ရှုံ့မဲ့လာပြီး အိမ်သာကို ခင်ပင်တပြေးရလျှင် တော်တော် ရယ်စရာကောင်းမှာည်။

www.burmeseclassic.com

www.burmeseclassic.com



သူက အအေးဖန်းခွက်ကို ယူပြီး အိမ်ရှေ့ထွက်လာသည်။ စားပွဲပေါ် ချပေးပြီး ပြန်ထွက်မည်အပြု…

"ထိုင်ပါဦးလား၊ စကားလေးဘာလေး ပြောရအောင်"

ဟု ဒေါက်တာအောင်ဖေက ပြောသည်။ နီနီရောင်က ငြင်းမည်ကြံပြီးမှ မေမေမြ ယုံအောင် အလိုက်အထိုက် နေပြဖို့ စိတ်ကူးထားတာ သတိရပြီး ဝင်ထိုင်လိုက်သည်။

"နီနီရောင် ဟိုတစ်နေ့က ကိုယ်ပြောတာ စဉ်းစားပြီးပြီလား"

ဒေါက်တာ အောင်ဖေက မေးသည်။ ဟိုတစ်နေ့က ဒေါက်တာ အောင်ဖေက သူ့ကို လက်ထပ်ဖို့ ပြောခဲ့သည်။ နီနီရောင်က စကားမြန်မြန်ပြတ်အောင် စဉ်းစားဦးမည်ဟု ပြောခဲ့သည်။ ထို့ကြောင့် သည်နေ့ ထပ်မေးခြင်း ဖြစ်၏။

"စဉ်းစားတုန်းပဲ"

နီနီရောင်က ဖြေသည်။

"ဘာစဉ်းစားစရာလိုတော့လို့လဲ၊ မေမေမြကလည်း ကျေနပ်တယ်၊ ကို့မှာလည်း နီနီရောင် ငြင်းနိုင်လောက်တဲ့ အပြစ်မရှိဘူးလို့ ထင်တယ်လေ"

သွားသေလိုက်ပါလားဟု ပြောလိုက်ချင်သော်လည်း အချိုသပ် ဆက်ဆံဖို့ လိုအပ်သဖြင့်…

"ဒါမျိုးဆိုတာ လွယ်လွယ်နဲ့ ဆုံးဖြတ်လို့ ရတာမှ မဟုတ်ဘဲ၊ အေးအေးဆေးဆေး စဉ်းစားပါရစေဦး"

"ကိုယ်ကတော့ မစောင့်နိုင်တော့ဘူး"

ပြောပြောဆိုဆို ဒေါက်တာအောင်ဖေက ထလာပြီး နီနီရောင့်ဘေးကပ်လျက် ကုလားထိုင်မှာ လာထိုင်သည်။ နီနီရောင်က ဆတ်ခနဲ ထရပ်မည်အပြု ဒေါက်တာ အောင်ဖေက လက်မောင်းကို ဖမ်းဆွဲပြီး…

"ကိုယ့်ကို အခုပဲ ချစ်တယ်လို့ အဖြေပေးပါလား"

နီနီရောင်က လက်ကို ပုတ်ချလိုက်ပြီး ထရပ်သည်။

"ဒါမျိုးမလုပ်နဲ့၊ ကျွန်မ မကြိုက်ဘူး"

နီနီရောင် ထင့်ခနဲ တစ်ခု တွေးမိ၏။ ဒေါက်တာ အောင်ဖေ ဘာကြောင့် သည်လောက် အတင့်ရဲနေရသလဲ။

www.burmeseclassic.com

www.burmeseclassic.com



"မေမေမြ"

ဟု အော်ခေါ်သည် ထူးသံ မကြားရ။

"ဒေါ်ကြီး ဘယ်ရောက်နေလဲ၊ မပြောသိန်း"

ဘယ်လောက်အော်အော် ထူးသံ တိတ်ဆိတ်နေမြဲ။ ဒေါက်တာအောင်ဖေ၏ ရယ်သံသဲ့သဲ့သာ ကြားရသည်။ ဒေါက်တာအောင်ဖေက ခပ်ဖြည်းဖြည်း ထရပ်လိုက်သည်။ နီနီရောင်၏ လက်မောင်းကို ဆုပ်ကိုင်ပြီး...

"ကိုယ့်ကို ချစ်တယ်လို့ ပြောပါတော့ကွယ်"

"လွှတ်နော်၊ အခုလွှတ်လိုက်"

ဒေါက်တာ အောင်ဖေပြုံးသည်။ သူ့မျက်နှာက အောက်သို့ တဖြည်းဖြည်း ငုံ့လာ၏။ ပြီးတော့မှ ရုတ်တရက် နောက်ကို လန်ထွက်သွားသည်။ သူက နီနီရောင်တို့ နမ်းဖို့ အငုံ့လိုက်တွင် နီနီရောင်က သူ့မျက်ခွက်ကို လက်သီးနှင့် အားကုန်ပိတ်ထိုးလိုက်သောကြောင့် ဖြစ်၏။ ဒေါက်တာ အောင်ဖေသည် မမျှော်လင့်ဘဲ တိုက်ခိုက်ခံလိုက်ရသဖြင့် ထိုင်ခုံပေါ်သို့ ပုံမကျ ပန်းမကျ ဖင်ထိုင်လျက် လဲသွားသည်။

"ရှင် အခု ထွက်သွား"

နီနီရောင်က ပြောပြီး စားပွဲပေါ်မှ ဖန်ပန်းအိုးကို ကောက်ကိုင်လိုက်သည်။ ဒေါက်တာအောင်ဖေသည် နှာခေါင်းကို လက်ခုံနှင့် ပွတ်လိုက်ရာ သွေးစတွေ လက်မှာ ပေလာတာတွေ့ပြီး လန့်သွားသည်။

"ခင်ဗျား... ခင်ဗျား တကယ်လုပ်တာပဲ"

"ဟုတ်တယ်၊ နောက်ထပ် မဟားတရား လုပ်ရင်တော့ အသေပဲ၊ ရှင် ထွက်သွားလိုက်"

ဒေါက်တာအောင်ဖေ ဒယိမ်းဒယိုင် ထရပ်သည်။ သူ့လက်ဆွဲအိတ်ကို သူသည် တံခါးကို ကြည့်ပြီး...

"တျှန်တော့်ကို တံခါးသော့ ဖွင့်ပေးဦး"

နီနီရောင် သော့ထားရာသို့ ကြည့်သည်။ ချိတ်လျက်သား တွေ့၏။

"ဟောဟိုမှာသော့၊ ရှင့်ဘာသာ ဖွင့်ပြီး ထွက်သွား"

ဒေါက်တာအောင်ဖေ သော့ယူပြီး ဖွင့်သည်။ ပြီးတော့...

"ခင်ဗျား သိပ်ရက်စက်တယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး ထွက်သွားသည်။

နီနီရောင်သည် ဒေါသအရှိန် မပြေသေး။ မေမေမြသည် ဘာကြောင့် သည်လောက် ရက်ရက်စက်စက် ကြံစည်ရသလဲ။ ဒေါက်တာ အောင်ဖေနှင့် မိမိကို နှစ်ယောက်တည်း ထားခဲ့ပြီး မပြာသိန်းတို့ ဒေါ်ကြီးတို့ကိုပါ ခေါ်ပြီး ရှောင်ထွက်သွားသည်။ မိမိကို ဒေါက်တာအောင်ဖေ့လက်မှာ ဝကွက်အပ်ခဲ့သည့်သဘော။ သူ့ဒေါသက မေမေမြဘက် မြားဦးလှည့်သွားသည်။ တစ်ပြိုင်နက်တည်းမှာ ဆုံးဖြတ်ချက် တစ်ခုကိုလည်း ချဖြစ်သွားသည်။ သူ့ကို ဒေါက်တာ အောင်ဖေနှင့် နှစ်ယောက်တည်း ထားပစ်ခဲ့သည်။ အခု ဒေါက်တာအောင်ဖေလည်း မရှိတော့။ သူတစ်ယောက်တည်းသာ ကျန်တော့သည်။ စောင့်ကြည့်နေမည့်သူ တစ်ယောက်မှ မရှိ။ ဒါဆိုလျှင်...

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ဟိုမေးသည်မေးနှင့် ညီကိုတို့အခန်းကို ရှာတွေ့ခဲ့သည်။ သို့ရာတွင် သူ စိတ်ပျက်သွား၏။ အခန်းတံခါးသော့ခတ်ထားသည်။ သေသေချာချာကြည့်မှ သော့မှာ စာတစ်စောင် ညှပ်ထားတာ တွေ့ရ၏။ စာကို ဖွင့်ဖတ်ကြည့်တော့ ညီကို့လက်ရေးဖြင့် -

*မြင့်ဦး*

*ငါနဲ့မော်ကြီးနဲ့ လက်ဖက်ရည်ဆိုင်မှာ ရှိတယ်*

ဟု ရေးထား၏။ ဘယ်လက်ဖက်ရည်ဆိုင်မှန်းတော့ မသိ။ ထိုစဉ် တစ်ဖက်ခန်းမှ မိန်းမကြီးတစ်ယောက် ထွက်လာပြီး…

"ဟဲ့… ကလေးမ၊ ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"ဟို… ညီကိုလေ၊ လက်ဖက်ရည်ဆိုင် သွားတယ်ပြောတယ်။ ဘယ်ဆိုင်လဲ သိလားရှင်"

"ဟော… မသိဘူးကွယ်"

နီနီရောင် စိတ်ခတ်ကျသွားတုန်း ကောင်လေး တစ်ယောက် ထွက်လာပြီး…

"ကျွန်တော်သိတယ်၊ လိုက်ပို့ပေးမယ်"

ကောင်လေးက ဦးဆောင်ပြီး ခေါ်သွားသည်။ မိန်းမကြီးက နီနီရောင့်ကို

www.burmeseclassic.com

www.burmeseclassic.com



ခသေသေချာချာ လိုက်ကြည့်ရင်း ကျန်ခဲ့သည်။

လက်ဖက်ရည်ဆိုင်မှာ ညီကိုက လမ်းဘက်ကို ကျောပေးထိုင်နေခြင်း ဖြစ်၏။ မော်ကြီးက နီနီရောင့်ကို မြင်ပြီး ညီကို့ကို ပြောသည်။ ညီကို လှည့်ကြည့်၏။ အံ့သြသွားပြီး ထရပ်သည်။

"နီရောင် ဘယ်လိုဖြစ်လာတာလဲ"

မော်ကြီးက ခုံတစ်ခုံ ဆွဲပေးပြီး နီနီရောင့်ကို ထိုင်ခိုင်းသည်။ နီနီရောင်က ထိုင်ပြီးပြီးချင်းမှာပင် ဖြစ်ပျက်သမျှကို ပြောပြသည်။ နားထောင်ရင်း ညီကို မျက်နှာ ဘင်းခနဲ ဖြစ်သွားသည်။

"ဒါတော့ တရားလွန်တာပေါ့"

ဟု မှတ်ချက်ပြုသည်။ မော်ကြီးက ဝင်၍...

"ဒီတော့ ဘာလုပ်ကြမလဲ"

"နီရောင့်ကို ပြန်လွှတ်လို့ မဖြစ်တော့ဘူး။ ဒီတော့ ကိုစီစဉ်တဲ့အတိုင်း သဘောတူမလား"

နီနီရောင် ခဏမျှ တွေနေသည်။

"အားလုံး အဆင်ပြေအောင် ကိုလုပ်မှာပါ၊ ကို့ကို ယုံတယ် မဟုတ်လား"

"မယုံရင် ဒီလိုလာပါ့မလားလို့"

ဟု နီနီရောင်က ပြောလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မော်ကြီးက သူတို့အစ်မအိမ်သွားဖို့ အကြံပေးသည်။ မော်ကြီးတို့အစ်မတာ ညီကိုတို့ကိစ္စကို သိပြီးသား။ သူ့ယောက်ျားကလည်း သဘောကောင်းသည်။ ထို့ကြောင့် ညီတိုက သဘောတူလိုက်သည်။

ဟိုအိမ်ရောက်တော့ မော်ကြီးတို့ အစ်မကို အခြေအနေအားလုံး ရှင်းပြသည်။ မော်ကြီးအစ်မက...

"အေးလေ ဒီလိုဆိုတော့လည်း ဒါပဲ လုပ်စရာ ရှိတာပေါ့"

ဟု ထောက်ခံစကား ပြောသည်။ သူ့ယောက်ျားကလည်း သူပြီးလျှင် ပြီးသဖြင့် ပြဿနာမရှိ။

"မင်းတို့အဖေကို ဘယ်လို အသိပေးမလဲကွ"

ဟု မော်ကြီးက မေးသည်။ ညီကိုက...

"ငါ စာတစ်စောင် ရေးပေးလိုက်မယ်။ ညကိုးနာရီလောက်ကျမှ အဖေ့ကို ပေးသွားပေး၊ အဖေက မေးရင် ငါတို့ ဥဿာဒဂုံကားနဲ့ ပါသွားတယ်လို့ပြော"

"မေမေမြကိုလည်း အကြောင်းကြားရဦးမယ်နော်၊ တော်ကြာ စိတ်ပူနေမယ်။ ခုလောက်ဆိုရင်ပဲ နီရောင့် သူငယ်ချင်းတွေအိမ် လိုက်ရှာနေပြီလားမသိဘူး"

"မပူပါနဲ့ ကို ကြည့်လုပ်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



မော်ကြီးတို့အစ်မအိမ်၏ တစ်ဘက်အိမ်မှာ တယ်လီဖုန်းရှိသည်။ ညီကိုက နီနီရောင့်ကိုပါ ခေါ်ပြီး ဖုန်းဆက်ဖို့ သွားသည်။

"ဒေါက်တာအောင်ဖေ ဖုန်းနံပါတ်သိလား"

"သိတယ်၊ ဘာလုပ်ဖို့လဲ"

"သူကတစ်ဆင့် မေမေမြဆီ အကြောင်းကြားခိုင်းမယ်"

"ဟင်... ဘာလို့"

"သူပါ သိသွားစေချင်လို့"

ဒေါက်တာအောင်ဖေဆီ ဖုန်းဆက်သည်။ ပြန်မလာသေးဟု ဆိုသဖြင့် နာရီဝက်လောက်နေမှ ထပ်ဆက်ရသည်။ ဒေါက်တာအောင်ဖေ ဖုန်းလာကိုင်သည်။ ညီကိုက...

"ဒေါက်တာအောင်ဖေလား၊ ကျွန်တော် ညီကိုပါ"

"ဘာကိစ္စလဲ"

ညီကိုဟု ဆိုလိုက်သဖြင့် ဒေါက်တာအောင်ဖေလေသံ မာသွား၏။

"တစ်ဆိတ်လောက် ကူညီပါဗျာ၊ မေမေမြဆီ ဖုန်းဆက်ပြီး အကြောင်းကြားပေးစမ်းပါ၊ ကျွန်တော် နီနီရောင်ကို ခိုးပြေးသွားပြီလို့"

"ဘာ... ခင်ဗျား ခင်ဗျား"

"မယုံရင် နီရောင်နဲ့ ပြောလေ"

ဖုန်းကို နီနီရောင့်ဆီ ကမ်းပေးသည်။ နီနီရောင်က ဖုန်းကိုင်ပြီး...

"ဒေါက်တာလား၊ ကျွန်မ နီနီရောင်ပါ၊ မေမေမြကို ပြောပေးပါနော်၊ ကျေးဇူးပဲ သိလား"

***

မေမေမြသည်လည်း တစ်နေ့လုံး ပျာယာခတ်နေသည်။ မပြွာသိန်းတို့ကိုပါ ခေါ်၍ အိမ်က ရှောင်ထွက်လာခဲ့ပြီးနောက် ဘုရားသွားသည်။ သူတို့အိမ်ပြန်လာသည့်အခါကျတော့ ဒေါက်တာအောင်ဖေရော နီနီရောင်ပါ မတွေ့ရ... ဘားအိမ်တံခါးကိုလည်း သော့ခတ်သွားသည်။ မေမေမြမှာ သော့ပိုတစ်ချောင်း ပါသွား၍ တော်သေး

www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒေါက်တာအောင်ဖေက နီနီရောင်ကို ခိုးပြေးလေသလား။ တကယ်တော့ ဘာမှ ခိုးပြေးစရာ အကြောင်းမရှိ။ သူတို့ချင်း အဆင်ပြေလျှင် လက်ထပ်ပေးမည် ဖြစ်ကြောင်း ဒေါက်တာ အောင်ဖေ သိပြီးသား။ တစ်ခုခုများ ဖြစ်သွားလို့ နီနီရောင်က မထူးတော့ပါဘူး ဆိုပြီး ဒေါက်တာအောင်ဖေနောက် လိုက်သွားသလား။ မေမေမြက ဒေါက်တာအောင်ဖေအိမ် ဖုန်းဆက်ကြည့်တော့ ပြန်မလာသေးဟု သိရ၏။ ဒါဆို သူ ထင်တာ ဖြစ်နိုင်သည်။ သို့ရာတွင် တစ်ခု စဉ်းစားမိတာက နီနီရောင်အနေဖြင့် ဒေါက်တာအောင်ဖေနောက် လိုက်သွားတာဆိုလျှင် စာကလေးတစ်စောင်လောက်တော့ ရေးထားခဲ့ရမည်။ တစ်အိမ်လုံး ဒေါင်းတောက်အောင် ရှာသော်လည်း စာတစ်စောင်မျှ မတွေ့။

မေမေမြ စိုးရိမ်သွားသည်။ နီနီရောင့်သူငယ်ချင်းတွေအိမ် ဖုန်းဆက်ကြည့်သည်။ မလာကြောင်းသာ ပြောကြသည်။ မေမေမြ နားလည်လိုက်ပြီ။ ညီကိုနှင့် လိုက်သွားတာပဲ ဖြစ်ရမည်။ ဒေါက်တာ အောင်ဖေက ကြံရာပါများ ဖြစ်နေမလား။

ထိုစဉ်မှာ ဒေါက်တာအောင်ဖေ့ဆီက ဖုန်းလာသည်။

"နီနီရောင်ရှိလား မေမေမြ"

"မရှိဘူး၊ ဒီမှာ မင်း ငါ့ကို မှန်မှန်ပြောစမ်းပါ၊ သူ ဘယ်မှာလဲ"

"အဲဒါ ပြောမလို့ပါပဲ။ သူတို့ ကျွန်တော့်ဆီ ဖုန်းဆက်တယ်"

"ဘယ်သူတို့လဲ"

"ညီကိုနဲ့ နီနီရောင်၊ သူတို့ ခိုးပြေးကြပြီလို့ မေမေမြကို ပြောပေးပါတဲ့"

"ဩ... ကောင်းပါလေရဲ့တော်၊ တော်ပါပေရဲ့၊ မင်းကပါ အလိုတူ အလိုပါပေါ့ ဟုတ်လား၊ နီနီရောင်ကို မင်း ခေါ်ထုတ်ပေးလိုက်တာပေါ့လေ"

"မဟုတ်ရပါဘူး၊ ကျွန်တော်..."

"တော်ပြီ၊ မင်း နောက်ကို အိမ်ကို လာစရာ မလိုတော့ဘူး"

မေမေမြ ဖုန်းချလိုက်သည်။ ဖုန်းက မြည်လာပြန်၏။ ကောက်ကိုင်လိုက်တော့ ဦးလှကို ဖြစ်နေ၏။

"ဒီမှာ... ခင်ဗျား သိပြီးပြီလား"

ဦးလှကိုက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အကြံ ဒါအကုန်ပဲလား"

"ဘာလဲ၊ ခင်ဗျား ဘာပြောတာလဲ"

"ရှင် ကျွန်မကို ဟုတ်တိပတ်တိနှင့် အယုံသွင်းပြီးတော့ ခုလိုကြံတာ မဟုတ်လား"

"ဘာမှမဆိုင်ဘူး၊ ပြဿနာက ခင်ဗျားကြောင့် ဖြစ်ရတာ၊ ခင်ဗျားတူမကို နိုင်အောင် မထိန်းနိုင်လို့ပေါ့။ ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ မရရအောင် ခွဲမှာပဲ၊ ဒါကို ခင်ဗျား သိစေချင်လို့ ဆက်တာ"

"ကျွန်မကလည်း ဒီအတိုင်းပါပဲ၊ ကြောင်ကို အမြီးဖြတ်ပြီး ပေးစားမယ်၊ ရှင့်သားနဲ့တော့ သဘောမတူနိုင်ဘူး၊ ဒါပဲ"

ဆိုပြီး ဖုန်းကို ဆောင့်ချလိုက်သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ည ဆယ်နာရီထိုးခါနီးပြီ။ မော်ကြီး၊ မြင့်ဦး၊ ညီကိုနှင့် နီနီရောင်တို့မှာ စကား ထိုင်ပြောရင်း တဝါးဝါး တဟားဟား ရယ်နေကြသည်။ မော်ကြီးတို့ အစ်မ လင်မယား မှာ ကြောင်တောင်တောင် ဖြစ်နေကြ၏။ ညီကိုနှင့် နီနီရောင်တို့ကို ကြည့်ရတာ ခိုးပြေး လာခါစ ပုံနှင့်လည်းမတူ။ ရှက်ရွံ့နေတာမျိုး၊ မနေတတ်မထိုင်တတ် ဖြစ်နေတာမျိုး လည်း မရှိ။ တစ်ယောက်တစ်ပေါက် ရယ်စရာတွေ ပြောနေကြပုံမှာ သူငယ်ချင်းတွေ စုပြီး ပျော်ပွဲစားထွက်သလို ဖြစ်နေ၏။ သည်ကြားထဲမှာ သူတို့ အိမ်ရှင်လင်မယားတာ တောင် အနေရခက်သလို ပြန်ဖြစ်နေရ၏။

မော်ကြီးနှင့် မြင့်ဦးတို့ နှုတ်ဆက်ပြီး ပြန်သွားသည်။ မော်ကြီး၏ ယောက်ဖတော ညီကို့ကို အပြင်ခဏ ခေါ်သွားပြီး...

"အိမ်ရှေ့ခန်းမှာ ဘုရားစင်ရှိတော့ ဧည့်သည် လင်မယားတွေ ဘာတွေ အိပ် လို့ မရဘူးကွ၊ ဒီတော့ မင်းတို့က ငါတို့အိပ်ခန်းထဲမှာ အိပ်ပေါ့၊ ငါတို့ လင်မယားက အိမ်ရှေ့ခန်းမှာ ထွက်အိပ်မယ်"

"ကိစ္စမရှိပါဘူး အစ်ကိုရ၊ အစ်ကိုနဲ့ ကျွန်တော်နဲ့ အိမ်ရှေ့ခန်းမှာ အိပ်မယ်လေ အစ်မနဲ့ နီနီရောင်နဲ့ အိပ်ခန်းထဲမှာပဲ အိပ်ပါစေပေါ့"

"ဘာ... ဘယ်လို"

www.burmeseclassic.com



"ကျွန်တော်တို့က တကယ်ခိုးပြေးလာတာ မဟုတ်ပါဘူး၊ ခိုးပြေးချင်ယောင် ဆောင်တာပါ"

"အင်... အယ်... ဘယ်လိုလဲကွာ မင်းတို့ဟာက"

"ဟုတ်တယ်၊ မနက်ကျရင် သူကလည်း သူ့အိမ်သူပြန်လိမ့်မယ်၊ ကျွန်တော်က လည်း ကိုယ့်အိမ်ကိုယ်ပြန်မှာ၊ ခုဟာက ကျွန်တော်တို့က တကယ်လုပ်ချင်ရင် သုပ်လို့ရတယ်ဆိုတာ လူကြီးတွေသိအောင် ပြရုံပါပဲ အစ်ကိုရ"

ညီကို ရယ်၍ ပြောလိုက်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



နီနီရောင့်ကို မြင်သောအခါ မေမေမြ အံ့ဩသွားသည်။

"ညည်း... ညည်း ပြန်လာတယ် ဟုတ်လား၊ ဩော် လက်စသတ်တော့ ဟိုကောင့်က ညည်းကို ကျောရရှုံကြဲပြီး ခုတော့ ကန်ထုတ်လိုက်ပြီပေါ့၊ ဟုတ်လား"

"မဟုတ်ပါဘူး မေမေမြရယ်၊ သမီး မဲ့တစ်ပေါက်တောင် မစွန်းပါဘူး"

"ဒါနဲ့... ညည်းတို့ ခိုးပြေးကြ..."

"ဟုတ်တယ်လေ၊ တစ်ရက်လောက် ခိုးပြေးတာ"

"ဘာအေ့"

"ထိုင်ပါဦး မေမေမြရယ်၊ သမီး ရှင်းပြပါဦးမယ်"

မေမေမြက မထိုင်ချင် ထိုင်ချင် ဝင်ထိုင်သည်။ နီနီရောင်က...

"မေမေမြက သမီးကို ဒေါက်တာ အောင်ဖေနဲ့ နှစ်ယောက်တည်း အိမ်မှာ ထားခဲ့တယ်နော်"

"အိုအေ... ကိစ္စလေးရှိလို့ ခဏ ထွက်သွားတာပါ"

နီနီရောင်က ပြုံးလိုက်ပြီး...

"သမီး သိပါတယ် မေမေမြရယ်၊ မေမေမြတို့ ထွက်သွားတော့ ဒေါက်တာ အောင်ဖေက မဟားတရား လုပ်ဖို့ ကြံစည်တယ်လေ၊ ဒါကြောင့် သမီး သူ့ကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပိတ်ထိုးလိုက်တယ်"

"သက်သီးနဲ့"

"ဟုတ်တယ်၊ ပြီးတော့ သူ့ကို နှင်ထုတ်ပြီး သမီးလည်း ညီကို့ဆီ ထွက်သွားခဲ့ဘာပေါ့။ မေမေမြ စဉ်းစားကြည့်ပါ။ ဒေါက်တာအောင်ဖေက သမီး အလိုမတူဘဲနဲ့ အခွင့်အရေးလေး ရတာနဲ့ မဟုတ်တာလုပ်ဖို့ ကြံစည်တယ်၊ ညီကိုကတော့ ခိုးပြေးပြီး နှစ်ယောက်တည်း နေခွင့်ရလျက်သားနဲ့ လက်ဖျားနဲ့တောင် မတို့ခဲ့ဘူး။ ကဲ... ဘယ်သူက သစ္စာရှိတယ်၊ ဘယ်သူက ရိုးသားသလဲဟင်"

မေမေမြက ဘာမှပြန်မပြော။ သူသည် အိပ်မက်မက်သလို ဖြစ်နေ၏။ နီနီခရောင်တို့ သူ့ပ်ကွက်မှာ ဘယ်လို နားလည်ရမှန်း မသိသဖြင့် ကြိုးစားပြီး အဖြေထုတ်နေရဟန် ရှိသည်။

နီနီရောင်က သူတို့ ခိုးပြေးကြသည် ဆိုသော်လည်း ညက သီးခြားစီ အိပ်ခဲ့ကြောင်း ပြောပြီး...

"ဒါမှ မကျေနပ်သေးလို့ ဒေါက်တာအောင်ဖေနဲ့ပဲ လက်ထပ်ရမယ်ဆိုရင်လည်း သမီး ဘာမှပြောစရာ မရှိပါဘူး"

"အခုကျမှ ဟိုက ယူချင်တော့မလားအေ့၊ ညည်းက ခိုးရာလိုက်ပြေးပြီးပြီ"

"သမီး မှဲ့တစ်ပေါက်တောင် မစွန်းခဲ့ပါဘူးလို့ ပြောပြီးပြီပဲ"

"ဩ... ခုမှရှင်းတယ်၊ ညည်းတို့အကြံက ဒီလိုကိုး၊ ဒါကြောင့် ဒေါက်တာအောင်ဖေက တစ်ဆင့် ပြောခိုင်းတာကိုး၊ ညည်းတို့ ခိုးပြေးပြီဆိုတာ ဒေါက်တာအောင်ဖေ သိသွားစေချင်လို့ပေါ့လေ၊ ဟုတ်လား၊ တတ်လည်း တတ်နိုင်ကြပါပေရဲ့"

"ခုမှတော့ မထူးတော့ပါဘူး မေမေမြရယ်၊ ညီကိုနဲ့ပဲ သဘောတူလိုက်ပါတော့"

"အို... မဖြစ်ပါဘူး၊ ကောင်လေးက မဆိုးပေမယ့် သူ့အဖေနဲ့တော့ မျက်နှာချင်းတောင် မဆိုင်ချင်ဘူး"

မေမေမြ ပျော့ပျောင်းလာပြီဟု နီနီရောင် သိလိုက်၏။ စကားတစ်ချက် ထပ်ခတောက်ကြည့်လိုက်သည်။

"မေမေမြ၊ သမီး အိမ်ထဲမှာချည်း နေနေရတာ ပျင်းလှပြီ။ နှင်းဖြိုးနှင်းကစပြီး စကားပြောသင်တန်း ပြန်တက်ချင်တယ်"

မေမေမြက နီနီရောင့်ကို တစ်ချက်ကြည့်သည်။ နီနီရောင်ကလည်း မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



လေး ကလည်ကလည် လှုပ်၍ ပြန်ကြည့်နေသည်။ မေမေမြ သက်ပြင်းတစ်ချက်
ချလိုက်၏။

"ညည်းသဘောပဲ"

ဟု ပြောပြီး ထထွက်သွားသည်။ နီနီရောင် ပြုံးလိုက်သည်။ ညီကိုနှင့် တွေ့
ဆုံခွင့်ပြုသည်ဟု မေမေမြက မီးစိမ်းပြလိုက်သည့်သဘော။

မေမေမြ သူ့အိပ်ခန်းထဲ ဝင်ပြီး ခေါင်းအုံးအောက်မှ စိပ်ပုတီးကို ထုတ်ယူလိုက်
သည်။ ညကလည်း တစ်ညလုံး ပုတီးစိပ်နေခဲ့ရ၏။ ခုမှ သတိရသည်။ သည်နံ့သာ
ပုတီးကလေးမှာ ညီကိုက သူ့အား ကန်တော့ခဲ့ခြင်းပင် ဖြစ်၏။ မေမေမြသည် ဦးလှတို့
ခေါ် ဦးလှမင်းကို အခဲမကြေနိုင်သေးသည်မှာ မှန်သည်။ သို့တိုင်အောင် ညီကို၏
မျက်နှာလေးကို တစ်ချက် တစ်ချက် သွားမြင်ယောင်ပြီး ကရုဏာသက်မိသည့် စိတ်
မျိုး ဖြစ်ပေါ်လာတတ်တာတော့ ဘာမှမတတ်နိုင်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ညီကိုသည် အိမ်ထဲသို့ ခပ်အေးအေးပင် ဝင်လာသည်။

အဖေက သူ့စားပွဲပေါ်မှ ရှုပ်ပွနေသော စာအုပ်များကို ပြန်စီနေသည်။ အဖေသည် စိတ်လှုပ်ရှားမှုကို သက်သာရာ ရစေရန် လုပ်မိလုပ်ရာ လုပ်နေခြင်း ဖြစ်ကြောင်း ညီကို သိလိုက်၏။

"ဖေဖေ"

ညီကိုက ခေါ်လိုက်သည်။ အဖေ ဆတ်ခနဲ လှည့်ကြည့်ပြီး ညီကို့ကို မြင်သောအခါ မျက်လုံးပြူးသွား၏။

"မင်းက ဘာသဘောနဲ့ ပြန်လာတာလဲ"

အဖေက မေးသည်။ ညီကို ခေါင်းငုံ့လိုက်ပြီး...

"ကျွန်တော် ဖေဖေနဲ့ မခွဲနိုင်လို့ပါ"

"ပေ့ကောင် အပိုတွေ ပြောမနေနဲ့၊ ဘာဖြစ်လာတာလဲ"

"ကျွန်တော် သူ့ကို တကယ်ခိုးပြေးတာ မဟုတ်ပါဘူး ဖေဖေ၊ စတီသဘောပေါ"

"ဘာ... စတီသဘော ဟုတ်လား"

"ဒီလိုပါ ဖေဖေ၊ ကျွန်တော်တို့ ခိုးပြေးတယ်ဆိုတဲ့ အစီအစဉ်ပေါ်ပြန်ပွာယ် ပေါက်ရုံလောက်

www.burmeseclassic.com

www.burmeseclassic.com



ပဲ လုပ်တာပါ။ ဒါမှ နီနီရောင့်ကို မေမေမြကြ တခြားလူနဲ့ လက်ထပ်ပေးလို့ မရတော့ဘူးပေါ့။ ခိုးပြေးတယ်ဆိုပေမယ့် သူ့အပေါ်မှာ ကျွန်တော် သစ္စာရှိရှိ နေခဲ့တာပါ။ လက်ဖျားနဲ့တောင် မတို့ခဲ့ပါဘူး။ ကျွန်တော့်အနေနဲ့ သူ့ကို လက်ထပ်လို့ မဖြစ်သေးဘူးလေ၊ ကျွန်တော့်မှာ အလုပ်မှ မရှိသေးဘဲ၊ သူ့ကို ဘယ်လိုလုပ်ကျွေးနိုင်မလဲ၊ ဒါကြောင့် သူကလည်း သူ့အိမ်ပြန်၊ ကျွန်တော်ကလည်း ကိုယ့်အိမ်ပြန်နှစ်ကြဖို့ လောလောဆယ် ဆုံးဖြတ်ပြီး ပြန်လာခဲ့တာပါ”

“ဩ… မင်းကို ငါက ဆက်ကျွေးထားရမယ်ပေါ့၊ ဟုတ်လား”

“ဒါကတော့ ဖေဖေစေတနာရှိသလောက်ပေါ့ ဖေဖေရာ”

ဘာပဲဖြစ်ဖြစ် ညီကိုတို့ဘက်က တစ်ကွက်သာသွားပြီ ဖြစ်ကြောင်း အဖေ နားလည်လိုက်သည်။ မခံချိမခံသာ ဖြစ်နေသည့်ကြားက အင်း… လူငယ်တွေ၊ လူငယ်တွေ ကြည့်လိုက်ရင် ပေါ့ပေါ့နေ ပေါ့ပေါ့စား ထင်ရတယ်၊ ဒါပေမယ့် သူတို့ တစ်ချက်တစ်ချက် ထလုပ်လိုက်ရင် တော်တော် အကွက်စေ့တာပဲဟု တွေးမိ၏။

ညီကိုက အဖေ့ကို စေ့စေ့ကြည့်၍…

“ဖေဖေ ခုထိ ဒေါ်ခင်ရွှေရောင်ကို မမေ့နိုင်သေးဘူး မဟုတ်လားဟင်”

“ဘာဖြစ်လို့ မမေ့နိုင်ရမှာလဲ၊ သတိတောင် မရဘူး”

“ဖေဖေ ညာတယ်၊ မမေ့နိုင်သေးလို့သာ ခုထိ သဲကြီးမဲကြီး ဖြစ်နေတာပေါ့။ မေမေမြကို မုန်းနေတာဟာ ဒေါ်ခင်ရွှေရောင်ကို ချစ်နေသေးလို့ပါ။ ကျွန်တော် သိပါတယ် ဖေဖေ၊ ဖေဖေဟာ ဒေါ်ခင်ရွှေရောင်ကို မေမေ့ထက် ပိုချစ်တယ်။ ဒါကြောင့်သာ မေမေက မွေးတဲ့ ကျွန်တော့်ကို ဖေဖေက သိပ်မချစ်တာပေါ့”

အဖေ ခါခန် ဖြစ်သွားသည်။

“မင်း ဒီလိုမပြောနဲ့ကွ၊ ခင်ရွှေရောင်ကို ငါ ချစ်ခဲ့တယ်ဆိုတာ မှန်တယ်၊ ဒါပေမယ့် မင်းအမေထက် ပိုချစ်တယ်ဆိုတာတော့ မဟုတ်ဘူး။ ခင်ရွှေရောင်ကို ချစ်ခဲ့တဲ့ အချစ်က ပူပူလောင်လောင်၊ ပြင်းပြင်းပြပြ ချစ်ခဲ့တာ။ မင်းအမေကိုကျတော့ [illegible] မေတ္တာနဲ့ ချစ်ခဲ့တာ၊ မတူဘူး၊ နောက်ပြီး မင်းကို ငါမချစ်ဘူးလို့ မင်းပြောတာက [illegible] ငါ့ကို အပြင်းထန်ဆုံး စော်ကားလိုက်တာနဲ့ တူတူပဲ၊ ငါ မင်းကို ငါ့အသက်ထက်တောင် ပိုချစ်တယ်ဆိုတာတော့ ယုံပါကွာ”

“ကျွန်တော် ယုံပါတယ် ဖေဖေ၊ ဒါပေမယ့် ဖေဖေ ကျွန်တော့်ကို ချစ်တယ်ဆို

www.burmeseclassic.com



ရင် ကျွန်တော် စိတ်ချမ်းသာတာကိုပဲ မြင်ချင်လိမ့်မယ်လို့ ထင်ပါတယ်။ ခုချိန်မှာ မေမေရော ဒေါ်ခင်ရွှေရောင်ရော မရှိတော့ပါဘူး။ ဖေဖေ့အနေနဲ့ ဘယ်သူ့ကိုပဲ ပိုချစ်ချစ် ကျွန်တော် မနာလိုဖြစ်စရာ မရှိပါဘူး။ နီနီရောင်ကတော့ ခုထိ ရှိနေပါသေးတယ်။ ကျွန်တော့်မှာ ဖေဖေ့လို ချစ်ရမယ့်လူ နှစ်ယောက်လည်း မရှိပါဘူး။ နီနီရောင့်ကို ကျွန်တော် ချစ်ပါရစေ ဖေဖေ"

အဖေက ထရပ်လိုက်သည်။

"ကောင်မလေးအပေါ်မှာ ငါ အာဃာတမထားပါဘူး။ ဒါပေမယ့် ခင်မြရောင်ကို ခွင့်လွှတ်ဖို့ဆိုတာတော့ မလွယ်ဘူး၊ အေးလေ တစ်ခုတော့ ရှိတာပေါ့။ တစ်နေ့နေ့ကျရင်တော့ မင်းနဲ့ နီနီရောင်ကို ငါ သဘောတူလာနိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ အဲဒီနေ့ကို မင်း စောင့်နေပေါ့ကွာ"

BURMESE CLASSIC

ညီကိုက ပြုံးလိုက်ပြီး...

"ရပါတယ် ဖေဖေ၊ အချိန်ဆိုတာ ဘာလောင်စာဆီ၊ ဘာစွမ်းအင်မှ မလိုဘဲ သူ့အလိုလို သွားနေတဲ့ အရာပါ။ အချိန်တွေ မြန်မြန်ကုန်သွားအောင် နောက်ကနေ တွန်းပေးလို့လည်း မရဘူး။ ရှေ့ကနေ ဆွဲပြေးလို့လည်း မရပါဘူး။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့မှာ ကျွန်တော် ဖြစ်စေချင်တဲ့ အချိန်ဟာ ကျိန်းသေ ရောက်ကို ရောက်လာရမှာပဲဆိုတာ ကျွန်တော် ယုံတယ် ဖေဖေ"

အဖေသည် ခေါင်းတစ်ချက် ဆတ်လိုက်ပြီး ပြတင်းပေါက်နားမှာ သွားရပ်၍ အပြင်ကို ငေးကြည့်နေသည်။ ထိုအခိုက်တွင် ဘော်တယ်ကုလားတစ်ယောက်က 'စက္ကူတွေ ဝယ်တယ်၊ ပုလင်းတွေ ဝယ်တယ်' ဟု အော်ရင်း ဖြတ်လျှောက်လာသည်။ အဖေက...

"ဟေ့...လာဦး၊ သတင်းစာအဟောင်းတွေ ဘယ်ဈေးပေးမလဲကွ"

ဟု လှမ်းအော်မေးလိုက်သည်။

မင်းလူ

www.burmeseclassic.com

www.burmeseclassic.com



ရင် ကျွန်တော် စိတ်ချမ်းသာတာကိုပဲ မြင်ချင်လိမ့်မယ်လို့ ထင်ပါတယ်။ ခုချိန်မှာ မေမေရော ဒေါ်ခင်ရွှေရောင်ရော မရှိတော့ပါဘူး။ ဖေဖေ့အနေနဲ့ ဘယ်သူ့ကိုပဲ ပိုချစ်ချစ် ကျွန်တော် မနာလိုဖြစ်စရာ မရှိပါဘူး။ နီနီရောင်ကတော့ ခုထိ ရှိနေပါသေးတယ်။ ကျွန်တော့်မှာ ဖေဖေ့လို ချစ်ရမယ့်လူ နှစ်ယောက်လည်း မရှိပါဘူး။ နီနီရောင့်ကို ကျွန်တော် ချစ်ပါရစေ ဖေဖေ”

အဖေက ထရပ်လိုက်သည်။

“ကောင်မလေးအပေါ်မှာ ငါ အာဃာတမထားပါဘူး။ ဒါပေမယ့် ခင်မြရောင်ကို ခွင့်လွှတ်ဖို့ဆိုတာတော့ မလွယ်ဘူး၊ အေးလေ တစ်ခုတော့ ရှိတာပေါ့။ တစ်နေ့နေ့ကျရင်တော့ မင်းနဲ့ နီနီရောင်ကို ငါ သဘောတူလာနိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ အဲဒီနေ့ကို မင်း စောင့်နေပေါ့ကွာ”

ညီကိုက ပြုံးလိုက်ပြီး...

“ရပါတယ် ဖေဖေ၊ အချိန်ဆိုတာ ဘာလောင်စာဆီ၊ ဘာစွမ်းအင်မှ မလိုဘဲ သူ့အလိုလို သွားနေတဲ့ အရာပါ။ အချိန်တွေ မြန်မြန်ကုန်သွားအောင် နောက်ကနေ တွန်းပေးလို့လည်း မရဘူး။ ရှေ့ကနေ ဆွဲပြေးလို့လည်း မရပါဘူး။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့မှာ ကျွန်တော် ဖြစ်စေချင်တဲ့ အချိန်ဟာ ကျိန်းသေ ရောက်ကို ရောက်လာရမှာပဲဆိုတာ ကျွန်တော် ယုံတယ် ဖေဖေ”

အဖေသည် ခေါင်းတစ်ချက် ဆတ်လိုက်ပြီး ပြတင်းပေါက်နားမှာ သွားရပ်၍ အပြင်ကို ငေးကြည့်နေသည်။ ထိုအခိုက်တွင် ဘော်တယ်ကုလားတစ်ယောက်က ‘စက္ကူတွေ ဝယ်တယ်၊ ပုလင်းတွေ ဝယ်တယ်’ ဟု အော်ရင်း ဖြတ်လျှောက်လာသည်။ အဖေက...

“ဟေ့...လာဦး၊ သတင်းစာအဟောင်းတွေ ဘယ်ဈေးပေးမလဲကွ”

ဟု လှမ်းအော်မေးလိုက်သည်။

မင်းလူ

www.burmeseclassic.com